The
# Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ

VOL .17, NO . 29 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | July 31, 2017

# ပြည်ပကုန်သွယ်မှု အမေရိကန်ဒေါ်လာ ၉ ဒသမ ၅ ဘီလီယံရောက်ရှိ ယခင်နှစ်ကာလတူထက် ပို့ကုန်သွင်းကုန်အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံပိုမို

စာမျက်နှာ - ၁၅ ➤



## ဗီယက်နမ်နိုင်ငံသို့ လယ်ယာထွက်ကုန်နှင့် စားသောက်ကုန် တင်ပို့မည်ဆိုလျှင်

စာမျက်နှာ - ၁၂ ➤

- အန္တရာယ်ရှိ အချိုရည်များ ထုတ်လုပ်ရောင်းချသည့် ကျောက်ဆည်မြို့မှ ဆရာမ အချိုရည်လုပ်ငန်းနှင့် အန်တီပေါက် အချိုရည်လုပ်ငန်းများ ယာယီပိတ်သိမ်း

စာမျက်နှာ - ၂၈ ➤

- ဩစတြေးလျနိုင်ငံသို့ ပုစွန်စိမ်းတင်သွင်းမှု ယာယီဆိုင်းငံ့ခြင်းအား ဖြေလျှော့လိုက်ပြီ

စာမျက်နှာ - ၂၅ ➤

- ဖျာပုံမြို့မစျေးတွင်ရောင်းချနေသော ဝလုံးအမှတ်တံဆိပ် ပဲပြားတွင် ဖော်မလင်သုံးစွဲထားကြောင်း စစ်ဆေးတွေ့ရှိ

စာမျက်နှာ - ၂၉ ➤

**Top-Kick Multi - Crop Thresher** စပါး နှင့် ပဲအမျိုးမျိုး ခြွေလှေ့စက်

စပါး၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစဥ်းငုံ၊ ပဲကြီး၊ ကုလားပဲ၊
စားတော်ပဲ၊ ပဲပိစပ်၊ ပဲလွန်းနီ၊ ဂျုံ၊ နေကြာ၊
မြေပဲ၊ ပြောင်းအစရှိသည့်သီးထပ်၊ သီးညှပ် ပဲအမျိုးမျိုးတို့ကို
ခြွေလှေ့စက် တစ်လုံးတည်းဖြင့်လွယ်ကူစွာခြွေလှေ့နိုင်ပါသည်။
သီးနှံ တစ်မျိုးပြောင်း၍ခြွေလှေ့တိုင်းမည်သည့်နေရာ
ဒေသမဆိုလိုက်လံခြွေလှေ့ပြသပေးပါသည်။



ပဲကွဲမှုမရှိကြောင်း နှင့် သဲ ခဲ ကင်းစင်မှုကို အာမခံပါသည်
စပါးတင်းတစ်ထောင်ခြွေလှေ့ပါက အလေအလွင့်အနေဖြင့် (၄) ပြည်သာလျော့မည်။
ရှီးမဘာက်(ပြည်ဘဏ်ခွဲ)ဖြင့် ချိတ်ဆက်၍ အရစ်ကျစနစ်ဖြင့် ဝယ်ယူနိုင်ပါသည်။
Ko Zaw Moe Aung(Electronic Service Engineer)
Top-Kick Engineering Group
No.(14),Mekkheyar Min Thar Gyi Mg Phyo Street,Industrial Zone(1),Pyay.
Ph:09-5409513,09-253100337,09-253149075

ဆက်သွယ်ရန် - ကိုဇော်မိုးအောင်( 09-5409513)အမှတ်(၂၀)၊ ဦးလှကြီးလမ်း၊ စက်မှုဇုန်(၁)၊ ပြည်မြို့


SUNAR
နေကြာဆီ နှင့် ပြောင်းဖူးဆီ
ITQI Superior Taste Award (BELGIUM)
FAO (Food and Agriculture Organization of The United Nations) Medal
SUNAR PROFESSIONAL Sunflower Oil
SUNAR Sunflower Oil
Superior taste AWARD
09 73199813, 09 73199814
Email: Contact@southern-myanmar.com
www.facebook.com/SunarForMyanmar
Southern Myanmar Company Limited


THREE CIRCLES
ဦးကြီးတို့ရဲ့မိတ်ဆွေရင်းကွင်းသုံးကွင်း
ဓာတ်မြေဩဇာ
DAP 64%
NPK 15-15-15
GTSP
P2O5 46PCT.
NET 50kg
UREA 46%
TSP 46%
DISTRIBUTED BY:
GBS
YOUR GOOD BROTHER
GOOD BROTHERS' COMPANY LIMITED
MANUFACTURE BY:
Yuntianhua Co., Ltd.
YUNTIANHUA
QUALITY FERTILIZER FOR A GOOD HARVEST

# မြန်မာ့လယ်ယာစီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး လယ်ယာစီးပွားရေးဝန်ဆောင်မှုစင်တာများ တည်ဆောက်ရန်အတွက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုး




မြန်မာ့လယ်ယာစီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး လယ်ယာစီးပွားရေးဝန်ဆောင်မှုစင်တာများ တည်ဆောက်ရန်အတွက် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံ လယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်းလီမိတက် (MAPCO) နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ CITIC ဆောက်လုပ်ရေးကုမ္ပဏီတို့အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ဇူလိုင် ၂၁ ရက်တွင် နေပြည်တော် သင်္ဂဟ ဟိုတယ်၌ ကျင်းပပြုလုပ်ရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်နိုင်ငံစီးပွားရေးသံမှူး မစ္စတာ စီဂေါင်ရှမ်တို့ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါ နားလည်မှုစာချွန်လွှာအား မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်၊ မြန်မာနိုင်ငံ လယ်ယာစီးပွားရေး အများပိုင်ကော်ပိုရေးရှင်း လီမိတက် (MAPCO) မှ ဦးရဲမင်းအောင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ CITIC ဆောက်လုပ်ရေးကုမ္ပဏီမှ ဥက္ကဋ္ဌ မစ္စတာချင်ရှောင်ကျားတို့က လက်မှတ်ရေးထိုးခဲ့ကြပါသည်။

လယ်ယာစီးပွားရေး ဝန်ဆောင်မှုစင်တာ (Agribusiness Service Center) စီမံကိန်းများအတွက် အမေရိကန်ဒေါ်လာ သန်း ၄၀၀ ခန့် ထည့်ဝင်ရင်းနှီးမြှုပ်နှံ၍ မြန်မာနိုင်ငံအတွင်း ပြည်နယ်/ တိုင်းဒေသကြီး ကိုးခုရှိ

**စာမျက်နှာ - ၂၁ သို့**

စာမျက်နှာ - ၂၁ သို့

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် 'အမျိုးသားရေးအမြင်ဖြင့် ဘေးအန္တရာယ်ကင်းရှင်းသော စားသောက်ကုန်များဆီသို့' အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြား



မန္တလေးတိုင်းဒေသကြီး စားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ ကြီးမှူး၍ အမျိုးသားရေးအမြင်ဖြင့် ဘေးအန္တရာယ်ကင်းရှင်းသော စားသောက်ကုန်များဆီသို့ ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်သောအလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင် ၂၃ ရက်က မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်ရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကုန်သွယ်မှု မြှင့်တင်ရေး၊ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး၊ ကုန်သွယ်မှု စေ့စပ်ညှိနှိုင်းရေး၊ ကုန်သွယ်မှုဆိုင်ရာဖြေလျှော့ပေးရေး၊ ကုန်သွယ်မှုပညာပေးရေး၊ စားသုံးသူအကာအကွယ်ပေးရေးတို့ကို တာဝန်ယူ ဆောင်ရွက်လျက်ရှိရာ စားသောက်ကုန်နှင့်စပ်လျဉ်း၍ အစားအသောက်များ ဘေးအန္တရာယ်ကင်းရှင်းစေရေးနှင့် စားသုံးသူ အကာအကွယ်ပေးရေးတို့အတွက် ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိသလို စားသောက်ကုန် ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်စေရေးအတွက် SMEs ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံသည် အာဆီယံစားသုံးသူ အကာအကွယ်ပေးရေးကော်မတီတွင် အဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ အာဆီယံနိုင်ငံများနည်းတူ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ အကောင်အထည်ဖော်

စာမျက်နှာ - ၂၁ သို့

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် Quarantine နှင့်ပတ်သက်၍ စစ်ဆေးဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား



နယ်စပ်ဒေသများတွင် မြန်မာနိုင်ငံ၏ နယ်စပ် ဝင်ပေါက်/ထွက်ပေါက်များမှ လူ၊ ကုန်ပစ္စည်းများ၊ အပင်မျိုးစေ့နှင့် တိရစ္ဆာန်များ၊ စားသောက်ကုန်များ ဖြတ်ကျော်ဝင်ရောက်လာမှုများကိုစစ်ဆေးဆောင်ရွက်သွားမည့် Quarantine နှင့်ပတ်သက်၍ စစ်ဆေးဆောင်ရွက်နိုင်ရေး အတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၂၇ ရက်တွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက်အမှာစကားပြောကြားသည်။

စာမျက်နှာ - ၂၁ သို့

Commerce
JOURNAL

**အတိုင်ပင်ခံစာတည်း**
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
အောင်သူရ

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်အေးအေးမော်

**စာတည်းအဖွဲ့**
ဖြူဖြူဝင်း

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
ရီလင်းထွဋ်(မုံရွာ)၊
မင်းမင်းဦး(ပုသိမ်)၊ ကြည်နိုင်ဦး(အင်းတော်)
မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊
နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်၊ ကျိန်သျှံနွမ်း

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊
အောင်မျိုး၊ အုန်းခင်

**ကွန်ပျူတာ**
ခိုင်ဇော်မင်း
သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# ကုန်သွယ်မှုနည်းလမ်းနှစ်သွယ်မှ ဆန်ပိုမိုတင်ပို့

ဇူလိုင် ၁၅ ရက်မှ ၂၁ ရက်အထိ သီတင်းပတ်အတွင်း ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၈ ဒသမ ၇၁၈ သန်းတန်ဖိုးရှိ ဆန်နဲ့ ကောက်ညှင်းဆန် ၂၇၈၄၂ တန်တင်ပို့ခဲ့ပါတယ်။ မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ငစိန်ဆန် ၁၉၈၄၉ တန်၊ ဧည့်မထဆန် ၂၈၂၆ တန်၊ ကောက်ညှင်းဆန်တန်ချိန် ၁၈၀၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် ၃၇၆ တန်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် ၄၀၇၁ တန်တင်ပို့ခဲ့ပြီး မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စစ်တွေကုန်သွယ်ရေးစခန်းမှ ဧည့်မထဆန်တန်ချိန် ၁၃၀ နဲ့ မောင်တောကုန်သွယ်ရေးစခန်းမှ ဧည့်မထဆန်တန်ချိန် ၄၁၀ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ကုန်သွယ်ရေးစခန်းများမှ ဆန် ၂၅၅၉၃ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၂၂၄၉ တန်ပိုမိုတင်ပို့နိုင်ခဲ့ပါ တယ်။

ယခုတစ်ပတ် မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၈၀၃ သန်းတန်ဖိုးရှိ ဆန်ကွဲတန်ချိန် ၃၂၉၀ ခန့်တင်ပို့ခဲ့ရာ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ဆန်ကွဲ ၂၄၈၆ တန်၊လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ၇၉၄ တန်ခန့်နဲ့ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ၁၀ တန်တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ဆန်တန်ချိန် ၃၄၂၀ ခန့်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ တန်ချိန် ၁၃၀ လျော့နည်းခဲ့ပါတယ်။

ဇူလိုင် ၁၆ ရက်မှ ၂၂ ရက်အထိ သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန် ဒေါ်လာ ၄ဒသမ ၈၁၄ သန်းတန်ဖိုးရှိ ဆန်ဖြူနဲ့ပေါင်းဆန် ၁၆၂၃၈ တန်တင်ပို့ခဲ့ပါတယ်။ ယခုတစ်ပတ် ဆန်တင်ပို့မှုများမှာ စင်ကာပူနိုင်ငံသို့ ဧည့်မထဆန် ၁၁၂၅ တန်၊ သီရိလင်္ကာနိုင်ငံသို့ ဧည့်မထဆန် တန်ချိန် ၁၅၀၀ နဲ့ ငစိန်ဆန်တန်ချိန်၃၀၀၊ ရုရှားနိုင်ငံသို့ ဧည့်မထဆန် ၁၂၇၅ တန်၊ အင်ဒိုရာနိုင်ငံသို့ ဧည့်မထဆန်တန်ချိန် ၁၅၀၊ မက်ဒါဂါစကားနိုင်ငံသို့ ဧည့်မထဆန်တန်ချိန် ၁၂၇၀၊ အိုင်ဗရီကို့စ်နိုင်ငံသို့ ဧည့်မထ ဆန်တန်ချိန် ၁၀၀၀၊ ရိုမေးနီးယားနိုင်ငံသို့ ပေါင်းဆန်တန်ချိန် ၁၀၀၊ အာဖဂန်နစ္စတန်နိုင်ငံသို့ ဧည့်မထဆန်တန်ချိန် ၅၀၀၀၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဧည့်မထဆန်တန်ချိန် ၂၇၅၀၊ အီးယူနိုင်ငံများသို့ ပေါင်းဆန် ၅၇၈ တန်၊ ဧည့်မထဆန်တန်ချိန် ၂၅၀ နဲ့ ငစိန်ဆန် ၆၂၅ တန်၊ တရုတ်နိုင်ငံသို့ ငစိန်ဆန် ၃၁၅ တန် တင်ပို့ခဲ့ပါတယ်။ယခင်တစ်ပတ်တင်ပို့မှုနဲ့နှိုင်းယှဉ်ပါက ယခင်တစ်ပတ်က ဆန် ၁၁၉၀၅ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၄၃၃၃ တန်ပိုမိုတင်ပို့နိုင်ခဲ့ပြီး အာဖဂန်နစ္စတန်နိုင်ငံသို့ ဆန် အများဆုံးတင်ပို့ခဲ့ပါတယ်။

ယခုတစ်ပတ် ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၀၈၆ သန်းတန်ဖိုးရှိ ဆန်ကွဲ ၈၅၇၅ တန်တင်ပို့ခဲ့ပါတယ်။ ယခုတစ်ပတ်မှာ အီးယူနိုင်ငံများသို့ ဆန်ကွဲ၆၃၂၅တန်တင်ပို့ပြီး အများဆုံးတင်ပို့ခဲ့ပါတယ်။အခြားတင်ပို့မှုများမှာ ဗီယက်နမ်နိုင်ငံသို့ ဆန်ကွဲ တန်ချိန် ၅၀၀၊ အင်ဒိုနီးရှားနိုင်ငံသို့ တန်ချိန် ၁၀၀၀၊ နီဂျာနိုင်ငံသို့ တန်ချိန် ၂၅၀၊ တောင်အာဖရိကနိုင်ငံသို့ တန်ချိန် ၅၀၀ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၉၂၅၁ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ၆၇၆တန်လျော့နည်းခဲ့ပါတယ်။ယခုတစ်ပတ်မှာ ကုန်သွယ်ရေးစခန်းများနဲ့ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဆန်တင်ပို့မှုပိုမိုပြီးဆန်ကွဲတင်ပို့မှုလျော့ကျခဲ့ပါတယ်။**ယဉ်ယဉ်အေး**

## ကယားပြည်နယ်တွင် စပါးအဟောင်းထက် နွေစပါး(အသစ်)ပိုမိုအရောင်းအဝယ်ဖြစ်

ကယားပြည်နယ်တွင် ဇူလိုင်လအတွင်း နွေစပါး(အသစ်)များပေါ်နေသောကြောင့် ဆန်စက်လုပ်ငန်းရှင်များက စပါးအဟောင်းထက် နွေစပါး(အသစ်)ကို ပိုမိုဝယ်ယူနေကြကြောင်းသိရှိရပါတယ်။ နွေစပါး(အသစ်)တစ်ပိသာကို ကျပ် ၅၅၀ဖြင့် ဝယ်ယူသလို စပါးအဟောင်းတစ်ပိသာကိုလည်း ကျပ် ၅၅၀ ဖြင့်သာဝယ်ယူကြပြီး အရည်သွေးကောင်းသော ရွှေရင်အေးနှင့် တရုတ်မွှေးတို့ကိုသာ ကျပ် ၆၀၀ ဖြင့် ဝယ်ယူကြောင်း ဆန်စက်လုပ်ငန်းရှင်တစ်ဦးထံမှ သိရှိရပါတယ်။ နွေစပါးအသစ်ပေါ်ပေမယ့် ကယားပြည်နယ်အတွင်းသို့ ပုံမှန်အနေအထား အတိုင်း အခြားမြို့မှဆန်များတင်သွင်းလာတာကိုလည်း တွေ့ရှိရပါတယ်။ ယခုတစ်ပတ်အတွင်းတွင် ရန်ကုန်မြို့မှဆန် ၂၅၁၅ အိတ်၊ မန္တလေးမြို့မှဆန်အိတ် ၁၈၂၀၊ ရွှေဘိုမြို့မှ အိတ် ၂၀၁၀ စုစုပေါင်း ၆၃၄၅ အိတ် (တန်ချိန်အားဖြင့် ၃၁၉ တန်)ရှိရာ တစ်ရက်လျှင် ၄၆ တန်ခန့် တင်သွင်းလာပြီး အခြားမြို့များသို့ ဆန်တင်ပို့ရာတွင်လည်း ဆန်အိတ်ပေါင်း ၁၆၀၅ အိတ်၊ တန်ချိန်အားဖြင့် ၈၁ တန်ခန့် တင်ပို့ခဲ့ကြောင်း မြို့ဦးဂိတ်စာရင်းအရ သိရှိရပါတယ်။

ယခုတစ်ပတ်အတွင်း ကယားပြည်နယ်တွင် ပေါ်ဆန်းဆန်တစ်အိတ်လျှင် ကျပ်၄၈၀၀၀ ၊တစ်ပြည်လျှင် ကျပ် ၂၁၀၀၊ ပေါ်ကွဲဆန်တစ်အိတ်လျှင် ကျပ် ၂၆၅၀၀၊ တစ်ပြည်လျှင် ကျပ်၁၂၅၀၊ ဧည့်မထ(ဒေသ)ဆန် တစ်အိတ်လျှင် ကျပ် ၃၂၀၀၀၊ တစ်ပြည်လျှင် ကျပ်၁၃၅၀၊ငစိန်ဆန် တစ်အိတ်လျှင် ကျပ် ၂၀၅၀၀၊ တစ်ပြည်လျှင် ကျပ်၉၀၀နှင့် စပါးတင်း၁၀၀လျှင် ကျပ် ၇၆၆၀၀၀ ဈေးပေါက်လျက်ရှိကြောင်း ကယားကုန်ဈေးနှုန်းသတင်းများအရသိရှိရပါတယ်။ **ထွန်းနိုင်လင်း(လွိုင်ကော်)**

## ဆန်ချော အဝင်ပါးလို့ ဈေးတက်ပြီးဆန်ကြမ်းအဝယ်နည်းလို့ဈေးကျ

ယခုတစ်ပတ် ရန်ကုန်ဆန်ဈေးကွက်မှာရွှေဘိုပေါ်ဆန်းဆန်ဈေးတက်ပြီး ဆန်ကြမ်းဈေးအနည်းငယ်ကျကြောင်း ရန်ကုန်မြို့ ဝါးတန်းဆန်ဈေးကွက်မှသိရှိရပါတယ်။ဝါးတန်းဆန်ကုန်စည်ဒိုင်ရဲ့ဆန်လက်ကား ဈေးနှုန်းများမှာ ဖျာပုံပေါ်ဆန်းဆန်ထိပ်စတစ်အိတ်ကျပ်၃၅၀၀၀ နဲ့ လတ်စတစ်အိတ်ကျပ် ၃၃၀၀၀၊ ပုသိမ်၊ မြောင်းမြပေါ်ဆန်းဆန်ထိပ်စတစ်အိတ်ကျပ် ၃၆၅၀၀ နဲ့ လတ်စတစ်အိတ် ကျပ်၃၄၀၀၀၊ နယ်စုံကျိုက်လတ်ပေါ်ဆန်းဆန်ထိပ်စ တစ်အိတ် ကျပ်၃၂၀၀၀ နဲ့ လတ်စ တစ်အိတ်ကျပ် ၃၁၀၀၀ ဖြစ်ပြီး ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေသော်လည်း ရွှေဘိုပေါ်ဆန်းဆန်ကတော့တစ်အိတ်ကိုကျပ်၄၆၀၀၀မှကျပ်၄၈၀၀၀အထိရှိပြီး ယခင်တစ်ပတ်ကထက် တစ်အိတ်ကို ကျပ်၃၀၀၀ ခန့်ဈေးတက်ပါတယ်။ဆန်အဝယ်ရှိသော်လည်းအဝင်ပါးတဲ့အတွက်ဈေးတက်တာဖြစ်တယ်လို့ သိရပါတယ်။

ဧည့်မထဆန်နဲ့ နွေသီးထပ်ရှယ် အိတ်စပို့ ၂၅ မှတ်ဆန် တစ်အိတ်ကို ကျပ် ၂၀၀ မှ ကျပ် ၅၀၀ ခန့်အထိဈေးကျပါတယ်။အဝယ်နောက်ဆုတ်သွားလို့ဈေးအနည်းငယ် ကျသွားတာလို့ သိရပါတယ်။ ဧည့်မထ ထိပ်စတစ်အိတ် ကျပ် ၂၀၈၀၀ နဲ့လတ်စတစ်အိတ်ကျပ် ၁၈၀၀၀၊ နွေသီးထပ်ရှယ်တစ်အိတ်ကျပ် ၂၀၅၀၀ မှ ကျပ် ၂၀၈၀၀၊ အိတ်စပို့၂၅မှတ်တစ်အိတ် ကျပ် ၁၇၇၀၀ မှ ကျပ်၁၈၀၀၀နဲ့ ယခင်တစ်ပတ်ထက် ဈေးကျကြောင်းသိရပါတယ်။ နွေရက် ၉၀ဆန် တစ်အိတ်ကို ကျပ် ၂၁၅၀၀မှကျပ် ၂၂၀၀၀၊မနောသုခတစ်အိတ် ကျပ် ၂၄၀၀၀ မှ ကျပ် ၂၅၀၀၀ ဖြစ်ပြီး ယခင်တစ်ပတ်ဈေးအတိုင်းမပြောင်းလဲဘဲဈေးငြိမ်နေပါတယ်။ဆန်ကြမ်းအဝင်ပုံမှန်ရှိသော်လည်း အဝယ်ပါးသွားတဲ့အတွက် ဈေးကွက်မှာ အရောင်းအဝယ်အေးသွားတယ်လို့သိရပါတယ်။

မူဆယ်ဆန်ဈေးကွက်မှာဆန်ဈေးငြိမ်နေပြီးအရောင်းအဝယ်ကောင်းနေကြောင်း သိရပါတယ်။ ဧည့်မထ ၅ မှတ် မှော်ဘီနဲ့ စူပါတစ်အိတ်လျှင် ၁၃၂ ယွမ်မှ ၁၃၆ ယွမ်၊ ဧည့်မထ ၁၀ မှတ် မှော်ဘီတစ်အိတ်လျှင် ၁၂၈ ယွမ်မှ၁၂၉ယွမ်၊ ဧည့်မထ ၁၀ မှတ် စူပါတစ်အိတ် ယွမ် ၁၃၀ မှ ၁၃၁ ယွမ်၊ မနောသုခ ၁၅ မှတ်တစ်အိတ် ၁၁၉ ယွမ်မှ ၁၂၂ယွမ်၊မနောသုခ ၂၅မှတ်တစ်အိတ် ၁၁၆ယွမ်မှ ၁၁၈ယွမ်၊ ငစိန် ၅ မှတ် တစ်အိတ် ၁၂၁ယွမ်မှ၁၂၃ယွမ်၊ ငစိန် ၁၅မှတ် တစ်အိတ် ၁၁၈ယွမ်မှ ယွမ် ၁၂၀၊ ငစိန် ၂၅ မှတ် တစ်အိတ် ၁၁၃ယွမ်မှ ၁၁၅ ယွမ်ရှိပြီး ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေပါတယ်။ မြို့တွင်းနယ်စုံမှမူဆယ်သို့ ဆန်အဝင်မှာ ဇူလိုင် ၂၀ ရက်မှ ၂၆ရက်အထိ ၂၁၁၈၈ တန်ရှိပါတယ်။ ယခုတစ်ပတ်ဆန်အရောင်းအဝယ်ကောင်းကြောင်းနဲ့ ဇူလိုင် ၂၈ရက် ငွေလဲနှုန်းအရ တစ်ယွမ်လျှင်၁၉၉ကျပ် ဈေးပေါက်ကြောင်း သိရှိရပါတယ်။ **ယဉ်ယဉ်အေး**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၂၆-၇-၂၀၁၇ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၄၂၃ | ၄၂၅ | △ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၄၀၈ | ၄၃၀ | △ | ၄၀၅ | ၄၁၀ | △ | ၄၁၀ | ၄၁၀ | □ | ၄၃၀ | ၄၃၀ | □ |
| ဆန်ဖြူ ၁၀% | ၄၀၂ | ၄၀၄ | △ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | ၄၀၀ | ၄၀၂ | △ | ၃၉၀ | ၃၉၀ | □ | - | - | - | ၄၀၀ | ၄၀၀ | □ |
| ဆန်ဖြူ ၂၅% | ၃၉၂ | ၃၉၄ | △ | ၃၇၅ | ၃၇၅ | □ | ၃၆၅ | ၃၆၅ | □ | ၃၇၅ | ၃၆၀ | ▽ |
| ပေါင်းဆန် | ၄၂၉ | ၄၃၁ | ▽ | - | - | - | ၄၁၀ | ၄၁၀ | □ | ၄၃၀ | ၄၃၀ | □ |

*Source: thairiceexporters*

## ပြည်တွင်းမြို့ကြီးများ၏ (၂၇-၇-၂၀၁၇)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၄၄၁၆ | □ | ၁၆၀၀၀ | □ | ၅၃၃၆ | □ | ၃၃၀၀၀ | □ |
| ပုသိမ် | ၄၆၀၀ | □ | ၂၀၀၀၀ | □ | ၇၇၁၀ | △ | ၃၄၀၀၀ | △ |
| ပဲခူး | ၄၅၀၀ | □ | ၁၈၅၀၀ | □ | ၆၅၀၀ | □ | ၃၂၀၀၀ | □ |
| ရွှေဘို | ၄၅၄၆ | △ | ၁၉၂၀ | △ | ၁၂၀၀၀ | □ | ၄၀၀၀၀ | □ |
| စစ်တွေ | ၃၈၅၀ | □ | ၁၇၀၀၀ | □ | ၇၂၀၀ | □ | ၃၂၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၄၈၀၀ | □ | ၂၅၀၀၀ | □ | - | - | ၄၂၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၄၄၀၀ | □ | ၁၈၂၀၀ | □ | - | - | ၃၀၀၀၀ | □ |
| မန္တလေး | ၆၅၀၀ | □ | ၂၆၀၀၀ | □ | - | - | ၃၈၀၀၀ | △ |
| မကွေး | ၆၈၀၀ | □ | ၂၃၀၀၀ | △ | - | - | ၃၈၀၀၀ | □ |
| မော်လမြိုင် | ၄၄၀၀ | □ | ၁၈၀၀၀ | □ | ၇၀၀၀ | □ | ၂၆၀၀၀ | □ |
| လွိုင်ကော် | ၇၆၆၀ | △ | ၃၂၀၀၀ | □ | - | - | ၄၈၀၀၀ | △ |
| မြိတ် | ၃၈၀၀ | □ | ၂၂၅၀၀ | □ | - | - | ၃၉၀၀၀ | □ |
| ဘားအံ | ၄၅၀၀ | □ | ၁၈၅၀၀ | □ | - | - | ၃၈၅၀၀ | □ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လွိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင်မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

## ၂၄-၇-၂၀၁၇ မှ ၂၈-၇-၂၀၁၇ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 782 | 43,547,646.753 |
| 2 | Form D | 67 | 3,291,189.240 |
| 3 | Form E | 95 | 15,550,394.830 |
| 4 | Korea GSP | 8 | 203,101.100 |
| 5 | Form AK | 74 | 5,163,357.475 |
| 6 | Form AJ | 9 | 343,572.650 |
| 7 | Form AI | 75 | 6,359,652.470 |
| 8 | Form AANZ | 14 | 36,241.030 |
| 9 | Form DFTP | 1 | 23,892.180 |
| Grand Total | | 1125 | 74,519,047.728 |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၂၈-၇-၂၀၁၇ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၂၁/၇ | ၂၈/၇ | ပြောင်းလဲမှု | ၂၁/၇ | ၂၈/၇ | ပြောင်းလဲမှု | ၂၁/၇ | ၂၈/၇ | ပြောင်းလဲမှု | ၂၁/၇ | ၂၈/၇ | ပြောင်းလဲမှု |
| မတ်ပဲ | ၁၂၆၂ | ၁၁၅၆ | ▼ | ၁၂၇၅ | ၁၂၃၃ | ▼ | ၁၂၅၀ | ၁၂၀၀ | ▼ | ၁၃၁၀ | ၁၁၉၀ | ▼ |
| ပဲစင်းငုံ | ၉၇၄ | ၈၈၈ | ▼ | ၉၅၂ | ၈၇၅ | ▼ | ၉၃၅ | ၈၅၀ | ▼ | ၉၂၅ | ၈၆၀ | ▼ |
| ပဲတီစိမ်း | ၂၁၆၅ | ၁၉၁၅ | ▼ | ၂၂၄၀ | ၂၀၉၈ | ▼ | - | - | | ၁၈၉၅ | ၁၉၅၀ | ▲ |
| ကုလားပဲရိုးရိုး | ၂၈၀၀ | ၂၆၅၀ | ▼ | ၂၂၁၈ | ၂၁၈၃ | ▼ | ၂၂၃၇ | ၂၁၈၄ | ▼ | ၂၀၆၅ | ၂၀၄၀ | ▼ |
| ပဲလွန်းဖြူ | ၁၆၀၀ | ၁၆၃၀ | ▲ | - | - | | - | - | - | ၁၅၃၀ | ၁၅၀၀ | ▼ |
| ထောပတ်ပဲ | ၁၅၆၅ | ၁၇၃၅ | ▲ | ၂၀၄၄ | ၂၃၁၁ | ▲ | - | - | - | ၁၅၈၀ | ၁၅၈၀ | ▲ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၂၈-၇-၂၀၁၇ ဒေါ်လာ/တန်

| ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | မွမ်ဘိုင်း | | | ဒေလီ | | |
| | ၂၁/၇ | ၂၈/၇ | ပြောင်းလဲမှု | ၂၁/၇ | ၂၈/၇ | ပြောင်းလဲမှု | ၂၁/၇ | ၂၈/၇ | ပြောင်းလဲမှု |
| မတ်ပဲ | ၅၇၅ | ၅၃၅ | ▼ | ၆၂၂ | ၅၆၁ | ▼ | ၆၅၃ | ၅၄၆ | ▼ |
| ပဲစင်းငုံ | ၄၅၀ | ၄၂၅ | ▼ | ၅၁၇ | ၄၈၃ | ▼ | ၅၆၀ | ၅၂၂ | ▼ |
| ပဲတီစိမ်း | ၆၈၀ | ၆၈၀ | ■ | - | - | - | ၆၈၄ | ၆၂၄ | ▼ |
| ကုလားပဲဖြူလုံးကြီး | ၁၀၃၀ | ၁၀၃၀ | ■ | ၈၂၀ | ၇၅၆ | ▼ | ၈၃၂ | ၇၆၈ | ▼ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် | ယခုတစ်ပတ် | (၁.၁.၁၇) မှ |
| | (၁၅.၇.၁၇)ထိ | (၂၂.၇.၁၇)ထိ | (၂၂.၇.၁၇) ထိ |
| မတ်ပဲ | ၂၉၅၁၂၄ | ၁၃၆၉၆ | ၃၀၈၈၂၀ |
| ပဲတီစိမ်း | ၉၄၉၆၉ | ၂၂၁၆ | ၉၇၁၈၅ |
| ပဲစင်းငုံ | ၁၇၂၄၉၉ | ၅၇၅၅ | ၁၇၈၂၅၄ |
| ကုလားပဲ | ၃၁၈၇၈ | ၁၀၁၀ | ၃၂၈၈၈ |
| ပဲလွန်းဖြူ | ၁၁၈၁၆ | ၂၃၁ | ၁၂၀၄၇ |
| မြေထောက်ပဲ | ၈၃၁၁ | ၄၄ | ၈၃၅၅ |

## ပြည်ပဲကြီး ဈေးမြင့်သည်ထက် မြင့်လာလို့ဈေးအမြင့်ဆုံးရ

ပြည် ပဲမျိုးစုံဈေးကွက်အတွင်း မတ်ပဲ၊ ပဲစင်းငုံ သီးနှံများဈေးလျော့နည်းကျဆင်းခဲ့ပေမယ့် ပြည်တွင်း ဝယ်လက်ပဲအချို့ ဈေးမြင့်တက်လျက်ရှိတာကိုတွေ့ရပါတယ်။ ဈေးကွက်အတွင်းမှာလည်း ပဲကြီးသီးနှံဈေးကောင်းရလျက်ရှိသလို ဈေးအမြင့်ဆုံးဖြစ်ခဲ့ကာ ယခင် တစ်ပတ်ထက် ထပ်မံဈေးမြင့်တက်လာခဲ့တဲ့အတွက် ပဲကြီး(ရွှေကျွန်း)တစ်တင်းကျပ်၄၉၀၀၀၊ (ကမ်းနား) ပဲတစ်တင်းကျပ် ၄၅၀၀၀ဖြင့် တစ်တင်းလျှင် ကျပ် ၂၀၀၀ ကျော် ၃၀၀၀ ခန့်ထိ ဈေးပိုလာခဲ့ပါတယ်။ နေ့စဉ်ပဲအဝင်မရှိပေမယ့် လက်ကျန် ပဲများရှိတာကြောင့် ပဲကြော်ဖိုသမားများ ဝယ်လိုအားရှိမှုအပေါ် အိတ် ၂၅၀ကျော် နေ့စဉ် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းသိရပါတယ်။ **ခင်ဆွေဝင်း**

## လက်လီပဲဈေးကွက်မှာ ပြည်ထောပတ်ပဲ ဈေးကောင်းဆက်ရ

ပြည်ပဲ ဈေးကွက်ရဲ့ လက်လီလက်ကားပဲဈေးကွက်အတွင်း လက်လီပဲများအနက် ထောပတ်ပဲသီးနှံဟာလည်း ဈေးကောင်းရနေခဲ့တာကို တွေ့ရပါတယ်။ ပဲတစ်တင်းလျှင်ကျပ် ၃၈၅၀၀ဖြင့်ယခင်တစ်ပတ်ထက် တစ်တင်းကျပ် ၇၀၀၀ခန့်အထိ ဈေးပိုရခဲ့လို့ ပြည်ပဝယ်လက်ပဲများဖြစ်တဲ့ မတ်ပဲ၊ ပဲစင်းငုံသီးနှံတို့ထက်ပင်ဈေးကောင်းလျက်ရှိခဲ့ပါတယ်။ လက်လီ ပဲများဖြစ်တဲ့ ပဲနီပြား၊ပဲပုပ်၊ပဲလွန်းဖြူ၊ဘိုကိတ်ပဲသီးနှံများထက်လည်း ဈေးကောင်းခဲ့ပေမယ့် လက်လီသာ အရောင်းအဝယ်ဖြစ်ခဲ့လို့ အိတ်အနည်းငယ်ခန့်သာ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။

**ခင်ဆွေဝင်း**

## ဇူလိုင်လကုန်ပတ် ပြည်ပဲမျိုးစုံဈေးကွက်မှာ ပြည်ပဝယ်လက်ပဲများ တဖြည်းဖြည်းဈေးလျော့နည်းခဲ့ပြီး ပြည်တွင်းဝယ်လက်ပဲများ ဈေးမြင့်တက်

ပဲခူးတိုင်း ဒေသကြီး၊ ပြည်ပဲမျိုးစုံဈေးကွက်အတွင်း နေ့စဉ် ပဲမျိုးစုံ အရောင်းအဝယ် ဖြစ်လျက်ရှိရာ ပြည်ပဝယ်လက်ပဲများအနက် မတ်ပဲနဲ့ ပဲစင်းငုံ ပြည်တွင်းရောင်းဝယ်မှုများတဲ့ ပဲများအနက် ကုလားပဲ၊ ပဲကြီးသီးနှံစသည်ဖြင့်နေ့စဉ် အိတ် ၂၀၀ကျော်စီအရောင်းအဝယ်ဖြစ်ခဲ့ပြီး ကျန်ပဲများကတော့လက်လီသာအရောင်းအဝယ်ဖြစ်ခဲ့တဲ့အတွက်အိတ်အနည်းငယ်စီသာ အရောင်းအဝယ်ဖြစ်ခဲ့ကြပါတယ်။

မတ်ပဲသီးနှံမှာ ပဲအဝင်ပါးသွားလို့ တစ်ခါတစ်ရံမှသာ အိတ် ၁၁၀-၁၅၀ ကျော် ဝင်ရောက်ခဲ့ပြီး ပဲလက်ကျန်ရှိနေတာကြောင့် ရန်ကုန်ဝယ်လက်ဝယ်ယူမှုအပေါ် လိုသလောက် ရောင်းချနိုင်ခဲ့ကြောင်းသိရပါတယ်။ ပဲဈေးနှုန်းမှာ တဖြည်းဖြည်း လျော့နည်း ကျဆင်းလာတာကြောင့် တစ်တင်းကျပ် ၂၄၂၀၀ခန့်သာရှိခဲ့ပါတယ်။ယခင်တစ်ပတ်က မတ်ပဲဈေးမှာ တစ်တင်းကျပ် ၂၅၈၀၀ ရရှိလို့ ယခုတစ်ပတ်မှာ တစ်တင်းကျပ် ၁၅၀၀ ခန့် ထပ်မံဈေးလျော့နည်းသွားခဲ့တဲ့အတွက် ပဲလှောင်သူအချို့ကလည်း ကျဈေးနှင့် ထုတ်မရောင်းချကြဘဲဆက်လက်သိုလှောင်ခဲ့တယ်လို့သိရပါတယ်။ဒါကြောင့် ပဲဈေးကွက်မှာဈေးလည်းအေး၊အရောင်းအဝယ်လည်း အေးနေတဲ့ ပဲသီးနှံလို့ဆိုရမှာဖြစ်ပါတယ်။

ပဲတီစိမ်းသစ်များကတော့ ဈေးကွက်သို့ ဝင်ရောက်ခြင်း မရှိသေးသလို လက်ကျန်ပဲများလည်း မရှိတဲ့အတွက် ဈေးကွက်မှာ လုံးဝ အရောင်းအဝယ်မဖြစ်တော့ကြောင်း သိရပါတယ်။ ပဲစင်းငုံ သီးနှံအနေဖြင့် ပဲအဝင်မရှိတော့ပေမယ့် လက်ကျန်ပဲများရှိတဲ့အတွက် ရန်ကုန်ဝယ်လက်မှ ရက်ခြားစုပြီး ဝယ်ယူမှုအပေါ် အရောင်းအဝယ်ဖြစ်သည့်ရက်၌ အိတ် ၂၀၀ ကျော် ရောင်းချခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံသီးနှံဈေးမှာတစ်တင်းကျပ်၁၈၀၀၀ဖြင့်ယခင်တစ်ပတ်ဈေးထက် ကျပ် ၅၀၀ ခန့်ထပ်မံကျဆင်းခဲ့လို့ ပဲဈေးကွက်အတွင်းမှာ လက်လီအရောင်းအဝယ်ဖြစ်ခဲ့သော ပြည်တွင်းဝယ်လက်ပဲများထက်ပင် ဈေးနိမ့်နေခဲ့တဲ့အတွက် ဈေးအနိမ့်ဆုံးရနေခဲ့တဲ့ ပြည်ပဝယ်လက် ပဲသီးနှံဖြစ်နေခဲ့ပါတယ်။

ကုလားပဲသီးနှံမှာပဲအဝင်ပါးပြီး နေ့စဉ်ဝင်ရောက်မှုမရှိဘဲ တစ်ခါတစ်ရံမှသာ အိတ် ၁၅၀ ကျော် ဝင်ရောက်ခဲ့သလို ရောင်းဝယ်မှုအနေဖြင့် အိတ် ၂၀၀ကျော် ၃၀၀ ခန့်ရောင်းချမှုရှိခဲ့ပါတယ်။ ကုလားပဲသီးနှံအား ခွဲစက်သမားများက ပုံမှန်ဝယ်ယူလျက်ရှိတာကြောင့် နေ့စဉ်ပုံမှန် အရောင်းအဝယ်ဖြစ်ခဲ့ကြတာကို တွေ့ရပါတယ်။ ပဲဈေးမှာ တစ်တင်းကျပ်၄၁၀၀၀ဖြင့် ယခင်တစ်ပတ်ကထက် ဈေးအနည်းငယ်ပိုလာကာ ပဲကြီးသီးနှံဈေးလောက် ဈေးကောင်းမရသော်လည်း ဈေးကွက်အတွင်း ဈေးအမြင့်ဆုံးနဲ့ ရောင်းအားသွက်နေတဲ့ ပဲသီးနှံအမျိုးအစားတွေထဲမှာ ပါဝင်နေခဲ့ပါတယ်။

ပဲပုပ်၊ ပဲနီပြား၊ စားတော်ပဲသီးနှံများမှာ ပဲလက်ကျန်အသင့်အတင့်ရှိခဲ့လို့ လက်လီသာ ရောင်းဝယ်မှုဖြစ်ခဲ့ကာ ပဲဈေးမှာလည်းပဲနီပြားနှင့်စားတော်ပဲဈေးငြိမ်နေပြီး ပဲပုပ်ဈေး အနည်းငယ် မြင့်တက်လာခဲ့တာကြောင့် တစ်တင်းကျပ် ၂၇၅၀၀ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သလို ပဲနီပြားသီးနှံမှာ တစ်တင်းကျပ် ၂၆၀၀၀၊ စားတော်ပဲ သီးနှံမှာ တစ်တင်းကျပ် ၄၄၀၀၀ ဖြင့် နေ့စဉ်အိတ်အနည်းငယ်သာ ရောင်းချခဲ့ရတယ်လို့ သိရပါတယ်။ ဒါကြောင့် ဇူလိုင်လကုန်ပတ်အတွင်း ပြည်ပဲမျိုးစုံဈေးကွက်မှာ ပြည်တွင်းဝယ်လက်ပဲများဖြစ်တဲ့ ပဲကြီး၊ ကုလားပဲသီးနှံနှင့်အခြား လက်လီပဲအချို့ ဈေးကောင်းရနေခဲ့ကာ ပြည်ပဝယ်လက် မတ်ပဲ၊ ပဲစင်းငုံသီးနှံများ တဖြည်းဖြည်း ဈေးလျော့နည်းကျဆင်းလာနေခဲ့တဲ့အတွက် ယခုနှစ် ပြည်ပဝယ်လက်ပဲများ ဈေးအေးကာ ပြည်တွင်းဝယ်လက် ပဲသီးနှံအတော်များများ ဈေးကောင်းခဲ့တဲ့နှစ်ဖြစ်တယ်လို့ လေ့လာသိရှိရပါတယ်။

**ခင်ဆွေဝင်း**



## ဇူလိုင်စတုတ္ထပတ်အတွင်း ပခုက္ကူကုန်စည်ဒိုင်၌ အရောင်းအဝယ်ဖြစ်ပေါ်ခဲ့သော ဈေးကွက်နှင့်ဈေးနှုန်း

ပခုက္ကူကုန်စည်ဒိုင်၌ ယခုတစ်ပတ်အတွင်း ပဲစင်းငုံ တစ်တင်းလျှင်ကျပ် ၁၇၀၀၀ သာရှိခဲ့ပြီး လက်ကျန် နည်း၍ တက်ဈေးကို မျှော်သော်လည်း မျှော်သလိုဖြစ်မလာသည်ကို တွေ့ရသည်။

ကုလားပဲဖြူ V2 တစ်တင်းကျပ် ၄၁၁၀၀နှင့် ကုလားပဲဝါ HL တစ်တင်းလျှင်ကျပ် ၃၉၃၀၀ နှင့် ကုလားပဲဖြူလုံးကြီး 929 တစ်တင်းလျှင် ကျပ် ၃၉၀၀၀ ဈေးများဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ပဲတီစိမ်း(သေး) တစ်တင်းလျှင် ကျပ် ၃၇၀၀၀ ဖြင့် တင်း ၇၀ ကျော် ခန့် အရောင်းအဝယ်ဖြစ်လျက် ရှိပါသည်။

အခြားပဲများဖြစ်သည့် မြစ်ခြေပဲယင်းမှာ တစ်တင်းလျှင်ကျပ်၁၆၂၀၀ဖြင့် ပခုက္ကူကုန်စည်ဒိုင်တွင် တင်း၆၀ခန့် အရောင်းအဝယ်ဖြစ် လျက်ရှိပါသည်။

ကြက်သွန်နီဈေးမှာ တစ်ပိဿာလျှင် ထိပ်စ ကျပ် ၁၆၀၀၊ အလတ်စ ကျပ် ၁၄၅၀၊ အနိမ့်ကျပ် ၁၃၀၀ဈေးဖြင့် တစ်နေ့ပိဿာချိန်၃၀၀၀၀မှ၅၁၀၀၀ကြားအရောင်းအဝယ်ဖြစ်လျက်ရှိပါကြောင်း ကုန်စည်ဒိုင်မှ သိရပါသည်။

**လှိုင်ဥမ္မာဦး**

## ပြည်ဘိုကိတ် ဈေးငြိမ်ပြီး အရောင်းအဝယ်ဖြစ်

ပြည်ပဲမျိုးစုံ ဈေးကွက်ရဲ့လက်လီရောင်းဝယ်မှုများတဲ့ ပဲများအနက် ဘိုကိတ်ပဲသီးနှံလည်း တစ်ခုအပါအဝင်ဖြစ်ခဲ့ပါတယ်။ ပဲလက်ကျန် အသင့်အတင့်ရှိခဲ့လို့ နေ့စဉ်လက်လီအရောင်းအဝယ်ဖြစ်ခဲ့သလို တစ်ခါတစ်ရံ ပြည်-ရန်ကုန် ရထားလမ်းတစ်လျှောက် မြို့နယ်များမှ ဝယ်ယူမှုများလည်း ရှိခဲ့ပါတယ်။ ဒါကြောင့် နေ့စဉ်အိတ်အနည်းငယ်သာ အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ပဲဈေးမှာ တစ်တင်း ကျပ် ၂၁၅၀၀ မှကျပ် ၂၃၀၀၀ ကျပ်အကြား ဈေးရလို့ ယခင်တစ်ပတ်က ဈေးနှုန်းအတိုင်း ဈေးငြိမ်ငြိမ်နဲ့ဆက်လက်အရောင်းအဝယ်ဖြစ်ခဲ့တာကို တွေ့ရပါတယ်။ ယခင်နှစ် ဇူလိုင်လအတွင်းကလည်း ဘိုကိတ်ပဲသီးနှံဈေးဟာ တစ်တင်းကျပ် ကျပ် ၂၂၅၀၀ခန့်သာရရှိခဲ့တဲ့အတွက် ယခုနှစ်ဈေးမှာ ယခင်နှစ်ထက် ဈေးကောင်းလာခြင်းမရှိကြောင်းသိရပါတယ်။ **ခင်ဆွေဝင်း**

Vol: 17, No.29 Monday July 31 2017

## မြန်မာ့ဆိပ်ကမ်းတွင် ၂၈ . ၇ . ၂၀၁၇ နေ့ ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ကြည့်မြင်တိုင်ဆိပ်ကမ်း | - TUG:HTOO NO (1) | အလုပ်မလုပ် |
| ထီးတန်းဆီဆိပ်ကမ်း | - MT.AU GEMINI | P.Oil (In Bulk) ၄၂၅၀ကုန်ချဆဲ |
| ထီးတန်းဆိပ်ကမ်း (၁) | - CAPE FLORES | ကုန်သေတ္တာ ၆၀၇ ကုန်တင်ဆဲ |
| အေးရှားဝေါလ်ဆိပ်ကမ်း(၁) | - MERATUS GORONTALO | ကုန်သေတ္တာ ၅၄၇ ကုန်တင်ဆဲ |
| အေးရှားဝေါလ်ဆိပ်ကမ်း (၃) | - SINAR BANDA | ကုန်သေတ္တာ ၆၈၀ကုန်တင်ဆဲ<br>ကုန်သေတ္တာ ၂၆၆ ကုန်ချဆဲ |
| အလုံအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း (၁) | - GA ZI | ဆန်တန် ၂၀၀၀၀ ကုန်တင်ဆဲ |
| အလုံအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း (၃) | - CAPE FLOWER | Sea Fish ၁၅၀ တန်ကုန်ချဆဲ |
| စက်မှုဆိပ်ကမ်း (၂) | - BAGAN STAR | ကုန်သေတ္တာ ၃၄၉ ကုန်တင်ဆဲ |
| စက်မှုဆိပ်ကမ်း (၃) | - MAERSK WARSAW | ကုန်သေတ္တာ ၅၉၂ကုန်တင်ဆဲ<br>ကုန်သေတ္တာ ၁၁၅ ကုန်ချဆဲ |
| စက်မှုဆိပ်ကမ်း (၄) | - MCC SINGAPORE | ကုန်သေတ္တာ ၅၉၀ ကုန်တင်ဆဲ<br>ကုန်သေတ္တာ ၃၄၅ ကုန်ချဆဲ |
| ဆူးလေဆိပ်ကမ်း (၁) | - MAAN AUNG | သကြား ၇၀၀၀ တန် ကုန်ချဆဲ |
| ဆူးလေဆိပ်ကမ်း (၂) | - AGIA DOXA | ဆန် ၂၆၂၅၀ တန် ကုန်တင်ဆဲ |
| ဆူးလေဆိပ်ကမ်း (၄) | - LEO STAR -1 | ဆန် ၂၀၅၀၀တန် ကုန်တင်ဆဲ |
| ဆူးလေဆိပ်ကမ်း (၅) | - MARILIA | ဆန် ၂၁၀၀၀ တန် ကုန်တင်ဆဲ |
| ဆူးလေဆိပ်ကမ်း (၇) | - TETON | ဆန် ၃၀၀၀၀ တန် ကုန်တင်ဆဲ |
| ပိုလ်တထောင်ဆိပ်ကမ်း(၁) | - DYNAMIC OCEAN -27 | Sugar ၆၅၀၀ တန်ကုန်ချဆဲ |
| ပိုလ်တထောင်ဆိပ်ကမ်း(၃) | - OEL MALAYSIA | ကုန်သေတ္တာ ၅၆၈ ကုန်တင်ဆဲ |
| Myanmar Integrated Port Ltd. | - MT.CORVUS | Coal (In Bulk) တန်၅၀၀၀ကုန်ချရန် |
| မြန်မာ့သီလဝါဆိပ်ကမ်း (၂) | - ASIAN LEADER | Units Vehicle (RO/RO) ၃၄၉ တန် ကုန်ချရန် |
| မြန်မာ့သီလဝါဆိပ်ကမ်း (၃) | - SIGAP | Cement (In Bulk) ၈၀၀၀ တန် ကုန်ချရန် |
| မြန်မာ့သီလဝါဆိပ်ကမ်း (၄) | - DZ QING DAO | (50) Units Truck & Steel ၃၁၆၉၈ ကုန်ချရန် |
| မြန်မာ့သီလဝါဆိပ်ကမ်း (၅) | - HONG YU | Steel & UrEA ၂၉၈၄၅ကုန်ချရန် |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| BLUE SKY | T(11 Unit Contr Seafood Product) ၂၂၁ တန် ကုန်တင်ရန် | Myeik | ၂၈.၇.၂၀၁၇ |
| VILING CORAL | Units Vehicle (RO/RO) ၁၂၃၄ တန် ကုန်ချရန် | JAPAN | ၃၀.၇.၂၀၁၇ |
| GEORGIOS | Coal (In Bulk) ၃၀၉၄၀ တန် ကုန်ချရန် | INDONESIA | ၄.၈.၂၀၁၇ |
| VIKING CHANCE | Units Vehicle (RO/RO) ၁၁၄၈ တန် ကုန်ချရန် | JAPAN | ၄.၈.၂၀၁၇ |
| V.TRE | Coal (In Bulk) ၂၈၀၂၄ တန် ကုန်ချရန် | SOUTH AFRICIA | ၅.၈.၂၀၁၇ |
| EASTERN COAL | AMMONIUM NITRATE ၃၅၀၀တန် ကုန်ချရန် | CHINA | ၈.၈.၂၀၁၇ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| ANAN BHUM | SINGAPORE | စက်မှုဆိပ်ကမ်း | ၂၇.၇.၂၀၁၇ |
| THANLWIN STAR | SINGAPORE | စက်မှုဆိပ်ကမ်း | ၂၇.၇.၂၀၁၇ |
| EVER ABLE | SINGAPORE | စက်မှုဆိပ်ကမ်း | ၂၇.၇.၂၀၁၇ |
| SOUL OF LUCK | SINGAPORE | သီလဝါဆိပ်ကမ်း | ၂၇.၇.၂၀၁၇ |
| RATANA THIDA | SINGAPORE | သီလဝါ/အလုံဆိပ်ကမ်း | ၂၉.၇.၂၀၁၇ |
| XETHA BHUM | SINGAPORE | စက်မှု/သီလဝါဆိပ်ကမ်း | ၂၉.၇.၂၀၁၇ |
| SIMA PREFECT | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၉.၇.၂၀၁၇ |
| KOTA RATNA | SINGAPORE | သီလဝါ/အေးရှားဝေါလ်ဆိပ်ကမ်း | ၃၀.၇.၂၀၁၇ |
| GSS YANGON | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၃၀.၇.၂၀၁၇ |
| SINAR SOLO | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၃.၈.၂၀၁၇ |
| MERATUS GORONTALO | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၃.၈.၂၀၁၇ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.GLORY STAR | MOGAS 92 RON | - | ၂၇.၇.၂၀၁၇ |
| MT.ATLANTIC MIRAGE | ဒီဇယ်ဆီ | - | ၂၇.၇.၂၀၁၇ |
| MT.GULHOLMEN | MOGAS 92 RON | - | ၂၈.၇.၂၀၁၇ |
| MT.MESON | P'Oil | INDONESIA | ၂၉.၇.၂၀၁၇ |
| MT.GREAT PRINCESS | ဒီဇယ်ဆီ | SINGAPORE | ၃၀.၇.၂၀၁၇ |
| MT.LY SEAL | MOGAS 92 RON | SINGAPORE | ၃၀.၇.၂၀၁၇ |
| MT.BABY LON | ဒီဇယ်ဆီ | SINGAPORE | ၂.၈.၂၀၁၇ |
| MT.MESON | P'Oil (In Bulk) | INDONESIA | ၉.၈.၂၀၁၇ |

## ဇူလိုင်လစတုတ္ထပတ်၌ မုံရွာကုန်စည်ဒိုင်ရှိ ပဲမျိုးစုံဈေးကွက်တွင် မတ်ပဲ၊ ပဲစင်းငုံဈေးဆက်တိုက်ကျဆင်း

ဇူလိုင်လ စတုတ္ထပတ်၌ မုံရွာကုန်စည်ဒိုင်ရှိ ပဲမျိုးစုံဈေးကွက်မှာ ပြည်ပဝယ်လက်ပဲများဖြစ်တဲ့မတ်ပဲ၊ ပဲစင်းငုံသီးနှံပေါက်ဈေးနှုန်းများမှာ ဆက်တိုက်ကျဆင်းလျက်ရှိပြီး ယခင်တစ်ပတ်နဲ့နှိုင်းယှဉ်ပါက အရောင်းအဝယ်နည်းသွားကြောင်း သိရပါတယ်။ ပဲတီစိမ်းသီးနှံကတော့ ယခုတစ်ပတ်မှာ ဈေးပြန်မြင့်လာပြီး အရောင်းအဝယ်လည်း သွက်လျက်ရှိကြောင်း သိရပါတယ်။

ယခုတစ်ပတ်မှာ ပဲဈေးဆက်တိုက်ကျဆင်းလျက်ရှိလို့ အဝင်နည်းပြီး အရောင်းအဝယ်ဖြစ်မှုမှာလည်း နည်းနေကြောင်း သိရပါတယ်။ ပဲစင်းငုံသီးနှံမှာ ရာသီကုန်ချိန်ဖြစ်ကာ လှောင်လက်သမားများ လက်ထဲတွင်သာရှိ၍ တောင်သူအချို့ရဲ့ လက်ထဲတွင်မရှိသလောက် နည်းသွားကြောင်းသိရပါတယ်။ နေ့စဉ်ပုံမှန်အဝယ်ရှိပြီး ယခင်တစ်ပတ်ကတစ်တင်း ကျပ် ၁၈၆၀၀ နှုန်းပေါက်ကာ ယခုတစ်ပတ်မှာကျပ် ၁၇၀၀၀ နှုန်းထိ ကျဆင်းလျက်ရှိပြီး အိတ် ၃၀၀ ခန့်သာ အရောင်းအဝယ်ဖြစ်ခဲ့တာကြောင့် အရောင်းအဝယ်လည်း ကျဆင်းသွားကြောင်း သိရပါတယ်။ မတ်ပဲသီးနှံမှာမူ ယခင်တစ်ပတ်က တစ်တင်း ကျပ် ၂၃၅၀၀နှုန်းနဲ့ အရောင်းအဝယ်ဖြစ်သော်လည်း ယခုတစ်ပတ်မှာတစ်တင်း ကျပ် ၂၃၀၀၀ နှုန်းပေါက်ကာ မတ်ပဲဈေးနှုန်းလည်းဆက်တိုက်ကျဆင်းလျက်ပြီး အရောင်းအဝယ်ဖြစ်မှုလည်း အိတ် ၃၀၀ခန့်သာအရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

ယခုတစ်ပတ်ဈေးကွက်အတွင်း ပဲတီစိမ်းသီးနှံမှာ ဈေးအနည်းငယ်ကျဆင်းပြီး မန္တလေးဝယ်လက်က ဝယ်ယူလို့ အရောင်းအဝယ်သွက်လျက်ရှိတဲ့ သီးနှံဖြစ်ကြောင်းသိရပါတယ်။ ယခုတစ်ပတ်ပေါက်ဈေးမှာ အရည်အသွေးအလိုက် တစ်တင်းကျပ် ၃၂၀၀၀ မှ ၃၉၅၀၀ နှုန်းပေါက်ပြီး ယခင်တစ်ပတ်ကထက် ဈေးအနည်းငယ်ကျဆင်းလာပါတယ်။ ယခင်နှစ်ကာလတူပေါက်ဈေးမှာ တစ်တင်းကျပ် ၃၁၈၀၀ နှုန်းပေါက်လို့ ယခုနှစ်ဈေးမှာ ဈေးအမြင့်နဲ့ အရောင်းအဝယ်အသွက်ဆုံးသီးနှံဖြစ်ကြောင်းသိရပါတယ်။ ယခုတစ်ပတ်ကုလားပဲမျိုးစုံ တစ်တင်း ပေါက်ဈေးနှုန်းမှာ ကုလားပဲဖြူလုံးကြီး V2ကျပ် ၄၁၅၀၀၊ ထိုင်ဝမ်ကျပ် ၃၉၂၀၀၊ 929ကျပ် ၃၉၃၀၀ နှုန်းပေါက်ပြီး နေ့စဉ် သုံးမျိုးပေါင်းအိတ်၁၀၀၀ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကာ ကုလားပဲဖြူလုံးကြီးကို ရန်ကုန်ဝယ်လက်မှ အဝယ် များပြီး 929 နှင့် ထိုင်ဝမ်ကို မုံရွာမြို့နယ်ကြာဆန်စက်၊ ပဲခွဲစက်များနှင့် မန္တလေးဝယ်လက်ကဝယ်ယူလျက်ရှိကြောင်း သိရပါတယ်။

ပြည်တွင်းဝယ်လက်ပဲများဖြစ်တဲ့ ပဲကြီး၊ စွန်တာနီ၊ ပဲနီလုံးကြား၊ ထောပတ်ပဲ၊ မြေထောက်ပဲ၊ ဂျုံ၊ CPပြောင်း စသည့်သီးနှံများလည်း ဈေးနှုန်း အတက်/အကျအနည်းငယ်ရှိပြီး နေ့စဉ်ပုံမှန် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။ ယခုတစ်ပတ် ပဲကြီးတစ်တင်းပေါက်ဈေးနှုန်းမှာ (ကြီး) ကျပ် ၅၂၀၀၀၊ (သေး) ကျပ် ၄၇၀၀၀နဲ့ ပဲကြော်ဖိုသမားများ ဝယ်ယူလျက်ရှိလို့ နေ့စဉ်အိတ် ၁၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး စွန်တာနီပဲတစ်တင်း ကျပ် ၂၇၅၀၀၊ ပဲနီလုံးကြားတစ်တင်း ကျပ် ၃၀၅၀၀၊ ထောပတ်ပဲတစ်တင်း ကျပ် ၃၀၀၀၀၊ မြေထောက်ပဲတစ်တင်း ကျပ် ၃၂၀၀၀၊ ဂျုံတစ်တင်း ကျပ် ၂၀၀၀၀၊ CPပြောင်းတစ်တင်း ကျပ်၉၂၀၀နှုန်း အသီးသီးပေါက်လျက်ရှိကြောင်းသိရပါတယ်။

ဆီထွက်သီးနှံဈေးကွက်ရဲ့ မြေပဲဆန်ဈေးနှုန်းမှာ ယခင်တစ်ပတ်ပေါက်ဈေးအောက်ကျဆင်း လျက်ရှိကြောင်း သိရပါတယ်။ မြေပဲလုံးဆန်ဖြူကို ရန်ကုန်ဝယ်လက်ကဝယ်ယူလျက် လုံးဆန်နီကို မန္တလေး ဝယ်လက်ကဝယ်ယူပြီး ဆီဆန်ကို မုံရွာမြို့တွင်းဆီစက်သမားများနှင့်ဘုတလင်၊ခင်မွန် ဆီစက်သမားများက ဝယ်ယူလျက်ရှိကြောင်း သိရပါတယ်။ ယခုတစ်ပတ် မြေပဲလုံးဆန် တစ်ပိဿာပေါက်ဈေးနှုန်းမှာကျပ် ၂၃၅၀နဲ့ အိတ်၅၀၀ခန့်၊ လုံးဆန်နီ ၂၂၂၅ ကျပ်နဲ့ အိတ်၃၀၀ခန့်၊ဆီဆန် ကျပ် ၂၁၀၀ နဲ့အိတ် ၂၀၀ခန့် အသီးသီး အရောင်းအဝယ်ဖြစ်လျက်ရှိပြီး နှမ်းသီးနှံပေါက်ဈေးနှုန်းများမှာ နှမ်းဖြူ တစ်ပိဿာ ကျပ် ၂၃၃၃၊ နှမ်းညိုတစ်ပိဿာ ၁၈၆၇ကျပ်၊ နှမ်းနက်တစ်ပိဿာ ၂၆၆၇ ကျပ်နှုန်းအသီးသီးပေါက်လျက်ရှိကြောင်း မုံရွာကုန်စည်ဒိုင်ရပ်ကွက်မှသိရပါတယ်။

**ကြည်ကြည်နွယ်( မုံရွာ )**

## ပြည် မြေပဲဆန်ဈေးကွက်မှာ ဝယ်လက်ပြန်လိုက်လာလို့ ဈေးမြင့်လာ

ယခုတစ်ပတ် ပြည်ဈေးကွက်၌ မြေပဲဆန်ဈေးမှာ ဝယ်လက်ရှိပေမယ့် ဈေးအနည်းငယ် ကျလာတာတွေ့ရပါတယ်။ မိုးမြေပဲများ အဝင်မရှိသေးပေမယ့် လက်ကျန်မြေပဲဆန်များဖြင့်သာ ရောင်းဝယ်လျက်ရှိပါတယ်။ လုံးဆန်အနီကို မြေပဲလှော်သမားများက ဝယ်ယူမှုရှိသလို လုံးဆန်အဖြူကို ရန်ကုန်ဝယ်လက်များက အဝယ်ရှိသလို ဆီကြိတ်မြေပဲဆန်ကိုဆီစက်များက အဝယ်ရှိသဖြင့် ပြည်ဈေးကွက်တွင် အရောင်းအဝယ် ပုံမှန်ဖြစ်လျက်ရှိပါတယ်။ အရောင်းအဝယ်ပုံမှန်ဖြစ်နေသော်လည်း ဝယ်ယူမှုနည်းသဖြင့် ဈေးအနည်းငယ်ကျလာတာတွေ့ရပါတယ်။

ယခုတစ်ပတ် မြေပဲဆန်ဈေးမှာ ဆီကြိတ်မြေပဲဆန်အနီ တစ်ပိဿာလျှင် ကျပ် ၂၀၅၀ နှင့် အနီတစ်ပိဿာလျှင် ကျပ် ၂၁၀၀ ဈေးရှိပြီး လုံးဆန်အနီ တစ်ပိဿာလျှင် ၂၃၂၅ ကျပ်နှင့် လုံးဆန်အဖြူတစ်ပိဿာလျှင်ကျပ် ၂၃၅၀ ဖြင့် အရောင်းအဝယ်နေ့တိုင်းမဖြစ်ပေမယ့်ရက်ခြား အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

**ဝေဝေမင်း**

## ဇူလိုင်စတုတ္ထပတ်အတွင်း ရေစကြိုကုန်စည်ဒိုင်၌ အရောင်းအဝယ်ဖြစ်ပေါ်ခဲ့သော ဈေးကွက်နှင့်ဈေးနှုန်း

ယခုတစ်ပတ်အတွင်း ရေစကြို ကုန်စည်ဒိုင်တွင် မြေပဲနီလုံးဆန်(မြောင်)မှာ တစ်ပိဿာလျှင်ကျပ် ၂၄၅၀၊ ကျွန်းဆန်မှာတစ်ပိဿာလျှင်ကျပ် ၂၃၀၀၊SI(မြေပဲအဖြူလုံးဆန်)ကျပ် ၂၄၀၀ဈေးဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပါသည်။

စွန်တာပြာ တစ်တင်းလျှင် ကျပ် ၂၇၀၀၀၊ ပဲဇီးကွက်ကျပ် ၂၈၀၀၀၊ ပဲနီပြားမှာ တစ်တင်းလျှင် ကျပ် ၂၂၅၀၀၊ ပဲတီစိမ်း(ပဲနောက်) တစ်တင်းလျှင် အနိမ့်ဈေး ကျပ် ၃၀၀၀၀ နှင့် အမြင့်ဈေးကျပ် ၃၉၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်လျက်ရှိပါသည်။တိရစ္ဆာန်အစားအစာဖြစ်သောပြောင်းဖူးစေ့(CP)တစ်တင်းလျှင်အနိမ့်ဈေးကျပ်၈၀၀၀နှင့်အမြင့်ဈေး တစ်တင်းလျှင် ကျပ် ၈၅၀၀ ဈေးဖြင့် ရေစကြိုကုန်စည်ဒိုင်တွင် တင်း၂၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း တွေ့ရသည်။ ကုလားပဲများဖြစ်သော HL တစ်တင်းလျှင်ကျပ် ၃၉၀၀၀၊ 929 တစ်တင်းလျှင် ကျပ် ၃၉၀၀၀၊ ကုလားပဲဖြူလုံးကြီး V2 တစ်တင်းလျှင် ကျပ် ၄၀၅၀၀ ဈေးဖြင့် အရောင်းအဝယ် ဖြစ်လျက် ရှိပါ သည်။ နှမ်းဖြူသန့် အနိမ့်ဈေး ကျပ် ၃၂၀၀၀ နှင့် အမြင့်ဈေး ကျပ် ၃၄၀၀၀ ဖြင့် ရေစကြို ကုန်စည်ဒိုင်တွင် အရောင်းအဝယ်ဖြစ်နေသည်ကို လေ့လာတွေ့ရှိ ရပါသည်။

**လှိုင်ဉမ္မာဦး(ပခုက္ကူ)**

## ကြက်သွန်

# ဇူလိုင်လစတုတ္ထပတ် မုံရွာကြက်သွန်နီပေါက်ဈေး ဆက်တိုက်မြင့်တက်

မုံရွာ (ပွဲရုံ)စားဖိုဆောင်သီးနှံရောင်းဝယ်ရေးတွင် ယခုတစ်ပတ်ကြက်သွန်နီ ဈေးကွက်မှာ ယခင်တစ်ပတ်ပေါက် ဈေးထက်မြင့်တက်လျက်ရှိပြီး အရောင်းအဝယ် လည်း ပုံမှန်ဖြစ်နေကြောင်းသိရပါတယ်။ ပွဲရုံသို့ ကြက်သွန်နီ ပိဿာ ၁၀၀၀၀ ခန့် နေ့စဉ် အဝင်ရှိပြီး မုံရွာပွဲရုံများမှ ရန်ကုန်၊ မန္တလေးမြို့များသို့ တင်ပို့ရောင်းဝယ်လျက်ရှိ ပါတယ်။ အရောင်းအဝယ်ကတော့ အသွက်ကြီးမဟုတ်ဘဲ ပုံမှန်သာ အရောင်း အဝယ်ဖြစ်နေကြောင်းသိရပါတယ်။ ယခု တစ်ပတ်ပွဲရုံများတွင် ကြက်သွန်နီတစ် ပိဿာ လက်ကားပေါက်ဈေးနှုန်းမှာ (ကြီး) ကျပ် ၁၆၀၀၊ (လတ်) ကျပ် ၁၅၀၀၊ (သေး) ၁၄၀၀နှုန်းပေါက်လျက်ရှိပြီး လက်လီတစ်ပိဿာပေါက်ဈေးနှုန်းမှာ (ကြီး) ကျပ် ၁၈၀၀၊ (လတ်)ကျပ်၁၆၀၀၊ (သေး) ကျပ်၁၅၀၀ နှုန်းနဲ့ ရောင်းဝယ်လျက်ရှိကာ ယခင် တစ်ပတ်လက်ကားပေါက်ဈေးနှုန်းမှာ (ကြီး) ကျပ် ၁၁၅၀၊ (လတ်)ကျပ် ၁၀၅၀၊(သေး) ၉၅၀နှုန်းပေါက်လျက်ရှိပြီး လက်လီတစ်ပိဿာပေါက်ဈေးနှုန်းမှာ (ကြီး) ကျပ် ၁၄၀၀၊ (လတ်) ကျပ် ၁၃၀၀၊ (သေး) ကျပ်၁၂၀၀ နှုန်းပေါက်လို့ ယခုတစ်ပတ်ပေါက်ဈေးနှုန်းမှာ ယခင်တစ်ပတ်ဈေးနှုန်းထက်ပို၍ ဈေးမြင့်လာကြောင်းတွေ့ရပါတယ်။

မုံရွာကြက်သွန်ဖြူဈေးကွက်ကတော့ ဈေးအတက်/အကျသိပ်မရှိဘဲ ပုံမှန် အတိုင်းအရောင်းအဝယ်ဖြစ်လျက်ရှိ ကြောင်းသိရပါတယ်။ ပွဲရုံသို့ ကြက်သွန်ဖြူများ ပိဿာ ၁၀၀၀ ခန့် နေ့စဉ်အဝင်ရှိပြီး ယခင်တစ်ပတ်အတိုင်းဈေးငြိမ်လျက်ရှိကာ အရောင်းအဝယ်လည်း ပုံမှန်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။ ယခုတစ်ပတ် ကြက်သွန်ဖြူတစ်ပိဿာ ပွဲရုံပေါက်ဈေးနှုန်းမှာ (ဗမာ) ကျပ် ၄၀၀၀၊ (ရှမ်း) ကျပ် ၂၅၀၀၊ (ကြူကုတ်)ကျပ် ၂၀၀၀နှုန်းဖြစ်ပြီး လက်လီပေါက် ဈေး နှုန်းမှာ (ဗမာ) ကျပ် ၄၅၀၀၊ (ရှမ်း) ကျပ် ၃၀၀၀၊ (ကြူကုတ်)ကျပ် ၂၅၀၀ နှုန်းပေါက်လျက်ရှိပြီး အရောင်း အဝယ်လည်း ပုံမှန်ဖြစ်လျက်ရှိကြောင်း မုံရွာကြက်သွန်နီပွဲရုံမှသိရပါတယ်။

**ကြည်ကြည်နွယ်(မုံရွာ)**



# ပြည်ဈေးကွက်အတွင်း ကြက်သွန်နီဈေးနှုန်းများ ဆက်လက် မြင့်တက်လျက်ရှိ

ပြည်ဈေးကွက်အတွင်း ယခုတစ်ပတ်၌ ကြက်သွန်နီဈေးနှုန်းများ ဆက်လက် မြင့်တက်လျက်ရှိပြီး တစ်ပိဿာလျှင်ပျမ်းမျှကျပ် ၂၀၀ ခန့်ဈေးမြင့်သွားကြောင်းသိရ ပါတယ်။ ယခုတစ်ပတ်အတွင်း ပြည်ဈေးကွက်သို့ဝင်ရောက်မှုနည်းသွားပြီး ကြက် သွန်နီ အဓိကစိုက်ပျိုးရာ မကွေးတိုင်း၊ မန္တလေးတိုင်းတို့မှ ပွဲစားကုန်သည်များအနေနဲ့ ရန်ကုန်ဘုရင့်နောင်ဈေးကွက်သို့ အများဆုံးတင်ပို့ရောင်းချကြကြောင်း သိရပါ တယ်။ ပုံမှန်ဝယ်လက်ဖြစ်တဲ့ အိတ်ဆွဲဝယ်ရောင်းသမားများ၊ ဒေသတွင်း ဝယ်လက် သမားများနှင့် ဧရာဝတီတိုင်း၊ ရခိုင်ပြည်နယ်တို့သို့ တင်ပို့မှုအပါအဝင် တစ်ရက်ကို ပိဿာ ၃၀ ဝင်အိတ် ၂၀၀ ဝန်းကျင်သာအရောင်းအဝယ်ဖြစ်လျက်ရှိနေတာတွေ့ရပါ တယ်။ ဈေးနှုန်းများ မြင့်တက်လျက်ရှိတာကြောင့် အရောင်းအဝယ်အေးနေပြီး ပွဲရုံလက် ကားဈေးတစ်ပိဿာလျှင် ဟိုတယ်စ ကျပ် ၁၆၅၀ မှ ၁၇၀၀၊ ထူးတစ်လုံး ကျပ် ၁၅၅၀ မှ ၁၆၀၀၊ ရှယ် ကျပ် ၁၅၀၀၊ RC ကျပ် ၁၂၀၀ မှ ၁၃၀၀ တို့ရှိပြီး လက်လီ ဈေးအသေးများတွင် ကြီး/လတ် ကျပ် ၁၆၀၀-၁၇၀၀-၁၈၀၀၊ အသေးစ ကျပ် ၁၃၀၀-၁၄၀၀-၁၅၀၀ တို့နှင့် အသီးသီးရောင်းဝယ်လျက်ရှိနေတာ တွေ့ရပါတယ်။ ယခုတစ်ပတ်အတွင်း ဈေးကွက်ရဲ့တောင်းဆိုမှုအရ တရုတ်ကြက်သွန်နီများ ဝင် ရောက်လာကြောင်း သိရပါတယ်။ တရုတ်ကြက်သွန်နီတစ်ပိဿာလျှင် လက်ကား ကျပ် ၈၀၀ မှ ၉၀၀၊ လက်လီ ကျပ် ၁၀၀၀ မှ ၁၁၀၀ တို့ရှိပြီး အရည်အသွေး သိပ်မကောင်း သဖြင့် ဝယ်လိုအားပေါ် မူတည်၍ အရောင်းအဝယ်ပြုလုပ်နေကြကြောင်း သိရပါ တယ်။ ယခုအချိန်ဖြစ်ပေါ်လျက်ရှိတဲ့ ကြက်သွန်နီဈေးနှုန်းများကို ယခင်နှစ်ကာလ တူဈေးနှုန်းများနှင့်နှိုင်းယှဉ်ကြည့်ပါကဈေးကောင်းလျက်ရှိနေကြောင်း အောက်ပါ ဇယားအရ သိရပါတယ်။

| လအမည် | ကြက်သွန်နီ(အလတ်စ) ကာလတူဈေးနှုန်း(ကျပ်) | | | |
|---|---|---|---|---|
| | ၂၀၁၆ | | ၂၀၁၇ | |
| | လက်ကား | လက်လီ | လက်ကား | လက်လီ |
| မေ | ၄၇၀ | ၆၀၀ | ၉၅၀ | ၁၂၀၀ |
| ဇွန် | ၆၀၀ | ၇၀၀ | ၁၂၀၀ | ၁၄၀၀ |
| ဇူလိုင်(နောက်ဆုံးပတ်) | ၆၀၀ | ၇၀၀ | ၁၅၅၀ | ၁၇၀၀ |

**ဝင်းလဲ့ဝါ(ပြည်)**

## ချင်း

# ရှမ်းချင်း အရောင်းအဝယ်ဖြစ်နေ

ဒီတစ်ပတ်တော့ ရှမ်းချင်းအရောင်းအဝယ်ဖြစ်နေပါတယ်။ ချင်း(ဥမ)တွေ ပေါ်ချိန်မှာ အရောင်းအဝယ်သွက်လာတယ်လို့လည်း ချင်းပွဲရုံတွေမှသိရပါတယ်။ ဟိုပုံးချင်းတွေကိုတော့ ဘင်္ဂလားဒေ့ရှ်ကိုတင်ပို့ဖို့အတွက် တောင်ကုတ်ဝယ်လက်တွေက ဝယ်ယူနေပြီး တစ်ပိဿာကိုကျပ် ၂၇၀နဲ့ အိတ်ခွံမပါကားပေါ်အရောက်ဈေးနဲ့ဝယ်ယူ တယ်လို့ဆိုပါတယ်။ အရင်လတွေကတော့ တစ်ပိဿာကိုကျပ် ၂၈၀ မှ ၂၉၀ ပတ် ချာလည်မှာရှိနေပေမယ့် ဒီတခေါက်ဝယ်လက်တွေက လမ်းပန်းဆက်သွယ်ရေး ကြောင့် သယ်ယူခနှစ်ဆင့်နဲ့ သွားလာရလို့ ဈေးအနည်းငယ်ချပြီး ဝယ်ယူလာတယ်လို့ လည်း သိရပါတယ်။ တောင်ကုတ်ဝယ်လက်တွေက ချင်းပိဿာချိန် နှစ်သိန်းကျော်ခန့် ဝယ်ယူသွားပါတယ်။ ဟိုပုံးဈေးကွက်မှာ ချင်းလက်ကျန်တွေက အများအပြားမရှိလှ တော့ပါဘူး။ အထွက်နှုန်းနည်းတာရယ် ပုံမှန်အရောင်းအဝယ်ဖြစ်နေတာရယ် ကြောင့် များများစားစားမရှိတော့ဘူးလို့လည်းသိရပါတယ်။ ချင်းတက်တွေကတော့ နောက်နှစ်ရဲ့ ၂လပိုင်း ၃ လပိုင်းမှသာပြန်ဖော်ရမှာဖြစ်ပါတယ်။

ချင်းခြောက်ကတော့ အရင်တစ်ပတ်က မူဆယ်ဝယ်လက်တွေက တစ်ပိဿာ ၁၃၇၅ ကျပ်နဲ့ ပိဿာချိန်ငါးသောင်းခန့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ ဟိုပုံးချင်း ဈေးကွက်ကသိရပါတယ်။ အောင်ပန်းဈေးကွက်မှ ချင်း (ဥမ) တွေကတော့ ပုံမှန်သာ အရောင်းအဝယ်ဖြစ်နေပါတယ်။ ပြည်တွင်းဝယ်လက်ဖြစ်တဲ့ မုံရွာဝယ်လက်တွေ သာဝယ်ယူနေတယ်လို့လည်း သိရပါတယ်။ ဓားလှီးချင်း ပြုလုပ်ဖို့အတွက် တစ်ပတ်ကို ပိဿာချိန် ၄၅၀ - ၅၀၀ ခန့်ဝယ်ယူတယ်လို့လည်းသိရပါတယ်။ အောင်ပန်းဈေးကွက်မှာ ချင်းတစ်ပိဿာဈေးနှုန်းတွေကတော့ ချင်း(ဥမ)က ကျပ် ၂၇၀ မှ ၂၈၀ ဈေးရှိပြီး ချင်းခြောက်ကတော့ကျပ် ၁၁၀၀ မှ ၁၂၀၀ ဈေးရှိတယ်လို့ အောင်ပန်းဈေးကွက်မှသိ ရပါတယ်။

**ဇေခိုင်(တောင်ကြီး)**

# ချင်းဆက်လက်တင်ပို့

ဇူလိုင်လ ၁၆ ရက်မှ ၂၂ ရက်အထိ သီတင်းပတ်အတွင်း ချင်း ၃၄၇ တန်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က တင်ပို့ခဲ့တဲ့ ချင်းတန်ချိန် ၅၆၀ ကျော်နဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၂၀၀ကျော် တင်ပို့မှုလျော့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က ပြန်လည် တင်ပို့ခဲ့တဲ့ ချင်းကဒီတစ်ပတ်မှာလည်းဆက်လက်တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ချင်းတင်ပို့မှုမှ အမေရိကန် ဒေါ်လာ ၇၄၆၀၅ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း**(DOT)

# ဟိုပုံးဈေးကွက်မှာ ရှမ်းနနွင်းအရောင်းအဝယ်ဖြစ်လာ

ဟိုပုံးဈေးကွက်မှာ ရှမ်းနနွင်းအနည်းငယ်သာ အရောင်းအဝယ်ဖြစ်ခဲ့တယ် လို့သိရပါတယ်။ ယခင်တစ်ပတ်အတွင်းမှာ မူဆယ်ဝယ်လက်တွေက ဟိုပုံးနနွင်းကို ပိဿာချိန်သုံးသိန်းခွဲ လေးသိန်းခန့်ဝယ်ယူသွားတယ်လို့လည်း ဈေးကွက်မှသိရှိရပါ တယ်။ နနွင်းလက်ကျန်တွေကလည်း ပိဿာချိန်သောင်းချီပြီးကျန်ရှိနေပါတယ်။ ပြည်ပဝယ်လက်တွေ အဝယ်ပါးနေရင် နောက်အသစ်ထွက်ရှိတဲ့ ပစ္စည်းတွေနဲ့ ပေါင်း ပြီး ဈေးကွက်မှာပစ္စည်းလက်ကျန်တွေအများကြီးဖြစ်လာနိုင်ပြီး သိုလှောင်ဖို့ အခက် အခဲရှိတယ်လို့ နနွင်းပွဲရုံတွေထံမှသိရှိရပါတယ်။ လှောင်လက်တွေကလည်း အချိန် အကြာကြီးလှောင်ထားရင်လည်း အလျော့ကများပြီး နေရာအခက်အခဲကြောင့် သိပ်ပြီး ဝယ်မထားချင်ကြပါဘူး။ တောင်သူတွေကလည်း ဈေးကွက်ပျောက်ချင်နေတာကြောင့် ရာသီပေါ်သီးနှံတွေကို အစားထိုးပြီး စိုက်ပျိုးလာတယ်လို့သိရပါတယ်။ ဟိုပုံးနနွင်း မှာလည်း အရည်အသွေးအပေါ် မူတည်ပြီး ဈေးနှုန်းကလည်း အမျိုးမျိုးရှိပါတယ်။ ဟိုပုံး နနွင်းမှာအကြမ်းကကျပ်၁၁၀၀၊ ကြမ်း- ချောက ကျပ် ၁၄၀၀ နဲ့ No.1 ကကျပ် ၂၅၀၀ ဈေးရှိပါတယ်။ အောင်ပန်းဈေးကွက်မှာတော့ အရောင်းကအေးနေပါတယ်။ အဝင် ကတော့ တစ်ပတ်ကိုပိဿာချိန် ၃၀ မှ ၅၀ ခန့်သာရှိနေပြီး အရောင်းအဝယ်ကလည်း ပြည်တွင်းသုံးဝယ်လက်တွေကသာ တစ်ပတ်ကိုပိဿာချိန်၁၀၀မှ၁၅၀ခန့်သာအရောင်း အဝယ်ဖြစ်နေတယ်လို့လည်း သိရပါတယ်။ တစ်ပိဿာပေါက်ဈေးတွေကတော့ တောင်ပို့လစ No.2က ကျပ် ၁၀၀၀၊ No.1 ကကျပ် ၂၅၀၀ နဲ့ ဆင်တောင်နနွင်းက ကျပ် ၃၀၀၀ ဈေးရှိပါတယ်။

**ဇေခိုင်(တောင်ကြီး)**

## နနွင်း

# ပင်လယ်ရေကြောင်းလမ်းမှ နနွင်းတန် ၅၀ကျော်တင်ပို့

ဇူလိုင် ၁၆ ရက်မှ ၂၂ ရက်အထိ သီတင်းပတ်အတွင်း နနွင်း ၅၁ဒသမ ၀၅တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။

ဒီတစ်ပတ် တင်ပို့ခဲ့တဲ့နိုင်ငံနဲ့ တန်ချိန်မှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၂၈ တန်၊ သီရိလင်္ကာနိုင်ငံသို့ ၈ ဒသမ ၀၅ တန်၊ မလေးရှားနိုင်ငံသို့ ၁၅ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ယခင်သီတင်းပတ်က တင်ပို့ခဲ့တဲ့ နနွင်းတန်ချိန် ၉၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၄၀ နီးပါး တင်ပို့မှုလျော့နည်း ခဲ့တယ်လို့ သိရပါတယ်။ နနွင်း တင်ပို့မှုမှ အမေရိကန်ဒေါ်လာ၃၇၆၂၀ ဝင်ငွေ ရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း**(DOT)

# မူဆယ်မှ နနွင်းတက် တန် ၄၀၀ နီးပါးတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ဇူလိုင် ၁၅ ရက်မှ ၂၁ ရက်ထိ ရက်သတ္တပတ် အတွင်း အမေရိကန်ဒေါ်လာ၂၆၄၅၆၇ တန်ဖိုးရှိ နနွင်းတက် (ရှမ်းစ) ၃၇၃ တန်ကျော် တင်ပို့ခဲ့ရာယခင်တစ်ပတ် က တင်ပို့ခဲ့တဲ့ ၂၃၈ တန်ကျော်နဲ့နှိုင်း ယှဉ်ပါက ၁၃၅ တန်ပိုမို တင်ပို့ခဲ့တာ တွေ့ရပါတယ်။ မူဆယ်ကုန်စည်ဒိုင် မှာ နနွင်းတက် တစ်တန်ရဲ့ မိမိဘက် ပေါက်ဈေးမှာ (ငွေလဲနှုန်းအရ) ၉၇၁၆၈၅ ကျပ်ခန့် ရှိပြီး အနီးစပ်ဆုံး ကာလဖြစ်တဲ့ ဇွန်လ ၁၅ ရက်ကကျပ် ၉၅၃၉၂၀ ခန့်ရှိတယ်လို့ သိရပါတယ်။

**မော်မော်အောင်**



# မူဆယ်နဲ့မြဝတီမှ ကြက်သွန်နီတင်ပို့ပြီး တာချီလိတ်နဲ့တမူးမှ ကြက်သွန်ဖြူ တင်ပို့

ဇူလိုင် ၁၅ ရက်မှ ၂၁ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန် ဒေါ်လာ၆၄၅၈၂တန်ဖိုးရှိကြက်သွန် နီ ၁၄၁ တန်ခွဲကို တရုတ်နိုင်ငံသို့လည်းကောင်း၊မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန် ဒေါ်လာ၆၉၀၀တန်ဖိုးရှိ ကြက်သွန်နီ ၁၂ တန်ကို ထိုင်းနိုင်ငံ သို့လည်းကောင်း အသီးသီးတင်ပို့ခဲ့ပါတယ်။ အလားတူ မြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၂၉၄၀၀၀ တန်ဖိုးရှိ ကြက်သွန်ဖြူတန် ၂၀၀ ကို ထိုင်းနိုင်ငံသို့ လည်းကောင်း၊ မြန်မာ-အိန္ဒိယ နယ်စပ်ရှိ တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန် ဒေါ်လာ ၂၉၅၃ တန်ဖိုးရှိ ကြက်သွန်ဖြူ နှစ်တန်ကို အိန္ဒိယနိုင်ငံ သို့လည်းကောင်း အသီးသီးတင်ပို့ခဲ့တာတွေ့ရပါတယ်။ယခင်တစ်ပတ်က မူဆယ်မှ ကြက်သွန်နီ ၁၁၃ တန်၊ မြဝတီ မှ ကြက်သွန်နီ ၂၄ တန်၊ တမူးမှ ကြက်သွန်ဖြူ ၃ တန်၊ မောင်တောမှ ကြက်သွန်ဖြူ၂၁တန်ကျော်တင်ပို့ခဲ့လို့ နယ်စပ် စခန်းစုံမှအိမ်နီးချင်းနိုင်ငံတွေကို ကြက်သွန်နီ၊ ကြက်သွန်ဖြူ ပုံမှန်တင်ပို့နေတယ်လို့ ဆိုရပါမယ်။ **မော်မော်အောင်**

# ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) ၏ ဖွံ့ဖြိုးမှုအနည်းဆုံး အဖွဲ့ဝင်နိုင်ငံများ (LDCs) အတွက် ပင်ရင်းဒေသစည်းမျဉ်း (Rules of Origin) ဆိုင်ရာ သိကောင်းစရာများ

| ဟန်နီ(ကုန်သွယ် / ဦးစီး) |

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၌ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလအတွင်း ကျင်းပမည့် Committee on Rules of Origin အစည်းအဝေးတွင် အဖွဲ့ဝင် LDCs နိုင်ငံများအနေဖြင့် Rules of Origin ဆိုင်ရာ Proposal Paper တင်ပြနိုင်ရေးအတွက် လိုအပ်သည့်ပြင်ဆင်မှုများ ပြုလုပ်သွားနိုင်ရေးနှင့် ဖွံ့ဖြိုးပြီးနိုင်ငံများမှ LDCs နိုင်ငံများအား ပင်ရင်းဒေသစည်းမျဉ်းနှင့်စပ်လျဉ်း၍ အထူးလျှော့ပေါ့ပေးခြင်းဆိုင်ရာ ကတိကဝတ်များအပေါ် လိုက်ပါအကောင်အထည်ဖော် ဆောင်ရွက်မှု အားနည်းနေခြင်းတို့ကို LDCs နိုင်ငံများအနေဖြင့် ထပ်မံညှိနှိုင်းတောင်းဆိုသွားနိုင်ရန် ရည်ရွယ်၍ အီတလီနိုင်ငံ၊ ဖလော်ရင့်စ်မြို့တွင် ဇွန် ၁၆ ရက်မှ ၂၀ ရက်အထိ Fourth Executive Training on Rules of Origin သင်တန်း ဖွင့်လှစ်ခဲ့ပါတယ်။ အဆိုပါသင်တန်းသို့ ဂျီနီဗာအခြေစိုက် မြန်မာအမြဲတမ်း ကိုယ်စားလှယ်အဖွဲ့ရုံးမှ စီးပွားရေးသံမှူး တက်ရောက်ခဲ့ပါတယ်။

အဆိုပါသင်တန်း UNCTAD နှင့် WTO တို့ပူးပေါင်း၍ ကျင်းပခြင်းဖြစ်ပြီး ပို့ချခဲ့သော အကြောင်းအရာများနှင့် ဆွေးနွေးချက်များမှာ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင် ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံ ၃၆ နိုင်ငံအနေဖြင့် ပင်ရင်းဒေသစည်းမျဉ်း (Rules of Origin) ဆိုင်ရာ အခွင့်အရေးများကို ထိထိရောက်ရောက် အသုံးချ၍ ကုန်သွယ်မှုကဏ္ဍအထူးသဖြင့် ပို့ကုန်တင်ပို့မှု မြင့်မားလာနိုင်ရေးကို အထောက်အကူပြုနိုင်ရန် ရည်ရွယ်ကျင်းပရခြင်းဖြစ်ကြောင်း သိရပါတယ်။

ပင်ရင်းဒေသစည်းမျဉ်းဆိုသည်မှာ ပြည်ပနိုင်ငံမှ ကုန်ကြမ်းကိုလုံးဝ အသုံးမပြုဘဲ ထုတ်လုပ်သော ကုန်ပစ္စည်းများဖြစ်သည့် သဘာဝသယံဇာတနှင့် လယ်ယာထွက်ကုန်ကဲ့သို့ Wholly Obtained Products များအတွက် လွယ်ကူစွာခွဲခြားသတ်မှတ်နိုင်သော်လည်း ပြည်ပမှကုန်ကြမ်းမှာယူတင်သွင်း ထုတ်လုပ်သောထုတ်ကုန်များအား ပြည်တွင်းမှပါဝင်သော ထုတ်လုပ်မှုတန်ဖိုး ရာခိုင်နှုန်း သတ်မှတ်ချက် နည်းလမ်းများနှင့် ကိုက်ညီရမည်ဖြစ်ကြောင်း၊ အဆိုပါနည်းလမ်းများမှာ (က) A Change of Tariff Heading (CTH )၊ (ခ) Manufacturing or Processing Operation ၊ (ဂ) Percentage Rules စသည်တို့ဖြစ်ကြောင်း ဖော်ပြထားပါတယ်။

LDCs နိုင်ငံများအတွက် ပင်ရင်းဒေသစည်းမျဉ်းများကို လျှော့ပေါ့သတ်မှတ်ပေးခြင်းနှင့် Percentage Rules သတ်မှတ်ရာတွင် ပြည်ပမှကုန်ကြမ်း ၇၅ ရာခိုင်နှုန်းအထိ ပါဝင်ခွင့်ရရှိရေးအတွက် တောင်းဆိုထားပြီး LDCs နိုင်ငံများ၏ ပြည်တွင်းထုတ်လုပ်မှုတန်ဖိုး ၂၅ ရာခိုင်နှုန်းပေါင်းထည့်ခြင်းဖြင့် ပြည်တွင်းထုတ်ကုန်အဖြစ် အသိအမှတ်ပြုအခွင့်အရေးပေးရန်အတွက် Preference Granting Members များကို တောင်းဆိုထားပါကြောင်း၊ Preference Granting Members များအနေဖြင့်လည်း ၎င်းတို့၏ Preference Schemes နှင့်ပတ်သက်၍ သတင်းအချက်အလက်များကို WTO သို့ပြည့်စုံစွာ အကြောင်းကြားထားရမည်ဖြစ်ကြောင်း သိရှိရပါတယ်။

လက်ရှိအချိန်တွင် ပြည်ပမှကုန်ကြမ်း ပါဝင်မှုတန်ဖိုး (Value of Non-originating Materials) အများဆုံးပမာဏကို ဥရောပသမဂ္ဂမှ ၇၀ ရာခိုင်နှုန်း၊ ဂျပန်မှ ၄၀ ရာခိုင်နှုန်း၊ ကနေဒါမှ ၆၀ ရာခိုင်နှုန်း၊ အမေရိကန်မှ ၃၅ ရာခိုင်နှုန်း၊ တရုတ်မှ ၄၀ ရာခိုင်နှုန်း၊ အိန္ဒိယမှ ၃၀ ရာခိုင်နှုန်းအထိ လက်ခံထားသည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ ထိုကဲ့သို့သော သတ်မှတ်မှုများမှာ LDCs နိုင်ငံများ၏ လိုလားချက်နဲ့ များစွာအလှမ်းကွာလျက်ရှိသောကြောင့် ပြည်ပမှ ကုန်ကြမ်းပါဝင်မှုကို (Non-originating Materials) ၇၅ ရာခိုင်နှုန်းအထိ ပါဝင်သတ်မှတ်ရေးအတွက် ထပ်မံညှိနှိုင်းသွားရန် လိုအပ်မှာ ဖြစ်ပါတယ်။

ပင်ရင်းဒေသစည်းမျဉ်းများနှင့်အညီ သတ်မှတ်ပြည်တွင်းထုတ်လုပ်မှုတန်ဖိုး ပြည့်မီစေရန်အတွက် ကုန်ချောထုတ်လုပ်ရာတွင် တစ်စိတ်တစ်ပိုင်းပါဝင်အသုံးပြုသည့် ပြည်ပမှတင်သွင်းသော ကုန်စည်တန်ဖိုးအား ပြည်တွင်းထုတ်လုပ်မှုတန်ဖိုးအဖြစ် လက်ခံစဉ်းစားပေးသည့်အခါ Cumulation စည်းမျဉ်းကို အသုံးပြုမှာဖြစ်ပါတယ်။ Cumulation သတ်မှတ်ရာတွင် LDCs နိုင်ငံများအတွက် အသုံးပြုနိုင်သော နည်းလမ်းများနှင့် ပတ်သက်၍လည်း အသေးစိတ်ဖော်ပြထားကြောင်း သိရပါတယ်။

> ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင် LDCs နိုင်ငံ ၃၆ နိုင်ငံရှိရာတွင် သုံးနိုင်ငံသာ Notification ပြုလုပ်ထားကြောင်း စိစစ်တွေ့ရှိရပြီး မြန်မာနိုင်ငံ၊ ဘီနင်နှင့် လာအိုနိုင်ငံတို့ဖြစ်ပါကြောင်း ………

လက်ရှိအချိန်တွင် Cumulation နှင့် ပတ်သက်၍ LDCs နိုင်ငံအချို့တွင် ရင်ဆိုင်နေရသော အခက်အခဲများနှင့်ပတ်သက်၍ ကမ္ဘောဒီးယား၏ ဥရောပသမဂ္ဂသို့ စက်ဘီးထုတ်လုပ်တင်ပို့မှုလုပ်ငန်းမှာ ထိခိုက်နစ်နာမှုများ ကြုံတွေ့ခဲ့ရသည်ကို ဥပမာပေး၍ ဆွေးနွေးခဲ့ကြောင်း သိရပါတယ်။ အဆိုပါ Cumulation နှင့် ပတ်သက်သော Issue များမှာ LDCs နိုင်ငံများအတွက် လက်ရှိအချိန်တွင် အရေးကြီးသော Issue ဖြစ်ပြီး ဆက်လက်စေ့စပ်ညှိနှိုင်းသွားရန် လိုအပ်မှာဖြစ်ပါတယ်။

Preference Granting Members များက ပေးအပ်သော Preference အခွင့်အရေးများကို LDCs နိုင်ငံများက အပြည့်အဝ အသုံးပြုရန် ကြိုးစားရမည်ဖြစ်ကြောင်း၊ Preference Granting Members များ၏ Preference များအနက် ဥရောပသမဂ္ဂ၏ GSP အခွင့်အရေးကို LDCs နိုင်ငံ များက အများဆုံးအသုံးပြုလျက်ရှိပြီး ၎င်းအတွက် Utilization Rate မှာ အမြင့်ဆုံးဖြစ်ကြောင်း၊ LDCs နိုင်ငံများအတွက် ဥရောပသမဂ္ဂ၏ GSP ဆိုင်ရာ စည်းမျဉ်းများကို လျှော့ချပေးထားသည့်အပြင် အသုံးပြုနိုင်ရန်အတွက် Awareness နှင့် Capacity မြှင့်တင်မှုလုပ်ငန်းများ၌ ပံ့ပိုးကူညီခဲ့မှုများရှိကြောင်း၊ ဥရောပသမဂ္ဂ၏ GSP အခွင့်အရေးကို LDCs နိုင်ငံများက အများဆုံးအသုံးပြုကြောင်း ဆွေးနွေးချက်များအရ သိရပါတယ်။

LDCs နိုင်ငံများအနေဖြင့် ပို့ကုန်၊ သွင်းကုန်ဆိုင်ရာ စာရင်းအင်းအချက်အလက်များကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ ပုံမှန်ပေးပို့ Notification ပြုလုပ်ခြင်းမရှိသဖြင့် Mirror Data ကိုအသုံးပြုကာ တွက်ချက်နေရသောကြောင့် LDCs နိုင်ငံများအနေဖြင့် ပို့ကုန်၊ သွင်းကုန်ဆိုင်ရာ စာရင်းအင်းအချက်အလက်များကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ ပုံမှန် Notification ပြုလုပ်ရန် တိုက်တွန်းပြောဆိုခဲ့ကြောင်း သိရပါတယ်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့မှ ပမာဏတွက်ချက်သော စာရင်းများအရ Preferential Granting Members များမှ ပေးအပ်သော Preference အခွင့်အရေးများကို LDCs နိုင်ငံများအနက် ဘင်္ဂလားဒေ့ရှ်နှင့် ကမ္ဘောဒီးယားနိုင်ငံတို့က အများဆုံးအသုံးပြုလျက်ရှိပါကြောင်း၊အရေးပါသော Preference Granting နိုင်ငံ ကိုးနိုင်ငံမှ ပေးအပ်သော Preference များကို LDCs နိုင်ငံများအားလုံးက ၂၀၁၅ ခုနှစ်တွင် အသုံးပြုခဲ့သော Preference Value မှာ အမေရိကန်ဒေါ်လာ ၃၃၇၁ သန်းရှိခဲ့ပါကြောင်း၊ ယင်းတန်ဖိုးတွင် ဘင်္ဂလားဒေ့ရှ်မှ အမေရိကန်ဒေါ်လာ ၂၁၆၈ သန်း၊ ကမ္ဘောဒီးယားမှ အမေရိကန် ဒေါ်လာ ၆၆၇ သန်းနှင့် မြန်မာနိုင်ငံမှ အမေရိကန်ဒေါ်လာ ၈၃ သန်းတို့ဖြင့် အများဆုံးအသုံးပြုခဲ့ကြကြောင်း ဖော်ပြထားပါတယ်။

ကုန်စည်တစ်ခုချင်းအလိုက်အနေဖြင့် လေ့လာကြည့်မည်ဆိုပါက မြန်မာနိုင်ငံအနေဖြင့် အိန္ဒိယနိုင်ငံသို့ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံတင်ပို့မှုတွင်လည်းကောင်း၊ တောင်ကိုရီးယားနိုင်ငံသို့ အဝတ်အထည်တင်ပို့မှုတွင် လည်းကောင်း၊ ဥရောပသမဂ္ဂသို့ အဝတ်အထည်တင်ပို့မှုတွင်လည်းကောင်း Preference များကို လက်ရှိအသုံးပြုမှုထက်ပိုမို အသုံးပြုနိုင်သေးကြောင်း သိရှိရပါတယ်။

ထိုသို့ Preference Utilization Rate နည်းပါးခြင်း အကြောင်းအရင်းများတွင် (က)ခံစားခွင့်ရှိသော Preference Duty Margin မှာ အလွန်နည်းပါး၍ ယင်းအတွက် ကုန်ကျစရိတ်ပိုများနေခြင်း ၊(ခ) တင်ပို့သည့် နိုင်ငံနှင့် တိုက်ရိုက်အပ်ကုန်စနစ်(Direct consignment)ပြုလုပ်ရန် အခက်အခဲရှိခြင်း၊ (ဂ) လိုအပ်သည့် လက်မှတ် (Certificate requirement) များ များပြားပြီး အချိန်မီတင်ပြနိုင်ရန် အခက်အခဲရှိခြင်းနှင့် (ဃ) သက်ဆိုင်ရာနိုင်ငံက ပြဋ္ဌာန်းထားသော ကုန်စည်အလိုက် ကျင့်သုံးရမည့် ပင်ရင်းဒေသဆိုင်ရာ စည်းမျဉ်းများအပေါ် အပြည့်အဝ သိရှိနားလည်မှု အားနည်းခြင်းများပါဝင်ကြောင်း သိရှိရပါတယ်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ (၁၀) ကြိမ်မြောက် ဝန်ကြီးအဆင့် ညီလာခံအစည်းအဝေးတွင်ဆုံးဖြတ်ခဲ့သော Preferential Rules of Origin for LDCs တွင် ပါရှိသည့် အပိုဒ် (၄. ၂) အချက်အရ Preference Granting Members များအနေဖြင့် ၎င်းတို့ကျင့်သုံးနေသော ROO ဆိုင်ရာ Meaures များကို ROO ကော်မတီသို့ ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် အပြီးသတ် Notification ပြုလုပ်ပေးရမည်ဟု ဖော်ပြထားသော်လည်း လက်တွေ့တွင် အဖွဲ့ဝင်နိုင်ငံ အချို့ကသာ ဆက်သွယ်မှုရှိခဲ့ပြီး Preference Granting Members အရေအတွက် ၂၀ နိုင်ငံရှိရာတွင် ကိုးနိုင်ငံကသာ လိုအပ်သော အချက်အလက်များကို ဆက်သွယ်ပေးပို့ထားကြောင်း သိရပါတယ်။

Preference Granting Members များအနေဖြင့် ယင်းတို့၏ ကတိကဝတ်အတိုင်း အကောင်အထည်ဖော်ပေးရန် LDCs နိုင်ငံများက တောင်းဆိုနေသကဲ့သို့ LDCs နိုင်ငံများကလည်း ၎င်းတို့လိုက်ပါဆောင်ရွက်ပေးရမည့် တာဝန်များကို လိုက်နာဆောင်ရွက်သွားရန်အတွက် Preference Granting Members များမှ အသိပေးမှုများ ပြုလုပ်ထားပြီး ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင် LDCs နိုင်ငံများအနေဖြင့် ROO ဆိုင်ရာ Notification ကို ပြုလုပ်ပေးရန် တာဝန်ရှိပါကြောင်း၊ လက်ရှိအချိန်ထိ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင် LDCs နိုင်ငံ ၃၆ နိုင်ငံရှိရာတွင် သုံးနိုင်ငံသာ Notification ပြုလုပ်ထားကြောင်း စိစစ်တွေ့ရှိရပြီး မြန်မာနိုင်ငံ၊ ဘီနင်နှင့် လာအိုနိုင်ငံတို့ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အဆိုပါ Notification ကို ၂၀၁၇ ခုနှစ် မေလက ပြုလုပ်ခဲ့သည့်အတွက် မြန်မာနိုင်ငံ၏ အားထုတ်မှုတစ်ရပ်အနေဖြင့် အသိအမှတ်ပြုကြောင်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ တာဝန်ရှိသူမှ ဆွေးနွေးခဲ့ကြောင်း သိရှိရပါတယ်။

ပင်ရင်းဒေသ စည်းမျဉ်းများသည် LDCs နိုင်ငံများအတွက် Global Value Chain တွင် ပိုမိုပါဝင်နိုင်ရေး အထောက်အကူပြုရုံသာမက ကမ္ဘာ့ဈေးကွက်သို့ ချိတ်ဆက်ရာတွင် နှိုင်းယှဉ်အားသာချက် ကြီးကြီးမားမားရရှိသည့်အတွက် များစွာအရေးကြီးပါကြောင်း၊ ဖွံ့ဖြိုးပြီးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် LDCs နိုင်ငံများအတွက် ဈေးကွက်အခွင့်အလမ်း မည်မျှပင်ပေးစေကာမူ LDCs နိုင်ငံများမှ အမှန်တကယ်တင်ပို့နိုင်သော ကုန်ပစ္စည်းများအတွက် ပင်ရင်းဒေသစည်းမျဉ်းများ လျှော့ပေါ့ခံစားခွင့်မရှိပါက ၎င်းတို့၏ ဈေးကွက်ဝေစုရရှိရန်မှာ အခွင့်အလမ်း နည်းပါးပါကြောင်း၊ Preference Granting Members များအနေဖြင့် ၎င်းတို့၏ သွင်းကုန် အကောက်ခွန်လိုင်းပေါင်း ၉၇ ရာခိုင်နှုန်းကျော်အား LDCs နိုင်ငံများအတွက် Preference များ ပေးအပ်ထားပြီးဖြစ်ကြောင်း အသိပေး ထုတ်ပြန်ထားပြီးဖြစ်သော်လည်း LDCs နိုင်ငံများ၏ အဓိကပို့ကုန်များမှာ Preference ပေးအပ်ထားခြင်းမရှိကြောင်း၊ အဆိုပါ ကုန်စည်များမှာ ပေးအပ်ရန်ကျန်သည့် အကောက်ခွန်လိုင်းပေါင်း သုံးရာခိုင်နှုန်းတွင် ၎င်းတို့၏ အရေးကြီးကုန်စည်များအဖြစ် သတ်မှတ်ခံထားရဆဲဖြစ်ပြီး အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများအနေဖြင့် ဆက်လက်စေ့စပ်ညှိနှိုင်းသွားရမည်ဖြစ်ကြောင်းကိုလည်း အကြံပြုတင်ပြခဲ့ကြောင်း သိရှိရပါတယ်။

## ဓာတ်ဆီ/ဒီဇယ်

# ဒီတစ်ပတ် ဓာတ်ဆီအဝင်လျော့ပြီး ဒီဇယ်အဝင်ပို

ဇူလိုင် ၁၆ ရက်မှ ၂၂ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၁၇၉၉၆၅၇ တန်ဖိုးရှိ ဓာတ်ဆီ ၂၂၄၅၀ ဒသမ ၃၃၄ တန်နဲ့ အမေရိကန်ဒေါ်လာ ၂၈၁၄၄၀၅၄ တန်ဖိုးရှိ ဒီဇယ် ၆၀၁၅၇ ဒသမ ၀၈၃ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် အဆင့်မြင့်ဒီဇယ်၊ အောက်တိန်း (92)နဲ့ အောက်တိန်း(95)တို့ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဓာတ်ဆီတန်ချိန် ၃၈၂၀၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဓာတ်ဆီတန်ချိန် ၁၅၇၀၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့ပြီး ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဒီဇယ်တန်ချိန် ၅၁၄၀၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီဇယ်တန်ချိန် ၈၇၀၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ် ဓာတ်ဆီ အဝင်လျော့ပြီး ဒီဇယ် အဝင်ပိုခဲ့ပါတယ်။

နယ်စပ်စခန်းများဖြစ်တဲ့ မြိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁၂၆၉၇၈၅ တန်ဖိုးရှိ ဒီဇယ် ၂၈၃၇ တန်၊ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၄၆၁၁၈ တန်ဖိုးရှိ ဓာတ်ဆီ ၈၇ တန် တင်သွင်းခဲ့သလို အမေရိကန်ဒေါ်လာ ၂ ဒသမ ၇၈၅ သန်းတန်ဖိုးရှိ Re-Export ဒီဇယ် ၄၉၇၃ ဒသမ ၃၃ တန်ကို မူဆယ်ကုန်သွယ်ရေးစခန်းမှလည်းကောင်း၊ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၀၃၁ သန်းတန်ဖိုးရှိ Re-Export ဒီဇယ်တန်ချိန် ၁၈၀ ကို လွယ်ဂျယ် ကုန်သွယ်ရေးစခန်းမှလည်းကောင်း တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ဓာတ်ဆီရော ဒီဇယ်ပါ ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာဒီဇယ်၊ အဆင့်မြင့်ဒီဇယ်၊ အောက်တိန်း (92)နဲ့ (95) မှာဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာရောင်းချနေတဲ့ တစ်လီတာ ဈေးနှုန်းများမှာ ကျပ် ဒီဇယ် ၆၆၀၊ အောက်တိန်း (92) ကျပ် ၆၅၀ ၊ အောက်တိန်း (95) ကျပ် ၇၀၀၊ အဆင့်မြင့်ဒီဇယ် ကျပ် ၆၈၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ ဇူလိုင် ၂၄ ရက်မှာ ဒီဇယ်ဝယ်ဈေး ကျပ် ၁၂၇၀၀၀၊ ရောင်းဈေး ကျပ် ၁၃၁၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံး ဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဇူလိုင် ၂၄ ရက်မှာ ဓာတ်ဆီ ဝယ်ဈေး ကျပ် ၁၄၇၀၀၀၊ ရောင်းဈေး ကျပ် ၁၅၀၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံး ဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ နှိုင်းယှဉ်ရင် ဓာတ်ဆီဈေး နည်းနည်းမြင့်ခဲ့ပေမယ့် ဒီဇယ်ဈေး ငြိမ်နေခဲ့တယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ဓာတ်ဆီရော ဒီဇယ်ပါ ပုံမှန်အရောင်းအဝယ်ရှိနေပါတယ်။ ပုဂ္ဂလိကဆိုင်များတွင် အောက်တိန်း (92)၊အောက်တိန်း(95)၊ ဒီဇယ်နဲ့ အဆင့်မြင့် ဒီဇယ်မှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာဈေးနှုန်းများမှာ အောက်တိန်း(95) တစ်လီတာ ၇၈၅ ကျပ်၊ ဒီဇယ် တစ်လီတာ ကျပ် ၆၆၀ ၊အဆင့်မြင့်ဒီဇယ် တစ်လီတာ ကျပ် ၆၈၀ ၊ အောက်တိန်း(92) တစ်လီတာ ကျပ် ၆၉၀ ၊ ဓာတ်ဆီ တစ်လီတာ ကျပ် ၈၀၀ နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ ဇူလိုင် ၂၄ ရက်မှာ ဒီဇယ်ဝယ်ဈေးကျပ် ၁၃၂၀၀၀၊ ရောင်းဈေး ကျပ် ၁၃၄၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံးဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ အောက်တိန်း (92)ဈေးမှာ ဇူလိုင် ၂၄ ရက်တွင် ဝယ်ဈေး ကျပ် ၁၃၄၀၀၀၊ ရောင်းဈေးကျပ် ၁၃၆၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံးဈေးငြိမ်ပြီး အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်၊ အောက်တိန်း (92)၊ အဆင့်မြင့် ဒီဇယ်နဲ့ အောက်တိန်း (95)တို့ ဈေးငြိမ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာ ဈေးများမှာဓာတ်ဆီ ၇၅၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် ကျပ် ၇၄၀၊ အောက်တိန်း(92) ကျပ် ၇၀၀၊ အောက်တိန်း (95) ကျပ် ၇၆၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဒီဇယ် တစ်ဂါလံ ကျပ် ၃၄၀၀၊ အဆင့်မြင့်ဒီဇယ် တစ်ဂါလံ ကျပ် ၃၄၀၀၊ အောက်တိန်း (92)တစ်ဂါလံ ကျပ် ၃၂၀၀၊ အောက်တိန်း (95) တစ်ဂါလံ ကျပ် ၃၅၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

တောင်ကြီးဈေးကွက်မှာ ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ဈေးများမှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ ဈေးများမှာ ဒီဇယ်တစ်လီတာ ကျပ် ၇၄၀၊ အဆင့်မြင့်ဒီဇယ် ကျပ် ၇၇၀၊ အောက်တိန်း (92)၇၅၅ ကျပ်၊ အောက်တိန်း (95)ကျပ် ၈၈၀ နဲ့အရောင်းအဝယ် ဖြစ်နေတယ်လို့ သိရှိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဒီဇယ်တစ်ဂါလံ ကျပ် ၃၃၀၀၊ အောက်တိန်း (92) ကျပ် ၃၄၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ **MIRT-DOT**

# ပြည်တွင်းငွေလဲနှုန်းများ အနည်းငယ်ပြန်လည်မြင့်တက်

ယခုတစ်ပတ်အတွင်း ပြည်တွင်းငွေလဲနှုန်းများ အနည်းငယ်ပြန်လည်မြင့်တက်လာခဲ့ကြောင်း ငွေလဲဈေးကွက်အတွင်းမှ သိရှိရသည်။ ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက ပြန်လည်ကျဆင်းခဲ့သည့် ပြည်တွင်းငွေလဲနှုန်းများသည် ယခုတစ်ပတ်တွင် နှစ်ကျပ်မျှ ပြန်လည်မြင့်တက်ခဲ့ခြင်းဖြစ်သည်။ ဈေးကွက်အတွင်း အဝယ်လိုက်လာသဖြင့် ဈေးအနည်းငယ် မြင့်တက်ရခြင်းဖြစ်သည်ဟုဆိုသည်။

"ဈေးကွက်ထဲမှာ ပြီးခဲ့တဲ့တစ်ပတ်ကထက်စာရင် နည်းနည်းပြန်တက်လာတယ်။ ဈေးတက်တာကတော့ အဝယ်ပြန်လိုက်လာလို့ပါ။ ဒါပေမယ့် ဈေးကသိပ်ပြီး မြင့်တက်မလာတဲ့အတွက် အရောင်းအဝယ်ကတော့ ပုံမှန်လောက်ပဲရှိနေပါတယ်" ဟု ငွေလဲစင်တာတစ်ခုမှ သိရသည်။

ပုဂ္ဂလိကငွေလဲစင်တာများတွင် ဇူလိုင် ၂၄ ရက်က အမေရိကန်တစ်ဒေါ်လာလျှင် ရောင်းဈေး ၁၃၅၇ ကျပ်၊ ဝယ်ဈေး ၁၃၅၅ကျပ်ရှိခဲ့ပြီး ဇူလိုင် ၂၆ ရက်တွင် ရောင်းဈေး ကျပ် ၁၃၆၀၊ ဝယ်ဈေး ၁၃၅၈ ကျပ်သို့ အနည်းငယ် မြင့်တက်ခဲ့သည်။ သို့သော် ဇူလိုင် ၂၈ ရက်တွင် ရောင်းဈေး ၁၃၅၉ ကျပ်၊ ဝယ်ဈေး ၁၃၅၇ ကျပ်သို့ အနည်းငယ်ပြန်လည်ကျဆင်းခဲ့သည်။ **မယ်သီတာ**

# ကမ္ဘာ့ရွှေဈေးမြင့်တက်မှုကြောင့် ပြည်တွင်းရွှေဈေး ပြန်လည်မြင့်တက်လာ

ယခုရက်သတ္တပတ်အတွင်း ပြည်တွင်းရွှေဈေးသည် ကျပ်ကိုးသိန်းကျော်သို့ ပြန်လည်မြင့်တက်လာခဲ့ကြောင်း ပြည်တွင်းရွှေဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ ကမ္ဘာ့ရွှေဈေး မြင့်တက်လာခြင်းကြောင့် ပြည်တွင်းရွှေဈေးများ မြင့်တက်လာရခြင်းဖြစ်ကြောင်း ရွှေကုန်သည်တစ်ဦးက သုံးသပ်ခဲ့သည်။

ကမ္ဘာ့ရွှေဈေးသည် ယခုတစ်ပတ်တွင် အမေရိကန်ဒေါ်လာ ၁၂၆၀ အထိ မြင့်တက်ခဲ့သဖြင့် ပြည်တွင်းရွှေဈေးသည်လည်း ကျပ် ၉၀၆၀၀၀ အထိ မြင့်တက်ခဲ့သည်။

"ဒီတစ်ပတ်မှာ ကမ္ဘာ့ရွှေဈေးက မြင့်တက်လာတော့ ပြည်တွင်းရွှေဈေးကလည်း လိုက်ပြီးမြင့်တက်လာတယ်။ ပြည်တွင်းငွေလဲနှုန်းက သိပ်မတက်လို့ ပြည်တွင်းရွှေဈေး ကျပ် ၉၀၇၀၀၀ နဲ့ တန့်နေတာ။ အရင်လတွေတုန်းကလို ပြည်တွင်းငွေလဲနှုန်းပါ မြင့်တက်လာရင်တော့ ပြည်တွင်းရွှေဈေးက အခုထက်ပိုပြီး မြင့်တက်လာနိုင်တယ်" ဟု ရွှေကုန်သည် ဦးစံမြင့်က သုံးသပ်ပြောကြားခဲ့သည်။

ပြည်တွင်းရွှေဈေးကွက်တွင် ဇူလိုင် ၂၄ ရက်က အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၉၀၂၀၀၀ ရှိခဲ့ပြီး ဇူလိုင် ၂၇ ရက်တွင် ကျပ် ၉၀၆၀၀၀ သို့ မြင့်တက်ခဲ့သည်။ ဇူလိုင် ၂၉ ရက်တွင် ကျပ် ၉၀၈၀၀၀ သို့ ဆက်လက်မြင့်တက်ခဲ့သည်။

ကမ္ဘာ့ရွှေဈေးကွက်တွင် ဇူလိုင် ၂၄ ရက်က တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၂၅၅ ရှိခဲ့ရာမှ ဇူလိုင် ၂၇ ရက်တွင် ၁၂၆၂ ဒေါ်လာသို့လည်းကောင်း၊ ဇူလိုင် ၂၉ ရက်တွင် ၁၂၇၀ ဒေါ်လာသို့လည်းကောင်း မြင့်တက်ခဲ့သည်။ **မယ်သီတာ**

# MAPCO က ရန်ကုန်စတော့အိတ်ချိန်းတွင် ရှယ်ယာအသစ်များ ရောင်းချမည်

မြန်မာ့လယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်း(MAPCO)က ရန်ကုန်စတော့အိတ်ချိန်းတွင် အစုရှယ်ယာအသစ်များ ရောင်းချမည်ဖြစ်ကြောင်း သိရသည်။

MAPCO အနေဖြင့် ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းတင်နိုင်ရန်အတွက် လုပ်ဆောင်လျက်ရှိနေသော်လည်း လိုအပ်ချက်များ ရှိနေသဖြင့် စိစစ်ရန် အချက်လက်များရှိနေသဖြင့် ငွေချေးသက်သေခံလက်မှတ်ကြီးကြပ်ရေးကော်မရှင်က ပြန်လည်မေးမြန်းထားကြောင်း သိရသည်။

MAPCO ကုမ္ပဏီသည် ဘဏ်လုပ်ငန်းတစ်ခုနှင့် စတုတ္ထမြောက်ဆက်သွယ်ရေး အော်ပရေတာဖြစ်လာမည့် Myanmar National Telecom Holding Public ကုမ္ပဏီအပါအဝင် စီးပွားရေးလုပ်ငန်းခြောက်ခုတွင် ရင်းနှီးမြှုပ်နှံမည်ဖြစ်သည်။ ထို့ကြောင့် ၎င်း၏ အစုရှယ်ယာများအား မူလရှယ်ယာရှင်များကိုသာ ဦးစားပေး ရောင်းချပေးလျက်ရှိသည်။

ရန်ကုန်စတော့ဈေးကွက်သို့ ဝင်ခွင့်ရရှိချိန်တွင် ကျန်ရှိနေသည့်အစုရှယ်ယာများအား အများပြည်သူသို့ ထုတ်၍ ရောင်းချမည်ဖြစ်သည်။

ယခုလက်ရှိတွင် ရန်ကုန်စတော့ ရှယ်ယာဈေးကွက်အား စိတ်ဝင်စားမှု လျော့ကျလျက်ရှိရာ အစုရှယ်ယာဈေးမှာလည်း အကျဈေးဖြင့်ငြိမ်သက်လျက်ရှိကာ အရောင်းအဝယ်မှာလည်း အနည်းငယ်သာရှိခဲ့သည်။

လက်ရှိတွင် ရန်ကုန်စတော့အိတ်ချိန်းတွင် အစုရှယ်ယာရောင်းချသည့် ကုမ္ပဏီပေါင်း လေးခုသာရှိသေးပြီး MAPCO ဝင်ရောက်လာပါက ငါးခု အထိ ရှိလာမည်ဖြစ်သည်။ **မယ်သီတာ**

## Currency Exchange Rate

July 28, 2017
Base Currency is
United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.25 |
| BDT | Bangladesh Taka | 80.70 |
| CAD | Canada Dollars | 1.25 |
| CNY | China Yuan Renminbi | 6.75 |
| EUR | Euro | 0.86 |
| H KD | Hong Kong Dollars | 7.81 |
| I NR | India Rupees | 64.17 |
| I DR | Indonesia Rupiahs | 13328.81 |
| JPY | Japan Yen | 110.95 |
| MYR | Malaysia | 4.28 |
| PKR | Pakistan Rupees | 105.40 |
| PHP | Philippines Pesos | 50.60 |
| RUB | Russia Rubles | 59.49 |
| SGD | Singapore Dollars | 1.36 |
| KRW | South Korea Won | 1120.86 |
| LKR | Sri Lanka Rupe | 153.74 |
| THB | Thailand Baht | 33.36 |
| GBP | United Kingdom Pounds | 0.76 |
| VND | VietnamDon | 22723.11 |

*Source:xe.com*

## World Gold Price

July-2017 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| Date | NY | London | Zurich |
| 24 | 1257 | 1256 | 1256 |
| 25 | 1255 | 1254 | 1253 |
| 26 | 1247 | 1246 | 1245 |
| 27 | 1266 | 1264 | 1264 |
| 28 | 1262 | 1260 | 1259 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 24-7- 2017 | 902.00 | 902.20 |
| 25-7-2017 | 904.00 | 904.10 |
| 26-7- 2017 | 901.00 | 901.20 |
| 27-7 -2017 | 907.00 | 906.50 |
| 28-7- 2017 | 905.00 | 905.70 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဇူလိုင်လ ၂၀၁၇ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 24 | 6 .76 | 33.43 | 80.71 | 64.46 |
| 25 | 6. 75 | 33.45 | 81.25 | 64.43 |
| 26 | 6 .76 | 33.52 | 80.66 | 64.43 |
| 27 | 6 .76 | 33.32 | 80.66 | 64.12 |
| 28 | 6.73 | 33.36 | 80.70 | 64.17 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 24- July | 16.39 | 2817.92 | 1924.83 | 6069.73 | 933.00 |
| 25- July | 16.48 | 2855.78 | 1940.74 | 6290.37 | 925.00 |
| 26- July | 16.34 | 2865.86 | 1950.37 | 6400.80 | 920.00 |
| 27 - July | 16.70 | 2860.70 | 1949.25 | 6407.74 | 930.00 |
| 28- July | 16.53 | 2826.21 | 1937.15 | 6330.24 | 924.00 |

Source:kitco.com

## Energy NYMEX 28-7-2017

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 48.89 | -0.15 | -0.31 |
| Brent Crude Futr (USD/bbl) | 51.34 | -0.15 | -0.29 |
| Gasoline Rbob Fut (Cent/gal) | 163.67 | -0.17 | -0.48 |
| Natural Gas Futr (USD/MMBtu) | 2.97 | 0.00 | 0.00 |
| Heating Oil Futr (Cent/gal) | 159.97 | -0.35 | -0.22 |

## ဘိလပ်မြေ

### ဘိလပ်မြေတန်ချိန် ၈၀၀၀ ကျော်ဝင်

ဇူလိုင်လ ၁၆ ရက်မှ ၂၂ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၄၄၀၁၂၅ တန်ဖိုးရှိ ဘိလပ်မြေ ၈၃၀၅ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့တယ်လို့သိရပါတယ်။ ဒီတစ်ပတ် တရုတ်နိုင်ငံမှ ၅၅ တန်၊ မလေးရှားနိုင်ငံမှ တန်ချိန် ၈၀၀၀ နဲ့ ထိုင်းနိုင်ငံမှ တန်ချိန် ၂၅၀ တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ဘိလပ်မြေတန်ချိန် ၆၀၀ ကျော်နဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၇၇၀၀ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့သိရပါတယ်။



### မန္တလေးဘိလပ်မြေဈေးကွက်အရောင်းပုံမှန်ရှိ

ဇူလိုင်လ ၁၆ ရက်မှ ၂၂ ရက်အထိ သီတင်းပတ်အတွင်း ပြည်တွင်းသို့ရေလမ်းမှ ဘိလပ်မြေတန်ချိန် ၈၃၀၀ ကျော်အဝင်ရှိခဲ့ပြီး ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ တန်ချိန် ၆၀၀ ကျော် နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၇၇၀၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ယခုတစ်ပတ်နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ တန်ချိန် ၁၉၀၇၀ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၈၄၄၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာတန်ချိန် ၁၀၆၃၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေကြောင်းလမ်းရောနယ်စပ်လမ်းမှပါ ဘိလပ်မြေအဝင်ပိုခဲ့ပါတယ်။

**ရန်ကုန်ဘိလပ်မြေဈေးကွက်မှာ** မိုးများနေပြီးဆောက်လုပ်ရေးလုပ်ငန်းများ အလုပ်ပါးနေတာကြောင့် အရောင်းအဝယ်အေးတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ အရောင်းအေးသလို ဈေးလည်းငြိမ်နေတယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ် ဖြစ်နေတဲ့ အထိုင်ဈေးမှာ ဆင်(ထိုင်း) ကျပ် ၅၈၀၀၊ စိန်(ထိုင်း) ကျပ်၅၇၀၀၊ မော်လမြိုင်ဆင် ကျပ် ၅၆၀၀၊ ကြံ့နှစ်ကောင်(နီ) ကျပ် ၅၅၅၀၊ ကြံ့နှစ် ကောင်(စိမ်း) ကျပ် ၅၂၅၀နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ ဘုရင့်နောင်ပွဲရုံတန်း အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**မကွေးဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်အေးပြီးဈေးလည်းငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင် (ထိုင်း) ကျပ် ၆၃၅၀၊ အပါချီ (ထိုင်း)ကျပ် ၅၁၅၀ ၊ ကြံ့ ကျပ် ၅၂၀၀ ၊မြင်းခေါင်း ကျပ် ၅၄၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှသိရှိရပါတယ်။

**မန္တလေးဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးငြိမ်နေတယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ အေသုံးလုံး ကျပ် ၄၉၀၀၊ ကြံ့နှစ်ကောင် ကျပ် ၅၀၀၀၊ အယ်လ်ဖာ ကျပ် ၅၀၀၀၊ ဆင်မင်း(ကျောက်ဆည်) ကျပ် ၄၅၀၀၊ ကျားခေါင်း ကျပ် ၄၅၀၀၊ မြင်းခေါင်း ကျပ် ၄၅၀၀၊ ကြံ့ ကျပ် ၄၃၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**တောင်ကြီးဘိလပ်မြေဈေးကွက်မှာ** ဒီတစ်ပတ်အရောင်းအဝယ်အေးပြီး ဈေးငြိမ်နေတယ်လို့သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ စိန်(ထိုင်း) ကျပ် ၇၁၀၀၊ အေသုံးလုံးကျပ် ၅၂၀၀၊ အပါချီ ကျပ် ၄၃၀၀၊ ကမ္ဘောဇ ကျပ် ၄၃၀၀၊ နဂါးကျပ် ၄၆၀၀၊ ဆင်(ထိုင်း) ကျပ် ၆၆၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

သီတာဝင်း(DOT) စုစည်းသည်

## ဓာတ်မြေသြဇာ

### ဒီတစ်ပတ်မြေသြဇာအဝင်လျော့

ဇူလိုင် ၁၆ ရက်မှ ၂၂ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန် ဒေါ်လာ ၁၁၁၀၄၈၂ တန်ဖိုးရှိ မြေသြဇာ ၄၆၃၃ ဒသမ ၂၇ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ကနေဒါနိုင်ငံမှ တန်ချိန် ၁၀၀၀၊ တရုတ်နိုင်ငံမှ ၁၄၁၈ ဒသမ ၅၀ တန်၊ ဂျာမနီနိုင်ငံမှ တန်ချိန် ၅၀၀၊ ကိုရီးယားနိုင်ငံမှ ၁၂၁၄ ဒသမ ၇၇တန်နဲ့ လာအိုနိုင်ငံမှ တန်ချိန် ၅၀၀ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ တင်သွင်းခဲ့တဲ့ အမျိုးအစားများမှာ ပိုတက်၊ အမိုးနီးယားဆာလဖိတ်၊ ယူရီးယား ၄၆%၊ နိုက်တြိုဂျင်၊ ကွန်ပေါင်းနဲ့ ပိုတက်ဆီယမ်ကလိုရိုဒ်တို့ဖြစ်ပါတယ်။ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ မြေသြဇာတန်ချိန် ၁၀၉၃၀ ကျော်နဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၆၂၉၀ ကျော် အဝင်လျော့ခဲ့တယ်လို့သိရပါတယ်။

### ရန်ကုန်နဲ့မန္တလေးမြေသြဇာဈေးကွက်အရောင်းအဝယ်ပုံမှန်ရှိ

ဇူလိုင် ၁၆ ရက်မှ ၂၂ ရက် အထိသီတင်းတစ်ပတ်အတွင်း ပြည်တွင်းသို့ ရေလမ်းမှ မြေသြဇာ တန်ချိန် ၄၆၃၀ ကျော် အဝင်ရှိခဲ့ပြီး ယခင်သီတင်းပတ် က တင်သွင်းခဲ့တဲ့ တန်ချိန် ၁၀၉၃၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၆၂၉၀ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ် နယ်စပ်လမ်းမှ မြေသြဇာ အဝင်မှာ တန်ချိန် ၂၆၁၀၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်က အဝင်မှာ တန်ချိန်၁၉၇၇၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၆၃၂၀ကျော် အဝင်ပိုခဲ့တယ်လို့သိရပါတယ်။ ဒါကြောင့်ဒီတစ်ပတ် မြေသြဇာတင်သွင်းမှုမှာ ရေကြောင်းလမ်းမှ အဝင်လျော့ခဲ့ပြီး နယ်စပ်လမ်းမှ အဝင်ပိုခဲ့ပါတယ်။

ပြည်တွင်းဈေးကွက်များဖြစ်တဲ့ မော်လမြိုင်နဲ့တောင်ကြီးမှာ အရောင်းအေးပြီး မန္တလေးနဲ့ရန်ကုန်မှာ အရောင်းပုံမှန်ရှိတယ်လို့သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဒီတစ်ပတ်ဈေးလည်းအေးသလို အရောင်းအဝယ်လည်းအေးနေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ပုလဲ-အသေး ၄၆%(ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်-တရုတ်) ကျပ်၂၃၅၀၀၊ ကွန်ပေါင်း (အစိမ်း) ၁၅း၁၅း၁၅ (ထိုင်း) ကျပ် ၃၉၀၀၀၊ ကွန်ပေါင်း (ပန်းရောင်) ကျပ် ၃၁၅၀၀၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ကျပ် ၃၀၀၀၀၊ တီစူပါ၄၆% (သံကွင်း-တရုတ်) ကျပ် ၂၁၅၀၀၊ တီစူပါ ၁၆%(မြွေးကမ္ဘာ-တရုတ်) ကျပ် ၁၃၅၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်း သိရှိရ ပါတယ်။

**မန္တလေးဈေးကွက်မှာ**အရောင်းအဝယ်ပုံမှန်ရှိတယ်လို့သိရပါတယ်။ဒီအချိန်က ယူရီးယား အဝယ်နည်းနည်းလိုက်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ဈေးကွက်ထဲသို့မြေသြဇာအဝင်နည်းပြီး ဈေးနှုန်းက အပြောင်းအလဲမရှိဘူးလို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာယူရီးယား(ရွှေတောင်-တရုတ်)ကျပ် ၂၃၃၀၀၊ ယူရီးယား(ပန်းဖူး-တရုတ်) ကျပ် ၂၄၂၀၀ ၊ တီစူပါ(၄၆% -တရုတ်) ကျပ် ၁၉၆၀၀၊ ပန်းသီးစုံ ကျပ် ၁၅၁၀၀၊ မြွေးသီးစုံ ကျပ် ၁၄၄၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဒီတစ်ပတ်မှာလည်း အရောင်းအဝယ် တော်တော်ပါးပြီး ဈေးလည်းငြိမ်နေတယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ (ကမ္ဘာလုံး-တရုတ်) ကျပ် ၂၄၅၀၀ ၊ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၄၅၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၄၈၀၀၊ တီစူပါ ၂၀% (တရုတ်) ကျပ် ၁၂၅၀၀ ၊ ပိုးသတ်ဆေး ကျပ် ၂၂၀၀၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ကျပ် ၃၇၈၀၀၊ တီစူပါ ၁၀း၁၀း၅(တရုတ်)ကျပ် ၁၅၈၀၀၊ ဓာတ်ဆား (တရုတ်) ကျပ် ၁၅၁၀၀၊ ပိုတက်(တရုတ်)ကျပ် ၂၄၀၀၀၊ယူရီးယား(ယူအေအီး)ကျပ် ၂၂၀၀၀ ၊ မြွေးကမ္ဘာကျပ်၁၆၀၀၀ ဈေးနဲ့အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ**အရောင်းအဝယ်ပုံမှန်ရှိတယ်။ ဒီတစ်ပတ်မှာ ယူရီးယားက အရောင်းအဝယ်လိုက်တယ်။ ယူရီးယားမြေသြဇာဈေးကလည်း နည်းနည်းတက်ပြီးတီစူပါနဲ့ပိုတက်က ဈေးနည်းနည်းကျလာတယ်လို့ စိုက်ပျိုးရေးပစ္စည်း ရောင်းဝယ်ရေးဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၅၇၀၀၊ ယူရီးယား (နေရွက်လှေ-တရုတ်) ကျပ် ၂၅၇၀၀၊ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၅၅၀၀၊ တီစူပါ (သံကွင်း-တရုတ်) ကျပ် ၂၄၀၀၀၊ပိုတက် (အိန္ဒိယ) ကျပ် ၂၂၆၀၀၊ ကွန်ပေါင်း ၁၅ ပတ်လည် ကျပ် ၃၇၇၀၀၊ ကွန်ပေါင်း၁၆ ပတ်လည် ကျပ် ၄၀၇၀၀ နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

## နို့ဆီ/နို့မှုန့်

### နို့ဆီတန်ချိန် ၄၀၀ကျော်နဲ့ နို့မှုန့်တန်ချိန် ၇၀နီးပါးတင်သွင်း

ဇူလိုင်လ ၁၆ ရက်မှ ၂၂ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၅၇၆၀၈၀ တန်ဖိုးရှိ နို့ဆီ ၄၀၈ ဒသမ ၈၆၄ တန်ကိုပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ထိုင်းနိုင်ငံမှ ၁၂၁ ဒသမ ၂၉၆တန်၊ မလေးရှားနိုင်ငံမှ ၄၆ ဒသမ ၈၀ တန် နဲ့စင်ကာပူနိုင်ငံမှ ၂၄၀ ဒသမ ၇၆၈တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ တင်သွင်းခဲ့တဲ့ တံဆိပ်များမှာ ဒွန်းနို့ဆီ၊ My Boy နဲ့ Tea Pot တို့ဖြစ်ပါတယ်။ ယခင်သီတင်းပတ်ကတင်သွင်းခဲ့တဲ့ နို့ဆီ တန်ချိန် ၃၅၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ ၅၈ တန်ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့သိရပါတယ်။

နို့မှုန့် ကဒီတစ်ပတ်မှာ ယူကေမှ သုညဒသမ ၆၃၆ တန်၊ နယူးဇီလန်မှ ၅၅ ဒသမ ၂၀ တန် နဲ့ စင်ကာပူနိုင်ငံမှ ၁၃ ဒသမ ၇၉၆ တန်၊ စုစုပေါင်း ၆၉ ဒသမ ၆၃၂ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ နို့မှုန့်တန်ချိန် ၁၆၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ နို့မှုန့်တန်ချိန် ၉၀ ကျော်အဝင်လျော့ခဲ့တယ်လို့သိရပါတယ်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၅/၇ မှ ၂၁/၇ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၈/၇ မှ ၁၄/၇ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၄၅.၁၀ | ၅၀.၅၀ | (+) | ၉၄.၆၀ |
| ၂။ | လွယ်ဂျယ် | ၄၈၀.၀၀ | ၃၂၂.၀၀ | (+) | ၁၅၈.၀၀ |
| ၃။ | ချင်းရွှေဟော် | ၁၀.၀၀ | - | (+) | ၁၀.၀၀ |
| ၄။ | ကန်ပိုက်တီ | ၂၃၉၀.၀၀ | ၁၆၉၇.၅၀ | (+) | ၆၉၂.၅၀ |
| ၅။ | တာချီလိတ် | ၄၀၀၀.၀၀ | ၁၀၀၀.၀၀ | (+) | ၃၀၀၀.၀၀ |
| ၆။ | မြဝတီ | - | - | | - |
| ၇။ | ကော့သောင်း | ၈၉၅၀.၀၀ | ၅၁၅၀.၀၀ | (+) | ၃၈၀၀.၀၀ |
| ၈။ | မြိတ် | ၃၁၀၀.၀၀ | ၂၂၅.၀၀ | (+) | ၂၈၇၅.၀၀ |
| | စုစုပေါင်း | ၁၉၀၇၅.၁၀ | ၈၄၄၅.၅၀ | (+) | ၁၀၆၃၀.၁၀ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၅/၇ မှ ၂၁/၇ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၈/၇ မှ ၁၄/၇ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၅၈၃၀.၉၇ | ၁၃၃၁၅.၅၅ | (+) | ၂၅၁၅.၄၂ |
| ၂။ | လွယ်ဂျယ် | ၆၅၈.၅၀ | ၄၇၅.၀၀ | (+) | ၁၈၃.၅၀ |
| ၃။ | ချင်းရွှေဟော် | ၂၉၁၀.၇၅ | ၉၆၁.၇၀ | (+) | ၁၉၄၉.၀၅ |
| ၄။ | ကန်ပိုက်တီ | ၂၇၀.၀၀ | ၇၅၀.၀၀ | (-) | ၄၈၀.၀၀ |
| ၅။ | မြဝတီ | ၆၂၉၇.၁၈ | ၃၂၇၅.၂၈ | (+) | ၃၀၂၁.၉၀ |
| ၆။ | ကော့သောင်း | ၁၀၀.၀၀ | - | (+) | ၁၀၀.၀၀ |
| ၇။ | မြိတ် | ၃၅.၀၀ | - | (+) | ၃၅.၀၀ |
| ၈။ | ရိဒ် | - | ၁၀၀၀.၀၀ | (-) | ၁၀၀၀.၀၀ |
| | စုစုပေါင်း | ၂၆၁၀၂.၄၀ | ၁၉၇၇၇.၅၃ | (+) | ၆၃၂၄.၈၇ |

ခင်မိုးသူ

## နှမ်း

# မူဆယ်မှနှမ်းပိုမိုတင်ပို့ပြီး ချင်းရွှေဟော်မှ လျော့နည်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ဇူလိုင်တတိယပတ်တွင် အမေရိကန်ဒေါ်လာ သုည ဒသမ ၂၂၃ သန်းတန်ဖိုးရှိ နှမ်းရောင်စုံ ၂၁၈ တန်ကိုတရုတ်နိုင်ငံသို့တင်ပို့ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့ နှမ်းရောင်စုံတွေကတော့ နှမ်းနက် ၆၁ တန်၊ နှမ်းဖြူ ၂၅ တန်ခွဲနဲ့ နှမ်းညို ၁၃၁ တန်ခွဲဖြစ်ပါတယ်။ ဇူလိုင်ဒုတိယပတ်က မူဆယ်မှ နှမ်းညို ၁၃၆ တန်ခွဲတစ်မျိုးတည်းသာ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ နှမ်း ၈၁ တန်ခွဲကိုပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။

အလားတူ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၂၆ သန်းတန်ဖိုးရှိ နှမ်းနက် ၇၇၆ တန်ကျော်နဲ့ နှမ်းဖြူ ၃၇၈ တန်ကျော် စုစုပေါင်း ၁၁၅၄ တန်ကျော် တင်ပို့ခဲ့ရာ ယခင်တစ်ပတ်ကတင်ပို့ခဲ့တဲ့ ၁၆၁၂ တန်ကျော်နဲ့ နှိုင်းယှဉ်ပါက ၄၅၈ တန်လျော့နည်းတင်ပို့ခဲ့ပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ ဇူလိုင်ဒုတိယပတ်က နှမ်းဖြူတစ်တန် ၁၃၅၉၆၈၄ ကျပ်၊ နှမ်းနက်တစ်တန် ၂၁၅၀၁၉၈ ကျပ်ဈေးရှိရာမှ ဇူလိုင်တတိယပတ်တွင် နှမ်းဖြူဈေး ၁၃၆၅၀၇၉ ကျပ်နဲ့ နှမ်းနက်ဈေး ၂၁၅၈၇၃၀ ကျပ်သို့ ဈေးဆက်လက်မြင့်တက်ခဲ့ပါတယ်။

ပြည်တွင်းနှမ်းဈေးကွက်ရဲ့ ၈၀ ရာခိုင်နှုန်းမှာ နယ်စပ်မှတစ်ဆင့် အိမ်နီးချင်းနိုင်ငံများသို့ တင်ပို့နေရပြီး ယခင်နှစ်က ပြည်ပသို့တင်ပို့ခဲ့တဲ့ နှမ်းတန်ချိန်ထက် ယခုနှစ်မှာ ပိုမိုတင်ပို့နိုင်ဖွယ်ရှိကြောင်း နှမ်းပို့ကုန်လုပ်ငန်းရှင်များက ဆိုပါတယ်။

**မော်မော်အောင်**

# ပြည်နှမ်းဈေးကွက်မှာ မိုးနှမ်းများ ဝင်ရောက်လာသဖြင့် အရောင်းအဝယ် ပုံမှန်ဖြစ်

ယခုတစ်ပတ် ပြည်ဈေးကွက်သို့ မြန်အောင်နှင့် နတ်တလင်းဘက်မှ မိုးနှမ်းများ အနည်းငယ် ဝင်ရောက်လာသဖြင့် နှမ်းနီ၊ နှမ်းနက်နဲ့ စမုံနက်နှမ်းမှာ အရောင်းအဝယ် ပုံမှန်ပြန်ဖြစ်လာတာ တွေ့ရပါတယ်။ အောင်လံဘက်မှ နှမ်းနက်နဲ့ စမုံနက်နှမ်းကို ပြန်လည်ဝယ်ယူလာသဖြင့် ဈေးအနည်းငယ် လှုပ်လာတာ တွေ့ရပါတယ်။ နှမ်းနီကို ဒေသတွင်း ဆီစက်နဲ့ အခြားမြို့များရှိ ဆီစက်သမားများက ဝယ်ယူမှုရှိပေမယ့် ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေတာ တွေ့ရပါတယ်။ ယခုတစ်ပတ် နှမ်းဈေးမှာ နှမ်းနီ သုံးတင်းတစ်အိတ်လျှင် ကျပ် ၉၃၀၀၀ ဖြင့် ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေပြီး နှမ်းနက်ရိုးရိုးမှာ ယခင်တစ်ပတ်က ဝယ်လက်ပျောက်လို့ ဈေးပါပျောက်ပေမယ့် ယခုတစ်ပတ်မှာ သုံးတင်း တစ်အိတ်လျှင် ကျပ် ၁၀၀၀၀၀ ဖြင့် ဈေးပြန်မြင့်လာပြီး စမုံနက်နှမ်းဈေးမှာ သုံးတင်းတစ်အိတ်လျှင် ကျပ် ၁၂၇၀၀၀ဖြင့် ယခင်တစ်ပတ်နဲ့ နှိုင်းယှဉ်ပါက ဈေးအနည်းငယ်မြင့်တက်လာတာ တွေ့ရပါတယ်။ မိုးတွင်းကာလဖြစ်တဲ့အတွက် အရောင်းအဝယ်မှာ နေ့တိုင်းမဖြစ်သော်လည်း ရက်ခြား အရောင်းအဝယ်ဖြစ်သလို အရောင်းအဝယ်ဖြစ်ရင်လည်း အိတ် ၄၀၀-၅၀၀ ခန့်လောက်သာ အရောင်းအဝယ်ဖြစ်တာတွေ့ရပါတယ်။

**ဝေဝေမင်း**

## စားအုန်းဆီ

# မလေးရှားစားအုန်းဆီ ကြိုရောင်းကြိုဝယ်ဈေး နှစ်လအတွင်း သုံးရာခိုင်နှုန်းမြင့်တက်လာပြီး ပဲပုပ်ဆီဈေးလည်းမြင့်တက်လာ

မလေးရှားစားအုန်းဆီ ကြိုရောင်းကြိုဝယ်ဈေးသည် ဇူလိုင် ၂၅ ရက် ညနေပိုင်းက နှစ်လအတွင်း သုံးရာခိုင်နှုန်း မြင့်တက်လာကြောင်း၊ ဇူလိုင်လအတွင်း စားအုန်းဆီထုတ်လုပ်မှု ကျဆင်းလာမည်ဟု ခန့်မှန်းထားခဲ့ကြသဖြင့် ယခုကဲ့သို့ စားအုန်းဆီဈေးနှုန်းများ မြင့်တက်လာရခြင်းဖြစ်ကြောင်း၊ စားအုန်းဆီနှင့် ဆက်စပ်လျက်ရှိသည့် ပဲပုပ်ဆီဈေးနှုန်းသည်လည်း မြင့်တက်လာသဖြင့် ယခုကဲ့သို့ စားအုန်းဆီဈေးနှုန်းများမြင့်တက်လာရခြင်းဖြစ်သည်ဟု ချီကာဂိုဘုတ်အဖွဲ့၏ ထုတ်ပြန်ကြေညာချက်ကို ကိုးကား၍ စတားအွန်လိုင်းသတင်းတွင် ဖော်ပြထားသည်။

ဘာဆာမလေးရှားကုန်စည်ဒိုင်က ထုတ်ပြန်ခဲ့သည့် အောက်တိုဘာလအတွက် စာချုပ်ချုပ်ဆိုခဲ့သည့် စားအုန်းဆီစံထားဈေးနှုန်းမှာ ၂ ဒသမ ၉ ရာ ခိုင်နှုန်းမြင့်တက်ပြီး တစ်တန်လျှင် ၂၆၂၆ရင်းဂစ်ရှိခဲ့သည်။ အဆိုပါဈေးနှုန်းသည် မေ ၂၃ ရက်နောက်ပိုင်း ဖြစ်ပေါ်ခဲ့သည့် ဈေးနှုန်းများအနက် အမြင့်ဆုံးဈေးနှုန်းဖြစ်ခဲ့ပြီး သုံးလကျော်အတွင်း နေ့စဉ်ဖြစ်ပေါ်ခဲ့သည့် ဈေးနှုန်းများအနက် အကောင်းဆုံးဈေးနှုန်းလည်း ဖြစ်ခဲ့သည်။

ဇူလိုင် ၂၅ ရက် ညနေပိုင်းတွင် စားအုန်းဆီရောင်းချရမှုပမာဏမှာ ၂၅တန်ရှိ အတွဲပေါင်း ၅၃၄၇၁ ရှိခဲ့သည်။

“စားအုန်းဆီဈေးက မြင့်တက်ခဲ့ပါတယ်။ ချီကာဂိုကုန်သွယ်ရေးဘုတ်အဖွဲ့ရဲ့ အစီရင်ခံစာမှာ သီးနှံတွေပျက်စီးဆုံးရှုံးခဲ့တယ်လို့ဖော်ပြထားတဲ့အတွက် အခုလိုမြင့်တက်ခဲ့တာ ဖြစ်နိုင်ပါတယ်”ဟု ကွာလာလမ်ပူအခြေစိုက် စားအုန်းဆီကြိုရောင်းကြိုဝယ်ကုန်သည်များက ပြောကြားခဲ့သည်။

ပူပြင်းခြောက်သွေ့တဲ့ ရာသီဥတုကြောင့် မျှော်လင့်ထားသည်ထက် သီးနှံများပိုမိုပျက်စီးနိုင်သည်ဟု အမေရိကန်နိုင်ငံ လယ်ယာစိုက်ပျိုးရေးဌာနက ထုတ်ဖော်ပြောကြားခဲ့ပြီးနောက်ပိုင်း နှစ်ပတ်ဆက်တိုက် ပဲပုပ်ဆီဈေးနှုန်းများမြင့်တက်ခဲ့ပြီးနောက် အောက်တိုဘာလအတွက် ချီကာဂိုကုန်သွယ်ရေးဘုတ်အဖွဲ့ကစာချုပ်ချုပ်ဆိုခဲ့သည့်ပဲပုပ်ဆီဈေးနှုန်းသည် သုည ဒသမ ၉ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။

ကမ္ဘာ့ဟင်းရွက်ဆီဈေးကွက်တွင် ရှယ်ယာများအပြိုင်အဆိုင်ဖြစ်နေချိန်တွင် စားသုံးဆီနှင့် ဆက်စပ်နေသည့် စားအုန်းဆီဈေးနှုန်းသည်လည်း အတက်အကျများရှိခဲ့သည်။

ကမ္ဘာ့စားအုန်းဆီထုတ်လုပ်မှုတွင် ဒုတိယနေရာတွင်ရှိနေသည့် မလေးရှားနိုင်ငံ၏ စားအုန်းဆီထုတ်လုပ်မှုသည် ယခုနှစ်နှစ်ဝက်အတွင်း မြင့်တက်လာဖွယ်ရာရှိသည်ဟု ဆိုသည်။ သို့သော် ၂၀၁၅ ခုနှစ်အတွင်းက ဖြစ်ပေါ်ခဲ့သည့် အယ်လ်နီညိုရာသီဥတုကြောင့် သီးနှံများ ပျက်စီးဆုံးရှုံးခဲ့ရသဖြင့် စားအုန်းဆီနှင့်ပတ်သက်၍ အမြတ်အစွန်းရရှိနိုင်မှုသည်လည်း အကန့်အသတ်ဖြင့်သာ ရှိလာနိုင်သည်ဟုဆိုသည်။

၂၀၁၇ ခုနှစ်အတွက် စားအုန်းဆီ ထုတ်လုပ်မှုမှာ တန်ချိန် ၁၈ ဒသမ ၇ သန်းမှ တန်ချိန် ၁၉ ဒသမ ၅သန်း အကြားတွင်ရှိနိုင်ကြောင်းခန့်မှန်းထားသည်။ အဆိုပါပမာဏသည် ၂၀၁၆ ခုနှစ်ကထွက်ရှိသည့်ပမာဏထက် ၁၀ ရာခိုင်နှုန်းခန့် မြင့်တက်ခဲ့ခြင်းဖြစ်သည်။ သို့သော် ၂၀၁၅ ခုနှစ်က ထွက်ရှိခဲ့သည့် တန်ချိန် ၁၉ ဒသမ ၉၆ သန်းအောက်တွင်သာရှိခဲ့သည်။

စားအုန်းဆီဈေးနှုန်းမှာ တစ်တန်လျှင် ၂၅၄၁ရင်းဂစ်ရှိခဲ့ပြီး ၂၅၉၁ ရင်းဂစ်သို့ မြင့်တက်လာနိုင်သည်ဟု ခန့်မှန်းထားကြောင်း ရိုက်တာသတင်းဌာနမှ ဈေးကွက်ဆန်းစစ်ရေးမှူးဖြစ်သူ ဝမ်တောင်းက ပြောကြားခဲ့သည်။ **မယ်သီတာ**

## ပြည်တွင်းဆီဈေးနှုန်းများ (၂၈-၇-၂၀၁၇) ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၅၂၀၀ | ၅၂၀၀ | □ | ၄၂၀၀ | ၄၂၀၀ | □ | ၁၉၀၀ | ၂၀၀၀ | △ |
| ရန်ကုန် | ၅၀၀၀ | ၅၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၇၅၅ | ၁၇၅၅ | □ |
| မန္တလေး | ၃၀၀၀ | ၃၀၀၀ | □ | ၃၂၀၀ | ၃၆၀၀ | △ | ၁၈၁၀ | ၂၀၀၀ | △ |
| ပဲခူး | ၅၀၀၀ | ၅၀၀၀ | □ | ၄၈၀၀ | ၄၈၀၀ | □ | ၁၈၅၀ | ၁၈၅၀ | □ |
| မကွေး | ၄၂၀၀ | ၄၅၀၀ | △ | ၄၂၀၀ | ၄၂၀၀ | □ | ၁၉၅၀ | ၁၉၅၀ | □ |
| မုံရွာ | ၄၀၀၀ | ၄၀၀၀ | □ | ၃၅၀၀ | ၃၅၀၀ | □ | ၁၈၆၀ | ၁၈၇၀ | △ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၃၀၀ | ၂၃၀၀ | □ |




## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၂၈-၇-၂၀၁၇ US$/Ton

| အမျိုးအစား | ဇူလိုင်တတိယပတ် | ဇူလိုင်စတုတ္ထပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၆၄၇.၅၀ | ၆၂၁.၅၀ | ▽ |
| RBD P.Olein | ၆၅၉.၅၀ | ၆၃၇.၀၀ | ▽ |
| RBD P.Stearin | ၆၀၄.၀၀ | ၆၀၂.၅၀ | ▽ |

*Source: bepi.mpob*

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၂၈-၇-၂၀၁၇ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၅၇၀.၁၂ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၃.၉၃ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၇.၈၅ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၈.၆၃ |
| ဆီကန်သို့လှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၇၅.၇၂ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၄၀.၃၂ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၆၈ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၇၁၉.၀၅၂ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၂၈-၇-၂၀၁၇နေ့ (CIF ဈေး Cloud Point 8 ˚C Max ၇၀၅ဒေါ်လာနှင့် USD ဈေး ၁၃၆၃ ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။
၂။ ၂၈-၇-၂၀၁၇နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၃၆၃ ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

*ပို့ကုန်အသားပေး ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်း (Export Led Growth Model) ဟာ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံတွေ အများအားဖြင့် ရွေးချယ်လေ့ရှိတဲ့ မူဝါဒတစ်ရပ်လို့ ဆိုကြပါတယ်။ မြန်မာနိုင်ငံလို သယံဇာတအရင်းအမြစ်တွေပေါကြွယ်ဝပြီး ပထဝီအနေအထားအရ မဟာဗျူဟာကျတဲ့ အနေအထားမှာ တည်ရှိနေတဲ့နိုင်ငံအတွက်ဆိုရင် ပို့ကုန်ဦးစားပေးမူဝါဒဟာ ရွေးချယ်ဖို့ သင့်တော်တဲ့ မူဝါဒတစ်ရပ်လို့လည်း ဆိုနိုင်မှာဖြစ်ပါတယ်။ ဒါပေမယ့် ဘယ်လိုပို့ကုန်တွေကို ဘယ်ဈေးကွက်ကို ပို့မှာလဲ၊ ဈေးကွက်ရဲ့လိုလားချက်နဲ့စံချိန်စံညွှန်း သတ်မှတ်ချက်တွေကို ပြည့်မီအောင် ဘယ်လိုဖြည့်ဆည်းပေးမလဲဆိုတာတွေက အရေးပါလာမှာဖြစ်ပါတယ်။ အထူးသဖြင့် မြန်မာနိုင်ငံလို လယ်ယာထွက်ကုန် တင်ပို့မှုအပေါ် အဓိကမှီခိုအားထား နေရတဲ့နိုင်ငံအတွက်ဆိုရင် လယ်ယာထွက်ကုန် တင်ပို့မှုအတွက် ဈေးကွက်ရရှိရေးဟာ ပိုလို့တောင်အရေးပါမှာဖြစ်ပါတယ်။ ဒါကြောင့် ယခုတစ်ပတ်မှာတော့ ဗီယက်နမ်နိုင်ငံကိုလယ်ယာ ထွက်ကုန်နဲ့စားသောက်ကုန်တွေတင်ပို့မှုအတွက် အထောက်အကူပြုမယ့်အချက်တွေကို လက်လှမ်းမီသလောက် ကောက်နုတ်ဖော်ပြသွားမှာဖြစ်ပါတယ်။*

# ဗီယက်နမ်နိုင်ငံသို့ လယ်ယာထွက်ကုန်နှင့် စားသောက်ကုန်တင်ပို့မည်ဆိုလျှင်

| ကျော်စိန်ဝင်း(ပြည်တွင်း/ပြည်ပ) |

**ဗီယက်နမ်ဈေးကွက်ကို ဘာတွေပို့နေသလဲ**

မြန်မာနိုင်ငံကနေ ဗီယက်နမ်နိုင်ငံကို တင်ပို့နေတဲ့ ပို့ကုန်တွေကိုလေ့လာကြည့်ရင် လယ်ယာထွက်ကုန်နဲ့ရေထွက်ကုန်တွေကို အဓိကတင်ပို့နေတာကို တွေ့ရပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း တင်ပို့ခဲ့တဲ့ အဓိကပို့ကုန်(၁၀)မျိုးကို လေ့လာကြည့်တဲ့အခါ ပဲတီစိမ်း၊ ပြောင်း၊ မတ်ပဲ၊ ချုပ်ပြီး အထည်၊ ပုစွန်၊ ငါး၊ မန်ကျည်းသီး၊ နှမ်းစတဲ့ လယ်ယာထွက်ကုန်နဲ့ရေထွက်ကုန်တွေ ပါဝင်နေတာကို တွေ့ရပါတယ်။

၂၀၁၅ ခုနှစ်၊ ကမ္ဘာ့ဘဏ်ရဲ့စာရင်းဇယားအရ ဗီယက်နမ်နိုင်ငံရဲ့လူဦးရေဟာ ၉၁ ဒသမ ၇ သန်းရှိပြီး၊ ငယ်ရွယ်တဲ့ လူဦးရေပမာဏများပြားခြင်းနဲ့ လူလတ်တန်းစားတွေရဲ့ ဝင်ငွေတိုးတက်လာခြင်းတို့ကြောင့် ဗီယက်နမ်နိုင်ငံရဲ့ အရည်အသွေးမြင့်စားသောက်ကုန်ဈေးကွက်ဟာ တိုးပွားလျက်ရှိပါတယ်။ စာရင်းဇယားများအရ ဗီယက်နမ်နိုင်ငံရဲ့ စားသုံးရန်အတွက် လယ်ယာထွက်ကုန်ပစ္စည်း တင်သွင်းမှုဟာ ၂၀၁၄ ခုနှစ်မှာ အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၂ ဘီလီယံကျော်ရှိခဲ့ပါတယ်။ အဲဒီပမာဏထဲမှာ စားသုံးရန်အတွက် ရေထွက်ကုန် တင်သွင်းမှုတစ်မျိုးတည်းကပဲ အမေရိကန်ဒေါ်လာ ၄ ဒသမ ၄ ဘီလီယံရှိခဲ့ကြောင်းသိရပါတယ်။ ၂၀၁၄ ခုနှစ်အတွင်းမှာ ဗီယက်နမ်ရဲ့ စုစုပေါင်း လယ်ယာထွက်ကုန်၊ ငါးနဲ့သစ်တောထွက်ကုန်တင်သွင်းမှုဟာ အမေရိကန်ဒေါ်လာ ၃၀ ဒသမ ၅ ဘီလီယံကျော်ရှိမယ်လို့ခန့်မှန်းထားပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံအနေနဲ့ဗီယက်နမ်နိုင်ငံကို လယ်ယာထွက်ကုန်နဲ့ရေထွက်ကုန်စတဲ့ စားသောက်ကုန်တွေ တိုးတက်တင်ပို့နိုင်ဖို့ အလားအလာများစွာရှိနေတယ်လို့ သုံးသပ်နိုင်မှာဖြစ်ပါတယ်။

**Food Safety အပိုင်းကို ဗီယက်နမ်က ဘယ်လိုကိုင်တွယ်သလဲ**

မြန်မာနိုင်ငံကနေ ဗီယက်နမ်ကို စားသောက်ကုန်နဲ့လယ်ယာထွက်ကုန်တွေ တင်ပို့မယ့် ပို့ကုန်လုပ်ငန်းရှင်တွေအနေနဲ့ ဗီယက်နမ်နိုင်ငံရဲ့ စားသောက်ကုန်နဲ့ အစားအသောက် ဆက်စပ် ပစ္စည်းများ တင်သွင်းမှုအပေါ် Food Safety ပိုင်းအရ ကိုင်တွယ် ဆောင်ရွက်ပုံနည်းလမ်းတွေကို သိရှိထားဖို့လိုအပ်မှာဖြစ်ပါတယ်။ ဗီယက်နမ်ရဲ့ Law on Food Safety ဟာ ၂၀၁၁ ခုနှစ်၊ ဇူလိုင်လမှာစတင်အသက်ဝင်ခဲ့ပါတယ်။ ဒီဥပဒေအရ တင်သွင်းလာတဲ့ စားသောက်ကုန် အားလုံး၊ အစားအသောက်ဆက်စပ်ပစ္စည်းများ၊ အစားအသောက် ထုတ်လုပ်ရာမှာ အသုံးပြုတဲ့ပစ္စည်းနဲ့ ကိရိယာတန်ဆာပလာအားလုံးကို အစားအစာ ဘေးကင်းလုံခြုံမှုအတွက် State Inspection ပြုလုပ်ရမှာဖြစ်ပါတယ်။ တင်သွင်းလာတဲ့ စားသောက်ကုန်တွေဟာ လိုအပ်ချက်တွေနဲ့ ကိုက်ညီကြောင်း စစ်ဆေးချက်ရလဒ် ထွက်ပေါ်လာမှသာ အကောက်ခွန် ရှင်းလင်းခြင်းကို ခွင့်ပြုပါတယ်။ အဆိုပါဥပဒေအရ စားသောက်ကုန်စစ်ဆေးခြင်း နည်းလမ်းသုံးမျိုးရှိပြီး (၁) တင်းကျပ်တဲ့စစ်ဆေးမှု၊ (၂) ပုံမှန်စစ်ဆေးမှု၊ (၃) လျှော့ပေါ့စစ်ဆေးမှုတို့ဖြစ်ပါတယ်။ ကုန်ပစ္စည်းအမျိုးအစားပေါ် မူတည်ပြီး ကျန်းမာရေးဝန်ကြီး ဌာန (MOH)၊ စိုက်ပျိုးရေး နှင့်ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန (MARD) နဲ့စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန (MOIT) တို့ကနေ စစ်ဆေးခြင်းကို ကြီးကြပ်ဆောင်ရွက်တာ ဖြစ်ပါတယ်။




**Circular/Decree များ ထုတ်ပြန်ဆောင်ရွက်ခြင်း**

ဗီယက်နမ်နိုင်ငံဟာ လယ်ယာထွက်ကုန်နဲ့ စားသောက်ကုန်တင်သွင်းမှုတွေကို စစ်ဆေးကြီးကြပ်နိုင်ဖို့အတွက် သက်ဆိုင်ရာ Circular တွေ Decree တွေ အသီးသီးထုတ်ပြန်ပြီး ဆောင်ရွက်ပါတယ်။ MOH, MARD နဲ့ MOIT တို့အကြား အစားအစာ ဘေးကင်းလုံခြုံရေး စီမံခန့်ခွဲမှုနဲ့ သက်ဆိုင်တဲ့ လုပ်ငန်းတာဝန်တွေကို ခွဲခြားသတ်မှတ်ဖို့အတွက် Inter-ministerial Circular 13 ကို ၂၀၁၄ ခုနှစ်မှာ ထုတ်ပြန်ခဲ့ပါတယ်။ Circular 13 မှာဆိုရင် အဆိုပါဝန်ကြီးဌာန သုံးခုအနက် ဘယ်ဝန်ကြီးဌာနက ဘယ်ကုန်ပစ္စည်းကို ကိုင်တွယ်ကြီးကြပ်ရမလဲဆိုတဲ့ အသေးစိတ်စာရင်းလည်း ပါရှိပါတယ်။ ဒါကြောင့် Circular 13 ဟာ ဗီယက်နမ်နိုင်ငံကို စားသောက်ကုန် (food products) တွေ တင်ပို့မယ့်သူတွေအတွက် အရေးကြီးပါတယ်။ ဗီယက်နမ်နိုင်ငံအတွင်းမှာထုတ်တဲ့ စားသောက်ကုန်တွေအတွက်ရော တင်သွင်းလာတဲ့ စားသောက်ကုန်တွေအတွက်ပါ မည်သည့် ကုန်ပစ္စည်းအမျိုးအစားကတော့ မည်သည့်ဝန်ကြီးဌာနရဲ့ စီမံခန့်ခွဲမှုအောက်မှာ ရှိတယ်ဆိုတာကိုပါ clarify လုပ်ပေးထားတဲ့ circular ဖြစ်ပါတယ်။ Circular ရဲ့အမည်အပြည့်အစုံကတော့ Inter-ministerial Circular 13/2014/TTLB-BYT-BNNPTNT-BCT လို့ခေါ်ပါတယ်။

အစားအစာဆက်စပ်ပစ္စည်း (food additives) တွေနဲ့စပ်လျဉ်းတဲ့ လုပ်ထုံးလုပ်နည်းတွေကို ဗီယက်နမ်နိုင်ငံ၊ ကျန်းမာရေးဝန်ကြီးဌာနရဲ့ Circular 27 နဲ့ ၎င်းကို ပြင်ဆင် ထုတ်ပြန်တဲ့ Circular 8 တို့နဲ့ကြီးကြပ်ဆောင်ရွက် ပါတယ်။ ပိုးသတ်ဆေးဓာတ်ကြွင်းပါဝင်မှုနဲ့ အခြားဓာတုနဲ့ ဇီဝပစ္စည်းများ ပါဝင်မှုတို့အတွက်ကိုတော့ MOH နဲ့ MARD တို့ကနေ စီမံခန့်ခွဲတာဖြစ်ပါ တယ်။ ထိခိုက်မှုရှိနိုင်တဲ့ ဓာတုပစ္စည်းများနဲ့ အဏုဇီဝပစ္စည်းများ အစားအစာမှာ ပါဝင်ခြင်း (food contamination) နဲ့ ပတ်သက်တဲ့ ဗီယက်နမ် နိုင်ငံရဲ့ စံချိန်စံညွှန်းတွေကတော့ ကမ္ဘာ့ ကျန်းမာရေးအဖွဲ့ (World Health Organization) နဲ့ကုလသမဂ္ဂ၊ အစားအစာနှင့် လယ်ယာအဖွဲ့အစည်း (Food and Agriculture Organization) တို့က ပြဋ္ဌာန်းထားတဲ့ CODEX standards များအတိုင်းပဲ ဖြစ်ပါတယ်။ ထုပ်ပိုးမှုနဲ့ ကွန်တိန်နာဆိုင်ရာ လုပ်ထုံးလုပ်နည်းတွေအတွက် ကျန်းမာရေးဝန်ကြီးဌာနက National Technical Regulations တွေ ထုတ်ပြန်ပြီး ဆောင်ရွက်ပါတယ်။ Law on Food Safety အရလည်း စားသောက်ကုန် ထုပ်ပိုးမှု၊ ကွန်တိန်နာနဲ့ စားသောက်ကုန်နဲ့တိုက်ရိုက် ဆက်နွှယ်နေတဲ့ equipments တွေကို အဆိုပါ စားသောက်ကုန် ဈေးကွက်ထဲသို့ မဖြန့်ဖြူးခင်မှာ ကျန်းမာရေးဝန်ကြီးဌာန(MOH) မှာ မှတ်ပုံတင်ရမှာဖြစ်ပါ တယ်။

**တင်းကျပ်တဲ့ Labelling Requirements**

တံဆိပ်ကပ်ခြင်းဆိုင်ရာ လိုအပ်ချက် (Labelling Requirements) နဲ့ပတ်သက်ရင် ဗီယက်နမ်မှာ ဥပဒေ တင်းတင်းကျပ်ကျပ် ပြဋ္ဌာန်းထားတာပါ။ ဒီအပိုင်းကိုတော့ သိပ္ပံနဲ့နည်းပညာဝန်ကြီးဌာနက ဆောင်ရွက်ပြီး Decree 89, Circular 9 နဲ့ Decree 89 ရဲ့ ဖြည့်စွက်ချက်ဖြစ်တဲ့ Circular 14 တို့နဲ့ ဆောင်ရွက်တာဖြစ်ပါတယ်။ တံဆိပ်ကပ်တဲ့အခါ ဗီယက်နမ်ဘာသာစကားနဲ့ ဖော်ပြရန်လိုအပ်ပြီးတော့ မဖြစ်မနေဖော်ပြရမယ့် ပါဝင်ပစ္စည်းအားလုံးအတွက် Cover ဖြစ်ရပါမယ်။ လိုအပ်လို့ရှိရင် foreign language နဲ့လည်း ထပ်ဆောင်းဖော်ပြနိုင်ပြီး၊ ၎င်းဖော်ပြချက်ဟာ ဗီယက်နမ်ဘာသာစကားနဲ့ ဖော်ပြထားချက်နဲ့ တူညီရမှာဖြစ်ပါတယ်။ ဒ့ါအပြင် စာလုံးအရွယ်အစား (font size) ဟာလည်း ဗီယက်နမ်ဘာသာစကားနဲ့ ဖော်ပြထားတဲ့ အရွယ်အစားထက် မကြီးရပါဘူး။ ဒါကြောင့် ဗီယက်နမ်ရဲ့ Labelling Requirements ဟာ တင်းကျပ်တယ်လို့ ပြောတာ ဖြစ်နိုင်ပါတယ်။

**ဆက်လက်ဖော်ပြပါမည်။**

## ၂၀၁၇ ခုနှစ်၏ Asian Banking and Finance ဆုပေးပွဲတွင် Wholesale and Retail Banking ဆု ငါးဆုကို ကမ္ဘောဇဘဏ်က ဆွတ်ခူးရရှိ

ကမ္ဘောဇဘဏ်အုပ်စု၊ ကမ္ဘောဇဘဏ်လီမိတက်သည် ယခုနှစ်တွင် Asian Banking and Finance Banking ဂုဏ်ပြုဆု ငါးဆုအား အောင်မြင်စွာ ဆွတ်ခူးခဲ့ကြောင်း ကမ္ဘောဇဘဏ်၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါဆုပေးပွဲကို ဇူလိုင်လ ၁၃ ရက်က စင်ကာပူနိုင်ငံတွင်ကျင်းပခဲ့ခြင်းဖြစ်ပြီး အာဆီယံဒေသတွင်းရှိ ဘဏ်များမှ သာလွန်ကောင်းမွန်သည့် ထုတ်ကုန်နှင့် ဝန်ဆောင်မှုများ ပေးနေမှုအား မှတ်တမ်းတင် အသိအမှတ်ပြုရန် နှစ်စဉ် ကျင်းပပြုလုပ်လျက်ရှိကြောင်း သိရသည်။

ဆုပေးပွဲသို့ အာရှနိုင်ငံ ၃၀ ကျော်ရှိဘဏ်နှင့် ငွေကြေးဆိုင်ရာလုပ်ငန်း ကုမ္ပဏီ ၁၀၀ ကျော်မှ အဆင့်မြင့် အရာရှိကြီး ၃၀၀ ခန့် တက်ရောက် ခဲ့ကြသည်။

အဆိုပါဆုပေးပွဲတွင် ကမ္ဘောဇဘဏ်သည် မြန်မာနိုင်ငံကိုယ်စား တစ်နှစ်တာအတွင်း ငွေကြေး စီမံခန့်ခွဲမှု အကောင်းဆုံးဆု (Best Cash Management Bank 2017) နှင့် တစ်နှစ်တာအတွင်း မြန်မာနိုင်ငံ၏ အကောင်းဆုံး နိုင်ငံခြား ငွေလဲလှယ်မှုဆု (Best Myanmar Foreign Exchange Bank 2017) အစရှိသည့် Wholesale Banking ဆုများအား လည်းကောင်း၊ တစ်နှစ်တာအတွင်း မြန်မာနိုင်ငံ၏ အကောင်းဆုံး ပြည်တွင်း retail ဘဏ်ဆု (Best Myanmar Domestic Retail Bank 2017)၊ တစ်နှစ်တာအတွင်း မြန်မာနိုင်ငံ၏ အကြွေးဝယ်ကတ်စတင်မိတ်ဆက်သည့်ဘဏ်ဆု (Best Myanmar Credit Card Initiative 2017) နှင့် မြန်မာနိုင်ငံ၏ တစ်နှစ်တာ SME ဘဏ်ဆု (Best Myanmar SME Bank 2017) စသည့် Retail Banking ဆုများကိုလည်းကောင်း အသီးသီးဆွတ်ခူး ရရှိခဲ့သည်။

**မယ်သီတာ**

# မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

## များမကြာမီနှစ်များအတွင်း ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများမှာ ပြည်တွင်းထုတ်လုပ်မှုဖြင့် ဖူလုံလာနိုင်တော့မည်ဖြစ်ကြောင်း အိန္ဒိယစိုက်ပျိုးရေးဝန်ကြီး ပြောကြား

အိန္ဒိယနိုင်ငံတွင် သီးနှံအထွက်နှုန်းမြင့်မားစေရန်အတွက် အရည်အသွေးပိုမိုကောင်းမွန်သည့် မျိုးစေ့များနှင့် နည်းပညာများကို အသုံးပြုခြင်းဖြင့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အစိုးရက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ များမကြာမီနှစ်များအတွင်း ပဲအမျိုးမျိုးနှင့် ဆီထွက်သီးနှံ ထုတ်လုပ်နိုင်မှုမှာ ပြည်တွင်းလိုအပ်မှုအတွက် ဖူလုံလာလိမ့်မည်ဖြစ်ကြောင်း စိုက်ပျိုးရေးဝန်ကြီး ရာဒါမိုဟန်ဆင်းဂ်က ဇူလိုင် ၁၆ ရက်တွင် ပြောကြားခဲ့ပါသည်။

အိန္ဒိယနိုင်ငံသည် ပဲအများဆုံးစားသုံးသည့်နိုင်ငံဖြစ်ရာ လက်ရှိတွင် ပြည်တွင်းလိုအပ်ချက် ပြည့်မီနိုင်ရန်အတွက် ပဲမျိုးစုံတန်ချိန် ငါးသန်းကျော်နှင့် ဟင်းသီးဟင်းရွက်ဆီတန်ချိန် ၁၄ ဒသမ ၅ သန်းခန့်ကို ပြည်ပမှ နှစ်စဉ်တင်သွင်းနေရသည်။

စိုက်ပျိုးရေးဝန်ကြီး ရာဒါမိုဟန်ဆင်းဂ်က အိန္ဒိယနိုင်ငံတွင် စိုက်ပျိုးရေးနှင့်ဆက်စပ်ကဏ္ဍများသည် နိုင်ငံ၏ GDP တွင် ၁၈ ရာခိုင်နှုန်းခန့်ပါဝင်နေကြောင်း၊ ထို့ကြောင့် အဆိုပါကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရည်မှန်းချက်များထားရှိ ဆောင်ရွက်လျက်ရှိရာ သီးနှံအထွက်နှုန်းမြင့်မားလာစေရေးနှင့် လယ်သမားများဝင်ငွေ တိုးပွားလာစေရေးတို့အတွက် တောင်သူလယ်သမားများ၏ စွမ်းရည်တိုးတက်လာစေရေးကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ အိန္ဒိယနိုင်ငံတွင် မြစိမ်းရောင်တော်လှန်ရေးစီမံချက်ကို ဖော်ဆောင်ခဲ့သည့်အတွက် ဆန်နှင့်ဂျုံထုတ်လုပ်နိုင်မှုမှာ ပြည်တွင်းလိုအပ်ချက် ပြည့်မီနိုင်ပြီဖြစ်သော်လည်း ပဲအမျိုးမျိုးနှင့် ဆီထွက်သီးနှံများကိုမူ ပြည်ပမှ အမြောက်အများတင်သွင်းနေရပြီး၊ ယင်းအတွက် နိုင်ငံခြားငွေအမြောက်အများ သုံးစွဲနေရကြောင်း၊ သို့ရာတွင် များမကြာမီနှစ်များအတွင်း ပဲအမျိုးမျိုးနှင့်ဆီထွက်သီးနှံ ထုတ်လုပ်နိုင်မှုမှာ ပြည်တွင်းလိုအပ်ချက် ဖူလုံလာလိမ့်မည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

၂၀၁၆-၁၇ သီးနှံရာသီ၌ အိန္ဒိယနိုင်ငံသည် ပဲမျိုးစုံတန်ချိန် ၂၂ ဒသမ ၄ သန်းခန့် စံချိန်တင်ထုတ်လုပ်နိုင်ခဲ့သည့်အတွက် ပဲထုတ်လုပ်နိုင်မှုပမာဏမှာ ယခင်နှစ်များထက် သိသိသာသာမြင့်တက်ခဲ့ကြောင်း၊ ၂၀၁၅-၁၆ သီးနှံရာသီတွင် ပဲမျိုးစုံတန်ချိန် ၁၆ ဒသမ ၃၅သန်းသာ ထုတ်လုပ်နိုင်ခဲ့ကြောင်း၊ ဆီထွက်သီးနှံထုတ်လုပ်နိုင်မှုမှာလည်း ၂၀၁၆-၁၇ သီးနှံရာသီတွင်တန်ချိန် ၃၂ ဒသမ ၅၂ သန်းခန့်ရှိခဲ့သည့်အတွက် ယခင်နှစ်ထက် ၂၉ ရာခိုင်နှုန်းမြင့်တက်လာခဲ့ကြောင်း၊ ၎င်းတို့အနေဖြင့် ၂၀၁၆-၁၇ ရာသီအတွင်း အစေ့အဆန်တန်ချိန်ပေါင်း ၂၇၄ သန်းခန့်ထွက်ရှိရန် ခန့်မှန်းထားပြီး၊ သီးနှံအထွက်နှုန်းနှင့်ထုတ်လုပ်မှုပမာဏ မြင့်တက်စေရေးအတွက် နည်းလမ်းပေါင်းစုံဖြင့် ဖော်ဆောင်နေကြောင်း၊ နိုင်ငံအတွင်း သိပ္ပံ ပညာရှင်များ၏ သိပ္ပံနှင့်နည်းပညာ ဖော်ဆောင်မှု တိုးတက်လာသည့်အခြေအနေမှာလည်း နိုင်ငံတကာအဆင့် ရောက်ရှိနေပြီဖြစ်သည့်အတွက် သိပ္ပံပညာရှင်များ၏ အခန်းကဏ္ဍမှာလည်း အရေးကြီးကြောင်း၊ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး နည်းပညာ၊ အရည်အသွေးကောင်းမွန်သည့် မျိုးစေ့များ၊ တောင်သူလယ်သမားများအတွက် ဖော်ဆောင်ပေးနေသည့် ဝန်ဆောင်မှု အမျိုးမျိုးတို့ကြောင့် သီးနှံအထွက်နှုန်း လျာထားချက်များမှာ ပြည့်မီနိုင်သည့် အခြေအနေရှိကြောင်း ပြောကြားခဲ့ပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

## နိုင်ငံပိုင်ဘဏ် ၂၁ ဘဏ်အား ၁၂ ဘဏ်အဖြစ်သို့ ပေါင်းစည်းရန် အိန္ဒိယအစိုးရစီစဉ်လျက်ရှိ

အိန္ဒိယနိုင်ငံ၌ လက်ရှိတွင် နိုင်ငံပိုင်ဘဏ်ပေါင်း ၂၁ ဘဏ်ရှိရာမှ အရေအတွက်အားဖြင့် လျှော့ချပြီး၊ တောင့်တင်းခိုင်မာအားကောင်းသည့် ကမ္ဘာ့အဆင့်ဘဏ် ၃/၄ ဘဏ် အပါအဝင် စုစုပေါင်း ၁၀ ဘဏ် (သို့မဟုတ်) ၁၂ ဘဏ်သို့ ပေါင်းစည်းမည့်အစီအစဉ်တစ်ရပ်ကို အိန္ဒိယအစိုးရက ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

အိန္ဒိယနိုင်ငံ၌ လက်ရှိတွင်ရှိနေသည့် နိုင်ငံပိုင် ၂၁ ဘဏ်မှာ မြန်မာနိုင်ငံ၌ နိုင်ငံခြားဘဏ်ခွဲအဖြစ် လုပ်ငန်းဆောင်ရွက်ခွင့် ရရှိထားသည့် State Bank of India အပါအဝင် Allahabad Bank၊ Andhra Bank၊ Bank of Baroda၊ Bank of India၊ Bank of Maharashtra Canara Bank၊ Central Bank of India၊ Corporation Bank၊ Dena Bank၊ IDBI Bank၊ Indian Bank၊ Indian Overseas Bank၊ Oriental Bank of Commerce၊ Punjab & Sind Bank၊ Punjab National Bank၊ Syndicate Bank၊ UCO Bank၊ Union Bank of India၊ United Bank of Indiaနှင့် Vijaya Bank တို့ဖြစ်ကြောင်း သိရှိရပါသည်။

၎င်းတို့အနက် Tier (၃) အဆင့်ရှိ ဘဏ် (၃/၄ ဘဏ်ပေါင်း၏ အရွယ်အစားမှာ အကြီးဆုံးနိုင်ငံပိုင်ဖြစ်သည့် State Bank of India ၏ အရွယ်အစားမျှသာ ရှိမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ အရွယ်အစားကြီးမားသည့် ဘဏ်ကြီးများနှင့် Punjab and Sind Bankနှင့် Andhra Bank တို့ကဲ့သို့သော ဒေသဆိုင်ရာ ဗဟိုအချက်အချာဘဏ်အချို့အား သီးခြားဘဏ်အဖြစ် ဆက်လက်ထားရှိမည်ဖြစ်ကာ အရွယ်အစား အလယ်အလတ်ဘဏ်အချို့အား ပူးတွဲထားရှိမည်ဖြစ်ကြောင်း၊ နိုင်ငံအတွင်း Bad Loans ဆိုင်ရာကိစ္စရပ်များအား ပြေလည်အောင် ထိန်းသိမ်းနိုင်သည့် အခြေအနေ ရောက်ရှိလာပါက State Bank of India က အခြား Associate ဘဏ်ငါးခုနှင့် ပူးပေါင်းခဲ့သည့် အောင်မြင်မှုသာဓကဖြစ်စဉ်ကဲ့သို့ အလားတူ ဆောင်ရွက်မှုမျိုးများကို ယခုဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော်ရန် စဉ်းစားနေကြောင်း အိန္ဒိယဘဏ္ဍာရေးဝန်ကြီးက ပြောကြားထားကြောင်း သိရှိရပါသည်။

Reserve Bank India ၏ ဥက္ကဋ္ဌဟောင်းဖြစ်သူ C Rangarajan ကမူ ယင်းကိစ္စနှင့်စပ်လျဉ်း၍ စနစ်တစ်ခုအတွင်းတွင် လိုအပ်ချက်အပေါ် မူတည်၍ ကြီး၊ ငယ်၊ လတ်၊ အရွယ်အစားအမျိုးမျိုး ရှိနေသင့်သည်ဟု သုံးသပ်ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

## တရုတ်၌ ရေနံနှင့်သဘာဝဓာတ်ငွေ့ ပိုက်လိုင်း တိုးချဲ့တည်ဆောက်မည်

တရုတ်နိုင်ငံအတွင်း စွမ်းအင်ပေါင်းစပ်သုံးစွဲမှုတွင် သန့်ရှင်းသောစွမ်းအင်သုံးစွဲမှုကို တိုးမြှင့်မည်ဖြစ်ပြီး လာမည့်ဆယ်စုနှစ်အတွင်း တရုတ်တွင် ရေနံနှင့် သဘာဝ ဓါတ်ငွေ့ပိုက်လိုင်းများ တိုးချဲ့တည်ဆောက်မည်ဖြစ်ကြောင်း National Development and Reform Commission –NDRC က ပြောကြားလိုက်ပါသည်။ ၂၀၂၅ ခုနှစ်တွင် သဘာဝဓာတ်ငွေ့ ၁၂၃,၀၀၀ ကီလို မီတာအပါအဝင် ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်း စုစုပေါင်း ၂၄၀,၀၀၀ ကီလိုမီတာအထိ ဆက်သွယ်ရန် မျှော်မှန်းထားကြောင်း၊ ယခုလက်ရှိ ကီလိုမီတာ ၁၁၂,၀၀၀ ရှိသည့်အတွက် လာမည့် ငါးနှစ်အတွင်း ၁၂၈,၀၀၀ ကီလိုမီတာ ဆက်လက်တည်ဆောက်ရန်လိုအပ်ကြောင်း သိရပါသည်။

တရုတ်၏ စွမ်းအင်လိုအပ်ချက်မှာ လျင်မြန်စွာတိုးတက်လာပြီး နိုင်ငံအတွင်း လက်ရှိသုံးစွဲနေသည့် ကျောက်မီးသွေးသုံး လျှပ်စစ်ထုတ်လုပ်မှုထက် သဘာဝပတ်ဝန်းကျင်ကို မထိခိုက်သည့် သဘာဝဓာတ်ငွေ့ကဲ့သို့ သန့်ရှင်းသော လောင်စာကို ပြောင်းလဲသုံးစွဲမည်ဖြစ်ကြောင်း၊ သို့ဖြစ်ရာ ရည်မှန်းချက်ပြည့်မီအောင်ဆောင်ရွက်မည်ဖြစ်ကြောင်း ဆက်လက်ဖော်ပြထားပါသည်။

အဆိုပါပိုက်လိုင်းအသစ် တည်ဆောက်မှုသည် တရုတ်နိုင်ငံ၏ အရှေ့နှင့် အနောက်၊ တောင်နှင့်မြောက် ဆက်သွယ်တန်းမည်ဖြစ်ပြီး ရေနံနှင့် သဘာဝဓာတ်ငွေ့ ကဏ္ဍ၏ upstream နှင့် downstream လုပ်ငန်းနှစ်ခုစလုံး ကွန်ရက်ချိတ်ဆက်မှုအတွက် အထောက်အကူဖြစ်စေမည်ဟုလည်း ဆက်လက်ဖော်ပြထားပါသည်။ ထို့အပြင် Crude Oil နှင့် Refined Oil ပို့ဆောင်မှုကွန်ရက်မှာ ၂၀၁၅ ခုနှစ်တွင် ၂၇,၀၀၀ ကီလိုမီတာနှင့် ၂၁,၀၀၀ ကီလိုမီတာရှိရာမှ ၂၀၂၅ ခုနှစ်တွင် ၃၇,၀၀၀ ကီလိုမီတာနှင့် ၄၀,၀၀၀ ကီလိုမီတာ အသီးသီးအထိ တိုးချဲ့တည်ဆောက်ရန် မျှော်မှန်းထားကြောင်း သိရပါသည်။ ရုရှားနှင့် အီးယူတို့နှင့် နှိုင်းယှဉ်ပါက တရုတ်၏ ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းကွန်ရက်မှာ ယခုအထိ ကန့်သတ်မှုရှိနေသေးကြောင်း ဖော်ပြထားပါသည်။

**သန္တာခိုင်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ပေကျင်းမြို့**

## Apple ကုမ္ပဏီက တရုတ်နိုင်ငံတွင် Data Center တည်ဆောက်မည်

တရုတ်နိုင်ငံ ကွေ့ကျိုးပြည်နယ် Guian New Area ၌ Apple ကုမ္ပဏီက ပထမဆုံးအကြိမ်အဖြစ် Data Center ကို အမေရိကန်ဒေါ်လာ တစ်ဘီလီယံရင်းနှီးမြှုပ်နှံ၍ တည်ဆောက်မည်ဖြစ်ကြောင်း သိရပါသည်။

ကွေ့ကျိုးပြည်နယ် အစိုးရပိုင်ဖြစ်သည့် Guizhou Cloud Big Data Industry Company မှ တရုတ်ပြည်မကြီး၏ Apple’s iCloud Service အတွက် sole Operating Partner အဖြစ်ဆောင်ရွက်မည်ဖြစ်သည်။ တရုတ်နိုင်ငံတွင် ယခုကဲ့သို့ Apple ၏ Data Center တည်ဆောက်သည့်အတွက် တရုတ်အိုင်ဖုန်း အသုံးပြုသူများ၏ Data စီမံခန့်ခွဲမှု၊ ကြိုက်နှစ်သက်မှုနှင့် အလေ့အထတို့ကို ကောင်းစွာသုံးသပ်နိုင်မည်ဖြစ်ကြောင်း Apple ကုမ္ပဏီကပြောကြားခဲ့ပါသည်။

ယခုကဲ့သို့ Apple ကုမ္ပဏီ၏ ရင်းနှီးမြှုပ်နှံမှုသည် ဈေးကွက်၌ တရုတ်ဖုန်း Huawei ကဲ့သို့ Local Brand များနှင့် ယှဉ်ပြိုင်နိုင်စွမ်း ပြန်လည်တိုးတက်လာမည်ဖြစ်ပါသည်။

ဆက်လက်၍ ပေကျင်း၊ ရှန်ဇန်း၊ ရှန်ဟိုင်း၊ စူးကျိုး စသည့်မြို့များတွင် R & D Center တည်ဆောက်ရန် အမေရိကန်ဒေါ်လာ ၅၀၈ သန်း ရင်းနှီးမည်ဖြစ်ကြောင်းလည်း သိရှိရပါသည်။ ယခုနှစ် ဒုတိယသုံးလပတ်တွင် တရုတ်နိုင်ငံ၌ Apple ၏ရောင်းအားမှာ ၁၄ ဒသမ ၁ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၇၃ ဘီလီယံရှိခဲ့ ပါသည်။ သို့သော် မကြာမီ Apple ၏ ၁၀ နှစ်မြောက် နှစ်ပတ်လည် အထိမ်းအမှတ်အဖြစ် ထွက်ရှိမည့် အိုင်ဖုန်းသည် တရုတ်နိုင်ငံမှ ဝယ်ယူသူများအားဆွဲဆောင်နိုင်မည်ဟု ယုံကြည်ကြောင်း Apple ကုမ္ပဏီက ပြောကြားခဲ့ပါသည်။

**သန္တာခိုင်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ပေကျင်းမြို့**

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၂၈–၇–၂၀၁၇)

ဇော်ဝင်း

## ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီ ဈေးဆက်တိုက်ကျဆင်း

ယခုတစ်ပတ် ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီတို့ဈေးဆက်လက်ကျဆင်းခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲ FAQ(RC) တစ်တန်ကျပ် ၇၆၈၀၀၀ ထိဈေးကျဆင်းခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်တန် ကျပ် ၇၂၂၀၀၀ နဲ့ ဈေး ဆက်တိုက်ကျဆင်းခဲ့ပါတယ်။ မတ်ပဲ SQ(RC)ကလည်း ယခင် တစ်ပတ်က တစ်တန် ကျပ် ၉၂၀၀၀၀ နဲ့ ဈေးကျခဲ့ပြီး ယခုတစ်ပတ်မှာလည်း တစ်တန်ကျပ် ၈၅၂၀၀၀ အထိ ဈေးဆက်လက်ကျဆင်းခဲ့ကြောင်း သိရပါတယ်။ အလားတူ ပဲစင်းငုံနီကလည်း ယခင်တစ်ပတ်က တစ်တန် ကျပ် ၅၉၆၅၀၀ ထိဈေးကျခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်တန်ကျပ် ၅၅၄၅၀၀ ထိ ဈေးဆက်လက်ကျဆင်းခဲ့ပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ မတ်ပဲ FAQ(RC)က တစ်တန်ကို ကျပ် ၄၆၀၀၀၊ မတ်ပဲ SQ(RC)တစ်တန်ကို ကျပ်၆၈၀၀၀ နဲ့ ပဲစင်းငုံနီတစ်တန်ကို ကျပ် ၄၂၀၀၀ အသီးသီးဈေးဆက်လက်ကျဆင်းခဲ့ကြောင်း သိရ ပါတယ်။

××××××××××××××××

## မူဆယ်ဈေးကွက်မှာ ပြောင်းဈေးငြိမ်သော်လည်း အရောင်းအဝယ်အေး

ယခုတစ်ပတ် မူဆယ်ဈေးကွက်မှာ ပြောင်းဈေးက ယခင်တစ်ပတ်အတိုင်း ဆက်လက်ဈေးငြိမ်နေခဲ့ပြီး ၅၀ ကီလိုတစ်အိတ်ကို ၇၂ ယွမ်မှ ၈၂ ယွမ် (တစ်တန်ယွမ် ၁၄၄၀ မှ ယွမ် ၁၆၄၀) နဲ့ ရက်သတ္တသုံးပတ်ဆက်တိုက် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ တစ်ဖက်နိုင်ငံသို့ တင်ပို့နိုင်မှုအနေနဲ့ ယခင်တစ်ပတ်က တန်ချိန် ၁၅၇၀၀ ကျော်ရှိခဲ့ပေမယ့် ယခုတစ်ပတ်မှာ တန်ချိန် ၁၄၃၀၀ ကျော်သာရှိတာကြောင့် ယခင်တစ်ပတ်ထက် လျော့နည်းခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## လားရှိုးဈေးကွက်မှာ ပြောင်းဈေးကျသော်လည်း အရောင်းအဝယ်သွက်

ယခုတစ်ပတ် လားရှိုးဈေးကွက်မှာ ပြောင်းဈေး ပြန်လည်ကျရိပ်ပြခဲ့ပါတယ်။ ပြောင်းဈေးအနေနဲ့ ယခင်တစ်ပတ်က တစ်ပိဿာ ကျပ် ၅၃၀ နဲ့ဈေးမြင့်ခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၅၂၀ (တစ်တန် ကျပ် ၃၁၈၄၄၀) နဲ့ ဈေးကျဆင်းခဲ့ပါတယ်။ အရောင်းအဝယ်ဖြစ်မှုအနေနဲ့ ယခင်တစ်ပတ်က ၂၄၅၆၆၅၅ ပိဿာရှိခဲ့ပြီး ယခုတစ်ပတ်မှာ ၃၄၁၂၇၇၃ ပိဿာရှိခဲ့တာကြောင့် အရောင်းအဝယ်သွက်ခဲ့ကြောင်း သိရပါတယ်။ သယ်ယူပို့ဆောင်ခအနေနဲ့ လားရှိုးမှ မူဆယ်အထိ ပြောင်းတစ်ပိဿာ ၂၉ ကျပ်ရှိကြောင်း သိရပါတယ်။

××××××××××××××××

## မန္တလေးဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီတို့ ဈေးဆက်လက်ကျဆင်း

ယခုတစ်ပတ် မန္တလေးဈေးကွက်မှာ မတ်ပဲ၊ ပဲစင်းငုံနီတို့ဈေးဆက်လက်ကျဆင်းခဲ့ပြီး ပဲတီစိမ်း(အညာ) ရွှေဝါကလည်း ဈေးပြန်လည်ကျဆင်းခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲ တစ်ပိဿာကျပ် ၁၃၀၀ ရှိခဲ့ပြီး ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၂၆၇ ကျပ်(တစ်တန်ကျပ် ၇၇၅၈၉၀) နဲ့ ဈေးဆက်လက်ကျဆင်းခဲ့ပါတယ်။ အလားတူ ပဲစင်းငုံနီကည်း ယခင်တစ်ပတ်က တစ်ပိဿာ ၉၉၅ ကျပ်နဲ့ ဈေးကျခဲ့ပြီး ယခုတစ် ပတ်မှာ တစ်ပိဿာ ၉၂၂ ကျပ်(တစ်တန်ကျပ် ၅၆၄၆၂၀ ) နဲ့ ဈေးဆက်လက် ကျဆင်းခဲ့ပါတယ်။ ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မတ်ပဲ၊ ပဲစင်းငုံနီ ဈေးကျဆင်းခြင်း၊ ဝယ်လက်များကဝယ်လိုအား နည်းခြင်းတို့ကြောင့် မန္တလေးကုန်စည်ဒိုင်တွင် မတ်ပဲ၊ ပဲစင်းငုံနီတို့ အရောင်းအဝယ်အေးခဲ့ကြောင်း သိရပါတယ်။ မတ်ပဲကို မြို့ခံပဲခွဲစက်များနဲ့ ရန်ကုန်ဝယ်လက်ကဝယ်ယူပြီး ပဲစင်းငုံနီကို ရန်ကုန်ဝယ် လက်က ဝယ်ယူလျက်ရှိကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာ ၂၂၅၈ ကျပ်နဲ့ ဆက်လက်ဈေးမြင့်ခဲ့တဲ့ ပဲတီစိမ်း(အညာ) ရွှေဝါက ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၂၂၄၀ (တစ်တန်ကျပ် ၁၃၇၁၇၅၀) နဲ့ဈေးကျခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်း (အညာ) ရွှေဝါကို တရုတ်ဝယ်လက်က ဝယ်လိုအားများပြီး အရောင်းအဝယ်သွက်ကာ တစ်နေ့အိတ် ၂၅၀၀ မှ ၂၈၀၀ ကြား အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ ဆီထွက်သီးနှံနှမ်းမျိုး စုံအနက် ယခင်တစ်ပတ်က နှမ်းနက်စမုံတစ်ပိဿာ ၂၈၄၄ ကျပ်နဲ့ ဈေးမြင့်ခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်ပိဿာ ၂၈၆၇ ကျပ် (တစ်တန် ကျပ် ၁၇၅၅၇၂၀) နဲ့ဆက်လက်ဈေးမြင့်ခဲ့ပါတယ်။ နှမ်းဖြူထိပ်စကလည်း ရက်သတ္တသုံးပတ်ဆက်တိုက် တစ်ပိဿာ ၂၃၃၃ ကျပ် (တစ်တန် ကျပ် ၁၄၂၈၇၀၀)နဲ့ ဆက်လက်ဈေးငြိမ်နေခဲ့ပြီး နှမ်းမျိုးစုံကို တရုတ်တင်ပို့သူကုန်သည်များက ဝယ်ယူမှုရှိကြောင်း သိရပါတယ်။ စီပီပြောင်းကလည်း ယခင်တစ်ပတ်ထက် ဈေးမြင့်ခဲ့ပြီး တစ်ပိဿာ ၅၂၈ ကျပ်(တစ်တန်ကျပ် ၃၂၃၃၄၀)နဲ့ တရုတ်နိုင်ငံသို့ တင်ပို့သူများနဲ့ အစာစပ်လုပ်ငန်းရှင်များက ဝယ်ယူမှုရှိကြောင်း သိရပါတယ်။

××××××××××××××××

## မုံရွာဈေးကွက်မှာ မတ်ပဲနဲ့ပဲစင်းငုံနီ ဈေးဆက်လက်ကျဆင်း

ယခုတစ်ပတ် မုံရွာဈေးကွက်မှာ မတ်ပဲ၊ ပဲစင်းငုံနီတို့ဈေးဆက်လက် ကျဆင်းခဲ့သလို ပဲတီစိမ်းလုံးကြီးလည်း ဈေးကျဆင်းခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲ တစ်ပိဿာကျပ် ၁၂၅၀နဲ့ဈေးကျဆင်းခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်ပိဿာ ၁၂၁၅ ကျပ်(တစ်တန်ကျပ် ၇၄၄၀၅၀) နဲ့ဈေးဆက်လက်ကျဆင်းခဲ့ပါတယ်။ မတ်ပဲကိုမြို့ခံပဲခွဲစက်များက ဝယ်လိုအားကောင်းကြောင်း သိရပါတယ်။ အလားတူပဲစင်းငုံနီကလည်း ယခင်တစ်ပတ်က တစ်ပိဿာကျပ် ၉၃၀ နဲ့ဈေးကျခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်ပိဿာ ၈၈၅ ကျပ်(တစ်တန်ကျပ် ၅၄၁၉၆၀) နဲ့ ဆက်လက်ဈေးကျခဲ့ပြီး ရန်ကုန်တင်ပို့မယ့်သူများက ဝယ်ယူလျက်ရှိကြောင်းလည်း သိရပါတယ်။ ပဲတီစိမ်းလုံးကြီးကလည်း ယခင်တစ်ပတ်က တစ်ပိဿာ ၂၁၀၅ ကျပ်နဲ့ ဈေးမြင့်ခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၀၂၆ ကျပ်(တစ်တန်ကျပ် ၁၂၄၀၇၀၀)နဲ့ ဈေးကျခဲ့ကြောင်း သိရပါတယ်။ မန္တလေးတင်ပို့မယ့်သူများက ပဲတီစိမ်းလုံးကြီးကို အရည်အသွေးပေါ် မူတည်၍ ဝယ်လိုအားရှိသော်လည်း နယ်အဝင်နည်းတာကြောင့် အရောင်းအဝယ်ဖြစ်မှုနည်းခဲ့ကြောင်း သိရပါတယ်။ အလားတူ ကုလားပဲဖြူလုံးကြီးကလည်း ယခင်တစ်ပတ်က တစ်ပိဿာ ၂၂၃၇ ကျပ်နဲ့ ဈေးမြင့်ခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၁၈၄ ကျပ်(တစ်တန်ကျပ် ၁၃၃၇၄၅၀) နဲ့ ဈေးပြန်လည်ကျဆင်းခဲ့ပါတယ်။ ကုလားပဲဖြူလုံးကြီးကို ရန်ကုန်ဝယ်လက်က ဝယ်ယူမှုရှိကြောင်း သိရပါတယ်။

××××××××××××××××

## မကွေးဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီဈေး ဆက်လက်ကျဆင်း

ယခုတစ်ပတ် မကွေးဈေးကွက်မှာ မတ်ပဲနဲ့ပဲစင်းငုံနီ တို့ဈေးဆက်တိုက်ကျဆင်းခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲ တစ်ပိဿာကျပ် ၁၃၁၀ နဲ့ဈေးကျခဲ့ပြီး ယခုတစ်ပတ်မှာလည်း တစ်ပိဿာကျပ် ၁၂၁၀ (တစ်တန်ကျပ် ၇၄၀၉၉၀) နဲ့ ဈေးဆက်လက် ကျဆင်းခဲ့ပါတယ်။ အလားတူ ပဲစင်းငုံနီကလည်း ယခင်တစ်ပတ်က တစ်ပိဿာ ၉၂၅ ကျပ်နဲ့ဈေးကျခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်ပိဿာ ၈၆၅ ကျပ် (တစ်တန်ကျပ် ၅၂၉၇၁၀) နဲ့ ဈေးဆက်လက်ကျဆင်းခဲ့ကြောင်း သိရပါတယ်။ ဆီထွက်သီးနှံ နှမ်းမျိုးစုံအနက် သိပ္ပံနှမ်းနက်အသစ်များ ဈေးကွက်အတွင်း စတင်ဝင်ရောက်ခဲ့ပြီး အရည်အသွေးကြိုက်နှစ်သက်မှုကြောင့် မန္တလေးဝယ်လက်က ဝယ်ယူမှုရှိပြီး တစ်ပိဿာ ၂၇၇၈ ကျပ်(တစ်တန် ကျပ် ၁၇၀၁၂၁၀) နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ နှမ်းဖြူထိပ်စက တစ်ပိဿာ ၂၃၅၅ ကျပ် (တစ်တန် ကျပ် ၁၄၄၂၁၇၀) နဲ့ မြို့ခံနှမ်းလှော်လုပ်ငန်းနဲ့ နှမ်းလှော်မှုန့်ပြုလုပ်မယ့်သူများက ဝယ်ယူမှုရှိကြောင်းလည်း သိရပါတယ်။

××××××××××××××××

## တောင်ကြီးဈေးကွက်မှာ ပြောင်းဈေးကျ

ယခုတစ်ပတ် တောင်ကြီးဈေးကွက်မှာ ပြောင်းဈေးကျခဲ့ပါတယ်။ ယခင်တစ်ပတ်အထိ ပြောင်းဈေးတစ်ပိဿာကျပ် ၄၉၀ နဲ့ ဈေးငြိမ်နေခဲ့ရာက ယခုတစ်ပတ်မှာ တစ်ပိဿာကျပ် ၄၈၀ (တစ်တန်ကျပ် ၂၉၃၉၄၀) နဲ့ဈေးပြန်လည်ကျရိပ်ပြခဲ့ပါတယ်။ ကြက်မွေးမြူရေးလုပ်ငန်းရှင်များနဲ့ အစာစပ်လုပ်ငန်းရှင်များက စီပီပြောင်းကို ဝယ်လိုအားရှိကြောင်းလည်း သိရပါတယ်။

××××××××××××××××

## အောင်လံဈေးကွက်မှာ ပဲတီစိမ်းဈေး ဆက်လက်တက်ရိပ်ပြ

ယခုတစ်ပတ် အောင်လံဈေးကွက်မှာ ပဲတီစိမ်းဈေးဆက်လက်တက်ရိပ်ပြခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲတီစိမ်းတစ်ပိဿာ ကျပ် ၁၉၀၀ နဲ့ ဈေးမြင့်ခဲ့ပြီး ယခုတစ်ပတ်မှာလည်း တစ်ပိဿာ ၂၀၂၅ ကျပ် (တစ်တန်ကျပ်၁၂၄၀၀၈၀)နဲ့ ဆက်လက်ဈေးမြင့်ခဲ့ပါတယ်။ ပဲတီစိမ်းကို မန္တလေးတင်ပို့မယ့်သူများက ဝယ်လိုအားကောင်းတာကြောင့် အရောင်းအဝယ်ကောင်းကြောင်း သိရပါတယ်။ ကုလားပဲဟော်လန်ကတော့ ယခင်တစ်ပတ်က တစ်ပိဿာကျပ် ၂၀၅၀ နဲ့ဈေးမြင့်ခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်ပိဿာကျပ် ၂၀၀၀ (တစ်တန်ကျပ် ၁၂၂၄၇၈၀) နဲ့ဈေးကျခဲ့ပါတယ်။ ဆီထွက် သီးနှံနှမ်းမျိုးစုံအနက် ယခင်တစ်ပတ်က နှမ်းနက်ရိုးရိုး တစ်ပိဿာ ကျပ် ၂၀၀၀ မှ ယခုတစ်ပတ်မှာ တစ်ပိဿာကျပ် ၂၁၀၀ (တစ်တန်ကျပ် ၁၂၈၆၀၁၀)၊ ယခင်တစ်ပတ်က သိပ္ပံနှမ်းတစ်ပိဿာကျပ် ၂၆၇၀ မှ ယခုတစ်ပတ်မှာ တစ်ပိဿာကျပ် ၂၇၀၀ (တစ်တန်ကျပ် ၁၆၅၃၄၅၀)နဲ့ အသီးသီးဈေးမြင့်ခဲ့ပါတယ်။ နှမ်းနီကတော့ ယခင်တစ်ပတ်အထိ တစ်ပိဿာကျပ် ၂၀၁၀ နဲ့ဈေးငြိမ်နေခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်ပိဿာကျပ် ၂၀၀၀ (တစ်တန်ကျပ် ၁၂၂၄၇၈၀) နဲ့ဈေးကျခဲ့ကြောင်း သိရပါတယ်။ သိပ္ပံနှမ်းနက်နဲ့ နှမ်းနက်ရိုးရိုးကို မန္တလေးတင်ပို့မယ့်သူများက ဝယ်ယူပြီး နှမ်းနီကိုမြို့ခံဆီစက်လုပ်ငန်း များက ဝယ်ယူကြောင်းလည်း သိရပါတယ်။

××××××××××××××××

## ပခုက္ကူဈေးကွက်မှာ ပဲစင်းငုံနဲ့ ပဲတီစိမ်း ဈေးကျ

ယခုတစ်ပတ် ပခုက္ကူဈေးကွက်မှာ ပဲစင်းငုံနဲ့ ပဲတီစိမ်း(လုံးသေး) ဈေးကျခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲစင်းငုံနီတစ်ပိဿာ ကျပ် ၉၃၀ အထိဈေးကျခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်ပိဿာ ကျပ် ၈၈၀ (တစ်တန်ကျပ် ၅၃၈၉၀၀) နဲ့ ဆက်လက်ဈေးကျဆင်းခဲ့ပါတယ်။ ပဲစင်းငုံနီကို ရန်ကုန်တင်ပို့မယ့်သူများက ဝယ်ယူမှုရှိကြောင်းလည်း သိရပါတယ်။ ပဲတီစိမ်း(လုံးသေး)က ယခင်တစ်ပတ်မှာ တစ်ပိဿာ ကျပ် ၂၀၂၀ ထိဈေးမြင့်ခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၉၇၅ ကျပ်(တစ်တန်ကျပ် ၁၂၀၉၄၇၀) ထိ ဈေး ပြန်လည်ကျဆင်းခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်း (လုံးသေး) ကို မန္တလေးတင်ပို့မယ့်သူများက ပုံမှန်ဝယ်ယူမှုရှိကြောင်း သိရပါတယ်။



# ပြည်ပကုန်သွယ်မှု အမေရိကန်ဒေါ်လာ ၉ ဒသမ ၅ ဘီလီယံရောက်ရှိ ယခင်နှစ်ကာလတူထက် ပို့ကုန်သွင်းကုန်အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံပိုမို

| ရှင်မင်းအို့ (တန့်ဆည်) |

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနသည် နိုင်ငံတော်၏စီးပွားရေး ပိုမိုကောင်းမွန်လာရန်အတွက် လုပ်ဆောင်လျက်ရှိရာမှာ ပို့ကုန်မြှင့်တင်ရေးကို အဓိကဦးစားပေးပြီး လုပ်ဆောင်လျက်ရှိပါတယ်။ ပို့ကုန်ကဏ္ဍတွင် ယခုလက်ရှိပမာဏထက် သုံးဆအထိတိုးတက်တင်ပို့နိုင်ရေးအတွက် အစိုးရသစ်အနေဖြင့် စီးပွားရေးမူဝါဒများ ချမှတ်၍လုပ်ဆောင်လျက်ရှိပါတယ်။

ယင်းသို့လုပ်ဆောင်လျက်ရှိရာတွင် ကုန်သွယ်ရေးဦးစီးဌာနအနေဖြင့် ကုန်သွယ်မှုဆိုင်ရာလုပ်ထုံးလုပ်နည်းများကို ဖြေလျှော့ပေးခြင်း၊ ကန့်သတ်ထားသော ပို့ကုန်အမယ်များကို ဖြေလျှော့ပေးခြင်း၊ ပုဂ္ဂလိက ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုဂ္ဂလိက ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ဖွဲ့စည်းပြီး ကဏ္ဍအသီးသီးမှာ ရင်ဆိုင်ကြုံတွေ့နေရတဲ့ အခက်အခဲများကို ပူးပေါင်းဖြေရှင်းပေးလျက်ရှိပါတယ်။

အဲဒီလို ဆောင်ရွက်မှုများကြောင့် မြန်မာနိုင်ငံရဲ့ ကုန်သွယ်မှုအခြေအနေဟာ ဘဏ္ဍာ နှစ်တစ်နှစ်ထက်တစ်နှစ် တိုးတက်လာတာကို တွေ့ရမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ ပြည်ပကုန်သွယ်မှု အခြေအနေဟာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (ဧပြီလမှ ဇူလိုင်လ တတိယပတ်ထိ) ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၃ ဒသမ ၉ ဘီလီယံခန့်၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၅ ဒသမ ၆ ဘီလီယံဖြစ်တဲ့အတွက် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၉ ဒသမ ၅ ဘီလီယံ ဆောင်ရွက်နိုင်ခဲ့ပြီး ယခင်နှစ်ကာလတူထက် ပို့ကုန် သုည ဒသမ ၇ ဘီလီယံ၊ သွင်းကုန် သုည ဒသမ ၉ ဘီလီယံ အပါအဝင် ကုန်သွယ်မှု ၁ ဒသမ ၆ ဘီလီယံပိုမိုဆောင်ရွက်နိုင်ခဲ့ကြောင်း ကုန်သွယ်ရေးဦးစီးဌာနမှထုတ်ပြန်တဲ့ စာရင်းဇယားများအရ သိရှိရပါတယ်။

ပြည်ပပို့ကုန်ကဏ္ဍကိုကြည့်မယ်ဆိုရင် ဒီနှစ်မှာ လယ်ယာထွက်ကုန်ပစ္စည်း တင်ပို့မှုက အမေရိကန်ဒေါ်လာ ၁၀၀၈ သန်းကျော် တင်ပို့နိုင်ခဲ့ပါတယ်။ အဓိကတင်ပို့ခဲ့တဲ့ လယ်ယာထွက်ကုန်ပစ္စည်းတွေကတော့ ပဲမျိုးစုံတန်ချိန် ခြောက်သိန်းကျော်၊ တန်ဖိုး အမေရိကန်ဒေါ်လာသန်း ၄၇၀၊ ဆန်နှင့် ဆန်ကွဲ တန်ချိန် ကိုးသိန်းခန့်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၅၆ သန်း၊ ရော်ဘာတန်ချိန် လေးသောင်းကျော်၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၆၅ သန်း၊ သစ်သီးဝလံမျိုးစုံတန်ချိန် သုံးသိန်းကျော်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၆၈ သန်းနဲ့ ပြောင်း တန်ချိန် ၃ ဒသမ ၇သိန်း၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၆၈ သန်း တင်ပို့နိုင်ခဲ့ပါတယ်။ ယခုလက်ရှိစာရင်းဇယားများအရ မြန်မာနိုင်ငံရဲ့ ဆန်နှင့် ဆန်ကွဲတင်ပို့မှုဟာ ယခင်နှစ်ကာလတူထက် တန်ချိန် ၅ ဒသမ ၂ သိန်းကျော်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၄၂ သန်း ပိုမိုတင်ပို့နိုင်ခဲ့ပြီး လယ်ယာကဏ္ဍတင်ပို့မှုရဲ့ အဓိကနေရာမှာ ရောက်ရှိနေတာကိုတွေ့ရပါတယ်။ ပြောင်းတင်ပို့မှုမှာလည်း ယခင်နှစ်ကထက်တန်ချိန်နှစ် သိန်းကျော်၊ တန်ဖိုး အမေရိကန် ဒေါ်လာ ၃၁ သန်း ပိုမိုတင်ပို့နိုင်ခဲ့တာကို တွေ့ရပါတယ်။

ယခု ဇူလိုင်လတတိယပတ်အတွင်း သဘာဝဓာတ်ငွေ့တန်ဖိုး အမေရိကန်ဒေါ်လာ ၇၈၆ သန်း တင်ပို့နိုင်ပြီး၊ ပြည်ပပို့ကုန် တင်ပို့မှုတွင် ဒုတိယနေရာမှာရှိနေကြောင်း၊ CMP စနစ်ဖြင့် ချုပ်ပြီးအထည် တင်ပို့မှုက တန်ဖိုး အမေရိကန်ဒေါ်လာ ၆၉၂ သန်းနဲ့တတိယနေရာမှာ ရှိနေပါတယ်။ ယခုနှစ်မှာလည်း ရေထွက်ပစ္စည်း၊ သစ်တောထွက်ပစ္စည်းနှင့် တိရစ္ဆာန်ထွက်ပစ္စည်းများကို ယခင်နှစ်များအတိုင်း အနည်းငယ်သာ တင်ပို့နိုင်ခဲ့ပါတယ်။

ယခုနှစ် ပို့ကုန်ကဏ္ဍမှာ ယခင်နှစ်ကာလတူထက် ထူးထူးခြားခြား တင်ပို့မှုအနေနဲ့ သတ္တုတွင်းထွက်ပစ္စည်းတင်ပို့မှုဟာ ယခုနှစ် ဇူလိုင်လ တတိယပတ်အထိ အမေရိကန်ဒေါ်လာ ၃၂၅ သန်းဖိုး တင်ပို့နိုင်ပြီး ယခင်နှစ်ကာလတူက အမေရိကန်ဒေါ်လာ ၈၄ သန်းသာ တင်ပို့နိုင်တဲ့အတွက် အမေရိကန်ဒေါ်လာ ၂၄၂ သန်း ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

သတ္တုတွင်းထွက်ပစ္စည်း တင်ပို့မှုကို အသေးစိတ်လေ့လာကြည့်တဲ့အခါ သတ္တုနှင့်သတ္တုရိုင်းများတင်ပို့မှုဟာ ယခုဘဏ္ဍာနှစ် ဧပြီလမှ ဇူလိုင်လ တတိယပတ်ထိ အမေရိကန်ဒေါ်လာ ၁၈၃ သန်းဖိုးတင်ပို့နိုင်ပြီး ယခင်နှစ်ကာလတူက အမေရိကန်ဒေါ်လာ ၆၁ သန်းသာ တင်ပို့နိုင်တဲ့အတွက် ယခုနှစ်မှာ အမေရိကန်ဒေါ်လာ ၁၂၂ သန်းဖိုး ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ သတ္တုတွင်းထွက်ပစ္စည်းများကို နိုင်ငံပေါင်း ၁၃ နိုင်ငံသို့ တင်ပို့နိုင်ခဲ့ပြီး တင်ပို့တဲ့ဈေးကွက်မှာ ထူးခြားစွာ ပြောင်းလဲမှုမရှိသော်လည်း သတ္တုနှင့် သတ္တုရိုင်းပစ္စည်း အမျိုးအစားများနဲ့ အရေအတွက်ပိုမိုတင်ပို့နိုင်ခဲ့တာကို တွေ့ရပါတယ်။ အရေအတွက် ပိုမိုတင်ပို့ခဲ့တဲ့နိုင်ငံတွေကတော့ တရုတ်၊ မလေးရှား၊ ထိုင်းနဲ့ဗီယက်နမ်နိုင်ငံတို့ ဖြစ်ပါတယ်။

အခြား သတ္တုတွင်းထွက်ပစ္စည်းများ တင်ပို့မှုအနေဖြင့် ယခုနှစ် ဧပြီလမှဇူလိုင်လတတိယပတ်ထိ အမေရိကန်ဒေါ်လာ ၁၁၉ သန်းဖိုး တင်ပို့ခဲ့ပြီး ယခင်နှစ်ကာလတူက အမေရိကန်ဒေါ်လာ ၃ သန်းဖိုးသာ တင်ပို့ခဲ့တဲ့အတွက် အမေရိကန်ဒေါ်လာ ၁၁၆ သန်း ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ အခြားသတ္တုတွင်းထွက်ပစ္စည်းများကို တင်ပို့ ခဲ့တဲ့ နိုင်ငံပေါင်း ၁၁ နိုင်ငံရှိပြီး ယခင်နှစ်ထက် ငါးနိုင်ငံ ပိုမိုတင်ပို့ခဲ့ပါတယ်။ အဓိကအများဆုံးတင်ပို့ခဲ့တဲ့ နိုင်ငံကတော့ တရုတ်နိုင်ငံဖြစ်ပါတယ်။

သွင်းကုန် တင်သွင်းမှုမှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဧပြီလမှ ဇူလိုင်လ တတိယပတ်ထိ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၅ ဒသမ ၆ ဘီလီယံရှိပြီး ယခင်နှစ်ကာလတူက သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၄ ဒသမ ၇ ဘီလီယံသာရှိတဲ့အတွက် သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ကိုးဘီလီယံ ပိုမိုဆောင်ရွက်နိုင်ခဲ့ပါတယ်။ အဓိက တင်သွင်းတဲ့ပစ္စည်းတွေကတော့ ရင်းနှီးမြှုပ်နှံမှုပစ္စည်းတွေဖြစ်တဲ့ စက်နှင့်စက်ပစ္စည်း အမေရိကန်ဒေါ်လာ ၃၇၄ သန်း၊ သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်း အမေရိကန်ဒေါ်လာ ၄၂၂ သန်း၊ တယ်လီဖုန်းနှင့် ဆက်သွယ်ရေးပစ္စည်းများ အမေရိကန်ဒေါ်လာ ၁၃၆သန်း၊ မော်တော်ယာဉ်နှင့် မော်တော်ယာဉ် အပိုပစ္စည်းများ အမေရိကန်ဒေါ်လာ သန်း ၄၇၀ ဖြစ်ပြီး လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများဖြစ်တဲ့ ရေနံထွက်ပစ္စည်း အမေရိကန်ဒေါ်လာ ၉၂၂ သန်း၊ ပလပ်စတစ် ကုန်ကြမ်းပစ္စည်း အမေရိကန်ဒေါ်လာ ၁၇၇ သန်း ၊ ဓာတ်မြေသြဇာ အမေရိကန်ဒေါ်လာ သန်း ၁၀၀ ၊ ဓာတုဗေဒချည်ခင်များ အမေရိကန်ဒေါ်လာ ၁၁၃ သန်း ဖြစ်ပါတယ်။ လူသုံးကုန်ပစ္စည်းအနေဖြင့် ဆေးဝါးပစ္စည်းများကို အဓိက အများဆုံးတင်သွင်းခဲ့ပြီး အမေရိကန်ဒေါ်လာ ၁၆၁ သန်းဖိုးအထိ တင်သွင်းခဲ့တာကို တွေ့ရပါတယ်။

ပြည်ပမှ တင်သွင်းလာသောကုန်စည်ပမာဏ များပြားလာခြင်းကြောင့် ပြည်တွင်းရှိအလားတူ ကုန်စည်ထုတ်လုပ်သူများ ထိခိုက်နစ်နာမှု ဖြစ်ပေါ်ခြင်းမှ ကာကွယ်ကုစားနိုင်ရန်အတွက် သွင်းကုန်ပမာဏ မြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေ (မူကြမ်း) (Safeguard Law on Increased Import) အား ရေးဆွဲလျက်ရှိပြီး လျှော့ဈေးဖြင့် စုပုံတင်ပို့ခြင်းနှင့် အစိုးရထောက်ပံ့မှုရယူတင်ပို့ခြင်းတို့ကြောင့် ဖြစ်ပေါ်လာသော ပြည်တွင်းကုန်စည် ထုတ်လုပ်သူများ၏ ထိခိုက်နစ်နာမှုကို ကာကွယ် ကုစားပေးမှု (Antidumping and Countervailing Law) ဥပဒေ(မူကြမ်း) အား ရေးဆွဲလျက်ရှိပါ တယ်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေဖြင့် ခိုင်မာသော ဈေးကွက်ရှာဖွေနိုင်ရေးအတွက် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့တွင် အမြဲတမ်း ကိုယ်စားလှယ်တစ်ဦးနှင့် တရုတ်၊ အိန္ဒိယ၊ ထိုင်း၊ စင်ကာပူ၊ ဂျပန်၊ ကိုရီးယား၊ ဟောင်ကောင်၊ ဆွစ်ဇာလန်၊ ဘယ်လ်ဂျီယံနိုင်ငံတို့သို့ စီးပွားရေးသံမှူးများစေလွှတ်၍ စီးပွားရေး သံမှူးများအား သက်ဆိုင်ရာ နိုင်ငံအလိုက် ဈေးကွက်အခြေအနေများအား စုံစမ်းထောက်လှမ်းခြင်းနှင့် ဈေးကွက်ရရှိရေး ညှိနှိုင်းဆွေးနွေးခြင်းများ ဆောင်ရွက်စေခဲ့ပါတယ်။ စီပွားရေးသံမှူးများက ပေးပို့တဲ့ ဈေးကွက်အခြေအနေနဲ့ အစီရင်ခံစာများကို ပြည်တွင်းလုပ်ငန်းရှင်များသိရှိပြီး ဈေးကွက်သချာသည့်သီးနှံများ စိုက်ပျိုး ထုတ်လုပ်နိုင်စေရန်အတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန website ဖြစ်သည့် www.commerce.gov.mm နဲ့ Commerce Journal တို့တွင် ဖော်ပြပေးလျက်ရှိပါတယ်။

ဒ့ါအပြင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် မည်မျှပင် ကုန်သွယ်မှု အဆင်ပြေချောမွေ့စေရေးအတွက် ပေါင်းစပ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးနေသော်လည်း စိန်ခေါ်မှု အခက်အခဲများနှင့် ရင်ဆိုင်နေရဆဲပင် ဖြစ်ပါတယ်။ အဲဒီစိန်ခေါ်မှုတွေကတော့ နိုင်ငံရဲ့ အဓိက တင်ပို့နေတဲ့ လယ်ယာထွက်ကုန်ပစ္စည်းများကို စိုက်ပျိုးထုတ်လုပ်တင်ပို့ရာမှာ ရာသီဥတု၊ သဘာဝဘေး အန္တရာယ်များ ကျရောက်ခြင်း၊ သွင်းအားစုကုန်ကျစရိတ်မြင့်မားခြင်း၊ သီးနှံမျိုးကောင်းမျိုးသန့်ရရှိရန် လိုအပ်ခြင်း၊ စိုက်ပျိုးထုတ်လုပ်မှုကုန်ကျစရိတ်များမြင့်မားခြင်း၊ အရည်အသွေးမြင့်ထုတ်ကုန်များ (Value Added) ထုတ်လုပ်မှု နည်းပါးခြင်း၊ နိုင်ငံတကာဈေးကွက်နှင့် ဝယ်လိုအားအပေါ် တည်မှီနေရခြင်း၊ ခေတ်မီစိုက်ပျိုးရေး နည်းစနစ်များ၊ ရိတ်သိမ်းမှုစနစ်များ၊ ထုတ်လုပ်မှု စနစ်များ လိုအပ်နေခြင်းစတဲ့ အချက်များဟာ လက်ရှိလယ်ယာထွက်ကုန် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချရာမှာ ရင်ဆိုင်နေရတဲ့ အခက်အခဲများ စိန်ခေါ်မှုများပဲ ဖြစ်ပါတယ်။

ကုန်ထုတ်လုပ်မှု တိုးတက်ရေးအတွက် အဓိက စိန်ခေါ်မှုတစ်ရပ်ကတော့ စက်ရုံပိုင်ရှင်၊ ကုန်သည်လုပ်ငန်းရှင်များရဲ့ ငွေရေးကြေးရေး (Financing) ရရှိရေး အခက်အခဲပဲဖြစ်ပါတယ်။ ထုတ်လုပ်သော ပစ္စည်းများ အရည်အသွေးကောင်း၊ စံချိန်မီပစ္စည်းများ ရရှိရေးအတွက် ဘဏ္ဍာငွေ တောင့်တင်းရန် လိုအပ်လှပါတယ်။ နိုင်ငံတော်အစိုးရအနေဖြင့် ကုန်ထုတ်လုပ်မှု လုပ်ငန်းများအား ယခုထက် ပိုမိုတိုးတက်ပြီး ပို့ကုန်သုံးဆမြှင့်တင်နိုင်ရေးအတွက် လိုအပ်လျက်ရှိတဲ့ နည်းပညာ၊ ငွေရေးကြေးရေး အခက်အခဲများအား ဖြေရှင်းပေးဖို့လိုအပ်လျက်ရှိနေပါတယ်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများ ၊ အခက်အခဲများကို သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ အသင်းအဖွဲ့များ၊ ကုန်သည်လုပ်ငန်းရှင်များ ၊ အာဆီယံဒေသတွင်း နိုင်ငံများနှင့်သာမက အိမ်နီးချင်းနိုင်ငံများရှိ အစိုးရများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုများရဲ့ ရလဒ်များကြောင့် ယခုလို ကုန်သွယ်မှုများ ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်တာဖြစ်ပါ တယ်။

# ကုန်သွယ်ရေးစခန်းများမှ ဆိုင်ကယ်ပိုမိုတင်သွင်း

ကုန်သွယ်ရေးစခန်းများမှ ဇူလိုင် ၁၅ ရက်မှ ၂၁ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၄ ဒသမ ၇၂၄ သန်းတန်ဖိုးရှိ ဆိုင်ကယ်မျိုးစုံ ၉၅၀၉ စီးကို တင်သွင်းခဲ့ပါတယ်။ ယခင်တစ်ပတ်က ၈၉၆၁ စီးတင်သွင်းခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၅၄၈ စီး လျော့နည်းတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မှာ ကန်ပိုက်တီကုန်သွယ်ရေးစခန်းမှ လျော့နည်းတင်သွင်းခဲ့ပေမယ့် မူဆယ်ကုန်သွယ်ရေးဇုန်၊ မြဝတီကုန်သွယ်ရေးဇုန်နဲ့ တမူးကုန်သွယ်ရေးစခန်းများမှ ပိုမိုတင်သွင်းခဲ့တဲ့အတွက် ယခုလိုပိုမိုရခြင်းဖြစ်တယ်လို့ သိရပါတယ်။

တင်သွင်းမှုကိုကြည့်ပါက မူဆယ်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၆၆၉ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၈၁၀၇ စီး၊ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၀၁၀ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၁၂၆၉ စီး၊ တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၁၁ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၁၃ စီးနဲ့ ကန်ပိုက်တီကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၃၄ သန်းတန်ဖိုး ရှိ ဆိုင်ကယ်အစီး ၁၂၀ ကို တင်သွင်းခဲ့တယ်လို့ သတင်းရရှိပါတယ်။

နှစ်ဘီးဆိုင်ကယ်များအပြင် မူဆယ်ကုန်သွယ်ရေးဇုန် နဲ့ ကန်ပိုက်တီကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၄၃၈ သန်းတန်ဖိုးရှိ သုံးဘီးဆိုင်ကယ် ၃၄၂ စီး တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

**ခင်မိုးသူ**

# မူဆယ်မှ ဝါဂွမ်းရောပိုးအိမ်ပါ တင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ တစ်ဆင့် ဇူလိုင် ၁၅ ရက်မှ ၂၁ ရက် အထိ သီတင်းပတ်အတွင်း တရုတ်နိုင်ငံသို့အမေရိကန်ဒေါ်လာ ၁၅၈၄၀၀ တန်ဖိုးရှိ ဝါဂွမ်း ၇၂ တန် တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ တန် ၅၀ နဲ့ နှိုင်းယှဉ်ပါက ၂၂ တန် ပိုမိုတင်ပို့ခဲ့ပါတယ်။ ဝါဂွမ်းအပြင် အမေရိကန်ဒေါ်လာ ၂၈၀၀၀ တန်ဖိုးရှိ ပိုးအိမ် ၈ တန်ကိုလည်း တင်ပို့ခဲ့တာ တွေ့ရပါတယ်။

ဝါတင်ပို့ခွင့်ကို နှစ် ၂၀ ကျော်ကြာ ရပ်ဆိုင်းထားပြီး ၂၀၁၄ ခုနှစ် မတ် ၃ ရက်မှ ပြန်လည်တင်ပို့ခွင့်ပြုခဲ့ကြောင်း၊ ယခင်က ပြည်ပတင်ပို့ခွင့် မရှိလို့ ဝါစိုက်တောင်သူတွေ နှစ်စဉ်အရှုံးပေါ်နေကြောင်း၊ တရုတ်က ဝယ်လို့ တောင်သူတွေ အခြေအနေကောင်းလာကြောင်း၊ဝါပင်ကို မြန်မာနိုင်ငံအလယ်ပိုင်းဒေသတွေမှာ အဓိကစိုက်ပျိုးကြကြောင်း တံတားဦးမြို့ရှိ ဝါစိုက်တောင်သူတစ်ဦးထံမှ သိရပါတယ်။

**မော်မော်အောင်**

# ထိုင်းနယ်စပ်မှ ရေထွက်ကုန် တင်ပို့မှုကျဆင်း

ထိုင်းနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ဇူလိုင် ၁၅ ရက်မှ ၂၁ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၃၆၈ သန်းတန်ဖိုးရှိ ရေထွက်ကုန် ၁၈၄၈ တန်ကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၂၁၈၁ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၃၃၃ တန်လျော့နည်းတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မှာ မြဝတီကုန်သွယ်ရေးဇုန်မှ ရေထွက်ကုန် ပိုမိုတင်ပို့ခဲ့ပေမယ့် ကော့သောင်းကုန်သွယ်ရေးစခန်းနဲ့ မြိတ်ကုန်သွယ်ရေးစခန်းများမှ ရေထွက်ကုန်များ လျော့နည်းခဲ့တဲ့အတွက် ယခုလိုတင်ပို့မှု ကျဆင်းရခြင်းဖြစ်တယ်လို့ သိရပါတယ်။

တင်ပို့မှုကိုကြည့်ပါက မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၀၁ သန်းတန်ဖိုးရှိ ငါးမျိုးစုံ၊ ကဏန်း၊ ပုစွန်တို့ကို တန် ၈၀ ခန့်၊ ကော့သောင်းကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၇၃၉ သန်းတန်ဖိုးရှိ ငါးမျိုးစုံ၊ ပုစွန်၊ အခြားရေထွက်၊ ကဏန်း၊ ကင်းမွန်၊ ရေဘဝဲတို့ကို ၈၉၇ တန်၊ မြိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၂၈ သန်း တန်ဖိုးရှိ ငါးမျိုးစုံ၊ အေးခဲကဏန်း၊ အေးခဲပုစွန်၊ ကင်းမွန်၊ ရေငန်ပုစွန်၊ ငါးခြောက်၊ သဲကဏန်း၊ ကင်းမွန်(လိပ်)တို့ကို တန် ၈၇၀ ခန့်တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

# မူဆယ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ကော်ဖီစေ့တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှတစ်ဆင့် ဇူလိုင် ၁၅ ရက်မှ ၂၁ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၇၉၂၉၀ တန်ဖိုးရှိ ကော်ဖီစေ့ တန် ၉၀ ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က တင်ပို့မှုမရှိဘဲ ဇွန်လနောက်ဆုံးပတ်က ၂၉ တန် တင်ပို့ခဲ့တာ တွေ့ရပါတယ်။

မြန်မာနိုင်ငံတွင် ကော်ဖီစိုက်ပျိုးနိုင်မယ့် ကုန်းမြင့် မြေလွတ်မြေရိုင်းများစွာရှိပြီး နိုင်ငံအတွင်း ကော်ဖီစိုက်ပျိုး ထုတ်လုပ်သူများက နည်းပညာနဲ့ ဈေးကွက်များ ရှာဖွေနေကြကြောင်း၊ အထူးသဖြင့် အော်ဂဲနစ်အမျိုးအစား ကော်ဖီတွေကိုရွေးပြီး စိုက်ပျိုးကြကြောင်း၊ ရှမ်းပြည်နယ် ရွာငံမြို့နယ်၌ ၇၈ ဧကပေါ်တွင် အော်ဂဲနစ်ကော်ဖီကို စိုက်ပျိုးထုတ်လုပ်လျက်ရှိကြောင်း ရွာငံမြို့မှ ကော်ဖီစိုက်ပျိုးထုတ်လုပ်သူ တစ်ဦးထံမှ သိရပါတယ်။

**မော်မော်အောင်**

# မူဆယ်မှ တရုတ်နိုင်ငံသို့ ပရဆေးပိုမိုတင်ပို့

ဇူလိုင် ၁၅ ရက်မှ ၂၁ ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-တရုတ်နယ်စပ် ရှိမူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၄၇၁ သန်းတန်ဖိုးရှိ ပရဆေးကုန်ကြမ်းအမယ်ခုနစ်မျိုး၊ တန်ချိန်အားဖြင့် ၅၃၅ တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၃၈၅ တန်ကျော်နဲ့ နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ တန် ၁၅၀ ခန့် ပိုမိုတင်ပို့ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့ပရဆေးအမယ်များမှာ ကွမ်းစားဂမုန်း၊ နနွင်းတက်၊ ဆီးဆန်၊ တောချင်း၊ နေလဲစေ့၊ မာလာဥခေါင်းနဲ့ ဒရင်ကောက်မြစ်တို့ဖြစ်ပါတယ်။ ယခုတစ်ပတ်တွင် ယခင်တစ်ပတ်က တင်ပို့မှုမရှိတဲ့ ကွမ်းစားဂမုန်းတင်ပို့ခဲ့ပြီး ဒရင်ကောက်မြစ်တင်ပို့မှုမှာ ယခင်တစ်ပတ်ထက် တင်ပို့မှုလျော့နည်းခဲ့သော်လည်း အခြားပရဆေးအမယ်တွေ ပိုမိုတင်ပို့နိုင်ခဲ့လို့ ယခုတစ်ပတ် ပရဆေးတင်ပို့မှု ပိုမိုခဲ့ရတာ ဖြစ်ပါတယ်။

မြန်မာ-အိန္ဒိယနယ်စပ်ရှိ တမူးနဲ့ ရိဒ်ကုန်သွယ်ရေး စခန်းနှစ်ခုက အမေရိကန်ဒေါ်လာ ၅၃၁၉၃ တန်ဖိုးရှိ တောင်လုံးကျော် သုံးတန်ကျော်ကို မြန်မာနိုင်ငံသို့ တင်သွင်းခဲ့ရာ တမူးမှ နှစ်တန်ခွဲ၊ ရိဒ်မှတန်ဝက်ဖြစ်ကြောင်း ကုန်သွယ်ရေးစခန်း၏ စာရင်းများအရ သိရပါတယ်။

**မော်မော်အောင်**

## မူဆယ်မှ ရေထွက်ကုန် တန်ချိန်ရော တန်ဖိုးပါ ပိုမိုတင်ပို့

မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ဇူလိုင် ၁၅ ရက်မှ ၂၁ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၀၃ သန်းတန်ဖိုးရှိ ရေထွက်ကုန် ၉၃၆ တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၇၆၃ တန်နဲ့ နှိုင်းယှဉ်ပါက တန်ချိန်အားဖြင့် ၁၇၃ တန်ပိုမိုပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ သုည ဒသမ ၃၅၂ သန်းပိုမိုတင်ပို့ ခဲ့ပါတယ်။

ယခုတစ်ပတ်တွင် ယခင်တစ်ပတ်က တင်ပို့မှုမရှိခဲ့တဲ့ ငါးခြောက်၊ ပုစွန်ခြောက်၊ ပုစွန်၊ ငါးဟောက်၊ ငါးရှဉ့်နဲ့ ငါးကြင်းစီဖောင်းတို့ တင်ပို့နိုင်ခဲ့ခြင်းနဲ့ ငါးမျိုးစုံ၊ ငါးဆားနယ်၊ ငါးစီဖောင်းတို့ပိုမိုတင်ပို့နိုင်ခဲ့ခြင်းကြောင့် တန်ချိန်ရော တန်ဖိုးပါ ပိုမိုလာရခြင်းဖြစ်ပါတယ်။

**မော်မော်အောင်**

# ဘင်္ဂလားဒေ့ရှ်နယ်စပ်မှ ရေချိုငါးမြစ်ချင်းပိုမိုတင်ပို့

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ဇူလိုင် ၁၅ ရက်မှ ၂၁ ရက်အထိ သီတင်းပတ် အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၁၁၂ သန်းတန်ဖိုးရှိ ရေချိုငါးမြစ်ချင်း ၁၁၄ တန်ကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၉၅ တန်သာ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၁၉ တန်ပိုမိုတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မှာ စစ်တွေကုန်သွယ်ရေးစခန်းမှ ရေချိုငါးမြစ်ချင်း တင်ပို့မှုလျော့နည်းခဲ့ပေမယ့် မောင်တောကုန်သွယ်ရေးစခန်းမှ ပိုမိုတင်ပို့ခဲ့တဲ့အတွက် ယခုလိုပိုမိုရခြင်းဖြစ်တယ်လို့ သိရပါတယ်။

တင်ပို့မှုကိုကြည့်ပါက စစ်တွေကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၆၄ သန်းတန်ဖိုးရှိ ရေချိုငါးမြစ်ချင်းတန် ၇၀ နဲ့ မောင်တောကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၄၈ သန်းတန်ဖိုးရှိ ရေချိုငါးမြစ်ချင်း ၄၄ တန်ကို တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

စစ်တွေကုန်သွယ်ရေးစခန်းမှ ရေချိုငါးမြစ်ချင်းအပြင် အမေရိကန်ဒေါ်လာ သုည ဒသမ ၁၀၃ သန်းတန်ဖိုးရှိ မန်ကျည်းစေ့၊ ဆီးသီးခြောက်၊ ချင်းစို၊ ဧည့်မထဆန်၊ ဆီးယိုထုတ်တို့ကို ၃၉၇ တန်တင်ပို့ခဲ့ပြီး မောင်တောကုန်သွယ်ရေးစခန်းမှ ရေချိုငါးမြစ်ချင်းအပြင် အမေရိကန်ဒေါ်လာ သုည ဒသမ ၀၈၄ သန်းတန်ဖိုးရှိအခြားရေထွက်ပစ္စည်းများဖြစ်သော ငါးသလောက်၊ ရေငန်ပုစွန်၊ ငါးခေါင်းပွ၊ ငါးစုံလေးခြောက်၊ ငါးနီတူခြောက်တို့ကို ၃၈ တန်တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

# အိန္ဒိယနယ်စပ်မှ ကွမ်းသီးတင်ပို့မှုကျဆင်း



မြန်မာ-အိန္ဒိယနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ဇူလိုင် ၁၅ ရက်မှ ၂၁ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၅၈၀ သန်းတန်ဖိုးရှိ ကွမ်းသီး ၆၃၈ တန်ကို အိန္ဒိယနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၇၁၄ တန် တင်ပို့ခဲ့တဲ့အတွက် ယခု တစ်ပတ်မှာ ၇၆ တန် လျော့နည်းတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မှာ ရိဒ်ကုန်သွယ်ရေးစခန်းမှ ကွမ်းသီးလျော့နည်း တင်ပို့ခဲ့သလို တမူးကုန်သွယ်ရေးစခန်းမှလည်း အနည်းငယ်သာ တင်ပို့ခဲ့တဲ့အတွက် ယခုလိုလျော့နည်းရခြင်း ဖြစ်တယ်လို့ သိရပါတယ်။

တင်ပို့မှုကိုကြည့်ပါက ရိဒ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၅၀၉ သန်းတန်ဖိုးရှိ ကွမ်းသီးတန် ၆၃၀၊ တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၇၁ သန်းတန်ဖိုးရှိ ကွမ်းသီးရှစ်တန်ကို တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

ကွမ်းသီးအပြင် ရိဒ်ကုန်သွယ်ရေးစခန်းမှ အမေရိကန် ဒေါ်လာ သုည ဒသမ ၁၉၈ သန်းတန်ဖိုးရှိ ငရုတ်ကောင်း၊ စောင်၊ မတီရှပ်၊ ကလေးဝမ်းဆက်၊ စီးကရက်တို့ကို ၉၂ တန်နဲ့ တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၉၄ သန်း တန်ဖိုးရှိ နန့်ဖာလုံအမယ်စုံနဲ့ ကြက်သွန်ဖြူတို့ကို နှစ်တန်ခန့် တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

# အားထားယုံကြည်စွာ လှမ်းလာခဲ့ပါ CICC ရုံးဆီ

|ခင်မြင့်မြင့်သန်း(နေပြည်တော်)|

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာန အနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ စတင်၍ စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများကို အရှိန်အဟုန် တိုးမြှင့်ဆောင်ရွက်လာခဲ့ပြီး စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းနဲ့ ပြည်သူတို့အကြားမှာအသိအမှတ်ပြုခံရတဲ့အထိ ထိုးဖောက်နိုင်ခဲ့တာတွေ့ရှိရပါတယ်။ တိုင်းဒေသကြီးနဲ့ပြည်နယ်အသီးသီးမှာ စားသုံးသူအကာကွယ်ပေးရေးလုပ်ငန်းစဉ် ခြောက်ရပ်နဲ့ အသိပညာပေး ဟောပြောခြင်း၊ ကွင်းဆင်းလေ့လာစိစစ်ခြင်း၊ ပြည်တွင်းအလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်း၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံခြင်း၊ သင်တန်းများ ဖွင့်လှစ်ပို့ချခြင်း၊ စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အစည်းအဝေးများ ကျင်းပခြင်းကို ဝန်ထမ်းများက ကိုယ်စွမ်း ဉာဏ်စွမ်းရှိသလောက် ကြိုးစားခဲ့ကြတဲ့အတွက် ကြိုးစား ခြင်းရဲ့ ရလဒ်အဖြစ် စားသုံးသူအခွင့်အရေးဆိုတဲ့စကားလုံးဟာ ပြည်သူများအကြားမှာ နွေးထွေးစွာ ပေါ်ပေါက်လာခဲ့ပါတယ်။ ၂၀၁၆ ခုနှစ်မှာ စားသုံးသူရေးရာဦးစီးဌာနကို သီးခြားဌာနတစ်ခုအဖြစ်ရပ်တည်ခဲ့ပြီး လုပ်ငန်းများစတင်ဆောင်ရွက်ခဲ့ရာမှာ ၂၀၁၇ ခုနှစ်အတွင်းမှာတော့ ပြည်သူများ စိတ်ကျေနပ်စေဖို့၊ အားထားယုံကြည်စေဖို့ Consumer Information and Com- plaint Center(CICC) ဆိုတဲ့ စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာတွေ ဖွင့်လှစ်ဆောင်ရွက်နေပြီဖြစ်ပါတယ်။

CICC ရုံးဖွင့်လှစ်ရတဲ့ ရည်ရွယ်ချက်ကတော့ စားသုံးသူပြည်သူများ လွယ်ကူစွာတိုင်ကြားနိုင်တဲ့နေရာ သတ်သတ်မှတ်မှတ် ရှိမယ်၊ တိုင်ကြားမှုကို လက်ခံဆောင်ရွက်ပေးမယ့် တာဝန်ခံအရာရှိ ရှိမယ်၊ လမ်းညွှန်ပေးနိုင်မယ်၊ ဖုန်းနဲ့တိုင်လို့ရတယ်၊ ဖက်စ်နဲ့တိုင်လို့ရတယ်၊ လူကိုယ်တိုင် လာရောက်တိုင်ကြားနိုင်တယ်။တိုင်ကြားသူထံ ၄၈ နာရီအတွင်း အကြောင်းပြန်ကြားပေးနိုင်တဲ့အတွက် လွယ်ကူမြန်ဆန်တဲ့ ဝန်ဆောင်မှုတွေပေးနိုင်မယ် စတဲ့ ရည်ရွယ်ချက်တွေနဲ့ CICC ဆိုတဲ့ BRAND တစ်ခုကို မွေးဖွားခဲ့ခြင်းဖြစ်ပါတယ်။ မိမိတို့ စားသုံးသူရေးရာဦးစီးဌာနအနေနဲ့ လူမှုကွန်ရက်မှာCICC NayPyiTaw ဆိုတဲ့ ပေ့ချ်တစ်ခုကိုလည်း ဖွင့်လှစ်ထားပြီး တိုင်းနှင့် ပြည်နယ်ရုံး အသီးသီးနဲ့ ခရိုင်ရုံး ၅၆ ရုံးပါ ဆက်သွယ်တိုင်ကြားနိုင်တဲ့ CICC ရုံးဖုန်းနံပါတ်များကို ဖော်ပြထားတဲ့အတွက် စားသုံးသူ ပြည်သူအများ လွယ်လင့်တကူ တိုင်ကြားနိုင်ကြပြီ ဖြစ်ပါတယ်။

စားသုံးသူ ပြည်သူတွေအနေနဲ့ ဘယ်လို အကြောင်းအရာတွေ၊ ဘယ်လိုအချက်တွေ၊ ဘယ်လို အရာတွေကို တိုင်ကြားနိုင်တာလဲ စားသုံးသူ ပြည်သူတွေနားလည်ဖို့ လိုအပ်ပါတယ်။ စားသုံးသူတွေအနေနဲ့ လူမှုဘဝအတွင်း နေ့စဉ် တွေ့ကြုံ ရင်ဆိုင်နေကြရတဲ့ ကုန်စည်နဲ့ ဝန်ဆောင်မှုတွေအပေါ် နစ်နာ ဆုံးရှုံးမှုရှိခဲ့ရင်၊ အခွင့်အရေး ချိုးဖောက်ခံရရင်၊ ဝယ်ယူမယ့် ကုန်စည်သို့မဟုတ် ဝန်ဆောင်မှုအတွက် သတင်းအချက်အလက်မသိရရင်၊ ရွေးချယ်ခွင့်မရှိရင်၊ ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေး ထိခိုက်သွားခြင်းအပြင် ဝယ်ယူတဲ့ ပစ္စည်းဟာ အာမခံကာလအတွင်း ပျက်စီးသွားခဲ့ရင် တိုင်ကြားလို့ ရပါတယ်။ ဝန်ဆောင်မှုတွေနဲ့ ပတ်သက်တာ၊ စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုတွေအတွက်လည်း တိုင်ကြားနိုင်ပါတယ်။ စားသုံးသူတွေအနေနဲ့ ထိခိုက်နစ်နာတဲ့ အကြောင်းတွေကို သက်သေအထောက်အထားတွေနဲ့ တိုင်ကြားနိုင်သလို CICC စင်တာရုံးများအနေနဲ့ ၄၈နာရီအတွင်း အကြောင်းပြန်ကြား ဆောင်ရွက်ပေးသွားမှာဖြစ်တဲ့အတွက် တိုင်ကြားသူအနေနဲ့ အချိန်တိုအတွင်း ပြဿနာတစ်ခု အကြောင်းအရာတစ်ခုကို စိတ်ကျေနပ်မှု ရရှိစေနိုင်မှာ ဖြစ်ပါတယ်။

စားသုံးသူရေးရာ ဦးစီးဌာနရဲ့ စားသုံးသူများ လုံခြုံ စိတ်ချရမှုရှိစေရန် ဆိုတဲ့ မျှော်မှန်းချက်နဲ့အညီ စားသုံးသူများရဲ့ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ လုံခြုံမှုများအတွက် တာဝန်ယူ ဆောင်ရွက်ပေးခွင့် ရရှိခြင်းကလည်း ကုသိုလ်ထူး တစ်မျိုးဖြစ်တယ်လို့ ဝန်ထမ်းတိုင်းခံယူကျင့်သုံးလျက်ရှိပါတယ်။ ဝန်ဆောင်မှုနဲ့ စားသုံးသူ နေ့စဉ်မပြတ် ထိတွေ့ဆက်ဆံနေကြရပြီး လူတိုင်းနဲ့ ကင်းကွာလို့မရတဲ့ အခြေအနေဖြစ်ပေမယ့် မြန်မာလူမျိုးတို့ရဲ့ ဓလေ့အရ အားနာတတ်ခြင်း၊ ဘာသာရေးအရ ဝဋ်လိုက်မှာစိုးခြင်း၊ သူများစီးပွားရေး၊ သူများထမင်းလုပ်အတွက် မဖျက်ဆီးချင်ကြခြင်း၊ ခိုက်ရန်ဖြစ်ပွား အငြိုးအတေးထားမှာ ကြောက်ရွံ့ကြခြင်း စတဲ့အချက်တွေကြောင့် နစ်နာမှု၊ ဆုံးရှုံးမှု၊ ပျက်စီးမှု စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများ ရှိခဲ့သော်လည်း တိုင်ကြားတဲ့ အလေ့အထ မရှိခဲ့ကြပါဘူး။ ဒါ့အပြင် စားသုံးသူ အကာအကွယ်ပေးရေး၊ စားသုံးသူများရဲ့အခွင့်အရေး၊ ရပိုင်ခွင့်နဲ့ပတ်သက်ပြီး အသိပညာ နည်းပါးသေးခြင်း စတဲ့ အချက်တွေကြောင့်လည်း မိမိတို့ စားသုံးသူရေးရာ ဦးစီးဌာနနဲ့ စားသုံးသူ ပြည်သူအကြား နွေးထွေးတဲ့ ဆက်ဆံရေး မရရှိသေးတဲ့ အခြေအနေတစ်ခု ဖြစ်နေသေးတာကို တွေ့ရပါတယ်။ သို့သော်လည်း မသိသူကျော်သွားသိသူ ဖော်စားဆိုသလို စားသုံးသူ အခွင့်အရေး၊ ရပိုင်ခွင့်အသိပညာ ရှိသူများ ရုံးချုပ်နဲ့ တိုင်းဒေသကြီး၊ ပြည်နယ် အသီးသီးရှိ စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ရဲ့ ဖြေရှင်းပေးမှုနဲ့ ပြဿနာပြေလည်ကာ စိတ်ကျေနပ်မှုများရရှိစေခဲ့တဲ့ သာဓကများစွာရှိတာလည်း တွေ့ရပါတယ်။ ယင်းသာဓကများစွာအနက်မှ စေ့စပ်ညှိနှိုင်း ဖြေရှင်းခြင်း၊ အရေးယူ ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းများကြောင့် စားသုံးသူ ပြည်သူများရဲ့ စိတ်ကျေနပ်မှုအချို့ကိုလည်း တင်ပြလိုပါတယ်။

ရန်ကုန်တိုင်းဒေသကြီးမှာ iPhone ဝယ်ယူပြီး မကြာမီ Hardware စက်ချို့ယွင်းသဖြင့် တိုင်တန်းသူနှင့် အရောင်းဆိုင်တို့အကြား ညှိနှိုင်းဖြေရှင်းပေးခဲ့တဲ့အတွက် ဖုန်းတစ်လုံး အသစ်လဲလှယ်ပေးနိုင်ခဲ့ခြင်း၊ သောက်ရေသန့်တွင် အနည်ပါ၍ သန့်ရှင်းမှု မရှိခြင်းအား တိုင်တန်းသဖြင့် အရောင်းကိုယ်စားလှယ်ဆိုင်နှင့် ထုတ်လုပ်သည့်စက်ရုံသို့ ကွင်းဆင်းစစ်ဆေးခဲ့ရာ ရေသန့်စက်ရုံမှ ခွင့်ပြုချက်နှင့်အညီ ဆောင်ရွက်ထားသော်လည်း အရောင်းကိုယ်စားလှယ်က သန့်ရှင်းသပ်ရပ်မှု မရှိခြင်း၊ ကျန်းမာရေးနှင့်မညီညွတ်ခြင်းအတွက် အရောင်းကိုယ်စားလှယ်အား ပိတ်သိမ်းဆောင်ရွက်ခြင်းတို့ကို ပြုလုပ်ခဲ့ပါတယ်။

ရခိုင်ပြည်နယ်မှာလည်း ခေါက်ဆွဲကြော်နဲ့ မုန့်တီသုပ် ဝယ်စားရာ စားသုံးသူ ၆၂ ဦး အော့အန်ခြင်း၊ရင်ကျပ်ခြင်း၊ သတိလစ်ခြင်းများ ဖြစ်သဖြင့် စုံစမ်းရာ ရန်ကုန်မြို့ရှိ ညောင်ပင်လေးဈေးမှ ဝယ်ယူသည့် စားအုန်းဆီမှ အစာအဆိပ်သင့်ကြောင်း သိရသဖြင့် ပေပါပုံးခွံများ သန့်ရှင်းရေးအတွက် စားဆီတင်သွင်းရောင်းချသူများနှင့် ညှိနှိုင်းခဲ့ခြင်း၊ FDA ထောက်ခံချက်မရှိဘဲ ထုတ်လုပ်လျက်ရှိသည့် အမှတ်တံဆိပ်မပါ အချိုမှုန့်နှင့် ရွှေဖလား၊ ငွေဖလား အမှတ်တံဆိပ်အချိုရည်များကို တိုင်တန်းချက်အရ ထုတ်လုပ်ရန် ရပ်ဆိုင်းခြင်း စတဲ့ အရေးယူဆောင်ရွက်မှုများ ပြုလုပ်နိုင်ခဲ့ပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်ရှိ သောက်ရေသန့် လုပ်ငန်းများအား ခွင့်ပြုချက်လိုင်စင်ရရှိမှသာ ဆောင်ရွက်ရန် လမ်းညွှန်ခဲ့ခြင်း၊ မုံရွာညိုညို ရောင်းဝယ်ရေးဆိုင်ရှိ ငရုတ်သီးမှုန့်၊ နနွင်းမှုန့်၊ သရက်သီးသနပ်များသည် ဓာတုဗေဒ သတ်မှတ်ချက်နှင့် မကိုက်ညီသဖြင့် ရောင်းချမှုမပြုရန် လမ်းညွှန်ခဲ့ခြင်း၊မုံရွာဈေးများအတွင်းရှိ စားသုံးရန်မသင့် မုန့်များသိမ်းဆည်း ဖျက်ဆီးခြင်းနှင့် နောင်မရောင်းချရန် ဝန်ခံကတိလက်မှတ် ရေးထိုးစေခဲ့ခြင်းများ ဆောင်ရွက်နိုင်ခဲ့ပါတယ်။

မန္တလေးတိုင်း ဒေသကြီးအတွင်း အာမခံသက်တမ်းကာလ မပြည့်မီ ပျက်စီးသွားသည့် Samsung LCD TV တစ်လုံးအား အစားထိုး လဲလှယ်ပေးနိုင်ခဲ့ခြင်းဖြင့် စားသုံးသူအတွက် စိတ် ကျေနပ်မှု ရရှိစေခဲ့ခြင်း၊ သတင်းပေးတိုင်ကြားချက်အရ အေးခဲအသား ရောင်းချသည့် အအေးခန်း လုပ်ငန်းကြီးများသည် အသေးစားလုပ်ငန်းလိုင်စင် မှတ်ပုံတင်မရှိသည့်အတွက် ယာယီပိတ်သိမ်းခြင်း၊ လူဝင်မှုကြီးကြပ်ရေးဥပဒေဖြင့်အရေးယူခဲ့ခြင်း၊ အေးခဲအသားများအား ဓာတ်ခွဲစမ်းသပ် စစ်ဆေးချက်အရ ဘက်တီးရီးယား ပိုးတွေ့သဖြင့် မိတ်ဖက်အဖွဲ့များနှင့် ပူးပေါင်းဖျက်ဆီးခဲ့ခြင်း စတဲ့ အရေးယူဆောင်ရွက်ခြင်းများ ပြုလုပ်ခဲ့ပါတယ်။

ဧရာဝတီတိုင်းဒေသကြီးတွင်လည်း သောက်ရေသန့်၊ စားသုံးဆီကိစ္စများ၊ ပုသိမ်-ရန်ကုန် ရွှေမင်္ဂလာ Express ၏ ဝန်ဆောင်မှုညံ့ခြင်း အဆင်မပြေမှုများအတွက် စိတ်ကျေနပ်မှု မရှိခြင်းများကြောင့် Facebook တင်ရာ ယာဉ်ကြီးကြပ်နှင့် ယာဉ်လိုင်းပိုင်ရှင်များအား ခေါ်ယူတွေ့ဆုံကာ ခရီးသည် စိတ်ကျေနပ်မှု ရရှိရေး စေ့စပ်ညှိနှိုင်းပေးခဲ့ပါတယ်။

မကွေးတိုင်း ဒေသကြီးတွင် စားသုံးရန် မသင့် ဆီးထုပ်၊ အချိုရည်၊ အကင်မျိုးစုံ၊ ခေါက်ဆွဲခြောက်နှင့် မှိုတက်မုန့်များ ရောင်းချမှု မရှိစေရေး လက်မှတ်ရေးထိုးစေခြင်း၊ သရက်မြို့မှ အရောင်တင်မှုန့်များမှာ ခွင့်မပြု ဓာတုဆိုးဆေးများ အသုံးပြုထားတဲ့အတွက် ပြင်းထန်စွာ သတိပေးခြင်း၊ ဖျက်ဆီး ဆောင်ရွက်ခြင်းများ ပြုလုပ်နိုင်ခဲ့ပါတယ်။ ကချင်ပြည်နယ်တွင် သက်တမ်းလွန် Brabo ကော်ဖီမစ် နှင့် အသင့်စား Mamee ခေါက်ဆွဲခြောက်တို့ကို ရောင်းချသဖြင့်အဖွဲ့၏ ဆုံးဖြတ်ချက်အရ ဆက်စပ်ဦးစီးဌာနများနှင့် ပူးပေါင်း၍ မီးရှို့ဖျက်ဆီးခဲ့ခြင်းတို့ ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ကယားပြည်နယ် လွိုင်ကော်မြို့တွင် ပုပ်သိုးအမဲသားများ ရပ်ကွက်တွင်းရောင်းချမှုအပေါ် တိုင်ကြားခဲ့ရာ တိုင်ကြားဝယ်ယူသူနှင့် ရောင်းချသူအကြား စိတ်ကျေနပ်မှုရရှိစေရန် ညှိနှိုင်းဖြေရှင်းပေးခြင်းနှင့် စားသုံးရန်မသင့် တရုတ်ဆီးသီးဘူးနှင့် စားသုံးရန်မသင့် မုန့်များ သိမ်းဆည်း/ဖျက်ဆီး နိုင်ခဲ့တာလည်း တွေ့ရပါတယ်။

ရှမ်းပြည်နယ် တောင်ကြီးတွင် မြန်မာဘာသာမပါရှိသည့် ဓာတ်မြေဩဇာများ အရည်အသွေး မပြည့်မီခြင်းများအတွက် သက်ဆိုင်ရာဌာနမှ အရေးယူဆောင်ရွက်နိုင်ရန် အကြောင်းကြားခြင်း၊ ကျိုင်းတုံရှိ စိန်နန်းတော် တံဆိပ် ရွှေဘိုပေါ်ဆန်းမွှေး ဝယ်ယူချက်ပြုတ်ရာတွင် မွှေးကြိုင်သော ရနံ့မရ၍ စေ့စပ်ညှိနှိုင်းပေးချက်အရ ဆိုင်ရှင်မှ ငွေပြန်အမ်းပေးခဲ့ခြင်း၊ တရားမဝင်ကုန်သွယ်လာသော အေးခဲအသားများအား ခြောက်ကြိမ် ဖမ်းဆီးပြီး ပို့ကုန်သွင်းကုန် ဥပဒေဖြင့် ပြစ်မှုကြောင်းအရ အရေးယူဆောင်ရွက်ခဲ့ခြင်းစတဲ့ အရေးယူဆောင်ရွက်မှုများလည်း ပြုလုပ်နိုင်ခဲ့ပါတယ်။ နေပြည်တော်မှာ နန်းစိန်ကိတ်မုန့်တွင် ပလတ်စတစ်စ ပါလာမှု တိုင်ကြားခြင်းအတွက် မုန့်တိုက်တာဝန်ခံအား အလားတူဖြစ်ရပ် မဖြစ်စေရန် ဝန်ခံကတိလက်မှတ် ရေးထိုးစေခဲ့ခြင်း စသည်ဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ စားသုံးသူရေးရာ ဦးစီးဌာနများ၏ စားသုံးသူပြည်သူများ အတွက်စိတ်ကျေနပ်မှု ရရှိစေသည့် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးနေပြီ ဖြစ်ပါတယ်။

ဒါကြောင့်စားသုံးသူပြည်သူများ အနေနဲ့ ပုဂ္ဂလိက ပညာရေးဝန်ဆောင်မှု လုပ်ငန်းများ ၊ ပုဂ္ဂလိက ဆေးရုံဆေးခန်း ဝန်ဆောင်မှုလုပ်ငန်းများ၊ စားသောက်ဆိုင် ဝန်ဆောင်မှုလုပ်ငန်း၊ စားသုံးဆီ ရောင်းဝယ်ရေးလုပ်ငန်း၊ ခရီးသွားဝန်ဆောင်မှု လုပ်ငန်းများ၊ ဆောက်လုပ်ရေး ဝန်ဆောင်မှု လုပ်ငန်းများ၊ ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်း၊နိုင်ငံခြား ပညာသင်၊ အလုပ်အကိုင်ရှာဖွေရေး ဝန်ဆောင်မှုအေဂျင်စီလုပ်ငန်း၊ ဘုရားဖူးပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းများ၊ ပုဂ္ဂလိကဘဏ် ဝန်ဆောင်မှုလုပ်ငန်းများ၊ မော်တော်ယာဉ်အရောင်းပြခန်း ဝန်ဆောင်မှုလုပ်ငန်းများ၊ ပုဂ္ဂလိက စက်သုံးဆီအရောင်းဆိုင်များ ဝန်ဆောင်မှု၊ အလှပြုပြင်ရေး ဝန်ဆောင်မှု စသည်ဖြင့် ဝန်ဆောင်မှုများစွာအတွက် စားသုံးသူများ စိတ်ကျေနပ်မှုရှိစေရေး အတွက် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မှာ ဖြစ်ပါတယ်။

ဒါကြောင့် စားသုံးသူပြည်သူများ အနေနဲ့ မိမိတို့၏အခွင့်အရေး၊မိမိတို့၏ စားသုံးသူ ရပိုင်ခွင့်များအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ စားသုံးသူရေးရာဦးစီးဌာန CICC ရုံးများတွင် အားမနာတမ်း တိုင်ကြားနိုင်ပြီဖြစ်ပါကြောင်း အသိပေး တင်ပြလိုက်ရပါတယ်။

## အကြံပြုစာများ ဖိတ်ခေါ်ခြင်း

မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်သွယ်မှုလုပ်ငန်းသည် အရေးပါသော အခန်းကဏ္ဍမှပါဝင်လျက်ရှိရာ နိုင်ငံတော်အနေဖြင့် ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် အပတ်တကုတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ကုန်သွယ်မှုလုပ်ငန်းများ အဆင်ပြေ ချောမွေ့စေရေးအတွက် ဆောင်ရွက်ရာတွင် တွေ့ကြုံရသော အခက်အခဲများကို အဆင်ပြေစွာ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်ချက်များကို စာဖတ်သူများထံမှ အကြံပြုချက်များအား ဖိတ်ခေါ်ပါသည်။ ပေးပို့လာသော အကြံပြုချက်များကို သက်ဆိုင်ရာများ သိရှိနိုင်စေရန်အတွက်ဂျာနယ်တွင် ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

အကြံဉာဏ်များကိုပေးပို့ရာတွင် အမည်၊ မှတ်ပုံတင်နှင့် နေရပ် လိပ်စာကို ဖော်ပြပေးရမည်ဖြစ်ပြီး အဆိုပါ ကိုယ်ရေးအချက်အလက်များကို ဖော်ပြသွားမည် မဟုတ်ပါ။

**Golden Pinya Investment Co.,Ltd**

Address: No.32, Kone Myint Yeik Thar St, (7)Miles, (6)Ward, Mayangone Township, Yangon.
Phone: +(95-1) 652 905, 652 906, 652 907
Fax: +(95-1) 651 751
Email: goldunirgn@gmail.com

**THAR YAR CHAN MYAE TRADING CO.,LTD**



Rest : No.16,4th Floor,156 Street,Tamwe Township,Yangon
Office : No.162,1th Floor,50th Street(Upper),Pazundaung Township Yangon,Myanmar.
Tel :(+959) 5078079, (+959) 965078079
E-mail: kotinaung1234@gmail.com

**PYI MIN PAING CO.,LTD**
&
**HORIZON EXPORT & IMPORT SERVICES AGENCY**



- Export & Import
- Customs Clearance Service
- Company Registration
- Trading Service
- Transportation

Address Office: No.95, 3rd Floor, 39th Street, Kyauktada Tsp., Yangon, Myanmar
Res: No 26, 7th Floor, 109th Street, Mingalartaungnyunt Tsp., Yangon, Myanmar
Ph: 096560759, 09781930785, 095115654, 0991038969, 09401561265
E-mail: info@pyiminpaing.com
Website: www.pyiminpaing.com

**PREMIUM WORLDWIDE CO., LTD.**

SDC
**SALES DIRECT CO.,LTD.**

- Logistics & Supply Chain
- Shipping Agency & Customs Valuation
- Cold Storage, Dry Storage & General Warehousing
- Consumables (F & B)
- FDA import permit
- Government licensing submission
- Occupational Health & Safety



*HQ & Distribution Hub*
209~238, Kanaung Minthar Gyi Street, Industrial Zone(2), Hlaing Thar Yar Township, Yangon, Myanmar.
+95 9 42 009 7564, +95 9 42 112 5584
fmcgmyanmar@gmail.com
www.premiumimports.co

*Mandalay Office*
No.(C-1), Corner of 71 St & 35 St, Yan Myo Lon Ward, Mahar Aung Myay Township, Mandalay, Myanmar.
+95 9 97 221 1288, +95 9 78 724 0169
fmcgmyanmar@gmail.com
www.premiumimports.co

**TTS TUN THITSAR FORWARDING & SERVICES CO.,LTD**

617(B),Pyay Lanthwe,Kamayut Township,Yangon.Myanmar.(Near KBZ BANK(2) Kamayut)

PHONE:01-526389,09 5163787,09 5007300,Fax: 01 526389



## Sattkyar Shwe Trading Co.,Ltd.

လုပ်ငန်းသုံးကားအမျိုးမျိုးအရောင်းစင်တာ

No.(1194), Yadanar Road, (13) Ward, South Okkalapa Township,

Yangon, Myanmar.

Mobile : 95-9-5012113, 95-9-785012113

Tel : 95-1-8550454

Email : satkyarsy@gmail.com






SERVING
WITH OUR
HEART!



YKKO
KYAY-OH & BBQ

Hotline: 09 4401 33330
Visit us at: facebook.com/ykkomyanmar
www.ykko.com.mm



# အိန္ဒိယဆန်စျေးနှုန်းမြင့်မားမှုကြောင့် အိန္ဒိယနိုင်ငံမှ ဆန်ဝယ်ယူမှု အစီအစဉ်အား ဆိုင်းငံ့ထားပြီး ထိုင်းနိုင်ငံမှ ဆန်ဝယ်ယူရန် ဘင်္ဂလားဒေ့ရှ်နိုင်ငံဆောင်ရွက်လျက်ရှိ

အိန္ဒိယနိုင်ငံ၏ ဆန်စျေးနှုန်း မြင့်တက်ခြင်းကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် ဆန်ဝယ်ယူမည့်ကိစ္စရပ်အား ဆိုင်းငံ့ထားကြောင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ စားသောက်ကုန်ဝန်ကြီးဌာနက ဇူလိုင် ၂၀ ရက်တွင်ပြောကြားခဲ့ကြောင်း Rice Online သတင်းတွင် ဖော်ပြထားသည်။

ကမ္ဘာတွင် စတုတ္ထမြောက် ဆန်အများဆုံးထုတ်လုပ်သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ယခုနှစ်အတွင်း အဆိုးရွားဆုံး ရေကြီးမှုကြောင့် ပြည်တွင်းဆန် လက်ကျန်လျော့နည်းမှုနှင့် ဆန်စျေးနှုန်းမြင့်တက်မှုတို့ဖြစ်ပေါ်သဖြင့် ယခုနှစ်တွင် ပြည်ပမှ ဆန်အမြောက်အမြားတင်သွင်းနေရကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ယခုနှစ်တွင် ပြည်ပမှ ဆန်တန်ချိန် ၁ ဒသမ ၂ သန်း ဝယ်ယူတင်သွင်းနိုင်ဖွယ်ရှိပြီး ဗီယက်နမ်နိုင်ငံမှ ဆန်ဝယ်ယူမှုများရှိကာ ထိုင်းနိုင်ငံနှင့် အိန္ဒိယနိုင်ငံမှလည်း ဆန်များဝယ်ယူရန်ရှိကြောင်း သိရှိရပါသည်။ သို့ရာတွင် အိန္ဒိယနိုင်ငံမှ ဆန်စျေးနှုန်းမှာ မြင့်တက်လျက်ရှိသဖြင့် ကမ္ဘာတွင် ဆန်အများဆုံးတင်ပို့ရောင်းချသည့် အိန္ဒိယနိုင်ငံမှ ဆန်ဝယ်ယူရန် အလားအလာနည်းပါးလျက်ရှိကြောင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ အစိုးရ ဆန်ဝယ်ယူရေးဆိုင်ရာ အကြီးအကဲဖြစ်သူ Badrul Hasan က ရိုက်တာသတင်းဌာနသို့ ပြောကြားခဲ့ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

ယခုလ တတိယပတ်အတွင်း ဆန်ဝယ်ယူမှု ကျဆင်းလျက်ရှိသဖြင့် အိန္ဒိယ ၅ မှတ်ပေါင်းဆန်စျေးနှုန်းမှာ အမေရိကန်ဒေါ်လာ ခြောက်ဒေါ်လာခန့် ကျဆင်းသွားပြီး၊ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၀၅ မှ ၄၀၈ ကြားရှိကြောင်း သိရှိရသည်။

အကယ်၍ အိန္ဒိယနိုင်ငံက ဆန်တင်ပို့မှုအား ချက်ချင်းဆောင်ရွက်သွားမည်ဆိုပါက ၎င်းတို့ထံမှ ဆန်ဝယ်ယူရေးကို ပြန်လည်စဉ်းစားသွားမည်ဖြစ်ကြောင်း၊ သို့ရာတွင် ပြည်တွင်းဆန်ရိက္ခာပြန်လည် ဖြည့်တင်းရန်အတွက် ကမ္ဘောဒီးယားနိုင်ငံမှ ဆန်ဝယ်ယူရန် စီစဉ်ထားပြီးဖြစ်ကြောင်း ၎င်းကပြောကြားခဲ့ပါသည်။

ကမ္ဘောဒီးယားနိုင်ငံမှ ဆန်ဝယ်ယူရန်အတွက် စာချုပ်ချုပ်ဆိုရန် ဘင်္ဂလားဒေ့ရှ်နိုင်ငံ စားသောက်ကုန်ဝန်ကြီးဌာန ဝန်ကြီးဦးဆောင်သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအစိုးရ ကိုယ်စားလှယ်အဖွဲ့သည် လာမည့် ဩဂုတ်လ အစောပိုင်းတွင် ကမ္ဘောဒီးယားနိုင်ငံသို့ သွားရောက်ကြမည်ဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ စားသောက်ကုန်ဝန်ကြီးဌာနမှ ပြောကြားခဲ့ပါသည်။

ထိုင်းနိုင်ငံမှ ဆန်ဝယ်ယူမည့်ကိစ္စရပ်များလည်း အဆင်ပြေလျက်ရှိကြောင်း၊ ထိုင်း ဆန်တန်ချိန် နှစ်သိန်း ကို အစိုးရအချင်းချင်း ညှိနှိုင်း၍ ဝယ်ယူမှုအစီအစဉ်အား အတည်ပြုရန်အတွက် ယခုလနောက်ဆုံးပတ်အတွင်း ထိုင်းနိုင်ငံကိုယ်စားလှယ်အဖွဲ့သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဒါကာမြို့သို့လာရောက်ကြမည်ဖြစ်ကြောင်း Hasan က ပြောကြားခဲ့ပါသည်။

**Source: Rice online**

**စန္ဒာထွန်း (TTI)**

# ပင်လယ်ရေကြောင်းမှ ရော်ဘာပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများနဲ့ မြန်မာ-ထိုင်းနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းမှ ဇူလိုင် ၁၅ ရက်မှ ၂၁ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၂၃ သန်း တန်ဖိုးရှိ ရော်ဘာအဆင့်စုံ ၈၇၄ တန်ကျော် တင်ပို့ခဲ့ပါတယ်။ မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ RSS 3 အမျိုးအစား ၆၆ တန်ကျော်၊ RSS 5 အမျိုးအစား ၅၀၇ တန်၊ MSR 20 အမျိုးအစား ၁၉၂ တန်နဲ့ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ RSS3 အမျိုးအစား ၅၃ တန် တင်ပို့ခဲ့ပါတယ်။ မြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ ရော်ဘာစေး ၅၆ တန်တင်ပို့ခဲ့ပြီး ယခင်တစ်ပတ်တင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ယခင်တစ်ပတ်က ရော်ဘာ ၁၁၂၇ တန်ကျော်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၂၅၃ တန်လျော့နည်းခဲ့ပါတယ်။

ယခုတစ်ပတ် မူဆယ်ကုန်စည်ဒိုင်မှာ ရော်ဘာစျေး အနည်းငယ်မြင့်တက်ခဲ့ကြောင်း သိရပါတယ်။ RSS 3 တစ်တန်ကို ကျပ် ၁၉ ဒသမ ၆၀၃ သိန်း၊ RSS 5 တစ်တန်ကို ကျပ် ၁၈ ဒသမ ၆၄၃ သိန်းရှိပြီး ယခင်တစ်ပတ်ထက် တစ်တန်ကို ၇၇၄၈ ကျပ် စျေးတက်ကြောင်း သိရှိရပါတယ်။

ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ဇူလိုင် ၁၆ ရက်မှ ၂၂ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၉၅၄ သန်းတန်ဖိုးရှိ ရော်ဘာအဆင့်စုံ ၆၆၅ တန်ခန့် တင်ပို့ခဲ့ရာ ဂျပန်နိုင်ငံသို့ MSR 20 အမျိုးအစား ၃၄၇ တန်ကျော်နဲ့ RSS1 အမျိုးအစား ၁၅ တန်ကျော်၊ ကိုရီးယားနိုင်ငံသို့ MSR 20 အမျိုးအစား ၁၀၁ တန်ခန့်နဲ့ တရုတ်နိုင်ငံသို့ MSR 10 အမျိုးအစား ၂၀၂ တန်ခန့် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ပင်လယ်ရေကြောင်းမှ ရော်ဘာ ၁၉၆ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၄၆၉ တန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ယခုတစ်ပတ်နိုင်ငံတကာ ရော်ဘာစျေး အတက်အကျ အနည်းငယ်သာရှိတဲ့အတွက် မြန်မာ့ရော်ဘာ FOB စျေးကိုလည်း ယခင်တစ်ပတ်စျေးအတိုင်း မြန်မာနိုင်ငံရော်ဘာ စိုက်ပျိုးထုတ်လုပ်သူများအသင်းမှ စျေးနှုန်းထုတ်ပြန်ခဲ့ပါတယ်။

**ယဉ်ယဉ်အေး**

## တရုတ်နယ်စပ်မှ သကြားလျော့နည်း တင်ပို့သလို ထိုင်းနယ်စပ်မှလည်း လျော့နည်း တင်သွင်း



မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ်၊ လွယ်ဂျယ်၊ ချင်းရွှေဟော်နဲ့ ကန်ပိုက်တီစခန်းစုံမှ ဇူလိုင် ၁၅ ရက်မှ ၂၁ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၇၆၅ သန်း တန်ဖိုးရှိ Re-Export သကြား ၁၈၁၀၁ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့မှုမှာ မူဆယ်မှ ၁၃၉၈၅ တန်၊ လွယ်ဂျယ်မှ ၇၄ တန်၊ ချင်းရွှေဟော်မှ ၃၉၇၂ တန်ကျော်နဲ့ ကန်ပိုက်တီမှ တန် ၁၀၀ ဖြစ်ပါတယ်။ ယခင် သီတင်းပတ်က အဆိုပါစခန်းလေးခုမှ ၂၃၉၄၁ တန် ကျော် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ သကြား ၅၈၄၀ တန် လျော့ နည်းတင်ပို့ခဲ့တာ တွေ့ရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ဇူလိုင် တတိယပတ်က သကြားတစ်တန်ကို ၇၆၈၂၄၀ ကျပ်ရှိရာမှ ဇူလိုင်တတိယပတ်မှာ ၇၆၄၂၈၀ ကျပ်သို့ စျေးပြန်လည် ကျဆင်းခဲ့ကြောင်း၊ တစ်ဖက်နိုင်ငံ ဝယ်စျေးမှာ ယွမ် ၃၈၆၀ ရှိကြောင်း သိရပါတယ်။

မြန်မာ-ထိုင်း နယ်စပ်ရှိမြဝတီ ကုန်သွယ်ရေးဇုန်မှလည်း အမေရိကန်ဒေါ်လာ သုညဒသမ ၈၆၅ သန်းတန်ဖိုးရှိ Re-Export သကြား ၁၅၇၃ တန်ကျော်ကို မြန်မာနိုင်ငံသို့ တင်သွင်းခဲ့ရာ ယခင်တစ်ပတ်က တင်သွင်းခဲ့တဲ့ ၂၉၆၁ တန်ကျော်နဲ့ နှိုင်းယှဉ်ပါက ၁၃၈၈ တန် လျော့နည်းတင်သွင်းလာတာ တွေ့ရပါတယ်။

**မော်မော်အောင်**

## တရုတ်နယ်စပ်ရှိကုန်သွယ်ရေးစခန်းများမှ ပြောင်းပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ် ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်၊ လွယ်ဂျယ်၊ ချင်းရွှေဟော်နဲ့ ကန်ပိုက်တီစခန်းစုံမှ ဇူလိုင်တတိယပတ်တွင် အမေရိကန်ဒေါ်လာ ၃ ဒသမ ၀၈၈ သန်းတန်ဖိုးရှိ ပြောင်းဖူးစေ့ ၁၅၄၄၂ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့မှုမှာ မူဆယ်မှ ၁၃၉၅၀ တန်၊ လွယ်ဂျယ်မှ ၉၂၅ တန်ခွဲ၊ ချင်းရွှေဟော်မှ ၅၁၇ တန်ကျော်နဲ့ ကန်ပိုက်တီမှ တန် ၅၀ ဖြစ်ပါတယ်။ ယခင်တစ်ပတ်က မူဆယ်၊ လွယ်ဂျယ်၊ ချင်းရွှေဟော်စခန်းသုံးခုမှ ပြောင်းဖူးစေ့ ၁၂၉၁၉ တန်ကျော် တင်ပို့ခဲ့လို့ ယခုတစ်ပတ်မှာ ၂၅၂၃ တန်ပိုမိုတင်ပို့ခဲ့တာ တွေ့ ရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ဇူလိုင်ဒုတိယပတ်က ပြောင်းတစ်တန်ကို ၂၇၂၇၂၇ ကျပ်ရှိရာမှ ဇူလိုင်တတိယပတ်တွင် ၂၇၃၈၁၀ ကျပ်သို့ စျေးအနည်းငယ် ဆက်လက်မြင့်တက်ခဲ့ကြောင်း၊ မူဆယ်သို့ ပြောင်းကားစီးရေ ၇၅၆ စီးဝင်ရောက်ခဲ့ ပြီး ပြောင်းတစ်ပိဿာ သယ်ယူခမှာ ၆၃-၆၄ ကျပ်ရှိကြောင်း တစ်ဖက်နိုင်ငံဝယ်စျေးမှာ ယွမ် ၁၅၀၀ နဲ့ ပြောင်းလဲမှုမရှိကြောင်း သိရပါတယ်။

အဝယ်ဒိုင်တွေကို ပြောင်းဖူးစေ့ တင်ပို့ရောင်းချတဲ့အခါမှာ တချို့အဝယ်ဒိုင်တွေအနေနဲ့ ပြောင်းသန့်ကိုသာ လိုချင်ကြတာကြောင့် သာမန်အစေ့ခြွေပြီးတာကို ရောင်းမရဘဲ အဖျင်းအမှုန်ကင်းအောင် ထပ်မံပြီး စက်နဲ့ရွေးချယ်သန့်စင်ပေးရကြောင်း၊ ပြောင်းဖူးစိုက်တာ ရေလည်းသိပ်မလိုဘဲ စိုက်ပျိုးခါနီး တစ်ကြိမ်လောက် ရေသွင်းထားလျှင်ရပြီး စိုက်နည်းကတော့ တန်းကြားနှစ်ပေခွဲနဲ့ ပင်ကြားခြောက်လက်မ စိုက်ရကြောင်း လင်းခေးမှ အစေ့ထုတ်ပြောင်း စိုက်ပျိုးသူ တောင်သူတစ်ဦးက ပြောပါတယ်။

**မော်မော်အောင်**

## မုံရွာကုန်စည်ဒိုင် ပဲမျိုးစုံစျေးကွက်တွင် မြေပဲလုံးဆန်စျေး အနည်းငယ်ကျ

မုံရွာကုန်စည်ဒိုင် ပဲမျိုးစုံစျေးကွက်တွင် ဆီထွက်သီးနှံဖြစ်သော မြေပဲဆန်ပေါက်စျေးနှုန်းမှာ ယခင်တစ်ပတ်ပေါက်စျေးထက် အနည်းငယ် ကျဆင်းလျက်ရှိပြီး ပုံမှန်အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က စျေးနှုန်းပြန်လည်မြင့်တက်လာ၍ ယခုတစ်ပတ်မှာ ယခင်တစ်ပတ်စျေးထက် အနည်းငယ်ကျဆင်းပြီး အရောင်းအဝယ်လည်း ပုံမှန်ဖြစ်လျက်ရှိပါတယ်။ မုံရွာကုန်စည်ဒိုင်သို့ နေ့စဉ် မြေပဲဆန် အိတ် ၁၀၀၀ခန့် ဝင်ရောက်လျက်ရှိရာ ယခုတစ်ပတ်မြေပဲဆန် တစ်ပိဿာပေါက်စျေးနှုန်းမှာ လုံးဆန်ဖြူ ကျပ် ၂၃၅၀နဲ့ အိတ်၅၀၀၊ လုံးဆန်နီ ၂၂၂၅ ကျပ် နဲ့ အိတ်၃၀၀၊ ဆီဆန် ကျပ်၂၁၀၀ နဲ့ အိတ် ၂၀၀ခန့် အသီးသီး အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။ မြေပဲလုံးဆန်ဖြူကို ရန်ကုန်ဝယ်လက်က ဝယ်ယူလျက်လုံးဆန်နီကို မန္တလေး ဝယ်လက်က ဝယ်ယူပြီး ဆီဆန်ကို မုံရွာမြို့တွင်း ဆီစက်သမားများနှင့် ဘုတလင်၊ ခင်မွန်ဆီစက်သမားများက ဝယ်ယူလျက်ရှိကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မြေပဲဆန်ပေါက်စျေးနှုန်းမှာ လုံးဆန်ဖြူတစ်ပိဿာလျှင် ကျပ် ၂၃၀၀၊ လုံးဆန်နီတစ်ပိဿာလျှင် ကျပ် ၂၂၅၀၊ ဆီဆန်တစ်ပိဿာလျှင် ကျပ် ၂၁၀၀ နှုန်းပေါက်ကာ ယခုတစ်ပတ်စျေးနှင့် နှိုင်းယှဉ်ပါက စျေးအနည်းငယ်ကျဆင်းလာကြောင်းသိရတယ်။

**ကြည်ကြည်နွယ် (မုံရွာ)**



## စာမျက်နှာ - ၃ မြန်မာ့လယ်ယာစီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ····မှအဆက်

မြို့နယ် ၃၃မြို့နယ်တွင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး အဆိုပါစီမံကိန်းတွင် အကျိုးတူကန်ထရိုက်လယ်ယာဝန်ဆောင်မှု၊ ခေတ်မီစက်ကိရိယာများဖြင့် အငှားလိုက်ဝန်ဆောင်မှု၊ သွင်းအားစုများနှင့် နည်းပညာဆိုင်ရာ ဝန်ဆောင်မှု၊ အခြောက်ခံခြင်း နှင့်သိုလှောင်ခြင်းဆိုင်ရာဝန်ဆောင်မှု၊ စပါးခွံမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်သော (Waste to Energy) ဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများ ပါဝင်မည်ဖြစ်ပါသည်။

အဆိုပါစီမံကိန်းအား မြန်မာနိုင်ငံ၏ ဆန်စပါးကဏ္ဍနှင့် လယ်ယာစီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် တန်ဖိုးမြှင့်ပို့ကုန်များ တိုးတက်လာစေရေး၊ ကျေးလက်နေပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေး၊ အမျိုးသားအဆင့် စားနပ်ရိက္ခာဖူလုံစေရန်နှင့် ကျေးလက်ဒေသ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်တို့အတွက် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

**သန်းသန်းနိုင်**

## စာမျက်နှာ - ၃ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ····မှအဆက်

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် မိမိတို့ဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်နေသော ကုန်သွယ်ရေးဆိုင်ရာလုပ်ငန်းများကို ဥပဒေပါ ပြဋ္ဌာန်းချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိရာ Quarantine နှင့်ပတ်သက်၍ ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို မိမိတို့ဝန်ကြီးဌာန၏ ဦးစီးဌာနတစ်ခုဖြစ်သော စားသုံးသူရေးရာဦးစီးဌာနမှ ဆက်လက်တာဝန်ယူဆောင်ရွက်ရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ စားသုံးသူရေးရာဦးစီးဌာန၏ ကွပ်ကဲမှုအောက်တွင် Quarantine နှင့်ပတ်သက်၍ အရည်အသွေး စစ်ဆေးဆောင်ရွက်နိုင်သော မြန်မာ့ကုန်ပစ္စည်း စစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက် (MITS) နှင့် ကုန်ပစ္စည်းစမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေးစီမံခန့်ခွဲမှုဌာနစု (CTQM) စသော ဓာတ်ခွဲခန်းများရှိသည့်အတွက် Quarantine နှင့်ပတ်သက်၍ အရည်အသွေး စစ်ဆေးသည့်အခါတွင် သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ စားသုံးသူ အကာအကွယ်ပေးရေးဥပဒေအရ ဖွဲ့စည်းထားသော ဗဟိုကော်မတီတွင် မိမိအနေဖြင့် ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိပြီး ဗဟိုကော်မတီလုပ်ငန်းတာဝန်များတွင် ဥပဒေပါရည်ရွယ်ချက်များကို အောင်မြင်စေရန်အတွက် အကောင်အထည်ဖော် ဆောင်ရွက်သွားရမှာဖြစ်ပြီး ဝန်ကြီးဌာနအနေဖြင့် Custom, Immigration and Quarantine (CIQ) အပိုင်းသုံးပိုင်းရှိသည့်အနက် မိမိတို့ဌာနနှင့် သက်ဆိုင်သည့် Quarantine အပိုင်းကို စစ်ဆေးနိုင်ရန်အတွက် အဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းဆောင်ရွက်နိုင်ရန်ဖြစ်ကြောင်း၊ ယခုအခါ ထုတ်ကုန်များ လုံခြုံစိတ်ချမှုရှိစေရေး၊ စားသုံးသူများ ကျန်းမာရေးနှင့် ဘေးဥပဒ်အန္တရာယ် ကင်းရှင်း ရေးသည် အရေးပါသော လုပ်ငန်းဖြစ်သည့်အတွက် ဝန်ကြီးဌာနအနေဖြင့် တင်ပို့တင်သွင်းသော ကုန်ပစ္စည်းများနှင့်ပတ်သက်၍ ပို့ကုန်သွင်းကုန် လိုင်စင်များကို လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ စိစစ်ခွင့်ပြုပေးလျက်ရှိကြောင်း၊ နယ်စပ်ဒေသများတွင်ရှိသော ဒေသခံပြည်သူများအတွက် လုံခြုံစိတ်ချရမှုရှိပြီး အရည်အသွေး ပြည့်မီသော ကုန်စည်နှင့် ဝန်ဆောင်မှုများကို မိမိတို့နိုင်ငံအတွင်း တင်သွင်းခြင်းဖြင့် ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြု နိုင်ရန်အတွက် အသိပညာပေးဆောင်ရွက်သွားရမှာဖြစ်ကြောင်း စသည်ဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးအောင်ထူးက Quarantine ပိုင်းဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ဖြည့်စွက်ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသော ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ မြန်မာ့ကုန်ပစ္စည်း စစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းနှင့် ဓာတ်ခွဲခန်းကွန်ရက် ချိတ်ဆက်မှုအဖွဲ့မှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြရာ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ညှိနှိုင်းပေါင်းစပ်ပေးခဲ့သည်။

**MOC(IR)**

## စာမျက်နှာ - ၃ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ····မှအဆက်

ဆောင်ရွက်လျက်ရှိရာ ကျန်းမာရေးနှင့် စားသုံးသူစိတ်ကျေနပ်မှုရရှိရေးတို့အတွက် ဘေးအန္တရာယ်ကင်းရှင်းပြီး အရည်အသွေးမြင့်မားသော ကုန်စည်များထုတ်လုပ်ပေးနိုင်ရန် မိမိတို့ဥပဒေတွင် ရည်ရွယ်ပြဋ္ဌာန်းပေးခဲ့ပြီးဖြစ်ကြောင်း၊ ယခုအခါတွင် စားသုံးသူကျန်းမာရေးနှင့် ဘေးဥပဒ်အန္တရာယ်ကင်းရှင်းရေးအတွက် ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရေး၊ စားသုံးသူများ၏ ထိခိုက်နစ်နာမှုများအတွက် ကုန်စည်နှင့် ဝန်ဆောင်မှုများကို အဆင့်မြှင့်တင်ရမည်ဖြစ်၍ အရေးယူဆောင်ရွက်ပေးနိုင်မည့် ယန္တရားများ ဖြစ်ပေါ်လာစေရေးနှင့် စားသုံးသူများ အသိပညာ တိုးတက်လာစေရေး လုပ်ငန်းများသည် အရေးပါသည့်အတွက် သက်ဆိုင်ရာနယ်ပယ်အသီးသီး၌ ဝန်ကြီးဌာနအလိုက် တည်ဆဲဥပဒေများအရ ဆောင်ရွက်လျက်ရှိသည့်အပြင် ပြည်တွင်းဈေးကွက်အချို့တွင်လည်း စားသုံးသူများအတွက် လုံခြုံစိတ်ချရမှုမရှိသော ထုတ်ကုန်များကို တွေ့ရှိနေရသည့်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ ပူးပေါင်းပြီး တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မှုများကို ထိထိရောက်ရောက် လုပ်ဆောင်သွားကြရန်လိုအပ်ကြောင်း၊ မြန်မာနိုင်ငံတွင် ပေါ်ပေါက်နေသောထုတ်ကုန်များ၏ ဘေးအန္တရာယ်ကင်းရှင်းမှုကို ပကတိအခြေအနေအတိုင်း သုံးသပ် ကြရန်၊ အခက်အခဲများ လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်း ဖော်ထုတ်ပြီး ပြည်သူများဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးနှင့် ဈေးနှုန်းသင့်တင့်စွာ ဝယ်ယူရရှိနိုင်ရေးအတွက် နည်းလမ်းများ ရှာဖွေပေးကြရန်စသည်ဖြင့် ပြောကြားသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစိုင်းကျော်ဇောက ဖြည့်စွက်အမှာစကားပြောကြားသည်။

ထို့နောက် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်ချစ်နှင့် မန္တလေးတိုင်းဒေသကြီး စားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဥက္ကဋ္ဌတို့က ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချရမှုရှိသော အစားအသောက်များ ထုတ်လုပ်ခြင်းနှင့်ပတ်သက်၍ အသီးသီးရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တက်ရောက်လာကြသူများက သိရှိလိုသည်များအား မေးမြန်းကြရာ သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ်ရှိ သဇင်နွယ် သရက်ခြံသို့ရောက်ရှိကာ သရက်ပြားထုတ်လုပ်နေမှုအား ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**MOC(IR)**

# မြိုင်နှင့် ပေါက်မြို့နယ်ရှိ ကျေးရွာများမှ ဆိတ်၊ သိုးမွေးမြူသူများနှင့် ပြည်တွင်းကုန်သွယ်မှုမြှင့်တင်ရေးအတွက် အသင်းအဖွဲ့ ဖွဲ့စည်းနိုင်ရေး တွေ့ဆုံဆွေးနွေးပွဲများကျင်းပ

ပခုက္ကူခရိုင် စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် ခရိုင်ဦးစီးမှူး ဦးသန်းဦး ဦးဆောင်သည့် အဖွဲ့သည် ဇူလိုင် ၁၈ ရက်တွင် မြိုင်မြို့နယ်၊ ဒေါင်အိုကျေးရွာ၌ လည်းကောင်း၊ ဇူလိုင် ၂၁ရက်တွင် ဦးစီးမှူး ဦးမြင့်ဦး ဦးဆောင်သည့် ဝန်ထမ်းများသည် ပေါက်မြို့နယ်၊ ယာကြီးပြင်ကျေးရွာ၌ လည်းကောင်း၊ ဆိတ်၊ သိုး မွေးမြူသူများနှင့် ပြည်တွင်းကုန်သွယ်မှု မြှင့်တင်ရေးအတွက် အသင်းအဖွဲ့ ဖွဲ့စည်းနိုင်ရေး တွေ့ဆုံဆွေးနွေးပွဲများ ကျင်းပခဲ့ရာ ဆိတ်၊ သိုး မွေးမြူသူဦးရေ ၄၁ ဦး တက်ရောက်ခဲ့ပါသည်။

အဆိုပါ ဆွေးနွေးဟောပြောပွဲများတွင် ခရိုင်ဦးစီးမှူးက ဆိတ်၊ သိုးမွေးမြူသူများအနေဖြင့် အသင်းအဖွဲ့ ဖွဲ့စည်းမည်ဆိုပါက လိုအပ်မည့်ချေးငွေများ ရရှိနိုင်ကြောင်း၊ တိရစ္ဆာန်များတွင် ရောဂါများ ဖြစ်ပွားပါက မြို့နယ် တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေး ဆရာဝန် တစ်ဦးတစ်ယောက်ချင်းခေါ်စရာမလိုဘဲ အသင်းအဖွဲ့သို့လာရောက်ကုသပေးနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံခြားသို့ ပို့မည့် တိရစ္ဆာန်များကို ရောဂါမရှိစေဘဲ ကျန်းမာမှုသာ ပြည်ပမှ လက်ခံမည်ဖြစ်ကြောင်း၊ အသင်းအဖွဲ့ ဖွဲ့စည်းမည်ဆိုပါက လိုအပ်သည့် အကူအညီများကိုလည်း ပေးသွားမည်ဖြစ်ကြောင်း၊ မွေးမြူသူများအနေဖြင့် မိမိတို့၏ ဆိတ်၊ သိုးများကို ကာကွယ်ဆေးထိုးခြင်း၊ ပြည်ပသို့ တင်ပို့ခြင်း စသည့်ကိစ္စရပ်များကို ကူညီပေးသွားနိုင်မည်ဖြစ်ကြောင်း၊ တစ်ဦးတစ်ယောက်ချင်း မွေးမြူခြင်းဖြင့် ပြည်ပမှ ဝယ်လိုအားကို ဆောင်ရွက်မပေးနိုင်ကြောင်း၊ အသင်းအဖွဲ့ ဖွဲ့စည်းဆောင်ရွက်မှုသာလျှင် ပြည်ပမှ ဝယ်လိုအားကို ဖြည့်ဆည်းဆောင်ရွက်နိုင်မှာဖြစ်ကြောင်း၊ မြန်မာနိုင်ငံမှ ဆိတ်သည်သဘာဝအသီးအရွက်များသာ စားသည်ဖြစ်၍ သန့်ရှင်းလတ်ဆတ်သောကြောင့် အခြားနိုင်ငံများက ပို၍လိုချင်ကြောင်း၊ ထို့ကြောင့် ဆိတ်၊သိုး မွေးမြူသူများသည် ရောဂါကင်းကင်းဖြင့် ကျန်းမာစွာ မွေးမြူထားလျှင် နိုင်ငံခြားသို့ ရောင်းချရန် အဆင်ပြေမည်ဖြစ်ကြောင်း၊ အသင်းအဖွဲ့ ဖွဲ့စည်းမည်ဆိုလျှင် မြို့နယ်၊ ခရိုင်၊ တိုင်းအဆင့်ဆင့်သို့ တင်ပြပေးသွားမည်ဖြစ်ကြောင်း၊ မိမိတို့ မွေးမြူထားသော ဆိတ်၊ သိုးများကိုလည်း ပြည်ပမှ ဈေးကွက်လိုအပ်ချက်ဖြစ်သောကြောင့် ဆက်လက်မွေးမြူသွားမှာဖြစ်ကြောင်း၊ အစုအဖွဲ့ ဖွဲ့စည်းပြီးပါက မိမိတို့အနေဖြင့် ဝယ်ယူသူနှင့် ရောင်းချသူကို ချိတ်ဆက်ပေးသွားမည်ဖြစ်ကြောင်း၊ ဝယ်ယူသူဘက်မှ အသင်းအဖွဲ့အပေါ်တွင် မတရားဈေးယူလျှင် မိမိတို့ဌာနအနေဖြင့် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဆိတ်၊ သိုး မွေးမြူသူများအပေါ်တွင် ကာကွယ်ပေးနိုင်သည့် အဆင့်ရှိကြောင်း၊ တစ်ဦးချင်း မွေးမြူသည့်အခါ ဆိတ်၊သိုး အကောင်ရေ နည်းသည့်အတွက် အစုအဖွဲ့ဖွဲ့၍ မွေးမြူလျှင် အကောင် အရေအတွက်များပြားလာနိုင်သောကြောင့် အသင်းအဖွဲ့ ဖွဲ့စည်းရန် မိမိအနေဖြင့် တိုက်တွန်းစေလိုကြောင်း ရှင်းလင်း ဆွေးနွေးပြောကြားခဲ့ပါသည်။

ဆွေးနွေးပွဲသို့ တက်ရောက်လာသော ဆိတ်၊သိုး မွေးမြူသူများက အသင်းအဖွဲ့ ဖွဲ့စည်းမည်ဆိုပါက လိုအပ်မည့် အကူအညီများ ပေးစေလိုကြောင်း၊ ယခုလို ကျေးရွာအထိ လာရောက် ကွင်းဆင်းဆောင်ရွက်သည်ကို အလွန်ပင် ကျေးဇူးတင်ကြောင်း၊ ဆိတ်၊ သိုး မွေးမြူရေး အသင်းအဖွဲ့ ဖွဲ့စည်းနိုင်ရေးကိုလည်း ဆက်လက်ကြိုးစား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

**သူဇာကျော် (ပခုက္ကူ)**

# မုံရွာကုန်စည်ဒိုင်တွင် နှမ်းသီးနှံ ပုံမှန်အရောင်းအဝယ်ဖြစ်

မုံရွာကုန်စည်ဒိုင်သို့ နေ့စဉ် နှမ်းအိတ် ၁၀၀၀ ခန့် ဝင်ရောက်လျက်ရှိပြီး နှမ်းနက်ကတော့ အရောင်းအဝယ်သွက်လျက်ရှိပါတယ်။ နှမ်းဖြူနဲ့နှမ်းညိုကတော့ ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။ ယခုတစ်ပတ် နှမ်းသီးနှံပေါက်ဈေးနှုန်းကတော့ နှမ်းဖြူတစ်ပိဿာ ၂၃၃၃ ကျပ်နဲ့ အိတ် ၂၀၀ခန့်၊ နှမ်းညိုတစ်ပိဿာ ၁၈၆၇ ကျပ်နဲ့ အိတ် ၃၀၀ ခန့်၊ နှမ်းနက်တစ်ပိဿာ ၂၆၆၇ ကျပ်နှုန်းနဲ့ အိတ်၅၀၀ခန့် အသီးသီး ပုံမှန်အရောင်းအဝယ် ဖြစ်လျက်ရှိပြီး နှမ်းနက်ကတော့ ယခုတစ်ပတ်မှာ ဈေးအနည်းငယ်တက်လာပြီး အရောင်းအဝယ်လည်း သွက်လာတယ်လို့ဈေးကွက်မှပါတယ်။ ယခင်နှစ်ကာလတူ အချိန်ပေါက်ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက ယခုနှစ်ပေါက် ဈေးနှုန်းက ဈေးမြင့်နေကြောင်းသိရပါတယ်။ နှမ်းဖြူနဲ့ နှမ်းညိုကို မန္တလေးဝယ်လက်ကဝယ်ယူပြီး နှမ်းညိုကို မြို့တွင်းဆီစက်သမားများကဝယ်ယူလျက်ရှိကြောင်း ကုန်စည်ဒိုင်သတင်းရပ်ကွက်မှ သိရပါတယ်။

**ကြည်ကြည်နွယ် (မုံရွာ)**

# ပါကစ္စတန် အပြည်ပြည်ဆိုင်ရာ ကုန်စည်ပွဲ ၂၀၁၇ ကျင်းပမည်

ပါကစ္စတန်နိုင်ငံ၊ ကရာချိမြို့တွင် ပါကစ္စတန် အပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲ Pakistan International Trade Fair (PITF-2017) ကို ၂၀၁၇ ခုနှစ်၊ အောက်တိုဘာ ၂၆ ရက်မှ ၂၉ ရက်အထိ ကျင်းပပြုလုပ်သွားမည် ဖြစ်သည်။ အဆိုပါပြပွဲကို ပါကစ္စတန်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (FPCCI) နှင့် Badar Expo Solutions (BXSS) ကုမ္ပဏီတို့မှ ကြီးမှူး၍ ပြုလုပ်သွားမည်ဖြစ်သည်။ ပြပွဲတွင် ပါကစ္စတန် ကုန်ထုတ်လုပ်ရေး၊ စီးပွားရေးနှင့် ကုန်သွယ်ရေး၊ ပို့ကုန်နှင့် သွင်းကုန် ဝန်ဆောင်မှုလုပ်ငန်း၊ အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းစသည့် ကဏ္ဍအသီးသီးမှ ပါဝင်ပြသ သွားမည်ဖြစ်ပြီး မြန်မာနိုင်ငံမှ ပြခန်းတစ်ခန်း ပါဝင် ပြသခွင့် ရရှိမည်ဖြစ်သည်။ပြပွဲတွင် စီးပွားရေး လုပ်ငန်းရှင် အချင်းချင်း တွေ့ဆုံ ဆွေးနွေးခြင်း အစီအစဉ် (B2B Business Matchmaking Programme & Conference ) နှင့် လူငယ်ပွဲတော် (Youth Festival) တို့ကိုလည်း ထည့်သွင်း ကျင်းပသွားမည် ဖြစ်ကြောင်း သိရှိရပါသည်။

ထို့ကြောင့် ပြပွဲတွင် ပါဝင်ပြသလိုသော စီးပွားရေး လုပ်ငန်းရှင်များ အနေဖြင့် ပြပွဲဆိုင်ရာ အသေးစိတ် အချက်အလက်များကို သိရှိလိုပါက မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) ဖုန်း၊ ၀၁-၂၃၀၄၃၄၄၊ ၀၁-၂၃၀၇၂၀၇ သို့လည်းကောင်း၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ၊ ဖုန်း ၀၆၇-၄၃၀၁၂၈၊ ၀၆၇-၄၃၀၄၄၇ သို့လည်းကောင်း ဆက်သွယ်၍ စုံစမ်း မေးမြန်းနိုင်ကြောင်း သိရှိရပါသည်။ **လင်းလင်းထွန်း(TD)**

# (၃၇)ကြိမ်မြောက်အိန္ဒိယ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုပြပွဲ (၂၀၁၇) ကျင်းပမည်

အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့တွင် (၃၇) ကြိမ်မြောက် အိန္ဒိယ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုပြပွဲ (၂၀၁၇) (37th edition of India International Trade Fair (IITF) 2017) ကို ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်မှ ၂၇ ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး အဆိုပါပြပွဲတွင် နိုင်ငံတကာမှ ထုတ်ကုန်မျိုးစုံကို ခင်းကျင်းပြသ ရောင်းချခြင်း၊ ပို့ကုန်/သွင်းကုန် အမှာစာများ ဆွေးနွေးညှိနှိုင်းခြင်း၊ ကုန်ပစ္စည်းအသစ်များ မိတ်ဆက်ရောင်းချခြင်းတို့ကို ပြုလုပ်သွားမည် ဖြစ်ကြောင်း သိရှိရပါသည်။

ထို့ကြောင့် ပြပွဲတွင် ပါဝင်ပြသလိုသော စီးပွားရေး လုပ်ငန်းရှင်များ အနေဖြင့် ပြပွဲဆိုင်ရာ အသေးစိတ် အချက်အလက်များကို သိရှိလိုပါက မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) ဖုန်း၊ ၀၁-၂၃၀၄၃၄၄၊ ၀၁-၂၃၀၇၂၀၇ သို့ လည်းကောင်း၊ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှု ဖွံ့ဖြိုးရေးဌာနခွဲ၊ ဖုန်း ၀၆၇-၄၃၀၁၂၈၊ ၀၆၇- ၄၃၀၄၄၇ သို့လည်းကောင်း ဆက်သွယ်၍ စုံစမ်း မေးမြန်းနိုင်ကြောင်း သိရှိရပါသည်။

**လင်းလင်းထွန်း(TD)**

# ရန်ကုန်ကားဈေးကွက်သာမက အခြားဈေးကွက်များပါ ကားလေးဈေးတန်း မြင့်တက်ပြီးအရောင်းအဝယ်အေး

ဇူလိုင်လကုန်ပိုင်း ရန်ကုန်မြို့ကားဈေးကွက်၏ အခြေ အနေမှာ ကားလေးများ၏ဈေးတန်းမြင့်တက်လာပြီးနောက် ပိုင်း အရောင်းအဝယ်အေးသွားကြောင်း၊ စလစ်ကပ်ကား အရောင်းအဝယ်မှာ မရှိသလောက်ပင်အေးသွားပြီး စလစ်ဈေးတန်းများ မြင့်တက်လာကြောင်း သိရသည်။

ယခုလဆန်းပိုင်းတွင် ကားလေးများနှင့် စလစ်ကပ်ကားများပါ အရောင်းအဝယ်ရှိသော်လည်း လကုန်ရက် နောက်ဆုံးပတ်ကာလတွင် အခြေအနေတစ်မျိုးဖြစ်သွားပြန်ကာ စလစ်ဈေးတန်းများ သိန်း ၁၁၀ ကျော်လွန်သွားပြီး ၁၁၄ သိန်း၊ ၁၁၅ သိန်းခန့်ဖြစ်ပေါ်လာသဖြင့် စလစ်များ အဝယ်နည်းသွားသလို စလစ်ကပ်ကားတင်သွင်းမှုများလည်း မရှိသလောက် ဖြစ်သွားကြောင်း သိရသည်။

ပြီးခဲ့သည့်လဆန်းပိုင်းက ရှေ့နှစ်ထဲတွင် ဘယ်မောင်း များသာ တင်သွင်းရမည့်သတင်းကြောင့် ညာမောင်းကား လေးများ အရောင်းအဝယ်ဖြစ်ပြီး ကားပွဲစားတန်းများ၊ အရောင်းစင်တာများတွင် လှုပ်လှုပ်ရှားရှားဖြစ်ခဲ့သော်လည်း ယခုတလောအတွင်း စလစ်ဈေး ငါးသိန်းခန့် ထပ်မံမြင့်တက်သွားသဖြင့် စလစ်အရောင်းအဝယ်နည်းသွားသလို ယခင်က စလစ်ဖြင့် တင်သွင်းခဲ့ကြသည့် ရောင်းအားသွက် ရန်ကုန် လိုင်စင်ကားများ ပြန်လည်ရပ်တန့်သွားကြောင်း သိရသည်။

ယင်းသို့ စလစ်ဈေးတန်းမြင့်တက်ရာမှ ဖြစ်လာသည့် အချက်ကြောင့် လက်ရှိဈေးကွက်တွင်းရှိ ရောင်းချနေသည့် နယ်လိုင်စင်ကားလေးများလည်း ဈေးပါလာပြီး ယခင်ဈေးတန်းထက် ၁၅ သိန်း၊ သိန်း ၂၀ ဝန်းကျင်အမြင့်ဖြင့် ပြင်ခေါ်လာကြကာ ရန်ကုန်လိုင်စင်ဖြင့် သွင်းပြီးသားကားများမှာလည်း ဈေးတန်း ထပ်မံမြင့်တက်လာကြောင်း သိရသည်။

ယခုကဲ့သို့ ဈေးတန်းမြင့်တက်လာမှုကြောင့် အရောင်းအဝယ်အေးသွားသလို ရန်ကုန်ပြီးလျှင် ဒုတိယအများဆုံး ဈေးကွက်ဖြစ်သည့် မန္တလေးဈေးကွက်တွင်လည်း ထိုနည်းတူ ဖြစ်လာပြီး ဈေးကွက်ထဲတွင် လတ်တလော အရောင်းအဝယ်ဖြစ်သည်ဟူ၍ မရှိသေးဘဲ ပေါ်လာသည့် ကားများအား ဝယ်၊ ရောင်းအချင်းချင်း ပြန်ဝယ်ခြင်း၊ သတင်းပေးပြီး လိုက်လံဝယ်ယူခြင်းစသည်တို့သာရှိပြီး ပြင်ပအဝယ်သိပ်မရှိဘဲ ဈေးကွက်တွင်းမှ လူအချင်းချင်းသာ မျှဝေဝယ်ယူမှုရှိနေကြောင်း ဝါရင့်ယာဉ်ဝယ်ရောင်း ကိုမြင့်ကျော်က ပြောသည်။

**SN**

# ပခုက္ကူခရိုင်အတွင်းဖြစ်ပေါ်နေသော ကြက်သွန်နီဈေးနှုန်းမြင့်တက်မှုအပေါ် ဈေးကွက်အခြေအနေများကို လေ့လာသုံးသပ်ခြင်း

မကွေးတိုင်းဒေသကြီးရှိ ပခုက္ကူခရိုင်အတွင်း ကြက်သွန်နီအဓိက စိုက်ပျိုးထုတ်လုပ်သော ပေါက်၊ ဆိပ်ဖြူ၊ ရေစကြိုမြို့တို့တွင် ရောင်းဝယ်ဖောက်ကားလျက်ရှိသော ကြက်သွန်နီဈေးကွက်အခြေအနေကို လေ့လာသုံးသပ်ရလျှင် ပေါက်မြို့နယ်မှ ကြက်သွန်နီ ပိဿာချိန် ၃၀၀၀၀ နှင့် ၅၀၀၀၀ ခန့် နေ့စဉ်ဝင်ရောက်လျက်ရှိပြီး ဆိပ်ဖြူကုန်စည်ဒိုင်တွင် ပိဿာချိန် ၂၀၀၀၀ နှင့် ၄၀၀၀၀ ခန့် နေ့စဉ်ဝင်ရောက်လျက်ရှိသည်ကို တွေ့ရှိရပါ သည်။ ဈေးနှုန်းများအနေဖြင့် ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်လျှင် ဈေးနှုန်းမြင့်တက်နေကြောင်း တွေ့ရှိရသည်။ ၂၀၁၅ ခုနှစ် ဇူလိုင်လက ကြက်သွန်နီ ထိပ်စကျပ် ၅၀၀၊ လတ်စကျပ် ၄၅၀၊ အောက်စကျပ် ၄၀၀ ဈေးနှုန်းဖြစ်ပေါ်ခဲ့၍ ၂၀၁၇ ဇူလိုင်လ မှာ ထိပ်စကျပ် ၁၆၀၀၊ လတ်စကျပ် ၁၄၅၀၊ အောက်စကျပ် ၁၃၀၀ ဈေးနှုန်းဖြင့် ဖြစ်ပေါ်လျက် ရှိပါသည်။

ဇွန် ၁၆ ရက်က ပေါက်မြို့နယ် အုန်းတော မြောက်စုကျေးရွာ၌ ခရိုင်ဦးစီးမှူးကိုယ်တိုင် ကြက်သွန်စိုက်ပျိုးထုတ်လုပ်သူများနှင့် ပြည်ပ ပို့ကုန်တိုးမြှင့်ရေးအတွက် ဆွေးနွေးခဲ့ရာတွင် ပေါက်မြို့နယ်တွင် ကြက်သွန်အထွက်မှာ ယခင်နှစ်ကထက် နည်းခဲ့ကြောင်း ကြက်သွန်စိုက်တောင်သူများမှ တင်ပြခဲ့သည်ကို မှတ်သားမိကြောင်း၊ စိုက်ပျိုးချိန် အအေးဖမ်းမှု ကြက်သွန်တန် (အပင်) ပိုးကျမှုကြောင့် နှစ်တိုင်းထက် အထွက်နည်းခဲ့သည် ကို ပြောကြားခဲ့ကြောင်း၊ လက်ကျန်အနေဖြင့် ပခုက္ကူနှင့် ပေါက်မြို့နယ်တို့တွင် လက်ကျန် ပိဿာချိန်သိန်း ၇၀ နှင့် ၉၀ ခန့်နဲ့ ဆိပ်ဖြူမြို့နယ်အနေဖြင့် မြို့ပေါ်နှင့် နယ်လက်ကျန်ပိဿာချိန် သိန်း ၁၅၀ နှင့် ၁၇၀ ကြားကျန်ရှိမည်ဟု ခန့်မှန်းပြောဆိုခဲ့ကြကြောင်း သိရှိရသည်။ ဆိပ်ဖြူမြို့နယ်အနေဖြင့် ရန်ကုန်၊ ဘုရင့်နောင်၊ ပြည်စသည့်မြို့များသို့ ပိဿာချိန် ငါးသောင်းခြောက်သောင်းခန့် နေ့စဉ် တင်ပို့နေကြောင်း သိရှိရပါသည်။ မိုးစိုက်(ဥစိုက်) ကြက်သွန်အများဆုံး စိုက်ပျိုးသော ရေစကြိုမြို့နယ်အနေဖြင့် ချင်းတွင်းမြစ်ရေကြီးမှုကြောင့် မိုးစိုက်(ဥစိုက်) ကြက်သွန်များ စိုက်ပျိုးနိုင်ခြင်း မရှိ ပေ။

၂၀၁၇ ခုနှစ် ဇူလိုင်လ ၂၄ ရက်နေ့ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၁၇)တွင်ပါရှိသော သတင်းများအရ ရန်ကုန်ဈေးကွက်တွင် ဇွန်လအတွင်း ကြက်သွန်နီပိဿာချိန်၃၉ သိန်းဝန်းကျင်ဝင်ရောက်ပြီး ဇူလိုင်လထဲတွင် တစ်ရက်လျှင် ပျမ်းမျှ ၁၅၀၀၀၀ ဝန်းကျင် ဝင်ရောက်နေကြောင်း သိရှိရသည်။

ယခင်နှစ် ကာလတူနှင့် နှိုင်းယှဉ်ပါက ဈေးနှုန်းကွာဟနေသည်ကို တွေ့ရှိရပြီး လက်ကျန် အနေအထားအရလည်း ယခင်နှစ်အနေအထားနှင့် နှိုင်းယှဉ်ပါက ပြောပလောက်အောင် ကွာခြားမှုမရှိကြောင်း၊ မိုးစိုက်(ဥစိုက်) ကြက်သွန် အစိုက်နောက်ကျမှုကို အခွင့်ကောင်းယူ၍ သိုလှောင်ထားသော လက်ကျန်ပစ္စည်းများကို ကိုင်ထားပါက ဈေးထပ်တက်နိုင်ကြောင်း ကြက်သွန်ကုန်သည်တချို့က သုံးသပ်လျက်ရှိသည်။

**လှိုင်ဥမ္မာဦး(ပခုက္ကူ)**

# ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ဝစ်ရှ် (၂၀၀၉) | N | ၃၈၅ သိန်း | 1.8 ဓာတ်ဆီ၊ ရန်ကုန် |
| ၂။ | ဆူဇူကီးကယ်ရီ | L | ၈၅ သိန်း | 0.6 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၃။ | ပရိဘောက် (၂၀၁၀) | I | ၁၆၅ သိန်း | 1 .3 ဓာတ်ဆီ၊ ရန်ကုန် |
| ၄။ | ဟွန်ဒါ/စီဗီပီ (၂၀၁၀) | ယာယီ | ၂၈၅ သိန်း | 1.3 ဓာတ်ဆီ၊ ရန်ကုန် |
| ၅။ | အာလ်ဖတ် (၂၀၀၃) | J | ၄၀၀ သိန်း | 3.0 ဓာတ်ဆီ၊ ရန်ကုန် |
| ၆။ | ရက်တစ် (၂၀၁၁) | N | ၁၈၀ သိန်း | 1.3 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၇။ | ဘယ်လ်တာ (၂၀၁၁) | ယာယီ | ၁၈၅ သိန်း | 1.3 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၈။ | မတ်စ်အိပ်(စ်) (၂၀၀၆) | ယာယီ | ၃၇၅ သိန်း | 3.0 ဓာတ်ဆီ၊ ရန်ကုန် |
| ၉။ | တိုယိုတာဗစ်(ဇ်)(၂၀၁၂) | ယာယီ | ၁၈၅ သိန်း | 1.3 ဓာတ်ဆီ၊ နယ်လိုင်စင် |

# ကိုရီးယားနိုင်ငံ Global Village Grand Vision Co;Ltd မှထုတ်လုပ်သည့် ဆန်စပါးနှင့်စိုက်ပျိုးသီးနှံထုတ်ကုန်များ အခြောက်ခံစက် မိတ်ဆက်ရှင်းလင်းပွဲကျင်းပ

ကိုရီးယားနိုင်ငံ Global Village Grand Vision Co;Ltd မှ ထုတ်လုပ်ရောင်းချသည့် ဆန်စပါးနှင့်စိုက်ပျိုးသီးနှံထုတ်ကုန်များ အခြောက်ခံစက် မိတ်ဆက်ရှင်းလင်းပွဲကို ဇူလိုင်လ ၂၆ ရက်က မန္တလေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊တိုင်းဒေသကြီးဦးစီးမှူးရုံးအစည်းအဝေးခန်းမတွင်ကျင်းပခဲ့သည်။အဆိုပါအခမ်းအနားကိုမြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း(အသင်းခွဲ) မန္တလေးတိုင်းဒေသကြီးမှ ကြီးမှူးကျင်းပခဲ့တာဖြစ်ပါတယ်။

အဆိုပါမိတ်ဆက်ရှင်းလင်းပွဲသို့ စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယတိုင်းဒေသကြီးဦးစီးမှူးနှင့်အမှုထမ်းများ၊ ကိုရီးယားနိုင်ငံ Global Village Grand Vision Co;Ltd မှ Board of Chairman ဖြစ်သူ Jin Young. Kim၊ မန္တလေးတိုင်းဆန်စက်ပိုင်ရှင်များအသင်းဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ တက်ရောက်ခဲ့ပါတယ်။

အခမ်းအနားတွင် မန္တလေးတိုင်းဆန်စက်ပိုင်ရှင်များအသင်းဥက္ကဋ္ဌက ယခုမိတ်ဆက်သော ကိုရီးယားနိုင်ငံလုပ်အခြောက်ခံစက် ၆တန်၊ ၈တန်၊ ၁၀တန်ဆန်စက်များသည်ဒေသနှင့်ကိုက်ညီသည့်အတွက် ယခုကဲ့သို့မိတ်ဆက်ရခြင်းဖြစ်ကြောင်း၊ မြန်မာ့ရွှေ့ဆောင်ဘဏ်နှင့်ချိတ်ဆက်၍ အရစ်ကျစနစ်ဖြင့် ဝယ်ယူရရှိနိုင်ရန် စီစဉ်ပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။

စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယတိုင်းဒေသကြီးဦးစီးမှူးက မန္တလေးတိုင်းဒေသကြီးသည် ဆန်လိုအပ်သည့်ဒေသ ဖြစ်သည့်အတွက် တိုင်းအတွင်းရှိ ဆန်စက်လုပ်ငန်းရှင်များအားလုံးကိုဖိတ်ခေါ်ပြီး မိတ်ဆက်ပေးခြင်းဖြစ်ကြောင်း၊ ဆန်အရည်အသွေး ကောင်းမွန်ရေးအတွက် စပါးအခြောက်ခံစက်မှာ အထူးပင်လိုအပ်ကြောင်း ပြောကြားခဲ့ပါတယ်။

ကိုရီးယားနိုင်ငံ Global Village Grand Vision Co;Ltd မှတာဝန်ရှိပုဂ္ဂိုလ် Board Chairman Jin Young. Kim က ကိုရီးယားနိုင်ငံမှ GVကုမ္ပဏီသည် ဆန်စပါးအခြောက်ခံစက်၊ ဆေးရွက်ကြီးအခြောက်ခံစက် စသည့် လယ်ယာထွက်ကုန်သီးနှံအခြောက်ခံစက်များကို ထုတ်လုပ်သည့်ကုမ္ပဏီဖြစ်ကြောင်း၊ မြန်မာနိုင်ငံသို့ အခြောက်ခံစက်များ တင်ပို့ရုံသာမက နောင်တွင်စက်ရုံတည်ထောင်ရန်အထိ ရည်ရွယ်ချက်ထားရှိကြောင်း၊ မြန်မာနိုင်ငံမှ လယ်ယာထွက်ကုန်သီးနှံများကို အောင်မြင်သည်အထိ အတတ်နိုင်ဆုံးကူညီပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။

မြန်မာနိုင်ငံဟာ စပါးခွံကို အများဆုံး အသုံးပြုတဲ့အတွက်မြန်မာနိုင်ငံရဲ့ရေမြေသဘာဝနဲ့ကိုက်ညီအောင် အဆိုပါသီးနှံအခြောက်ခံစက်များကို ထုတ်လုပ်ထားကြောင်း သိရပါတယ်။

Global Village Grand Vision Co;Ltd အနေဖြင့် ယခုနှစ်စပါးပေါ်မယ့်နိုဝင်ဘာလနဲ့ဒီဇင်ဘာလတို့မှာ ၃၀ ရာခိုင်နှုန်းဈေးလျှော့၍ ရောင်းချပေးမှာဖြစ်ပါတယ်။ အဆိုပါ သီးနှံအခြောက်ခံစက်ကို ဝယ်ယူလိုသူများအနေဖြင့် စာချုပ်ချုပ်ဆို၍ ဝယ်ယူရမည်ဖြစ်ပြီး စာချုပ်ချုပ်ဆိုပြီးပါက ၃၀ ရာခိုင်နှုန်းပေးချေရမှာဖြစ်ပါတယ်။ ကိုရီးယားနိုင်ငံမှမြန်မာနိုင်ငံသို့တင်ပို့ရန် သင်္ဘောတင်ချိန်တွင် ၄၀ရာခိုင်နှုန်းပေးသွင်းရမှာဖြစ်ပါတယ်။ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိချိန်တွင် ကျန် ၂၀ ရာခိုင်နှုန်းအားပေးချေရမှာဖြစ်ပြီး ကျန် ၁၀ ရာခိုင်နှုန်းကို စက်တပ်ဆင်ပြီးမှသာပေးချေရမှာဖြစ်ကြောင်းသိရပါတယ်။သို့သော်နယ်မှဝယ်ယူလိုသူများအနေဖြင့် သယ်ယူပို့ဆောင်ခကိုထပ်မံပေးဆောင်ရမှာ ဖြစ်ပါတယ်။ ၂၀၁၇ခုနှစ်အတွင်း ဝယ်ယူပါက အထူးလျှော့ဈေးအနေဖြင့် ယခုကဲ့သို့ လုပ်ဆောင်ပေးခြင်းဖြစ်ပြီး ၂၀၁၈ခုနှစ်တွင်ရောင်းချမယ့်စက်များကိုတော့ ဘဏ်များနဲ့ချိတ်ဆက်ပြီး ပုံမှန်အတိုင်းရောင်းချပေးသွားမှာဖြစ်ကြောင်းသတင်းရရှိပါတယ်။**တင်ဇာမျိုး(မန္တလေး)**

# အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုအခြေခံသင်တန်းအမှတ်စဉ်(၁၀)သင်တန်းဖွင့်လှစ်မည်

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုဂ္ဂလိကကဏ္ဍရှိ စီးပွားရေးလုပ်ကိုင်သူများအား နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် သိသင့်သိထိုက်သည့် အသိပညာ၊ဗဟုသုတများရရှိရန်နှင့်နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်သည့် ပို့ကုန်လုပ်ငန်းရှင်သစ်များ၊ ကုန်သည်စီပွားရေး လုပ်ငန်းရှင်သစ်များကို မွေးထုတ်ပေးနိုင်ရန် Trade Training Institute ကို ၂၀၁၂ ခုနှစ်၊ဧပြီလမှစတင်ဖွင့်လှစ်ကာ နိုင်ငံတကာကုန်သွယ်မှုနှင့်ပတ်သက်၍ စာတွေ့/လက်တွေ့များကျယ်ကျယ်ပြန့်ပြန့်သင်ကြားပို့ချပေးလျက်ရှိပါသည်။ ယခုအခါ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုအခြေခံသင်တန်း အမှတ်စဉ်(၁၀)ကို ၂၀၁၇ ခုနှစ်၊ဩဂုတ်လ နောက်ဆုံးပတ်တွင် ဖွင့်လှစ်မည်ဖြစ်ပါသည်။

သင်တန်းတွင်ကုမ္ပဏီတစ်ခုတည်ထောင်သည်မှစ၍ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခြင်း၊ ပို့ကုန်သွင်းကုန်လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြုလုပ်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ၊ နိုင်ငံတကာကုန်သွယ်မှု သီအိုရီနှင့် သဘောတရားများ၊ စီးပွားရေးဆိုင်ရာ ကျင့်ဝတ်များ၊ စံချိန်စံညွှန်းများ၊ဈေးကွက်သုတေသန၊နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာ မူဝါဒများ အစရှိသည့် ဘာသာရပ်များကို စီးပွားရေးပညာရှင်များ၊ ကုန်သွယ်မှုနှင့် ဆက်စပ်သည့် ဝန်ကြီးဌာနအသီးသီးမှ ကျွမ်းကျင်သူများနှင့်နိုင်ငံတကာမှ ကျွမ်းကျင်ပညာရှင်များက ပို့ချဆွေးနွေးမည် ဖြစ်ပါသည်။ စီးပွားရေးဆိုင်ရာ ဟောပြောပွဲများ ကျင်းပပေးခြင်း၊ လေ့လာရေးခရီးစဉ်များစီစဉ်ပေးခြင်းတို့လည်း သင်တန်းတွင် ပါဝင်မည်ဖြစ်ပါသည်။

သင်တန်းကို အမှတ် (၂၂၈-၂၄၀) ကမ်းနားလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်မြို့ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေး ဦးစီးဌာန (ရန်ကုန်တိုင်း ဒေသကြီးရုံး) စတုတ္ထထပ်ရှိ သင်တန်းခန်းမတွင် ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းကာလမှာ ရက်သတ္တတစ်ပတ်လျှင် သုံးရက် (တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ) (နံနက် ၀၉:၃၀ နာရီမှ ၁၂:၃၀ နာရီထိ) ဖြင့် သုံးလခွဲကြာမြင့်မည် ဖြစ်ပါ သည်။

သင်တန်းသား လက်ခံခြင်းကို၂၀၁၇ခုနှစ်၊ ဩဂုတ်လ ပထမပတ်မှ စတင်လက်ခံပြီး သင်တန်းဖွင့်လှစ်မည့်ရက်ကို ထပ်မံအကြောင်းကြားပေးမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။ **ကုန်သွယ်မှုသင်တန်းကျောင်း(ရန်ကုန်)**

# ဗီယက်နမ်နိုင်ငံတွင် "The Northern Delta International Agricultural Trade Fair 2017"ကျင်းပမည်

ဗီယက်နမ်နိုင်ငံ၊ Thai Binh ပြည်နယ်တွင် "The Northern Delta International Agricultural Trade Fair 2017"ကို နိုဝင်ဘာလ ၈ ရက်မှ ၁၄ ရက် အထိ ကျင်းပသွားမည်ဖြစ်ပါသည်။ အဆိုပါပြပွဲကို ဗီယက်နမ်နိုင်ငံစက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနမှ ကြီးမှူး၍ ကျင်းပသွားမည်ဖြစ်သည်။ ယခုပြပွဲသည် နိုင်ငံတကာမှ စီးပွားရေးလုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်နှင့် ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်နိုင်ရန်ဖြစ်ပြီး စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ထုတ်ကုန်မျိုးစုံကို ဈေးကွက်တွင် မိတ်ဆက်နိုင်ရန်၊ ကုန်အမှတ်တံဆိပ်အသစ်များကို ဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်ရန် ကျင်းပခြင်းဖြစ်ကြောင်း သိရှိရပါသည်။

ထို့ကြောင့် ပြပွဲတွင်ပါဝင်ပြသလိုသော စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ပြပွဲဆိုင်ရာအသေးစိတ် အချက်အလက်များကိုသိရှိလိုပါက ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ဖုန်း၊၀၁-၂၃၁၄၃၄၄၊ ၀၁-၂၃၁၇၂၀၇ သို့လည်းကောင်း၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ၊ ဖုန်း ၀၆၇-၄၃၀၁၂၈၊ ၀၆၇-၄၃၀၄၄၇ သို့လည်းကောင်း ဆက်သွယ်၍ စုံစမ်းမေးမြန်းနိုင်ကြောင်း သိရှိရပါသည်။ **လင်းလင်းထွန်း**(TD)

## နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်

(၁) မြန်မာကုန်သွယ်မှုဗဟိုဌာန (Myanmar Trade Center) ဖုန်း-၀၁ ၂၅၄၀၂၄ ဖက်စ်- ၀၁ ၂၅၄၀၂၃ အီးမေးလ်-itpic.moc@gmail.com

(၂) Myanmar-EU Trade Help Desk ဖုန်း- ၀၉ ၄၃၀ ၄၁ ၈၄၇ အီးမေးလ်- mmeu.tradehelpdesk@gmail.com

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Complaint Center (CCC) များ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-21005,Ph:083-21005 |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-24728, Ph:057-24318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြီရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

## (၇) နေ့ သားသမီးများအတွက် စီးပွားရေး အကြံပေး ဟောကိန်း

### ၃၁-၇-၂၀၁၇ မှ ၆-၈-၂၀၁၇ ရက်နေ့ထိ

**ဒေါ်မြတ်မြတ်အေး (မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)**



**တနင်္ဂနွေသားသမီးများအတွက်** လုပ်ငန်းနှင့်ပတ်သက်သော အခက်အခဲများ လိုအပ်ချက်များကို အဆင်ပြေအောင်၊ တီထွင်ကြံဆလုပ်ကိုင်ခြင်းဖြင့် အဆင်ပြေလာတတ်ပါသည်။ အရည်အချင်းပြည့်ဝမှု တတ်မြောက်ထားသည့် အသိပညာ၊ အတတ်ပညာများ ရှိသော်လည်း လက်တွေ့အသုံးပြုသည့်အခါ အခက်အခဲနဲ့ ကြုံရတတ်သည်။ ကျန်းမာရေး ကောင်းမွန်နေတတ်ပါသည်။ ယခုကာလတွင် ချစ်သူမရှိသေးသူများ ချစ်သူတွေ့ရတတ်ပါသည်။

**ယတြာ။ ။အရဟံဂုဏ်တော်ရွတ်ဖတ်ပူဇော်ပါ။**




**တနင်္လာသားသမီးများအတွက်** အထက်ကြီးကဲသူ၏ အထင်လွဲခြင်းခံရတတ်သည်။ ဩဇာအရှိန်အဝါရှိ သူနှင့် မသင့်မမြတ်ဖြစ်တတ်သည်။ မိမိကဇွဲရှိရှိတည်တည်ကြည်ကြည်နှင့် ချိန်ဆစဉ်းစားဆောင်ရွက်ပါက အောင်မြင်မှုရရှိမည်ဖြစ်ပါသည်။ အလုပ်ကိစ္စများ ပိုမိုများပြားလာမည်။ ခရီးတိုများ၊ နယ်စွန်နယ်ဖျား ခရီးများလည်း သွားရတတ်သည်။ အိပ်ရေးပျက်ခံမှုများကြောင့် ဦးနှောက်အာရုံကြောရောဂါ သတိရှိသင့်ပါသည်။ အချစ်ရေး၊ မေတ္တာရေးတွင် ကံကောင်းနေမည်။

**ယတြာ။ ။ဘုရားတွင်ဩဇာသီးလှူပါ။ လိုရာဆုတောင်းပါ။**



**အင်္ဂါသားသမီးများအတွက်** လုပ်ငန်းနှင့်ပတ်သက်သောရေရှည်အကျိုးရရှိမည်။ စိတ်ဓာတ်စွမ်းအားဖြင့် ရဲဝံ့စွာ၊ စွန့်စားမှုတို့ကြောင့် လုပ်ငန်းများအောင်မြင်ဖြစ်ထွန်းလာပါလိမ့်မည်။ လုပ်ငန်းများ အဆင်ပြေလာသလို အသိုင်းအဝိုင်းလည်း ပိုမိုကျယ်ပြန့်လာတတ်ပါသည်။ ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်နေမည်။ ကျန်းမာရေး အနည်းငယ်ချူချာနေတတ်သည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် ညှိနှိုင်းဆောင်ရွက်မှုရှိနေတတ်ပါသည်။

**ယတြာ။ ။သင်္ကြားသာကူလှူပါ။**




**ဗုဒ္ဓဟူးသားသမီးများအတွက်** စီးပွားရေးအောင်မြင်ကြီးပွားရန် အလုပ်ကိစ္စများကို ဝီရိယကူ၍လုပ်ကိုင်ဆောင်ရွက်သင့်သော အချိန်ကာလဖြစ်သည်။ အကြံအစည်အသစ် ပေါ်ပေါက်ပါက လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်လုပ်ကိုင်ပါက အဆင်ပြေမည့်ကာလ ဖြစ်သည်။ ဉာဏ်ပညာထက်မြက်နေမည်။ ကျန်းမာရေးတွင် အရေပြားဆိုင်ရာ ဝေဒနာခံစားရတတ်သည်။ အချစ်ရေး၊ အိမ်ထောင်ရေး ကံကောင်းနေတတ်ပါသည်။

**ယတြာ။ ။ဘုရားရောင်တော်ဖွင့်ပေးပါ။**




**ကြာသပတေးသားသမီးများအတွက်** လုပ်အားတန်ဖိုး အကျိုးအမြတ်အနေဖြင့် အကောင်းဆုံးမဟုတ်သော်လည်း သင့်တင့်လျောက်ပတ်သော အနေအထားရှိနေတတ်ပါသည်။ ဆရာကောင်း၊ သမားကောင်းနှင့်လည်း တွေ့ကြုံရတတ်သည်။ လုပ်ငန်းတိုင်းတွင် အရည်အချင်းရှိရှိ ကျွမ်းကျင်စွာ လုပ်ကိုင်နိုင်စွမ်းရှိလာတတ်သည်။ ဝင်ငွေ၊ ထွက်ငွေမျှတနေမည်။ ကျန်းမာရေးတွင် အပူနာပေါက်တတ်သည်။ အကြောဝေဒနာခံစားရတတ်သည်။ အချစ်ရေး၊ အိမ်ထောင်ရေးသာယာ ပျော်ရွှင်မှုများရ ရှိနေပါလိမ့်မည်။

**ယတြာ။ ။ဆရာသမား၊ အကြီးအကဲတို့ကိုအာဟာရဒါနလှူပါ။**



**သောကြာသားသမီးများအတွက်** စီးပွားရေးကိစ္စများအနေနဲ့ စိတ်မပါသည့်တိုင်အောင် အသိဉာဏ်က လုပ်သင့်သောအရာများကို ရှောင်လွှဲမနေဘဲ လုပ်ကိုင်စေသော သဘောဖြစ်နေတတ်သည်။ သို့သော် အများနှင့်ပတ်သက်သော ကိစ္စများကြောင့် စိတ်ဆင်းရဲရခြင်း၊ အပင်ပန်းခံရခြင်း ဖြစ်ပေါ်ခံစားရတတ် သည်။ ဝင်ငွေ၊ ထွက်ငွေမမျှခြင်းကြောင့် ငွေကြေးလည်ပတ်မှု ခက်ခဲမှုရှိနေတတ် သည်။ အရာရာ မှာ သတိပညာဖြင့် ချိန်ဆဆောင်ရွက်နိုင်ပါမှ အဆင်ပြေပါလိမ့် မည်။ ပညာရေး၊ လူမှုရေး၊ ကျန်းမာရေး အဆင်ပြေနေပါလိမ့်မည်။

**ယတြာ။ ။ဓာရဏပရိတ်တော်ကို ရွတ်ဖတ်ပူဇော်ပါ။**



**စနေသားသမီးများအတွက်** အတွေးအခေါ်၊ အကြံအစည် စဉ်းစားနိုင်မှုအနေနှင့် အရာရာကို အေးဆေး တည်ငြိမ်စွာ စနစ်တကျစီမံဖြေရှင်းနိုင်စွမ်းရှိသည့်အတွက် စီးပွားရေး အောင်မြင်မှု ရရှိနေမည်။ ဝင်ငွေပုံမှန် အားကောင်းနေမည်။ မိတ်ဆွေ အပေါင်းအသင်း၏ ကူညီမှုအကျိုးသက်ရောက်မှုရှိနေမည်။ ခရီး သွားလုပ်ငန်း ပိုမိုအောင်မြင်လိမ့်မည်။ ကျန်းမာရေးဂရုစိုက်ပါ။ လေ၊ အကြောနှင့် ပတ်သက်သော ဝေဒနာခံစားရတတ်သည်။ ပညာရေး၊ လူမှုရေးကံကောင်းနေမည်။

**ယတြာ။ ။သရဏဂုံဂုဏ်တည်ပါ။**

## မြန်မာနိုင်ငံ ကြိမ်ဝါးလုပ်ငန်းရှင်များအသင်း (ဗဟို)နှင့် ရေကြည် ကြိမ်ဝါးလုပ်ငန်းရှင်များအသင်းတို့ တွေ့ဆုံ

ဧရာဝတီတိုင်းဒေသကြီးအတွင်း ပြည်တွင်း၊ ပြည်ပဈေးကွက်ဝင် ကြိမ်ဝါးလက်မှုလုပ်ငန်းများ ထုတ်လုပ်ရောင်းချလျက်ရှိသော ရေကြည်မြို့နယ်၊ ကြိမ်ဝါးလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးစိုးနိုင်နှင့် အမှုဆောင်များ၊ အလုပ်အမှုဆောင်များ၊ စားသုံးသူရေးရာ ဦးစီးဌာန၊ မြို့နယ်တာဝန်ခံ ဦးအေးသိန်း၊ မြန်မာနိုင်ငံ ကြိမ်ဝါး လုပ်ငန်းရှင်များ အသင်း (ဗဟို) မှ ဥက္ကဋ္ဌ ဦးကျော်သူ၊ အတွင်းရေးမှူး ဦးမြင့်ဦး၊ ဦးတင်ဦး တို့အဖွဲ့နှင့် ဇူလိုင် ၂၄ ရက်တွင် ရေကြည်မြို့နယ် ရွှေအိုးကြီး ကြိမ်ဝါးအချောထည် လက်မှုလုပ်ငန်း အလုပ်ရုံခန်းမ၌ တွေ့ဆုံခဲ့ပါသည်။

ထိုသို့ တွေ့ဆုံခဲ့ရာတွင် ကြိမ်ဝါးလုပ်ငန်းများ ထုတ်လုပ်တင်ပို့ရောင်းချမှု လက်ရှိဈေးကွက်အခြေအနေ၊ ကုန်ကြမ်းရရှိမှု၊ ကုန်ချောထုတ်လုပ်မှု၊ လက်ရှိလုပ်ငန်း ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများ၊ အားသာချက်၊ အားနည်းချက်များကိုလည်း ကောင်း၊ နိုင်ငံတော်မှ ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကိုလည်းကောင်း ဗဟိုအသင်းမှ တာဝန်ရှိသူများက ရှင်းလင်းတင်ပြခဲ့သည်။ မိမိတို့ဗဟိုအသင်းမှ ကူညီချိတ်ဆက်ဆောင်ရွက်ပေးနိုင်မည့် ကိစ္စရပ်များကို ကူညီပေးသွားမှာဖြစ်သလို လိုအပ်ပါကလည်း နိုင်ငံတော်အဆင့်အထိ တင်ပြဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း၊ မြန်မာ့လက်မှုလုပ်ငန်းများ နိုင်ငံတကာဈေးကွက်ဝေစုရရှိရေး၊ တန်ဖိုးမြှင့် ထုတ်ကုန်အဖြစ် ထုတ်လုပ်နိုင်ရေးအတွက် ဗဟိုအသင်းမှ ပြည်ပနိုင်ငံများရှိလက်မှုအနုပညာရှင်များ တွေ့ဆုံပေးကာ ဈေးကွက် ကျယ်ပြန့်လာအောင် ကူညီဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း၊ လောလောဆယ် ရေကြည်ကြိမ်ဝါးအသင်းမှ တင်ပြလာသည့် ကြိမ်ကုန်ကြမ်းပြုလုပ်ရာတွင် အသုံးပြုသော ကြိမ်အူလုံးထိုးစက်ကြီး နှစ်လုံး၊ နန်းပါးစက် ငါးလုံးကို မြန်မာနိုင်ငံ ကြိမ်ဝါးလုပ်ငန်းရှင်များအသင်းမှ ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း မြန်မာနိုင်ငံ ကြိမ်ဝါးလုပ်ငန်းရှင်များအသင်း (ဗဟို) မှ တာဝန်ရှိသူများက ဆွေးနွေးပြောကြားပါသည်။

စားသုံးသူရေးရာ ဦးစီးဌာန မြို့နယ်တာဝန်ခံ ဦးအေးသိန်းကလည်း ပြည်တွင်း ကုန်သွယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိမ်ဝါးလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်မှသာ ဒေသတွင်း စီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်း ယခုအချိန်မှာ ပုဂ္ဂလိကကဏ္ဍများ ဖွံ့ဖြိုးတိုးတက်အောင် (ဗဟို) အသင်းနှင့် ပူးပေါင်း၍ ဒေသခံကြိမ်ဝါးအသင်း၊ ဒေသအာဏာပိုင်များအား မိမိတို့ဌာနအနေနဲ့လည်း ဝိုင်းဝန်းကူညီချိတ်ဆက် ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း ဆွေးနွေးပြောကြားပါသည်။

**အေးသိန်း၊ မင်းမင်းဦး(ပုသိမ်)**

## ဧရာဝတီတိုင်းဒေသကြီး ဆန်စပါးဈေးကွက်တွင်ဇူလိုင်လ နောက်ဆုံးပတ်၌ ပုသိမ်ခရိုင်နှင့် ဟင်္သာတခရိုင်တို့တွင် ဈေးနှုန်းအပြောင်းအလဲဖြစ်

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဆန်စပါးဈေးကွက်တွင် ဇူလိုင်လနောက်ဆုံးပတ်က ပုသိမ်ခရိုင် ငပုတော၊ သာပေါင်း၊ ကံ့ပျော်၊ ရေကြည်၊ ကျောင်းကုန်းမြို့နယ်များရှိ ဧည့်မထမိုးစပါး ၄၆ ပေါင်တင်း၁၀၀ ကိုကျပ် ၄၄၀၀၀၀ ဝန်းကျင်မှ ယခုလက်ရှိ ၄၆ ပေါင် တင်း ၁၀၀ ကို ကျပ် ၄၆၀၀၀၀ ဈေး၊ စပါးတင်း ၁၀၀ ကို ကျပ် ၂၀၀၀၀ ဝန်းကျင် ဈေးနှုန်းမြင့် တက်သွားပြီး၊ ဆန်တစ်အိတ်ကို ယခင်ကကျပ် ၁၉၅၀၀ မှ ယခုကျပ် ၂၀၀၀၀-၂၀၅၀၀ ဈေးဖြစ်သွား၍ ဆန်တစ်အိတ်လျှင် ကျပ် ၁၀၀၀ ဝန်းကျင် ဈေးမြင့်တက်သွားကြောင်း ဆန်စပါးဈေးနှုန်းသတင်းများအရ သိရသည်။

ဟင်္သာတခရိုင်အတွင်းရှိ ဟင်္သာတ၊ ဇလွန်မြို့နယ်များတွင် ဧည့်မထမိုးစပါး ၄၆ ပေါင် တင်း ၁၀၀ ကို ကျပ် ၄၈၀၀၀၀-၄၉၀၀၀၀ မှ ယခုအခါ ကျပ် ၅၁၀၀၀၀ ဈေးဖြစ်သွားပြီး လေးမျက်နှာ၊ မြန်အောင်၊ ကြံခင်း၊ အင်္ဂပူမြို့နယ်များတွင် ၄၆ ပေါင် တင်း ၁၀၀ ကို ကျပ် ၂၀၀၀၀ ဝန်းကျင်နှင့် မိုးဆန်တစ်အိတ်ကိုကျပ် ၅၀၀ မှ ၁၀၀၀ အတွင်း ဈေးနှုန်းမြင့်တက်သွားကြောင်း၊ ပုသိမ်ခရိုင်နှင့် ဟင်္သာတခရိုင်တို့တွင် ဈေးနှုန်းအပြောင်းအလဲဖြစ်ပြီး၊ မအူပင်ခရိုင်နှင့် ဖျာပုံခရိုင်တို့တွင် ဆန်စပါးဈေးကွက် အရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးနှုန်းပြောင်းလဲမှု မရှိကြောင်း ဈေးကွက်သတင်းများအရ သိရသည်။

**မင်းမင်းဦး(ပုသိမ်)**

## ကသာခရိုင် အင်းတော်မြို့နယ်ရှိ ဆန်စက်များ အနည်းငယ်သာ ကြိတ်ခွဲလည်ပတ်လျက်ရှိ

ကသာခရိုင် အင်းတော်မြို့နယ်မှာ ဆန်/စပါး အများဆုံး ထုတ်လုပ်တင်ပို့လျက်ရှိပါတယ်။ ဗန်းမောက်မြို့နယ်က ထွက်ရှိတဲ့ စပါးများကို အင်းတော်အထိ သယ်ယူပြီး စက်ကြိတ်ကာ ဗန်းမော်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ဆင်း-၃ ဆန် တစ်မျိုးတည်းသာ တင်ပို့လျက်ရှိပါတယ်။ ယခင်နှစ်ကရာသီဥတုဖောက်ပြန်ပြီး ဆန်စပါး အရည်အသွေး ညံ့ဖျင်းတဲ့အတွက် ဝယ်လက်ပျောက်ကာ တောင်သူ လက်ထဲမှာ စပါးလက်ကျန် များနေပါတယ်။ မြို့နယ်အတွင်း ဆန်စက်များအနေနဲ့ ယခုဇူလိုင်လ တစ်လလုံး ဒေသတွင်း စားသုံးရန်အတွက် အနည်းငယ်သာ ကြိတ်ခွဲနေရတယ်လို့ ဆန်စက်လုပ်ငန်းရှင်များထံက သိရပါတယ်။

တောင်သူများ လက်ဝယ်မှာ စပါးလက်ကျန် များနေပြီး ဝယ်လက်ပျောက်နေတာ တွေ့ရပါတယ်။ ဆင်း-၃ စပါးစက်ကြိတ်အောက်တန်း တစ်တင်းခွဲအိတ် ၂၀ ပဲထွက်ပါတယ်။ စပါးဈေးက တင်းတစ်ရာကို ကျပ်ငါးသိန်း၊ ဆန်တစ်အိတ်ကို ကျပ် ၂၅၀၀၀ ဆိုတော့ ဆန်စက်ပိုင်ရှင်များ အကျိုးအမြတ်မရှိနိုင်ပါဘူး။ ဒေသတွင်းမှာ အိုးဝင်ဆန် တစ်အိတ်ကျပ် ၂၆၀၀၀နဲ့ အရောင်းအဝယ်ရှိလို့ ဆန်စက် အနည်းငယ်သာ ကြိတ်ခွဲနေ တာဖြစ်ပါတယ်။ ဒီအတိုင်းသာ သွားမယ်ဆိုရင် လာမယ့် စပါးသစ်ပေါ်ချိန်မှာ စပါးဈေးကောင်းမရဘဲ တောင်သူများ အခက်အခဲ ရှိနိုင်ပါတယ်။ ဗန်းမော်-တရုတ်လမ်းကြောင်းပွင့်မှ ဒီအခက်အခဲတွေ ပြေလည်သွားနိုင်တယ်လို့ အမေ့အိမ် ဆန်စက်ပိုင်ရှင် ဦးအောင်ထွေးက ပြောပါတယ်။

ယခုအခါတွင်ကသာခရိုင်အတွင်း ဆင်း-၃ စပါးတင်း တစ်ရာကို ကျပ်ငါးသိန်း၊ ဆန်တစ်အိတ် ကျပ် ၂၅၀၀၀၊ မှော်ဘီ-၂ စပါး တင်းတစ်ရာကျပ် ၇၅၀၀၀၀ ဈေး၊ ဆန်တစ်အိတ်ကျပ် ၂၉၀၀၀၊ ဆန်ကွဲတစ်အိတ်ကျပ် ၁၂၀၀၀၊ ဖွဲနုတစ်တင်းကျပ် ၅၀၀၀ အသီးသီး ရှိတယ်လို့ ဆန်စပါးဈေးကွက်က သိရပါတယ်။

**ကြည်နိုင်ဦး (အင်းတော်)**

# ဟသ်ာတမြို့နယ်တွင်အသေးစားငွေရေးကြေးရေးလုပ်ငန်းများ တွင်ကျယ်လာ

ဟသ်ာတမြို့နယ်တွင် အသေးစား ငွေရေးကြေးရေးလုပ်ငန်းများ တွင်ကျယ်လျက်ရှိကြောင်း သိရသည်။ မြို့နယ်အတွင်း Pact Global Microfinance Fund (PGMF), Vision Fund Myanmar, Woori Finance Myanmar, Internet Wallet, Fullerton Finance Myanmar နှင့် ပြည်မဟာ စသည့် ငွေချေးလုပ်ငန်းများ ရှိနေသကဲ့သို့ ချေးငှားခွင့်ရရှိထားသော်လည်း ယခုအထိ လုပ်ငန်းစတင်ခြင်း မရှိသေးသော အသေးစား ငွေရေးကြေးရေးလုပ်ငန်းများလည်း ရှိနေကြောင်း သိရသည်။

ငွေချေးရာတွင်လည်း လူငါးယောက်လျှင် အုပ်စုတစ်စုသတ်မှတ်၍ အချင်းချင်း ပြန်လည်အာမခံရပြီး မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုဇယား၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ လိုင်စင်ဓာတ်ပုံနှစ်ပုံ လိုအပ်ပါသည်။ ချေးငွေပမာဏမှာလည်း ငွေချေးလုပ်ငန်း တစ်ခုနှင့်တစ်ခု မတူညီဘဲ အနည်းဆုံး ကျပ်ငါးသောင်းမှ ကျပ်ငါးသိန်းအထိ ထုတ်ချေးပါသည်။ ပြန်ဆပ်ရာတွင်လည်း ကာလတစ်နှစ်သတ်မှတ်ပြီး လစဉ် (သို့) ၁၅ ရက်တစ်ကြိမ် ပြန်လည် ပေးဆပ်ရကြောင်း သိရသည်။ အတိုးနှုန်းမှာ နှစ်ကျပ်ခွဲတိုးနှုန်းဖြစ်ပြီး အတိုးနှင့်အရင်း ပေါင်းကာ သတ်မှတ်ရာခိုင်နှုန်းအလိုက် ပြန်လည်ပေးဆပ်ရကြောင်း သိရသည်။ ထို့ပြင် လုပ်ငန်းအလိုက် ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများအတိုင်း လိုက်နာမည့်အကြောင်းကို လက်မှတ်ရေးထိုးရကြောင်း သိရသည်။

ဟသ်ာတမြို့နယ်အတွင်းရှိ အသေးစား ငွေရေးကြေးရေး လုပ်ငန်းတစ်ခုမှ ချေးငွေရယူထားသူတစ်ဦးက ၎င်းအနေဖြင့် ချေးငွေရယူပြီး ခြံတစ်ခြံဝယ်ခဲ့ကြောင်း၊ ယခုအခါတွင် အဆိုပါ ချေးငွေကို ပုံမှန်အတိုင်း ပြန်လည်ပေးဆပ်လျက်ရှိကြောင်း၊ ငွေချေးသည့်သူများကို ငါးယောက်တစ်အုပ်စု သတ်မှတ်ထားရာ မိမိသည် အဆိုပါအုပ်စု၏ ခေါင်းဆောင်တစ်ဦးဖြစ်ကြောင်း၊ ထို့ကြောင့် မိမိအဖွဲ့ဝင်များကို ချေးငွေများ ပုံမှန်ပေးဆပ်နိုင်ရေးအတွက် အမြဲတိုက်တွန်းနေရကြောင်း၊ ယခင်က အလုပ်မလုပ်ဘဲထိုင်နေ၍ ရသော်လည်း ယခုအခါတွင် အကြွေးများ ပြန်လည်ပေးဆပ်နိုင်ရေးအတွက် အလုပ်ကို ကြိုးစားလုပ်နေရကြောင်း၊ ယခင်က ငွေမရှိသဖြင့် မည်သည့်စီးပွားရေးမှ မလုပ်နိုင်ခဲ့ကြောင်း၊ ယခုအခါတွင် ငွေရေးကြေးရေးလုပ်ငန်းများ၏ အကျိုးကျေးဇူးကြောင့် မိသားစုတစ်နိုင်တစ်ပိုင် စီးပွားရေးများ လုပ်ဆောင်လာနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ချေးငွေယူပြီး ပြန်လည်ပေးဆပ်နိုင်ခြင်းမရှိတဲ့ သူများလည်း ရှိပါကြောင်း၊ ၎င်းတို့မှာ အတိုးနှုန်းကြီးမားစွာပေးဆောင်၍ အပြင်မှချေးယူကာပြန်လည်ပေးဆပ်နေရတာကိုလည်း တွေ့မြင်နေရပါကြောင်း၊ ယင်းကဲ့သို့သောသူများအား အဖွဲ့တွင် နောက်ထပ်ပါဝင်ခြင်းမပြုစေတော့ကြောင်း၊ အသေးစား ငွေရေးကြေးရေး လုပ်ငန်းများသည် ပြည်သူများအား အလုပ်လုပ်ချင်စိတ်များ ဖြစ်ပေါ်လာအောင် တိုက်တွန်းပေးနေသကဲ့သို့ ဖြစ်နေကြောင်း ပြောကြားခဲ့သည်။

**မောင်မောင်မြတ်ခိုင်**

## ဩစတြေးလျနိုင်ငံသို့ ပုစွန်စိမ်း တင်သွင်းမှု ယာယီဆိုင်းငံ့ခြင်းအား ဖြေလျှော့လိုက်ပြီ

ဩစတြေးလျနိုင်ငံအစိုးရ၊ စိုက်ပျိုးရေးနှင့် ရေအရင်းအမြစ်ဝန်ကြီးဌာနမှ ဩစတြေးလျနိုင်ငံသို့ ပုစွန်စိမ်းတင်သွင်းမှုကို ယာယီဆိုင်းငံ့ထားရာမှ ဇူလိုင် ၆ ရက်မှစတင်၍ ဖြေလျှော့လိုက်ပြီဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပေးပို့ချက်အရသိရှိရပါတယ်။

အဲဒီလိုဖြေလျှော့ရာမှာလည်း စည်းကမ်းချက်တွေနဲ့အညီ ဖြေလျှော့ခြင်းဖြစ်ပြီး ပုစွန်စိမ်းတင်သွင်းသည့် နိုင်ငံများအနေနဲ့ World Organization for Animal Health (OIE) သတ်မှတ်ထားသည့် စံနှုန်းအတိုင်း White Spot Syndrome Virus (WSSV) ရောဂါပိုးနှင့် Yellow Head Virus (YHV) ရောဂါပိုးများအား စမ်းသပ် စစ်ဆေးထားကြောင်း ထောက်ခံချက်လိုအပ်ပြီး ထောက်ခံချက်ပုံစံတို့ကို စနစ်တကျ ကြိုတင်သွင်းရမှာဖြစ်ပါတယ်။

သက်ဆိုင်ရာနိုင်ငံများမှ ရာနှုန်းပြည့်စစ်ဆေးထားသည့် အဲဒီပုစွန်စိမ်းတွေကို ဩစတြေးလျ ဓာတ်ခွဲခန်းမှာ WSSV နှင့် YHV ရောဂါပိုးများ ကင်းရှင်းခြင်း ရှိ-မရှိ ထပ်မံစစ်ဆေးပြီးမှသာ ဇီဝဖြစ်စဉ်ထိန်းသိမ်းရေးစစ်ဆေးမှုမှ ကင်းလွတ်ခွင့် ရရှိမှာဖြစ်ပါတယ်။

ကုန်သွယ်ဖက်များအနေနဲ့ ယခုဖြေလျှော့ချက်အရ ဩစတြေးလျနိုင်ငံသို့ ပုစွန်စိမ်းတင်ပို့ခြင်းဆိုင်ရာ စည်းကမ်းချက်များနဲ့အညီ ဇူလိုင် ၆ ရက်မှစပြီး တင်ပို့သွားနိုင်မှာ ဖြစ်ပါကြောင်း သိရပါတယ်။

ဒါကြောင့် မြန်မာနိုင်ငံမှ ပုစွန်စိမ်းတင်ပို့လိုသူများအနေဖြင့် ဩစတြေးလျနိုင်ငံမှ သတ်မှတ်တဲ့ စည်းကမ်းချက်များကို သိရှိပြင်ဆင်ဆောင်ရွက်နိုင်စေရေး ဖော်ပြလိုက်ပါတယ်။

**Source- နိုင်ငံခြားရေးဝန်ကြီးဌာန ချိတ်ဆက်မှု (DOT)**

## ပုသိမ်မြို့တွင် အုန်းအမာခွံလက်မှုအနုထည် ထုတ်လုပ်မှုသင်တန်း (၁/၂၀၁၇) ဖွင့်လှစ်

ဧရာဝတီတိုင်းဒေသကြီး အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနက ပုသိမ်မြို့ အနောက်တောင်တိုင်းစစ်ဌာနချုပ်တွင် ဇူလိုင်လပထမပတ်အတွင်း ဝါးလက်မှု အနုထည်ထုတ်လုပ်နည်းသင်တန်း၊ အုန်းအခွံမာလက်မှုအနုထည်ထုတ်လုပ်နည်း သင်တန်းကို ဇူလိုင် ၇ ရက်မှ စတင်၍ ဩဂုတ် ၈ ရက်အထိ တစ်လကြာ ဖွင့်လှစ် သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၅၀ ဦးကျော် တက်ရောက်လျက်ရှိပြီး တပ်တွင်းမိသားစုများအား ဒေသတွင်းအလုပ်အကိုင် အခွင့် အလမ်းများရရှိစေရန်နှင့် အသက်မွေးဝမ်းကျောင်းပညာရပ်များ တတ်မြောက်၍ နည်းပညာများ ရရှိကာ လုပ်ငန်းရှင်များ ပေါ်ထွက်လာစေရန်၊ အုန်းသီးထွက်ရှိမှုများသော ဧရာဝတီတိုင်းဒေသကြီးအတွင်း ဘေးထွက်ပစ္စည်းများကို ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်ခု (One Village One Product) အနေဖြင့် နည်းပညာများ ဖြန့်ဝေပေးနိုင်ရုံသာမက စွန့်ပစ်ပစ္စည်း အုန်းအမာခွံများအား အရည်အသွေးကောင်းမွန်၍ သပ်ရပ်လှပသော လူသုံးကုန်၊ အလှဆင်လက်ဆောင်ပစ္စည်းအဖြစ် ထုတ်လုပ်တတ်စေရန်၊ ထုတ်ကုန်အမယ်သစ်များ ပေါ်ထွက်လာစေရန်အပြင် မိသားစုတစ်ပိုင်တစ်နိုင် ဝင်ငွေတိုးပွားလာစေရန်၊ အခြေခံပန်းချီ၊ ဒီဇိုင်းပုံစံ သင်ကြားပို့ချခြင်း၊ အုန်းအမာခွံ ပစ္စည်းများ ရွေးချယ်ခြင်း၊ အချောသတ်ခြင်း၊ အုန်းအမာခွံပေါ်တွင် ဒီဇိုင်းရေးဆွဲ ထုတ်လုပ်ပုံဖော်ခြင်း၊ အုန်းအမာခွံများ အရောင်တင်ခြင်း၊ အချောထည်တပ်ဆင်ထုတ်လုပ်ခြင်းတို့ကို စာတွေ့လက်တွေ့အခမဲ့ သင်ကြားပို့ချ ပေးလျက်ရှိပြီး ဆက်လက်၍လည်း လူမှုရေးအသင်းအဖွဲ့များ၊ ဘာသာရေး အသင်းအဖွဲ့များ၊ မြို့ပြနှင့် ကျေးလက်နေပြည်သူများသာမက အကျဉ်းဦးစီးဌာနများတွင်လည်း အသက်မွေးဝမ်းကျောင်း ပညာရပ်များကို ထပ်မံဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန တိုင်းဦးစီးမှူး ဦးစိုးနိုင်ထူးကပြောပါ သည်။

**မင်းမင်းဦး(ပုသိမ်)**

## တပ်မတော်ကိုယ်ခံပညာနှင့် အားကစားသိပ္ပံနှင့် အမှတ်(၁) စစ်အခြေခံလေ့ကျင့်ရေးတပ် (အင်းတိုင်တပ်နယ်) တွင် စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးပွဲကျင်းပ

စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်းနှင့် တာဝန်ရှိဝန်ထမ်းများသည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန (ရန်ကုန်ရုံးခွဲ)၊ ပြည်သူ့ကျန်းမာရေး ဦးစီးဌာနတို့နှင့် ပူးပေါင်း၍ ဇူလိုင်လ ၂၄ ရက်နေ့တွင် တပ်မတော် ကိုယ်ခံပညာနှင့် အားကစားသိပ္ပံ (စုပေါင်းခန်းမ)နှင့် ဇူလိုင်လ ၂၈ ရက်နေ့တွင် အမှတ် (၁) စစ်အခြေခံလေ့ကျင့်ရေးတပ် (ရန်ကြီးအောင်ခန်းမ)တို့၌ ရန်ကုန်တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ အရာရှိ/စစ်သည်၊ အိမ်ထောင်သည်ရဲမေများကို စားသုံးသူ အကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးပွဲ ကျင်းပ ပြုလုပ်ခဲ့ရာ စုစုပေါင်း ၅၂၉ ဦး တက်ရောက်ခဲ့ပါတယ်။

ဟောပြောဆွေးနွေးပွဲများအနက် အင်းတိုင်တပ်နယ်၊ တပ်မတော်ကိုယ်ခံပညာနှင့် အားကစားသိပ္ပံတွင် အမှတ်(၂)စစ်အကျဉ်းထောင်မှုးရေး/ ထောက်ဗိုလ်ကြီး ကျော်ကျော်ရှိန်နှင့် အမှတ် (၁) စစ်အခြေခံလေ့ကျင့်ရေး တပ်မှ တပ်ရင်းမှူး ဗိုလ်မှူးကြီး ကျော်ဇေယျတို့က နှုတ်ခွန်းဆက်အဖွင့်စကား ပြောကြားခဲ့ပြီး ဟောပြောပွဲများတွင် စားသုံးသူ ရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်းနှင့် ဦးစီးအရာရှိ ဒေါ်ဝါဝါခိုင်တို့က အာဆီယံနိုင်ငံများတွင် စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေပါအချက်များ၊ ဆုံးရှုံးနစ်နာမှုများရှိပါက တိုင်ကြားနိုင်ရန်နှင့် ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန် ကော်မတီအဖွဲ့များ ဖွဲ့စည်းထားရှိမှု အခြေအနေ၊ မိတ်ဖက်ဌာနများနှင့် ပူးပေါင်း၍ တိုင်းဒေသကြီးအတွင်း တိုင်ကြားမှုများကို ဖြေရှင်း ဆောင်ရွက်နိုင်ခဲ့မှု အခြေအနေ၊ စားသုံးသူပြည်သူများအနေဖြင့် နေထိုင်စားသောက်မှုပုံစံများ ပြောင်းလဲ၍ ရွေးချယ်၊ ဝယ်ယူ၊ စားသုံး/သုံးစွဲသည့် အလေ့အကျင့်ကောင်းများ ပြုလုပ်သွားရန်၊ ဝယ်ယူသုံးစွဲသည့်ကုန်ပစ္စည်းများတွင်ပါရှိသည့် အညွှန်းများကို တိတိကျကျ လိုက်နာကျင့်သုံးရန်နှင့် စားသုံးသူရေးရာကိစ္စရပ်များကို အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် ရှုမြင်ပြီး ဌာနဆိုင်ရာများ၊ NGOs၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် စားသုံးသူပြည်သူများ ဟန်ချက်ညီညီ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးစေလိုမှုတို့ကို ဟောပြောဆွေးနွေးခဲ့ပါသည်။

ဆက်လက်၍ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(ရန်ကုန်ရုံးခွဲ)မှ ဦးစီးအရာရှိ ဒေါ်သီမွန်ချိန်နှင့် ဒုတိယကြီးကြပ်ရေးမှူး ဒေါ်စောစန္ဒာဦးတို့က ဌာန၏ဖွဲ့စည်းပုံနှင့် လုပ်ငန်းဆောင်ရွက်ချက်များ၊ အစားအသောက်၊ ဆေးဝါး၊ အလှကုန်များ ဝယ်ယူအသုံးပြုရာတွင် သတိပြုရမည့် အချက်များ၊ စားသောက်ကုန်များကို ဈေးကွက်မတင်မီနှင့် ဈေးကွက်တင်ပြီး စိစစ်ခြင်းများ၊ ဓာတုဆိုးဆေးများနှင့်ပတ်သက်၍ သိကောင်းစရာများ၊ အမှတ် တံဆိပ်သတ်မှတ်ချက်များ၊ စားသုံးသူပြည်သူများ သိရှိရမည့်အချက်များနှင့် သတိပြုလိုက်နာရမည့် အချက်များ၊ မြန်မာနိုင်ငံဆေးဝါးမှတ်ပုံတင်အမှတ် ကြည့်ရှုနည်းများ၊ စပ်ဆေးများ ဝယ်ယူသုံးစွဲခြင်းနှင့် အွန်လိုင်းရှော့ပင်းများမှ ရောင်းချသော ပစ္စည်းဝယ်ယူသုံးစွဲခြင်းအား ရှောင်ရှားသင့်ကြောင်းတို့ကို ဟောပြောဆွေးနွေးခဲ့ပြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ လှည်းကူးမြို့နယ်ကျန်းမာရေးမှူး ဒေါ်မိုးမိုးလှိုင်က ယခုမိုးရာသီတွင် ဖြစ်ပွားနေသော သွေးလွန်တုပ်ကွေးရောဂါသည် ကာကွယ်ဆေး/ ကုသဆေး မရှိခြင်းနှင့် ရောဂါသက်သာမှုရှိစေရန်သာ ကုသနိုင်သဖြင့် မိဘများအနေဖြင့် ကြိုတင်ကာကွယ်သင့်ကြောင်း၊ ယခင် ၁၅ နှစ်အောက်ကလေးများတွင်သာ ဖြစ်နိုင်သော်လည်း ယခုလူကြီး၊ လူငယ်မရွေးဖြစ်ပွားနိုင်ကြောင်း၊ နေ့ဘက်ကိုက်သောခြင်များတွင် သွေးလွန် တုပ်ကွေးရောဂါပိုးများနှင့် ညဘက်ကိုက်သောခြင်များတွင် ဆင်ခြေထောက်ရောဂါ၊ ငှက်ဖျားရောဂါများဖြစ်ပွားနိုင်ခြင်း၊ ခြင်ကိုက်ခြင်းကြောင့် ဂျပန်ဦးနှောက်အမြေးပါးရောင်ရောဂါများ ဖြစ်ပွားနိုင်ကြောင်း၊ ခြင်ကိုက်ခံရခြင်းမှ ကင်းဝေးအောင် လိုက်နာဆောင်ရွက်သင့်သည်များကို ဟောပြောဆွေးနွေးခဲ့ပါသည်။

အလားတူ ဇူလိုင်လစတုတ္ထပတ်အတွင်း ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၏ ကြီးကြပ်မှုအောက်ရှိအရှေ့ပိုင်းခရိုင်တွင်(၃)နေရာ၊ အနောက်ပိုင်းခရိုင်တွင် (၈)နေရာ၊ တောင်ပိုင်းခရိုင်တွင် (၂၃)နေရာ၊ မြောက်ပိုင်း ခရိုင်တွင် (၁၂)နေရာတို့တွင် စားသုံးသူအကာအကွယ်ပေးရေး အကြောင်း သိကောင်းစရာ ဟောပြောဆွေးနွေးပွဲများနှင့် ကွင်းဆင်း အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**အိန္ဒြေအောင် (စားသုံးသူ)ရန်ကုန်**




# HTC က စမတ်ဖုန်းသစ်များကို မိတ်ဆက်

HTC စမတ်ဖုန်းထုတ်လုပ်ရောင်းချလျက်ရှိသည့်ကုမ္ပဏီက ၎င်း၏စမတ်ဖုန်း အမျိုးအစားသစ်သုံးမျိုးကို စတင်ထုတ်လုပ်ရောင်းချလျက်ရှိပြီဖြစ်ကြောင်း ဇူလိုင် ၂၆ ရက်က ရန်ကုန်မြို့၊ ပြည်သူ့ရင်ပြင်ရှိ Western Park Ruby တွင် ကျင်းပခဲ့သည့် ဖုန်းမိတ်ဆက်ပွဲမှ သိရသည်။

အဆိုပါ စမတ်ဖုန်းအမျိုးအစားများမှာ HTC U Play, HTC Desire 830 နှင့် HTC 10EVO တို့ဖြစ်ကြောင်း သိရသည်။ ယင်းစမတ်ဖုန်း အမျိုးအစားသုံးမျိုး အနက် HTC 10EVO သည် ရေစိုခံနိုင်သည့်အပြင် ဖုန်များမဝင်နိုင်အောင်လည်း စီမံထုတ်လုပ်ထားကြောင်း သိရသည်။ ထို့ပြင် ယင်းဖုန်းအမျိုးအစားတွင် ပါဝင်သည့် ရှေ့ကင်မရာသည် နောက်ကင်မရာကဲ့သို့ပင် Panorama စနစ်ပါဝင်သဖြင့် ဆဲလ်ဖီရိုက်ကူးရာတွင် မိမိလိုချင်သည့် မြင်ကွင်းများအားလုံးကို ထည့်သွင်းရိုက်ကူး နိုင်ကြောင်း သိရသည်။

HTC U Play တွင်ပါဝင်သည့် ကင်မရာတွင် ရှေ့ကင်မရာသာမက နောက် ကင်မရာတွင်လည်း Resolution ပါဝင်မှုမှာ 16MP ရှိပြီး မျက်နှာပြင်အပြည့်ရိုက် ကူးနိုင်သည့်ကင်မရာဖြစ်ကြောင်း သိရသည်။ ၎င်းဖုန်းအမျိုးအစားများကို ရန်ကုန် မြို့နှင့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ HTC အရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ HTC U Play ကို ကျပ် ၅၀၉၀၀၀ ဖြင့်ရောင်းချမည်ဖြစ်ပြီး HTC 10EVO ကို ကျပ် ၃၇၉၀၀၀ ဖြင့်ရောင်းချမည်ဖြစ်သည်။ HTC Desire 830 ကိုမူ ကျပ် ၂၉၉၀၀၀ ဖြင့် ရောင်းချမည်ဖြစ်သည်။

**မယ်သီတာ**

# M-learning Portal တွင် အင်္ဂလိပ်စာကို မိုဘိုင်းလ်ဖုန်းမှတစ်ဆင့် သင်ယူနိုင်

MPT သုံးစွဲသူများအနေဖြင့် အင်္ဂလိပ်စာလေ့လာသင်ယူနိုင်စေရန် ရည်ရွယ်ထားသည့် ထူးခြားဆန်းသစ်သော ပညာသင်ကြားရေး Portal ဖြစ်သည့် M-Learning ကို စတင်အသုံးပြုနိုင်ပြီဖြစ်ကြောင်း MPT ၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

အဆိုပါဝန်ဆောင်မှုတွင် သုံးစွဲသူ၏ အင်္ဂလိပ်စာကျွမ်းကျင်မှုအဆင့် (အခြေခံအဆင့်၊ အလယ်အလတ်နှင့် အဆင့်မြင့်)ပေါ် မူတည်၍ကဏ္ဍအမျိုးမျိုး ခွဲခြားထားသော သင်ခန်းစာမျိုးစုံပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ယခုမိတ်ဆက်လိုက်သည့် M-Learning မိုဘိုင်းလ် Portal တွင် ကဏ္ဍခြောက်မျိုးပါဝင်ပြီး နောက်ဆုံးပေါ် ဝေါဟာရများ၊ စကားပြောဆိုမှုနှင့် အပြန်အလှန်ပြောဆိုခြင်းဆိုင်ရာ အချက်အလက်များအပြင် အသံထွက် လေ့ကျင့်ရန်အတွက် အကြံပေးချက် အသံနမူနာများ ပါဝင်မည်ဖြစ်သည်။ ရယူအသုံးပြုလိုသူများအနေဖြင့် ကဏ္ဍ တစ်ခုစီအတွက် မေးခွန်း ၁၀ ခုစီကိုဖြေဆိုပြီး ဘာသာစကားကျွမ်းကျင်မှုကို ဆန်းစစ်ကာအသုံးပြုနိုင်မည်ဖြစ်သည်။

M-Learning ဝန်ဆောင်မှုသည် HTML 5 နည်းပညာကို အသုံးပြုထားသော မိုဘိုင်းလ်ဝက်ဘ်ဆိုက်ကို အခြေခံ၍ ဝန်ဆောင်မှုပေးထားခြင်း ဖြစ်သောကြောင့် အင်တာနက်ဝန်ဆောင်မှုကို အသုံးပြုနိုင်သော Android, iOS, Windows အစရှိသည့် operating စနစ်သုံး စမတ်ဖုန်းအားလုံးဖြင့် သုံးစွဲနိုင်မည်ဖြစ်သည်။ ထို့အပြင် အသုံးပြုသူများအနေဖြင့် ကွန်ပျူတာများ သို့မဟုတ် လက်ပ်တော့ပ်များမှတစ်ဆင့်လည်း Portal သို့ ဝင်ရောက်အသုံးပြုနိုင်မည်ဖြစ်သောကြောင့် cloud ကို အခြေခံထားသော အဆိုပါဝန်ဆောင်မှုကို MPT အသုံးပြုသူများအနေဖြင့် အဆင်ပြေလွယ်ကူစွာဖြင့် အသုံးပြုနိုင်မည်ဖြစ်သည်။

စတင်သုံးစွဲသူများအနေဖြင့် တစ်ပတ်ကြာ အခမဲ့သုံးစွဲခွင့်ရရှိမည်ဖြစ်ပြီး ယင်းတစ်ပတ်တာကာလ ကုန်ဆုံးချိန်တွင် နေ့စဉ်အသုံးပြုခ ၁၅၈ ကျပ်(အခွန်အပါအဝင်)ကို ဖုန်းဘေလ်မှတစ်ဆင့် ကောက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဝန်ဆောင်မှုကို MPT သုံးစွဲသူအားလုံး မည်သည့်ဖုန်းအမျိုးအစားဖြင့်မဆို Portal သို့ အကန့်အသတ်မရှိ ဝင်ရောက်ပြီး အင်္ဂလိပ်စာသင်ခန်းစာများကို နေ့စဉ်စာတိုများ (SMS) ရယူခြင်းဖြင့် သင်ကြားနိုင်မည့် အကျိုးကျေးဇူးများရရှိမည်ဖြစ်သည်။ M-Learning ဝန်ဆောင်မှုနှင့် ယင်းကို မည်သို့အသုံးပြုရမည်ဟူသော အချက်များနှင့်ပတ်သက်၍ ပိုမိုသိရှိလိုပါက http://engclass.up.st/ တွင်ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**မယ်သီတာ**

# ပြည်တွင်း၌ နည်းပညာ ရင်းနှီးမြှုပ်နှံခြင်းနှင့် Driver Care အစီအစဉ်များကို Grab က လုပ်ဆောင်



အရှေ့တောင်အာရှ၏ ထိပ်တန်း အငှားယာဉ် ဝန်ဆောင်မှုတစ်ခုဖြစ်သော Grab က မြန်မာနိုင်ငံ၌ နည်းပညာရင်းနှီးမြှုပ်နှံမှုအသစ်များ၊ Driver Care အစီအစဉ်၊ ပြည်တွင်းမိတ်ဖက်လုပ်ငန်းများနှင့် ပူးပေါင်းခြင်းစသည့် လုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

လုပ်ငန်းများတိုးချဲ့ရာတွင် နည်းပညာပိုင်း၌ Grab app ကို လွယ်ကူစွာ အသုံးပြုနိုင်ရန်လုပ်ဆောင်ခြင်း၊ ဒေသခံ လုပ်သားများအပေါ်တွင် ရင်းနှီးမြှုပ်နှံခြင်း၊ Driver Care အစီအစဉ်ဖြင့် Grab ၏ မိတ်ဖက်အငှားယာဉ်မောင်းများ လူနေမှုဘဝအခြေအနေ မြင့်မားလာစေရေးတို့ကို လုပ်ဆောင်ခြင်းဖြစ်ကြောင်း သိရသည်။

"Grab အနေနဲ့ စီးနင်းတဲ့သူရော မောင်းနှင်တဲ့သူပါ လုံခြုံစေဖို့အတွက် ရည်ရွယ်ပါတယ်။ Grab အနေနဲ့ သယ်ယူပို့ဆောင်ရေးကို အဆင့်မြှင့်တင်တဲ့ နေရာမှာအစိုးရကို ကူညီပေးနေသလို စမ်းသပ်ပြေးဆွဲစဉ်ကာလအတွင်းရရှိလာတဲ့ အတွေ့အကြုံများနဲ့ အကြံပေးချက်များကို စုစည်းပြီး ခရီးသည်စိတ်ကျေနပ်မှုရရှိအောင် နောက်ထပ်ကဏ္ဍသစ်အနေနဲ့ အလေးပေးဆောင်ရွက်သွားမှာပါ။ နောက်ပြီး ဒေသခံတွေအတွက် အလုပ်အကိုင် အခွင့်အလမ်းကောင်းတွေ ဖန်တီးပေးဖို့လည်းလုပ်ဆောင်နေပါတယ်။ မြန်မာနိုင်ငံမှာ ရေရှည်လုပ်ကိုင်ဖို့အတွက်လည်း ရင်းနှီးမြှုပ်နှံတာပါ"ဟု Grab မှ Co-Founder Tan က ပြောကြားခဲ့သည်။

အငှားယာဉ်မောင်း ဝန်ဆောင်မှုပေးသည့် Grab ၏ အက်ပလီကေးရှင်းကို ဇော်ဂျီ၊ ယူနီကုဒ်ဖောင့်နှစ်မျိုးစလုံးဖြင့် အသုံးပြုနိုင်ပြီး နီးစပ်ရာရဲစခန်းသို့ ခေါ်ဆိုနိုင်မည့် အရေးပေါ်ခလုတ်တစ်ခုကိုလည်း ထည့်သွင်းပေးထားကြောင်း သိရသည်။ ထို့ပြင် Grab app ၌ feature အသစ်အနေဖြင့် Grab chat ကိုပါထည့်သွင်းထားပြီး ယာဉ်မောင်းနှင့် ခရီးသည် အလွယ်တကူဆက်သွယ်နိုင်စေခြင်း၊ ခရီးသည်နှင့် ယာဉ်မောင်းတို့ တစ်ကိုယ်ရည်ထိခိုက်မှုအတွက်ကိုလည်း အခမဲ့အာမခံထားပေးခြင်းတို့ကိုပါ ပြုလုပ်ပေးထားကြောင်း သိရသည်။

ထို့ပြင် ရန်ကုန်မြို့တွင်းရှိ သယ်ယူပို့ဆောင်ရေးနှင့် ပတ်သက်၍လည်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက "စနစ်တစ်ခုကို ပြုပြင်ပြောင်းလဲရင် ဆုံးရှုံးမှုရှိနိုင်ပါတယ်။ ဒါကို ရဲရဲဝံ့ဝံ့ကျော်ဖြတ်ဖို့လိုပါတယ်။ ရန်ကုန်မြို့မှာက တက္ကစီတွေ တအားများနေတယ်။ အဲဒါတွေကို ဘယ်လောက် အရေအတွက်လောက်ထားသင့်သလဲဆိုတာကို စိစစ်ပြီးတော့ ပြုပြင်ရမှာပါ။ အဲဒါကိုလည်းတိုင်းဒေသကြီး အစိုးရအဖွဲ့က လုပ်ဆောင်နေပါတယ်။ လွန်ခဲ့သောလေးလကတည်းက တက္ကစီတွေရဲ့ ဝန်ဆောင်မှုကိုလည်း စောင့်ကြည့်ထားပါတယ်။ တက္ကစီဝန်ဆောင်မှုပေးမယ်ဆို မောင်းသူရော စီးသူပါ လုံခြုံမှုရှိဖို့လိုပါတယ်။ အဲဒါကြောင့် လုံခြုံစိတ်ချမှုအတွက် ချိတ်ဆက်ထားဖို့လိုပါတယ်"ဟု ပြောကြားခဲ့သည်။

Grab အနေဖြင့် နိုင်ငံပေါင်း ခုနစ်နိုင်ငံရှိ မြို့ပေါင်း ၆၅ မြို့နယ်တွင် အငှားယာဉ်ဝန်ဆောင်မှုလုပ်ငန်းကို လုပ်ဆောင်ပေးလျက်ရှိနေပြီး အငှားယာဉ်မောင်းများနှင့် ခရီးသည်များ အဆင်ပြေစေရန်အတွက် Grabpay ကဲ့သို့သော မိုဘိုင်း ငွေပေးချေစနစ်များကို အသုံးပြုနိုင်စေရန် ဦးစားပေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

# ကန်သာယာစင်တာ Open House နှင့် အထူးအရောင်းပြပွဲကြီး မီဒီယာမိတ်ဆက်ပွဲ




Asia Myanmar Consortium Development (AMCD) Co., Ltd. နှင့် iMyanmarhouse.com တို့ ပူးပေါင်း၍ ၂၀၁၇ ခုနှစ် ဩဂုတ် ၅ ရက်နှင့် ၆ ရက်တို့တွင် ကန်သာယာစင်တာကွန်ဒိုအား အခမဲ့ လာရောက်လေ့လာနိုင်ရန် Open House ထားရှိပြီး အထူးလျှော့ဈေးနှုန်းများဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

ကန်သာယာကွန်ဒိုသည် ရန်ကုန်မြို့၏ အချက်အခြာကျသောနေရာတွင် တည်ရှိပြီး မင်္ဂလာတောင်ညွန့်မြို့နယ် ဦးအောင်မြတ်လမ်းနှင့် ကန်ရိပ်သာလမ်းထောင့် (ယခင်သိမ်ဖြူကားမောင်းသင်ကွင်း) ရှိ မြေဧက ၃ ဒသမ ၅၃ ဧက အကျယ်အဝန်းတွင် တည်ဆောက်ထားခြင်းဖြစ်သည်။

အဆိုပါကန်သာယာစင်တာကို ရန်ကုန်မြို့၏ Town Center အဖြစ် တည်ဆောက်ထားရှိရာ ကုမ္ပဏီပေါင်း ၁၀၀ ကျော်ဖွင့်လှစ်နိုင်မည့် ရုံးခန်းနေရာများ၊ နိုင်ငံတကာအဆင့်မီ ကြယ်ငါးပွင့်အဆင့်ရှိ ဟိုတယ်တစ်လုံး၊ ဘဏ်များ၊ စားသောက်ဆိုင်များ၊ အားကစားခန်းမ များ၊ ဈေးဝယ်စင်တာများ စုံလင်စွာပါရှိမည်ဖြစ်ကြောင်း သိရသည်။

ကန်သာယာစင်တာတွင် အခန်းပေါင်း ၁၃၂ ခန်းရှိရာ အခန်းပေါင်း ၈၀ မှာ ရောင်းချထားပြီးဖြစ်ကြောင်း၊ ယခုအခါတွင် ကျန်သည့်အခန်းပေါင်း ၅၂ ခန်းကို ရောင်းချသွားမည်ဖြစ်ကြောင်း၊ အခန်းတစ်ခန်းလျှင် ပျမ်းမျှအားဖြင့် တစ်စတုရန်းပေလျှင် ကျပ် ၂၈၀၀၀၀ ဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း၊ ထို့ပြင် အခန်းစတင်ရောင်းချသည့်နေ့တွင် လာရောက်ဝယ်ယူပါက တစ်ခန်းဝယ်လျှင် ၁၀ ရာခိုင်နှုန်း လျှော့ပေးမည်ဖြစ်ပြီး နှစ်ခန်းဝယ်ယူပါက ၁၅ ရာခိုင်နှုန်း လျှော့ပေးမည်ဖြစ်ကြောင်း၊ အခန်းအကျယ်မှာ ပထမတန်းစားအခန်းမှာ ၁၆၀၈ စတုရန်းပေရှိပြီး ဒုတိယတန်းစားအခန်းမှာ ၁၅၀၈ စတုရန်းပေရှိကြောင်း၊ တတိယတန်းစားအခန်းမှာ ၁၄၈၀ စတုရန်းပေရှိကြောင်း၊ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလတွင် အခန်းကို သော့အပ်မည်ဖြစ် ကြောင်း Asia Myanmar Consortium Development (AMCD) Co., Ltd. မှ မားကက်တင်းဒါရိုက်တာဖြစ်သူ ဦးခင်မောင်ဖြူက ပြောကြားခဲ့သည်။

ထို့ပြင် အဆိုပါအခန်းများကို ဝယ်ယူလိုသူများအတွက် အရစ်ကျစနစ်ဖြင့် ဝယ်ယူနိုင်ရန် ဧရာဝတီဘဏ်နှင့် ရိုးမဘဏ်တို့ဖြင့် ချိတ်ဆက်ဆောင်ရွက်ပေး သွားမည်ဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**



## မြို့ကြီးများ၏ ၃၁-၇-၂၀၁၇ မှ ၄-၈-၂၀၁၇ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၃၁-၇-၂၀၁၇) | အင်္ဂါ(၁-၈-၂၀၁၇) | ဗုဒ္ဓဟူး(၂-၈-၂၀၁၇) | ကြာသပတေး(၃-၈-၂၀၁၇) | သောကြာ(၄-၈-၂၀၁၇) |
|---|---|---|---|---|---|
| နေပြည်တော် | ၅၀% ၃၁°C/၈၇°F | ၇၀% ၃၀°C/၈၆°F | ၆၀% ၂၉°C/၈၅°F | ၆၀% ၃၁°C/၈၇°F | ၆၀% ၃၀°C/၈၆°F |
| ရန်ကုန်မြို့ | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၀°C/၈၆°F | ၇၀% ၃၁°C/၈၇°F | ၆၀% ၃၁°C/၈၇°F | ၆၀% ၃၁°C/၈၇°F |
| မန္တလေးမြို့ | တိမ်အသင့်အတင့် ၃၃°C/၉၂°F | တိမ်အသင့်အတင့် ၃၃°C/၉၁°F | တိမ်အသင့်အတင့် ၃၃°C/၉၁°F | တိမ်ထူထပ် ၃၃°C/၉၁°F | တိမ်ထူထပ် ၃၃°C/၉၁°F |
| မြစ်ကြီးနား | ၇၀% ၃၁°C/၈၇°F | ၈၀% ၂၈°C/၈၃°F | ၇၀% ၂၈°C/၈၃°F | ၆၀% ၂၈°C/၈၃°F | ၆၀% ၂၈°C/၈၃°F |
| လားရှိုး | ၅၀% ၂၈°C/၈၃°F | ၆၀% ၂၈°C/၈၀°F | ၈၀% ၂၇°C/၈၀°F | ၈၀% ၂၆°C/၇၉°F | ၈၀% ၂၆°C/၇၉°F |
| ကျိုင်းတုံ | ၈၀% ၂၉°C/၈၅°F | ၄၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၅°F | ၆၀% ၂၉°C/၈၄°F | ၆၀% ၂၇°C/၈၁°F |
| လွိုင်ကော် | ၆၀% ၂၈°C/၈၂°F | ၆၀% ၂၇°C/၈၁°F | ၆၀% ၂၈°C/၈၂°F | ၄၀% ၂၈°C/၈၂°F | ၅၀% ၂၇°C/၈၀°F |
| တောင်ကြီး | ၆၀% ၂၄°C/၇၅°F | ၅၀% ၂၃°C/၇၄°F | ၅၀% ၂၄°C/၇၅°F | ၅၀% ၂၄°C/၇၅°F | ၆၀% ၂၃°C/၇၄°F |
| မော်လမြိုင် | ၉၀% ၂၈°C/၈၃°F | ၈၀% ၂၈°C/၈၂°F | ၇၀% ၂၈°C/၈၃°F | ၆၀% ၂၉°C/၈၄°F | ၆၀% ၂၉°C/၈၄°F |
| ဘားအံ | ၉၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၅°F | ၇၀% ၂၉°C/၈၅°F | ၆၀% ၂၉°C/၈၅°F | ၆၀% ၂၉°C/၈၅°F |
| ထားဝယ် | ၆၀% ၂၉°C/၈၇°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၅°F |
| မုံရွာ | တိမ်အသင့်အတင့် ၃၁°C/၉၃°F | တိမ်အသင့်အတင့် ၃၃°C/၉၂°F | တိမ်အသင့်အတင့် ၃၃°C/၉၂°F | တိမ်အသင့်အတင့် ၃၃°C/၉၂°F | ၅၀% ၃၃°C/၉၁°F |
| ပုသိမ် | ၆၀% ၂၉°C/၈၆°F | ၈၀% ၃၀°C/၈၆°F | ၇၀% ၃၀°C/၈၆°F | ၆၀% ၃၁°C/၈၇°F | ၆၀% ၃၀°C/၈၆°F |
| မြိတ် | ၉၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၄°F | ၇၀% ၂၉°C/၈၅°F | ၆၀% ၂၉°C/၈၄°F | ၆၀% ၂၉°C/၈၄°F |
| စစ်တွေ | ၆၀% ၂၉°C/၈၅°F | ၇၀% ၂၉°C/၈၅°F | ၆၀% ၂၉°C/၈၅°F | ၆၀% ၂၉°C/၈၅°F | ၆၀% ၂၉°C/၈၅°F |
| မကွေး | ၄၀% ၃၃°C/၉၂°F | ၅၀% ၃၃°C/၉၁°F | ၈၀% ၃၃°C/၉၁°F | ၆၀% ၃၂°C/၉၀°F | ၈၀% ၃၂°C/၉၀°F |
| ဖလမ်း | ၈၀% ၂၄°C/၇၆°F | ၈၀% ၂၄°C/၇၆°F | ၈၀% ၂၅°C/၇၇°F | ၈၀% ၂၄°C/၇၆°F | ၈၀% ၂၄°C/၇၅°F |



## အိန္ဒိယနိုင်ငံ ဂူဂျာရတ်နှင့် ရာဂျက်စသန်ပြည်နယ်တို့တွင် အဆိုးရွားဆုံးရေလွှမ်းမိုးမှုအား အိန္ဒိယဝန်ကြီးချုပ် နရိန္ဒရာမိုဒီ ကြည့်ရှုစစ်ဆေး

အိန္ဒိယနိုင်ငံ မြောက်ပိုင်းရှိ အဆိုးရွားဆုံးသော ရေလွှမ်းမိုးခံရသည့် ပြည်နယ်များဖြစ်သည့် ဂူဂျာရတ်နှင့် ရာဂျက်စသန်ပြည်နယ်များအား ရေဘေးအကူအညီအဖြစ် ရူပီး သိန်း ၅၀၀ ကူညီပေးမည်ဖြစ်ကြောင်း အိန္ဒိယဝန်ကြီးချုပ် နရိန္ဒရာမိုဒီက ဇူလိုင် ၂၅ ရက်က ပြောကြားခဲ့သည်။

ဂူဂျာရတ်ပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေလွှမ်းမိုးလျက်ရှိရာ အိန္ဒိယနိုင်ငံရှိ အခြားသော ပြည်နယ်များထက် အဆိုးရွားဆုံးသော အခြေအနေသို့ ရောက်ရှိနေကြောင်း၊ ရေလွှမ်းမိုးမှုကြောင့် ဂူဂျာရတ်ပြည်နယ်တစ်ခုတည်းတွင် သေဆုံးသူ ၈၂ ဦးအထိ ရှိနေကြောင်း၊ ကယ်ဆယ်ရေးအဖွဲ့များကလည်း စားနပ်ရိက္ခာများကို လိုက်လံဝေငှလျက်ရှိသလို အကူအညီများကိုလည်း ပေးအပ်လျက်ရှိကြောင်း သည်တိုင်းမ်အော့ဖ်အိန္ဒိယသတင်းတွင် ဖော်ပြထားသည်။

ဂူဂျာရတ်ပြည်နယ်နှင့် ကပ်လျက်ရှိသည့် ရာဂျတ်စသန်ပြည်နယ်တွင် ခြောက်ဦးသေဆုံးခဲ့ကြောင်း၊ ကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များက ကယ်ဆယ်ရေးရဟတ်ယာဉ်များဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

အိန္ဒိယနိုင်ငံ အရှေ့ပိုင်းတွင်လည်း ရေလွှမ်းမိုးမှုများဖြစ်ပွားလျက်ရှိရာ လူရာပေါင်းများစွာသေဆုံးလျက်ရှိသည်ဟု အတည်မပြုနိုင်သောသတင်းများအရ သိရှိရကြောင်း၊ လူထောင်ပေါင်းများစွာ ရေဘေးသင့်လျက်ရှိနေပြီး ပြည်သူအများအပြားမှာ နေအိမ်များကိုစွန့်ခွာ၍ ထွက်ပြေးနေကြရကြောင်း ရိုက်တာသတင်းတွင် ဖော်ပြထားသည်။

"ကျွန်တော်တို့ စိုးရိမ်တာက လယ်ယာမြေတွေ ပျက်စီးကုန်မှာကို စိုးရိမ်တာပါ။ ရေလွှမ်းမိုးခံရတဲ့ လယ်သမားတွေအတွက် ကျွန်တော်တို့ထောက်ပံ့ပေးနိုင်အောင် စီစဉ်လျက်ရှိပါတယ်" ဟု ဂူဂျာရတ်ပြည်နယ်မှ သဘာဝဘေး စီမံခန့်ခွဲမှုကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ထို့ပြင် အနောက်ဘင်ဂေါပြည်နယ်တွင်လည်း ရေလွှမ်းမိုးမှုများဖြစ်ပွားလျက်ရှိရာ အဆိုပါပြည်နယ်ရှိ လယ်ယာမြေအများအပြားမှာ ရေလွှမ်းမိုးလျက်ရှိကြောင်း အနောက်ဘင်ဂေါပြည်နယ်ဆည်မြောင်းဝန်ကြီး ရာဂျေးဘန်နာဂျီက ပြောကြားခဲ့သည်။ အာရှတိုက်အတွင်းရှိ နိုင်ငံများဖြစ်သည့် မြန်မာ၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ် နှင့်တရုတ်နိုင်ငံတို့တွင် ရေလွှမ်းမိုးခံရသည့်ပြည်သူပေါင်း ၁၃၇ သန်းကျော်ရှိနေပြီး အန္တရာယ်ဖြစ်နိုင်လောက်သည့် အနေအထားသို့ ရောက်ရှိနေသည်ဟု လေ့လာသူများက သုံးသပ်လျက်ရှိသည်။ **မယ်သီတာ**

## ထိုင်းနိုင်ငံအရှေ့မြောက်ပိုင်းနှင့် အလယ်ပိုင်းဒေသများသို့ တိုင်ဖွန်းမုန်တိုင်း ဆွန်ကာ ဝင်ရောက်တိုက်ခတ်

ထိုင်းနိုင်ငံ အရှေ့မြောက်ပိုင်းနှင့် အလယ်ပိုင်းဒေသများသို့ ဇူလိုင် ၂၇ ရက်က တိုင်ဖွန်းမုန်တိုင်း ဆွန်ကာ ဝင်ရောက်တိုက်ခတ်ခဲ့သဖြင့် မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းမိုးမှုများ ဖြစ်ပွားခဲ့ကြောင်း ဗန်ကောက်ပို့စ်သတင်းတွင် ဖော်ပြထားသည်။

နာခွန်ရာချတ်စီမာတွင် အဆိုးရွားဆုံးသော ရေလွှမ်းမိုးမှု ဖြစ်ပွားလျက်ရှိရာ လူတစ်ဦး သေဆုံးခဲ့ရသည်ဟုဆိုသည်။ ထို့ပြင် မြေပြိုကျမှုများလည်း ဖြစ်ပွားလျက်ရှိပြီး ချီရာပွန်နှင့် လော့ဘူရီတို့ကို ဆက်သွယ်ထားသည့် မီးရထားလမ်းများ အဆက်အသွယ်ပြတ်တောက်လျက်ရှိကြောင်း၊ ဒေသဆိုင်ရာအာဏာပိုင်များက မီးရထားစီးနင်းသည့်ခရီးသည်များ ဘေးကင်းလုံခြုံမှုရှိစေရေးအတွက် သတိပေးနှိုးဆော်မှုများ လုပ်ဆောင်လျက်ရှိနေကြောင်း ဗန်ကောက်ပို့စ်သတင်းတွင်ဖော်ပြထားသည်။ ရေလွှမ်းမိုးမှုကြောင့် လယ်မြေ ဧရိယာ ရိုင်နှစ်သောင်းကျော် ရေနစ်မြုပ်လျက်ရှိပြီး လူနေအိမ်များ၊ လမ်းများ၊ တံတားများ ပျက်စီးဆုံးရှုံးခဲ့ရသည်ဟုဆိုသည်။

အထူးသဖြင့် နာခွန်ဖာနွန်ဒေသတွင် မိုးစပါးစိုက်ဧရိယာ ရိုင်နှစ်ထောင်ကျော် ရေနစ်မြုပ်ခဲ့ကြောင်း ဒေသဆိုင်ရာ တာဝန်ရှိသူများက ထုတ်ဖော်ပြောကြားခဲ့သည်။

အလားတူ အပူပိုင်းမုန်တိုင်းနီဆတ်သည် ဖိလစ်ပိုင်နိုင်ငံနှင့် တရုတ်(တိုင်ပေ)တို့တွင် ဇူလိုင် ၂၇ ရက်က ဝင်ရောက်တိုက်ခတ်ခဲ့သဖြင့် ဖိလစ်ပိုင်နှင့် တရုတ်(တိုင်ပေ)တို့တွင် မိုးသည်းထန် စွာရွာသွန်းခဲ့ပြီး ရေလွှမ်းမိုးမှုများ ဖြစ်ပွားလျက်ရှိကြောင်း မနီလာတိုင်းမ်သတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

အဆိုပါမုန်တိုင်း နီဆတ်သည် ဖိလစ်ပိုင်နိုင်ငံ အနောက်ပိုင်းသို့ ဖြတ်ကျော်ဝင်ရောက်ကာ တရုတ်(တိုင်ပေ) သို့ဆက်လက်တိုက်ခတ်ခဲ့ခြင်းဖြစ်သည်။ မုန်တိုင်း၏ အရှိန်ကြောင့် မြို့တော်မနီလာတွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့ရာ မိုးရေချိန် တစ်ရက်လျှင် မီလီမီတာ ၁၀၀ ကျော်အထိရွာသွန်းခဲ့သဖြင့် လမ်းမများပေါ်တွင် ရေများဖုံးလွှမ်းခဲ့ပြီး ဆင်ခြေဖုံးဒေသများတွင် မြေပြိုမှုများ၊ အဆိုးရွားဆုံး ရေလွှမ်းမိုးမှုများဖြစ်ပွားခဲ့ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။ **မယ်သီတာ**

Vol: 17, No.29 Monday July 31 2017

# ပြည်ခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေး ၄/၂၀၁၇ ကျင်းပ

ပြည်ခရိုင် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေး အဖွဲ့၏ (၄/၂၀၁၇) လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇူလိုင်လ ၂၀ ရက်က ပြည်ခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမမှာ ကျင်းပခဲ့ပါတယ်။ အစည်းအဝေးသို့ စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေး အဖွဲ့ဝင်များ၊ မိတ်ဖက်အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ပါတယ်။

အစည်းအဝေးမှာ ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌ ဦးညဏ်ဇော်က စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းသည် အင်မတန် ကျယ်ပြန့်သည့်အတွက် စားသုံးသူ ပြည်သူများအား အသိပညာပေးမှုအပိုင်းကို ထိထိရောက်ရောက် အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှသာ စားသုံးသူများ ဘေးအန္တရာယ် ကင်းရှင်းပြီး ထုတ်ကုန်များ လုံခြုံစိတ်ချရမှု ရှိလာမှာဖြစ်ကြောင်း၊ နိုင်ငံပိုင်သတင်းစာများ၊ စာစောင်များတွင် FDA ဌာနမှ စားသုံးရန်၊ သုံးစွဲရန် မသင့်သော အစားအသောက်၊ ဆေးဝါး၊ အလှကုန်များနှင့် ပတ်သက်ပြီး တရားဝင် ထုတ်ပြန်ကြေညာချက်များကို ပုံနှင့်တကွ ယှဉ်တွဲဖော်ပြပြီး စည်ပင်သာယာဈေးများ၊ စာသင်ကျောင်းများ၊ လက်လီ/လက်ကား ရောင်းချနေသည့် ဈေးဆိုင်ကြီးများသို့ ယင်းကုန်စည်များ ဖြန့်ဖြူး ရောင်းချခြင်းမပြုရန် ဖြန့်ဝေအသိပေးရမှာဖြစ်ကြောင်း၊ စားသုံးသူ ပြည်သူများကိုလည်း ယင်းကုန်စည်များအား ဝယ်ယူစားသုံးခြင်း၊ သုံးစွဲခြင်း မပြုရန် ဖြန့်ဝေအသိပေးရမှာဖြစ်ကြောင်း ပထမအကြိမ် ဖြန့်ဝေသတိပေးပြီး နောက်တစ်ကြိမ် ထပ်မံသွားရောက် စစ်ဆေးသည့်အခါ ရောင်းချနေကြောင်း တွေ့ရှိရပါက ဥပဒေအရ အရေးယူ ဆောင်ရွက်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။

ပြည်ခရိုင် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၊ အတွင်းရေးမှူး ပြည်ခရိုင်ဦးစီးမှူး ဦးမြင့်ဝင်းက ပြီးခဲ့သည့် (၃/၂၀၁၇) အစည်းအဝေးဆုံးဖြတ်ချက်အပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို တင်ပြဆွေးနွေးခဲ့ပြီး ကုန်စည်ဝန်ဆောင်မှုများနှင့် ပတ်သက်ပြီး ထိခိုက် နစ်နာမှုရှိလာလျှင် စားသုံးသူများ၏ တိုင်ကြားချက်အပေါ် မိမိတို့ ဖြေရှင်းနိုင်မည့်ကိစ္စများကို မူဘောင်နှင့်အညီ ညှိနှိုင်းဖြေရှင်းပေးမှာ ဖြစ်ပါကြောင်း၊ တစ်စုံတစ်ရာ ထိခိုက် နစ်နာမှုရှိပါက တိုင်ကြားနိုင်ရန် ရပ်ကွက်၊ ကျေးရွာ စာသင်ကျောင်းများ၊ စည်ပင်သာယာဈေးများတွင် ကွင်းဆင်းဟောပြောပွဲများ ပြုလုပ်ရာ၌ မိမိတို့ ပြည်ခရိုင်ရုံးတွင် CICC ရုံးများဖွင့်လှစ်ပြီး အငြင်းပွားမှုများကို စေ့စပ်ညှိနှိုင်းပေးပြီး စားသုံးသူ ပြည်သူများ ယုံကြည်အားကိုးထိုက်သော ဌာနတစ်ခုဖြစ်အောင် လျင်မြန်စွာ ဖြေရှင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ဟောပြောပွဲများ ကျင်းပရာတွင်တိုင်ကြားနိုင်ရန်အတွက် လက်ကမ်းစာစောင်များဖြင့်လည်း ဖြန့်ဝေအသိပေး ဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းဆွေးနွေး ပြောကြားခဲ့ကြောင်း သတင်းရရှိပါတယ်။

**ဝင်းလဲ့ဝါ (ပြည်)**

# ပုသိမ်မြို့နယ် အစားအသောက်နှင့်ဆေးဝါးကြီးကြပ်ကွပ်ကဲရေး ကော်မတီကမြို့ပေါ်ရှိ ရေသန့်စက်များအား FDA ထောက်ခံချက်ရှိ/မရှိ ကွင်းဆင်းစစ်ဆေး

ပုသိမ်မြို့နယ် အစားအသောက် နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေး ကော်မတီ အတွင်းရေးမှူး ဒေါက်တာအေးမြတ်သူ ဦးဆောင်၍ ကော်မတီအဖွဲ့ဝင် ဌာနဆိုင်ရာများဖြစ်သော မြို့နယ်ကျန်းမာရေး၊ မြို့နယ်စည်ပင်၊ စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ FDA ဌာနများ ပူးပေါင်းပါဝင်လျက် ဇူလိုင် ၂၆ ရက်တွင် ပုသိမ်မြို့ပေါ်ရှိရေသန့်ထုတ်လုပ်နေသော စက်ရုံ ကိုးရုံသို့ သွားရောက် ၍ ၎င်းစက်ရုံများတွင် FDA ထောက်ခံချက်ရှိ၊ မရှိ ၊ သက်ဆိုင်ရာ ဌာနများ၏ ခွင့်ပြုလိုင်စင်ရှိ၊ မရှိကွင်းဆင်းစိစစ်၍ ရေသန့်ထုတ်လုပ်နေသော လုပ်ငန်းရှင်များအား ကောင်းမွန်သော ထုတ်လုပ်မှုစနစ် (GMP) အတိုင်း ထုတ်လုပ်နိုင်ရေး ဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။ **မင်းမင်းဦး(ပုသိမ်)**

# လပွတ္တာခရိုင်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဒုတိယအကြိမ် အစည်းအဝေးကျင်းပ

လပွတ္တာခရိုင် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဒုတိယအကြိမ် လုပ်ငန်း ညှိနှိုင်း အစည်းအဝေးကို ဇူလိုင်လ ၂၁ ရက်က ခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ခရိုင် အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ပါသည်။

အစည်းအဝေးတွင် ခရိုင်စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင် အုပ်ချုပ်ရေးမှူး ဦးကောင်းမြတ်နိုင်က အဖွင့် အမှာစကား ပြောကြားပြီး၊ အတွင်းရေးမှူး၊ ခရိုင် ဦးစီးမှူးဦးတိုးလွင်က စားသုံးသူ အကာ အကွယ် ပေးရေး ဥပဒေ၊ CICC ဖွင့်လှစ် ဆောင်ရွက်နေမှု၊ Market Survelliance ဆောင်ရွက်နေမှုများကိုလည်းကောင်း အသေးစိတ်ရှင်းလင်း ဆွေးနွေးခဲ့သည်။ ထို့နောက် တက်ရောက်လာသူများ၏ ဆွေးနွေးချက်များအပေါ် ခရိုင်စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ခရိုင်ဦးစီးမှူး ဦးတိုးလွင်က စားသုံးသူ အသိပညာ ပေးဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ယခုလတွင် လပွတ္တာမြို့ပေါ်ရှိ အ. ထ. က ကျောင်းနှစ်ကျောင်းရှိ ကျောင်းမုန့်ဈေးတန်းများ၊ အလုပ်ရုံ နှစ်ရုံနှင့် ဈေးသုံးဈေးတို့အား ရှောင်တခင် ကွင်းဆင်း စစ်ဆေးမှုများကို အသေးစိတ်ရှင်းလင်းပြောကြားပါသည်။

အဆိုပါအစည်းအဝေးကို လပွတ္တာ ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၊အဖွဲ့ဝင် များ၊ ဖိတ်ကြားထားသူများ၊ ခရိုင်/မြို့နယ် စားသုံးသူရေးရာ ဦးစီးဌာနဝန်ထမ်းများ စုစုပေါင်း ၃၀ ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိပါသည်။

**တိုးလွင်(မြောင်းမြ)**

# အန္တရာယ်ရှိ အချိုရည်များ ထုတ်လုပ်ရောင်းချသည့် ကျောက်ဆည်မြို့မှ ဆရာမ အချိုရည်လုပ်ငန်းနှင့် အန်တီပေါက် အချိုရည် လုပ်ငန်းများ ယာယီပိတ်သိမ်း



ကျောက်ဆည် ခရိုင် ၊ စားသုံးသူရေးရာ ဦးစီးဌာနမှ ခရိုင် ဦးစီးမှူးနှင့် မိတ်ဖက်အဖွဲ့အသီးသီးမှ တာဝန်ရှိသူများသည် ကျောက်ဆည်မြို့၊ အေးမြကြည်လင်ရပ်ရှိ "ဆရာမ"အချိုရည် လုပ်ငန်းနှင့် မင်းရပ်ရပ်ကွက်ရှိ "အန်တီပေါက်" အချိုရည် လုပ်ငန်းများအား ဇူလိုင်လ ၁၂ ရက်တွင် သွားရောက် စစ်ဆေးခဲ့ပါသည်။

ထိုသို့ သွားရောက်စစ်ဆေးရာတွင် အေးမြကြည်လင် ရပ်ကွက်ရှိ "ဆရာမ"အချိုရည် လုပ်ငန်းမှာ အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန လုပ်ငန်း လိုင်စင်၊ မြို့နယ်စည်ပင်သာယာရေးလုပ်ငန်းလိုင်စင်၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန (FDA) ထောက်ခံချက် စသည်တို့ ရယူခြင်းမရှိဘဲ ထုတ်လုပ်ရောင်းချနေကြောင်း၊ မင်းရပ်ရပ်ကွက်အတွင်းရှိ "အန်တီပေါက်"အချိုရည် လုပ်ငန်းအား စစ်ဆေးရာတွင် အသေးစား စက်မှုလက်မှု လုပ်ငန်း ဦးစီးဌာန လုပ်ငန်း လိုင်စင်သာရှိပြီး အခြား မည်သည့် လိုင်စင်မှ မရှိဘဲ ထုတ်လုပ်ရောင်းချနေခြင်း၊ အသုံးပြုသည့် ဘူးခွံများမှာ မန္တလေးမှ အသုံးပြုထားသော ဘူးခွံဟောင်းများအား ဆေးကြော သန့်စင်ပြီး ပြန်လည် အသုံးပြုထားကြောင်း၊ အသုံးပြုထားသည့် ရေမှာလည်း သန့်ရှင်း စင်ကြယ်မှုမရှိခြင်း၊ အချိုရည်တွင် အသုံးပြုသည့် Chemical ပစ္စည်းများမှာ တရုတ်နိုင်ငံမှ ထုတ်လုပ်သော (ပါဝါသကြား)၊ စားသုံးရန် မသင့်ဟု ယူဆရသော ဆိုးဆေး အရောင်မျိုးစုံ၊ စတော်ဘယ်ရီ၊ လိုင်ချီး၊ နာနတ်၊ Lipo အနံ့ဆီ ပုလင်းများ တွေ့ရှိရကြောင်း ၊ အချိုရည် ဖျော်စပ်ရာတွင် ပလပ်စတစ်ပုံးခွံများကို အသုံးပြုထားသည်ကို တွေ့ရှိရကြောင်း၊ ဘူးတွင် အသုံးပြုထားသော တံဆိပ်များ၊ ဘူးအဖုံးများကို မန္တလေးမြို့မှ Ready Made များကို မှာယူ အသုံးပြုကြောင်း၊ ၎င်းကုန်ပစ္စည်းများကို ကျောက်ဆည်မြို့အတွင်းရှိ ဈေးများနှင့် ရပ်ကွက်များ၊ ကျေးရွာများရှိ ကုန်စုံဆိုင်များသို့ ဖြန့်ချိလျက်ရှိကြောင်း စစ်ဆေးတွေ့ရှိပြီး အလွန်အန္တရာယ်များသဖြင့် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့မှ ၎င်းလုပ်ငန်းများအား ယာယီ ပိတ်သိမ်းထားကြောင်းလိုအပ်သည့် အရေးယူမှုများကိုလည်း ခရိုင်စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ထံ တင်ပြပြီး ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

**နှင်းလဲ့လဲ့ (ကျောက်ဆည်)**

# လှိုင်လင်ခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၁/၂၀၁၇) ကျင်းပ

လှိုင်လင်ခရိုင် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ ပထမအကြိမ်လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇူလိုင်လ ၂၁ရက်က လှိုင်လင်မြို့ရှိ စားသုံးသူရေးရာ ဦးစီးဌာနတွင် ကျင်းပ ပြုလုပ်ခဲ့တယ်လို့ သတင်းရရှိပါတယ်။

အဆိုပါ အစည်းအဝေးတွင် ခရိုင်စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကိုကိုအောင်က အဖွင့် အမှာစကား ပြောကြားရာတွင် ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ လှိုင်လင်ခရိုင်၌ ၂၀၁၆ ခုနှစ်၊ သြဂုတ်လ ၅ ရက်တွင် စတင် ဖွဲ့စည်းခဲ့ပြီး၊ စားသုံးသူရေးရာ ဦးစီးဌာနမှ ကိုယ်စားလှယ်ပေးလာသည့်အတွက် ၂၀၁၇ ခုနှစ် ဇွန်လ ၂၀ ရက်မှာ ထပ်မံ ဖွဲ့စည်းခဲ့ပါကြောင်း၊ ခရိုင်စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အနေဖြင့် သတ်မှတ်ထားသည့် လုပ်ငန်းတာဝန် ခုနစ်ချက်ကို ဆောင်ရွက်သွားကြရန် ဖြစ်ပါကြောင်း၊ စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့တွင် အုပ်ချုပ်ရေး အဖွဲ့အစည်းလည်း ပါဝင်ပါကြောင်း၊ စားသုံးသူ နစ်နာဆုံးရှုံးမှုများ တွေ့ရှိလာပါက ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်သွားကြရမှာဖြစ်ပါကြောင်း ဆွေးနွေးပြောကြားပါတယ်။ ဆက်လက်၍ ခရိုင်စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးတင့်လွင်က စားသုံးသူ အကာအကွယ်ပေးရေး ဗဟိုကော်မတီ တတိယအကြိမ် အစည်းအဝေးမှ ဆုံးဖြတ်ချက်လေးရပ်ကိုလည်းကောင်း၊ လှိုင်လင်ခရိုင်အတွင်း စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးမှုများ၊ ကွင်းဆင်း စစ်ဆေးမှုများနှင့် ဝန်ဆောင်မှုများ ပြည်တွင်းပြည်ပ ကုန်သွယ်မှု မြင့်မားရေး တိုးမြှင့်ဆောင်ရွက်သွားမည့် အစီအစဉ်များကို အသေးစိတ် ရှင်းလင်းဆွေးနွေးခဲ့ပါတယ်။ အစည်းအဝေးသို့ တက်ရောက်လာကြသူများအား ဥပဒေစာအုပ်များ၊ လက်ကမ်းစာစောင် များ၊ တိုင်ကြားမှုပုံစံများ၊ ဆီကို ဘယ်လို ရွေးချယ်စားသုံးကြမှာလဲ စာအုပ်များကို တက်ရောက်သူများအား ဖြန့်ဝေပေးခဲ့တယ်လို့ သတင်းရရှိပါတယ်။ **စောမောင် (တောင်ကြီး)**

# ရန်ကုန် အနောက်ပိုင်းခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ (၆/၂၀၁၇) လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

ရန်ကုန် အနောက်ပိုင်းခရိုင် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေး အဖွဲ့၏ (၆/၂၀၁၇) လုပ်ငန်း ညှိနှိုင်း အစည်းအဝေးကို ဇူလိုင်လ ၂၀ ရက်က ရန်ကုန် အနောက်ပိုင်းခရိုင် အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေး ခန်းမတွင် ကျင်းပခဲ့ ပါသည်။

အဆိုပါ အစည်းအဝေးသို့ ခရိုင် အုပ်ချုပ်ရေးမှူးနှင့် အမှုဆောင် အဖွဲ့ဝင်များ၊ မြို့နယ်အုပ် ချုပ်ရေးမှူးများနှင့် ဝန်ထမ်းများ တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် ခရိုင် အငြင်းပွားမှု ဖြေရှင်းရေးဥက္ကဋ္ဌ ခရိုင်အထွေထွေ အုပ်ချုပ်ရေးမှူး ဦးထွန်းဝေက စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေး အဖွဲ့များကို ပြည်နယ် /တိုင်း၊ ခရိုင် စသဖြင့် ဖွဲ့စည်းထားရှိပြီး ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံနှင့်အညီလုပ်ငန်း တာဝန်များကိုလည်း ပါဝင်သည့် ဌာနတစ်ခုချင်းအလိုက် လုပ်ငန်းစီမံချက်များကို အကောင်အထည်ဖော် ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ ပြည်သူနှင့် ထိပ်တိုက်ချိတ်ဆက် ဆောင်ရွက်ရမည် ဖြစ်သောကြောင့် ပြည်သူလူထုမှာ စားသုံးသူဖြစ်ပြီး အငြင်းပွားမှု ဖြစ်လာလျှင် ရောင်းချသည့်လုပ်ငန်းနှင့် ရင်ဆိုင်ရမှာဖြစ်ကြောင်း ထို့ကြောင့် အသိပညာပေး လုပ်ငန်းများကို ဦးစွာ ဆောင်ရွက်ပြီးနောက်မှ တားဆီးသိမ်းဆည်းခြင်းကို ဆောင်ရွက်ရမှာ ဖြစ်ကြောင်း ထိတွေ့ဆောင်ရွက်မှု တိုင်းတွင် သတိထားဖြေရှင်း သွားရမည် ဖြစ်ကြောင်း၊ တားဆီး ဖမ်းဆီးသည့် ဆောင်ရွက်မှု တိုင်းတွင် ဥပဒေနှင့်အညီ စနစ်တကျ ဆောင်ရွက်သွားရမှာ ဖြစ်ကြောင်း ပြောကြားပါသည်။

ထို့နောက် ရန်ကုန် အနောက်ပိုင်းခရိုင် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးကျင်ဌေးက ဈေးကွက် အတွင်းရှိ စားသောက်ကုန်၊ လူသုံးကုန်၊ အလှကုန် ပစ္စည်းများနှင့် ပတ်သက်၍ စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေအတိုင်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အတူ အသိပညာပေး ဟောပြောပွဲများကို မြို့နယ်အလိုက်



ကျောင်း၊ ရပ်ကွက်၊ ဈေးများတွင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ခရိုင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဈေးများအတွင်း ကွင်းဆင်း စစ်ဆေးရာတွင် ကျင်းထုံခြင် ဆေးခွေများ သိမ်းဆည်း၍ စည်ပင်သာယာဥပဒေအရ ဖျက်ဆီးခြင်း၊ ထို့နောက် ဘုရင့်နောင် ဈေးနှင့် သီရိမင်္ဂလာဈေးအတွင်း FDA၏ ဦးဆောင်အဖွဲ့နှင့် ငရုပ်သီးမှုန့်များ၊ ဆီအရောအနှောများ၊ ပဲသွေးများကို စစ်ဆေး၍ ပြည်သူလူထု ရှေ့တွင် သိမ်းဆည်း ဖျက်ဆီးခြင်းတို့ကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းခြင်း၊ တိုင်ကြားစာနှင့် ပတ်သက်၍ မြန်မာပလာဇာ စတုတ္ထထပ်ရှိ KFCအစားအစာ ကြက်ကြော်ဆိုင်မှ ဟမ်ဘာဂါမုန့်တွင် မှိုပါဝင်မှု တိုင်ကြားခြင်းအား ရှင်းလင်းခြင်း၊ ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ အရေးယူ ဆောင်ရွက်မှုများကို တင်ပြထားပြီးဖြစ်ပါကြောင်း ရှင်းလင်းပြောကြားခဲ့ပါသည်။

ထို့နောက် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးအောင်ကျော်ဦးက ကွင်းဆင်းစစ်ဆေးခြင်းနှင့် တိုင်ကြားစာများနှင့် ပတ်သက်၍ ထူးခြားဖြစ်စဉ်ရှိပါက အချိန်မီ သတင်းပေးတင်ပြရန် လိုအပ်ပါကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ထိပ်တိုက်ရင်ဆိုင်မှုများရှိလာပါက အမြန်ဆုံး ဖုန်းဖြင့် အကြောင်းကြားစေလိုကြောင်း ပြောကြားပါသည်။

ထို့နောက် ခရိုင်စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌက နာမည်ရသည့်ဆိုင်၊ နာမည်ရသောကုန်အမှတ်တံဆိပ်များတွင် စီးပွားရေး လုပ်ငန်းရှင်များအနေဖြင့် ထုတ်လုပ်မှု၊ စီးပွားရေး တိုက်ခိုက်မှုတွေ ရှိလာနိုင်ကြောင်း၊ ထိုအချိန်တွင် အဖွဲ့အနေဖြင့် ကြားခံရသည့်အတွက် အထူးသတိပြုရန် လိုအပ်ကြောင်း၊ စီးပွားရေး အပြိုင်အဆိုင်များ ရှိသောကြောင့် အဖွဲ့အား အသုံးချနိုင်ကြောင်း၊ ကြားမှမြေဇာပင် မဖြစ်အောင် သတိကြီးစွာထားပြီး ဆောင်ရွက်သွားရမှာဖြစ်ကြောင်း၊ တားဆီးဖမ်းဆီးပစ္စည်းများကိုလည်း ပြည်သူရှေ့တွင် ဖျက်ဆီးစေလိုကြောင်း၊ ပါဝင်သောဌာနများအနေဖြင့် ပူးပေါင်း ပါဝင်ဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားခဲ့ပါသည်။

**သန်းအေး (စားသုံးသူ)**

# ဖျာပုံမြို့မဈေးတွင်ရောင်းချနေသော ဝလုံးအမှတ်တံဆိပ် ပဲပြားတွင် ဖော်မလင် သုံးစွဲထားကြောင်းစစ်ဆေးတွေ့ရှိ



တိုင်းဒေသကြီး အစား အသောက် နှင့်ဆေးဝါးကွပ်ကဲရေးဦးစီး ဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဒေါက်တာ ပြည့်ဖြိုးဦးဆောင်သော အဖွဲ့နှင့် ဖျာပုံမြို့နယ် စည်ပင်သာယာရေး အဖွဲ့၊ စားသုံးသူရေးရာ ဦးစီးဌာနတို့ ပါဝင်သော ပူးပေါင်းအဖွဲ့တို့သည် ဇူလိုင် ၂၂ ရက်ကဖျာပုံမြို့ရှိ မြို့မဈေး ကြီး၊ ကျောက်ပြားတန်းဈေး၊ ဆိပ်ကမ်းသာဈေးတို့တွင် ရောင်းချနေသော မုန့်ဟင်းခါးဖတ်၊ နန်းပြားဖတ်နှင့် ပဲပြားတို့အား ဈေးကွက်နမူနာကောက်ယူ၍ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခဲ့ကြကြောင်းသိရသည်။

ထိုကဲ့သို့စစ်ဆေးရာတွင် မုန့်ဟင်းခါးဖတ်နှင့် နန်းပြားဖတ်တို့တွင် ဓာတုဆေးဝါးများသုံးစွဲထားခြင်းမရှိ ကြောင်း စစ်ဆေးတွေ့ရှိရပြီး ပဲပြားတံဆိပ်အမှတ်အမှန်ခြစ်၊ မြားတံဆိပ်နှင့် ဝလုံးအမှတ်တံဆိပ်ရှိသည့်အနက် ဝလုံးတံဆိပ်ပါ ပဲပြားတွင် ဖော်မလင် သုံးစွဲထားကြောင်း တွေ့ရှိရသဖြင့် လက်ကားဖြန့်ဖြူး ရောင်းချသူအား နောက်နောင် ရောင်းချခြင်းမပြုရန် ခံဝန်ကတိ လက်မှတ်ရေးထိုးပြီး ပဲပြားများကို ဖျက်ဆီးခဲ့ကြကြောင်း သိရ သည်။ ထို့နောက် မူလထုတ်လုပ်ရာကို မေးမြန်းစုံစမ်း၍ ထုတ်လုပ်သည့်နေရာအား ဆက်လက် ဖော်ထုတ်နိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနရုံးခွဲမှ ညွှန်ကြားရေးမှူးထံသို့ တိုင်းဦးစီးမှူးက ဆက်လက်တင်ပြခဲ့ကြောင်းသိရသည်။

အစားအသောက်နှင့် ဆေးဝါး ကွပ်ကဲရေးဦးစီးဌာနခွဲ၊ ရန်ကုန်ရုံးမှ အဖွဲ့သည် ဖျာပုံဈေး၌ စစ်ဆေးတွေ့ရှိချက်အား သတင်းပေးပို့တင်ပြမှုအရ ဇူလိုင် ၂၅ ရက်တွင် မြို့နယ်ကျန်းမာရေး၊ စည်ပင်၊ထွေ/အုပ်၊ ရဲတပ်ဖွဲ့တို့နဲ့ အတူ တောင်ဥက္ကလာပမြို့နယ်ရှိ ပဲပြား ပင်ရင်းလုပ်ငန်းတစ်ခုအား ရွေ့လျားဓာတ်ခွဲယာဉ် ( Mobile Lab Van )ဖြင့် ရှောင်တခင် ဝင်ရောက်စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

မင်းဇော်မွန်

# မော်လမြိုင်ခရိုင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၂/၂၀၁၇) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

မော်လမြိုင်ခရိုင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၂/၂၀၁၇) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၂၇ ရက်က မွန်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံး၌ ကျင်းပခဲ့ပါသည်။

မော်လမြိုင်ခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌ ကိုယ်စား မော်လမြိုင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇေထက်အောင်က အဖွင့်အမှာစကားပြောကြားပြီး မော်လမြိုင်ခရိုင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေး အဖွဲ့အတွင်းရေးမှူးဒေါ်ခင်နွဲ့မှုဆွေဦးက ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်းလုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်၊ ၂၀၁၇ ခုနှစ် ဧပြီလ၊ မေလ၊ ဇွန်လ၊ ဇူလိုင်လများအတွင်း လုပ်ငန်းဆောင်ရွက်ခဲ့မှု အခြေအနေများ၊ မြို့နယ်ကြက် ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေး စီမံခန့်ခွဲရေး ကော်မတီများနှင့်ပူးပေါင်း၍ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် မော်လမြိုင်ခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အစည်းအဝေး(၁/၂၀၁၇)၏ အစည်းအဝေးဆုံးဖြတ်ချက်အပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများအား ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြခဲ့ပါသည်။

ထို့နောက် မွန်ပြည်နယ်စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယပြည်နယ်ဦးစီးမှူး ဦးခင်အောင်သွင်က မွန်ပြည်နယ် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ အကြောင်းကြားလာသည့် စပ်ဆေးများနှင့်ပတ်သက်၍ ညှိနှိုင်းဆောင်ရွက်မည့် ကိစ္စများအား ဆွေးနွေးခဲ့ပြီး အစည်းအဝေး တက်ရောက်လာသူများကလည်း ဝိုင်းဝန်း ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ကြပါသည်။

ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ မော်လမြိုင်ခရိုင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးဇေထက်အောင် က ယခုရာသီတွင် တုပ်ကွေးရောဂါအများဆုံးဖြစ်သဖြင့် ကြက်ငှက်တုပ်ကွေးရောဂါ ကင်းရှင်းရေးအတွက် တစ်ဖက်နိုင်ငံမှ ကြက်ဥ၊ ဘဲဥ၊ ကြက်အရှင်များ ဝင်ရောက်မှု အားသတင်းရယူ၍ တားဆီးမှုများ ပြုလုပ်ရမည်ဖြစ်သဖြင့် မိမိတို့အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ သတင်းများအား အချိန်နှင့်တစ်ပြေးညီ ပေးပို့ကြစေလိုကြောင်း၊ မိမိတို့မှာလည်း မြို့နယ်များထိ သတင်းချပြ၍ ပူးပေါင်းပါဝင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

အစည်းအဝေးသို့ မော်လမြိုင်ခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေး အဖွဲ့ ဥက္ကဋ္ဌ ကိုယ်စားမော်လမြိုင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇေထက်အောင်၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်များ စုစုပေါင်း ၁၂ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။ **မိုးမိုး(မွန်)**

# ပုသိမ်ခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ အဌမအကြိမ် လုပ်ငန်း ညှိနှိုင်း အစည်းအဝေးကျင်းပ

ပုသိမ်ခရိုင် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ အဌမအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ပုသိမ်ခရိုင် စားသုံးသူရေးရာ ဦးစီးဌာနအစည်းအဝေးခန်းမတွင် ဇူလိုင်လ ၂၄ ရက်က ကျင်းပခဲ့ပါသည်။

အဆိုပါ အစည်းအဝေးသို့ ခရိုင် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေး အဖွဲ့ဥက္ကဋ္ဌ၊ တိုင်းဒေသ ကြီးလွှတ်တော်ကိုယ်စားလှယ်၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ စုစုပေါင်း ၂၅ ဦး တက်ရောက်ခဲ့ပါသည်။ အစည်းအဝေးတွင် ခရိုင်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး အတွင်းရေးမှူးက သတ္တမအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေး၏ အစည်းအဝေးဆုံးဖြတ်ချက်များအားလည်းကောင်း၊ ဗဟိုကော်မတီ၊ ရုံးချုပ်၊ တိုင်းဒေသကြီး၏ ညွှန်ကြားချက်များအားလည်းကောင်း၊ ဇွန်လအတွင်း ခရိုင်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ ဆောင်ရွက်ချက်များနှင့် ဇူလိုင်လအတွင်း ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများအားလည်းကောင်း၊ဖြေရှင်းဆောင်ရွက်ရမည့်အချက်များအားလည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ပါသည်။ ဆက်လက်၍ တက်ရောက်လာသော အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများက ဆောင်ရွက်ခဲ့သော လုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများအား ရှင်းလင်းတင်ပြဆွေးနွေးခဲ့ပါသည်။ အဖွဲ့ဝင်များ၏ တင်ပြချက်များအား အတွင်းရေးမှူးက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ပြီး တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် အဖွဲ့၏ဆောင်ရွက်ချက်များ၊ ဆက်လက်ဆောင်ရွက်သင့်သည့် အချက်များအား ပေါင်းစပ် ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

**မောင်ပုသိမ်**

# တိုးတက်ပြောင်းလဲလျက်ရှိသော အာဆီယံ စီးပွားရေးအသိုက်အဝန်း

| သိန်းမြင့်ဝေ |



**သိသာထင်ရှားသော တိုးတက်မှုများ**

အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် ၂၀၁၅ ခုနှစ် အသေးစိတ်စီမံချက် (2015 Blueprint) ကို ၂၀၀၇ ခုနှစ်တွင် ရေးဆွဲချမှတ်ခဲ့သည်။ Blueprint တွင် မဏ္ဍိုင်လေးရပ်၊ ကဏ္ဍခွဲ ၁၇ ခုနှင့် ဦးစားပေး အစီအမံ၁၇၆ မျိုး ပါဝင်သည်။ အဆိုပါ မဏ္ဍိုင်၊ ကဏ္ဍခွဲနှင့် ဦးစားပေးအစီအမံများသည် အာဆီယံ စီးပွားရေးအသိုက်အဝန်း (Asean Economic Community-AEC) ကို အကောင်အထည်ဖော်ရန် ချမှတ်ထားသော အသေးစိတ် အစီအစဉ်များ ဖြစ်သည်။ မဏ္ဍိုင် လေးရပ်အနက် ပထမအချက်မှာ ထုတ်လုပ်မှုအခြေခံသည့် တစ်ခုတည်းသော ဈေးကွက်ကို တည်ထောင်ရန်ဖြစ်သည်။ ဒုတိယမဏ္ဍိုင်မှာ ယှဉ်ပြိုင်နိုင်စွမ်းရှိသော ဒေသဖြစ်ရန်နှင့် တတိယ မဏ္ဍိုင်မှာ မျှတသော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိရန်ဖြစ်သည်။ နောက်ဆုံးအချက်မှာ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးနှင့် ပေါင်းစည်းရန် ဖြစ်သည်။

ဖော်ပြပါ မဏ္ဍိုင်လေးရပ်နှင့်အညီ အကောင်အထည်ဖော်ခဲ့ရာ သိသာထင်ရှားသော တိုးတက်မှုများ ရရှိခဲ့သည်။ ဥပမာအားဖြင့် အာဆီယံနိုင်ငံအများစုသည် ဒေသတွင်း အကောက်ခွန်များ (Intra-regional tariffs) ကို ပယ်ဖျက်နိုင်ခဲ့သည်။ သို့သော်လည်း စီးပွားရေးတိုးတက်မှု နှေးကွေးသော ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံတို့သည် ၂၀၁၈ ခုနှစ်ရောက်မှသာ ဒေသတွင်း အကောက်ခွန်များကို ပယ်ဖျက်နိုင်မည်ဖြစ်သည်။

အာဆီယံသည် အပြန်အလှန် အသိအမှတ်ပြုအစီအစဉ် (Mutual Recognition Arrangements - MRAs) ဦးစားပေးကဏ္ဍ သုံးခုကို သတ်မှတ်အကောင်အထည်ဖော်နိုင်ခဲ့သည်။ ဆေးဝါး၊ အလှကုန်ပစ္စည်းအပြင် လျှပ်စစ်နှင့် အီလက်ထရောနစ်ပစ္စည်းများနှင့် ပတ်သက်၍ အရည်အသွေးနှင့် စံချိန်စံညွှန်းကို တစ်ပြေးညီဖြစ်အောင် ဆောင်ရွက်နိုင်ခဲ့သည်။ ထို့ပြင် အာဆီယံ Blueprint သည် တရားရေးနှင့် စည်းမျဉ်းစည်းကမ်းမူဘောင်ကို တစ်ပြေးညီချမှတ်ခြင်းအားဖြင့် တန်းတူအခွင့်အရေး ရရှိအောင် ဆောင်ရွက်ခဲ့သည်။ အထူးသဖြင့် ယှဉ်ပြိုင်မှုဥပဒေ၊ စားသုံးသူကာကွယ် ရေးဥပဒေ၊ အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဥပဒေတို့နှင့် ပတ်သက်ပြီး တရားမျှတမှုရှိအောင် ဆောင်ရွက်နိုင်ခဲ့သည်။

နယ်စပ်ဖြတ်ကျော် လုပ်သားပြောင်းရွှေ့မှုကို အားပေးရန်အတွက် MRA ရှစ်မျိုးကို ဆောင်ရွက်နိုင်ခဲ့သည်။ အင်ဂျင်နီယာ၊ သူနာပြု၊ ဗိသုကာနှင့် ဆေးကုသရေးစသည့်ဝန်ဆောင်မှု နယ်ပယ်များရှိ ကျွမ်းကျင်လုပ်သားများကို အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးနိုင်ခဲ့သည်။ အာဆီယံသည် လူဦးရေအရ တရုတ်နှင့် အိန္ဒိယပြီးပါက ကမ္ဘာ့ တတိယအကြီးဆုံး လုပ်သားအင်အားရှိသော နေရာဖြစ်ပါသည်။ ထို့ကြောင့်မဝေးသော အနာဂတ်တွင် AEC ကို အပြည့်အဝ အကောင်အထည်ဖော်နိုင်ရန်အတွက် အသိပညာမျှဝေခြင်း (Knowledge-sharing) နှင့် ပူးပေါင်း ဆောင်ရွက်မှု (Professional collaboration) တို့ လိုအပ်နေကြောင်း တွေ့ရသည်။

**ဆက်လက်ပေါင်းစည်းမည့်အစီအစဉ်**

၂၀၂၅ ခုနှစ် Asean Blueprint တွင် အပြန်အလှန်ဆက်စပ်အားပြုနေသည့် ရည်မှန်းချက်သစ် (၅) ရပ် ပါဝင်သည်။ ပထမရည်မှန်းချက်မှာ ပိုမိုပေါင်းစည်းညီညွတ်သော စီးပွားရေးကို တည်ဆောက်ရန် (Highly integrated and cohesive economy) ဖြစ်သည်။ ဒုတိယအချက်မှာ ယှဉ်ပြိုင်နိုင်စွမ်းရှိသော ဆန်းသစ်ပြောင်းလဲသည့် အာဆီယံဖြစ်ပေါ်လာစေရန် (Competitive, innovative and dynamic Asean) ဖြစ်သည်။ တတိယရည်မှန်းချက်မှာ ချိတ်ဆက်မှုအားကောင်းပြီး ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်ရန် (Enhanced connectivity and sectoral cooperation) ဖြစ်သည်။ စတုတ္ထရည်မှန်းချက်မှာ တုံ့ပြန်နိုင်စွမ်းရှိပြီး အားလုံး အကျုံးဝင်သည့် ပြည်သူဗဟိုပြု အာဆီယံ ဖြစ်စေရန် (Resilient, inclusive, people-oriented and people-centred Asean) ဖြစ်သည်။ နောက်ဆုံးရည်မှန်းချက်မှာ ကမ္ဘာလုံးဆိုင်ရာ အာဆီယံဖြစ်လာစေရန် (Global Asean) ဖြစ်ပါသည်။

၂၀၁၅ ခုနှစ် Asean Blueprint ကို အခြေခံပြီး ၂၀၂၅ ခုနှစ် Blueprint ကို အကောင်အထည်ဖော်ရာတွင် အာဆီယံပြတင်းတစ်ပေါက်စနစ် (Asean Single Window) ကို ကျယ်ကျယ်ပြန့်ပြန့်ချပြ အသုံးပြုသွားနိုင်မည် ဖြစ်ပါသည်။ Asean Single Window စနစ်ဆိုသည်မှာ နယ်စပ်ဖြတ်ကျော် အကောက်ခွန်ရှင်းလင်းရာတွင် လိုအပ်သော အထောက်အထားများကို တစ်ပြေးညီဖြစ်စေပြီး ဒစ်ဂျစ်တယ်ဆောင်ရွက်သည့်စနစ် ဖြစ်ပါသည်။ ထိုမျှသာမက အဆိုပါစနစ်သည် ကုန်စည်ထုတ်လုပ်သော ဒေသ/နိုင်ငံဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ (Rules of origin) ကို လည်းကောင်း၊ အာဆီယံတွင် ကျင့်သုံးလျက်ရှိသော လုပ်ငန်းရှင်ကိုယ်တိုင် ထောက်ခံသည့်စနစ် (Self-Certification scheme) ကို လည်းကောင်း ပိုမိုကောင်းမွန်စေပါသည်။ အကျိုးဆက်အနေဖြင့် အကောက်ခွန် လုပ်ထုံးလုပ်နည်းများကို ပိုမိုလွယ်ကူစေပါသည်။ ဆက်လက်၍ ရင်းနှီးမြှုပ်နှံသူများကို ပိုမိုအားပေးရာရောက်သကဲ့သို့ အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများ (SMEs) ကိုလည်း ပိုမိုတိုးချဲ့လုပ်ကိုင် လာစေပါသည်။ ကဏ္ဍအလိုက် ပူးပေါင်း ဆောင်ရွက်မှု (Sectoral Cooperation) ကို ပိုမိုအား ကောင်းစေသော လုပ်ငန်းစုများမှာ သယ်ယူပို့ ဆောင်ရေး၊ သတင်းနှင့် ဆက်သွယ်ရေးနည်းပညာ (ICT)၊ e-commerce နှင့် ကျန်းမာရေးစောင့် ရှောက်မှု ဖြစ်ကြပါသည်။

၂၀၂၅ ခုနှစ် Blueprint တွင် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (SMEs) ကို အလေးထား ဖော်ပြထားသည်။ SME များသည် အာဆီယံနိုင်ငံများတွင်ရှိသော စီးပွားရေးလုပ်ငန်းစုစုပေါင်း၏ ၉၅ ရာခိုင်နှုန်း ကျော်ရှိပါသည်။ ထို့ပြင် ဒေသ၏လုပ်သားအင်အားထုအတွက် အလုပ်အကိုင်များစွာကိုလည်း ဖန်တီးပေးနေပါသည်။ ထို့ကြောင့် SME များသည် အာဆီယံစီးပွားရေး၏ ကျောရိုးဖြစ်ပါသည်။ အဆိုပါ Blueprint သည် SME များ၏ နည်းပညာ၊ ဆန်းသစ်ပြောင်းလဲမှုနှင့် ကုန်ထုတ်စွမ်းအားတိုးတက်ရေးတို့ကို ဦးစားပေးထည့်သွင်းထားသည်။ ထိုမျှသာမက SME များအတွက် ချေးငွေရရှိရေး၊ ဈေးကွက်ဝင်ရောက်ရေးနှင့် ကမ္ဘာလုံးဆိုင်ရာ တန်ဖိုးပြောင်းလဲမှု ကွင်းဆက်အတွင်း ပါဝင်နိုင်ရေးတို့ကို ထည့်သွင်းဖော်ပြထားပါသည်။

**အကောက်ခွန်မဟုတ်သော အတားအဆီးများ**

အာဆီယံနိုင်ငံအတော်များများတွင် အနည်းဆုံးပြည်တွင်းပါဝင်မှု လိုအပ်ချက်များ (Minimum local equity participation requirements) ထားရှိနေဆဲဖြစ်ပါသည်။ ဤလိုအပ်ချက်များကို ပြည်ပမှ လာရောက်ရင်းနှီးမြှုပ်နှံမည့် နိုင်ငံခြားသားများအတွက် ထားရှိခြင်းဖြစ်ပါသည်။ နိုင်ငံခြားသားများအား ရာခိုင်နှုန်းပြည့်ရင်းနှီးမြှုပ်နှံ ခွင့်မပြုသေးခြင်းကို ဆိုလိုသည်။ ဥပမာအားဖြင့် လူသုံးကုန်ပစ္စည်းများနှင့် စားသောက်ကုန်လက်လီ ဖြန့်ဖြူး ရောင်းချခြင်းကို အကန့်အသတ်ဖြင့်သာ ခွင့်ပြုခြင်းမျိုးဖြစ်သည်။ ထို့ကြောင့် ပြည်ပမှ ရင်းနှီးမြှုပ်နှံမည့်သူသည် လက်တွဲ လုပ်ကိုင်မည့် ပြည်တွင်း လုပ်ငန်းရှင် (Local partners) ကို ရှာဖွေရပါသည်။ ထို့နောက် ဖက်စက်လုပ်ငန်း လုပ်ဆောင်မှု (Joint-Venture) ကို စီမံခန့်ခွဲရပါသည်။ ဖက်စပ်လုပ်ငန်းများ၏ သဘောသဘာဝမှာ ပြည်ပရင်းနှီးမြှုပ်နှံသူအတွက် အခက်အခဲများ ဖြစ်လေ့ရှိပြီး ဗျာများနေရလေ့ရှိပါသည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများကြားတွင်လည်း ဖွံ့ဖြိုးမှုကွာဟချက် (Development gaps) ကြီးမားပြီး ဦးစားပေး အစီအစဉ် (Strategic interests) မတူညီမှုများကို တွေ့ရှိရပါသည်။ ဥပမာအားဖြင့် ထိုင်းနှင့် အင်ဒိုနီးရှားနိုင်ငံတို့သည် မော်တော်ကားတပ်ဆင်ထုတ်လုပ်သည့် လုပ်ငန်းကို ဦးစားပေးမြှင့်တင်လိုသော်လည်း မြန်မာနှင့် ဘရူနိုင်းနိုင်ငံတို့သည် သယံဇာတအခြေခံလုပ်ငန်းများ (Resource-based industries) ကို ဦးစားပေးနိုင်ပါသည်။ အကျိုးဆက်အနေဖြင့် ဦးစားပေးလုပ်ငန်းများနှင့်ပတ်သက်သော အကောက်ခွန်မဟုတ်သည့် အဟန့်အတားများ (Non- tariff measures) ကို လျှော့ချဖယ်ရှားရန် ခက်ခဲလာပါသည်။ အထူးသဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများက ၎င်းတို့၏ အမျိုးသားအကျိုးစီးပွား (National interests) ကို ကာကွယ်ရန်အတွက် ကိုယ်ကျိုးစီးပွား ကာကွယ်သည့် ကုန်သွယ်ရေး ပေါ်လစီများကို ချမှတ်ကျင့်သုံးပါလျှင် အကောက်ခွန်မဟုတ်သော အတားအဆီးများကို ဖယ်ရှားရန် အလွန်ခက်ခဲပါသည်။

ဖော်ပြပါ အခက်အခဲများကို ဖြေရှင်းရန်အတွက် အာဆီယံခေါင်းဆောင်များသည် အကောက်ခွန် မဟုတ်သော ပေါ်လစီများနှင့် ပတ်သက်ပြီး ပွင့်လင်းမြင်သာမှု (Transparency) ရှိရန် လိုအပ်ပါသည်။ ထို့ပြင် အာဆီယံတစ်ဝန်းတွင် ရှိသော ပုဂ္ဂလိကကဏ္ဍ အချင်းချင်း ပိုမိုပေါင်းစပ်ညှိနှိုင်းရန် လိုအပ်ပါသည်။ AEC ၏ နောက်ထပ်တစ်ဆင့်ကို ဆက်လက်ပုံဖော်ရာတွင် ဆက်သွယ်ဆောင်ရွက်မှု (Communication) အရေးကြီးပါသည်။ သို့မှသာ တစ်နိုင်ငံချင်းစီ၏ ကိစ္စရပ်များနှင့် လိုက်လျောညီထွေဖြစ်မည့် အာဆီယံတစ်ခုလုံးနှင့် သက်ဆိုင်သည့် စံချိန်စံညွှန်းများ သို့မဟုတ် စည်းမျဉ်းစည်းကမ်းများကို ရေးဆွဲချမှတ်နိုင်မည်ဖြစ်သည်။

**ဒစ်ဂျစ်တယ်ခေတ်သို့အရွေ့**

၂၀၁၅ ခုနှစ် Blueprint စတင်မိတ်ဆက်သည့် ကာလများ၏ အရှိန်နှင့်အတူ ဒစ်ဂျစ်တယ်နည်းပညာသည် လျင်မြန်စွာ ပျံ့နှံ့လျက်ရှိသည်။ ထို့ကြောင့် AEC ကို အကောင်အထည်ဖော်ရန်အတွက် အာဆီယံ၏ စီးပွားရေးနှင့် လူမှုရေးကို ပြောင်းလဲရာတွင် အဓိက မောင်းနှင်အားမှာ ICT နှင့် e-commerce တို့ဖြစ်ခဲ့ပါသည်။ ဥပမာအားဖြင့် ၂၀၀၈ ခုနှစ်က မြန်မာနိုင်ငံ၏ အင်တာနက် အသုံးပြုမှုနှုန်းမှာ သုညဒသမ ၁ ရာခိုင်နှုန်း ရှိခဲ့ရာမှ ၂၀၁၆ ခုနှစ်တွင် ၁၉ ဒသမ ၃ ရာခိုင်နှုန်းသို့တိုးတက်ရောက်ရှိခဲ့သည်။ သို့သော်လည်း အဓိကစိန်ခေါ်မှုမှာ လုံခြုံစိတ်ချပြီး ရေရှည်ခံသော ဒစ်ဂျစ်တယ်စီးပွားရေး (Secure, reliable and sustainable digital economy) ကို တည်ဆောက်ခြင်း ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် အာဆီယံသည် ဒေသဆိုင်ရာ ဒစ်ဂျစ်တယ်စီးပွားရေးကို တည်ဆောက်ရန်နှင့် e-commerce မဟာဗျူဟာများဖြင့် နယ်စပ်ဖြတ်ကျော် ကုန်သွယ်ရေးကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်နေသောကြောင့် ဖြစ်ပါသည်။ စင်ကာပူ နိုင်ငံသည် အင်တာနက်သုံးစွဲမှု အလွန်မြင့်မားပြီး အင်တာနက်အခြေပြု စီးပွားရေးကို ဆောင်ရွက်နေသောကြောင့် ဆိုက်ဘာ (Cyber) တိုက်ခိုက်မှု အများဆုံးခံရသည့် ငါးနိုင်ငံထဲတွင် ပါဝင်သည်။ ထိုနည်းတူစွာပင် ဖိလစ်ပိုင်၊ မလေးရှား၊ ထိုင်းနှင့် အင်ဒိုနီးရှားနိုင်ငံတို့သည် ပြီးခဲ့သည့်နှစ်များအတွင်း Cyber attack မကြာခဏခံရသော နိုင်ငံများ ဖြစ်သည်။

အာဆီယံနိုင်ငံများသည် ဆိုက်ဘာ လုံခြုံရေး ဥပဒေများကိုအသုံးမပြုကြသော်လည်း e-commerce

**စာမျက်နှာ (၃၁)သို့ ➢**

# ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ဖိအားပေးမှုကိုခံရပြီးနောက် သကြားဈေးနှုန်းအပေါ် အာမခံချက်ပြု

ထိုင်းနိုင်ငံအနေဖြင့် WTO သို့ သကြား ထုတ်လုပ်ခြင်းနှင့် ကုန်သွယ်မှုစနစ်အား ဒီဇင်ဘာလတွင် ပြောင်းလဲကျင့်သုံးမည်ဟု အကြောင်းကြားပြီးဖြစ်သော်လည်း သကြားဈေးနှုန်းအား အနီးကပ် စောင့်ကြည့်သွားဦးမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာနက ဖော်ပြသွားပါသည်။

အမြဲတမ်းအတွင်းဝန် ဝိဘွန်းလာဆနာက သကြားသည် ဝန်ကြီးဌာန၏ ထိန်းချုပ်မှုစာရင်းတွင် ပါဝင်သောကုန်ပစ္စည်းဖြစ်ကြောင်း၊ ၎င်း၏ လက်လီရောင်းဈေးနှုန်း မြင့်တက်ခြင်းကို ခွင့်မပြုဘဲ ထိန်းချုပ်ထားကြောင်း၊ ဒီဇင်ဘာလ ၁ ရက်တွင် သကြား ကုန်သွယ်မှုစနစ်အား ဖြေလျှော့ပေးရန် စီစဉ်ထားသော်လည်း ဈေးနှုန်းကိစ္စ ကျန်ရစ်နေဦးမည်ဟု မျှော်လင့်ကြောင်း ပြောကြားသွားပါသည်။ သကြားကုန်သွယ်မှုစနစ်အား လွတ်လပ်စွာ ခွင့်ပြုသွားမည်ဖြစ်သော်လည်း ဝန်ကြီးဌာန၏ တာဝန်တစ်ရပ်ဖြစ်သော စားသုံးသူများအတွက် သကြားလက်လီဈေးနှုန်း မြင့်တက်ခြင်းမှ ကာကွယ်ပေးရန် လိုအပ်လျက်ရှိသေးကြောင်း၊ လက်ရှိဈေးနှုန်းထက် မြင့်တက်မသွားရန် ထိန်းကျောင်းပေးမည်ဖြစ်ကြောင်း ဆက်လက် ပြောကြားခဲ့ပါသည်။

သကြားကို ထိန်းချုပ်စာရင်းတွင် ထည့်သွင်းထားပါက လက်လီရောင်းဈေး တစ်ကီလိုဂရမ်တွင် ၂၃ ဒသမ ၅၀ ဘတ်ထက် ပို၍ ရောင်းချရန် ခွင့် မပြုပါ။ သို့သော် လက်ရှိ အမှန်လက်လီပေါက်ဈေးမှာ ၁၉ ဘတ်မှ ၂၀ ဘတ်အတွင်းသာဖြစ်ကြောင်း၊ ကမ္ဘာ့သကြားဈေးနှုန်းနှင့် လိုက်လျောညီထွေရှိပြီး ယခင်ဈေးနှုန်းကျဆင်းနေရာမှ ပြန်လည်မြင့်တက်လာသော်လည်း မူလဈေးနှုန်းသို့ အပြည့်အဝ ပြန်လည် မရောက်ရှိသေးကြောင်း၊ ကမ္ဘာ့သကြားဈေးနှုန်းသည် လွန်ခဲ့သည့်နှစ်များစွာအတွင်း တဖြည်းဖြည်းကျဆင်းခဲ့ရာ ၂၀၁၂ ခုနှစ်က သကြားတစ်ပေါင်လျှင် အမေရိကန်ဒေါ်လာ ၃၆ ဆင့် ရှိခဲ့ရာမှ လွန်ခဲ့သည့်နှစ်နှောင်းပိုင်းတွင် ၁၁ ဆင့် အထိ ကျဆင်းခဲ့ကြောင်း၊ ပိုလျှံ ထုတ်လုပ်မှုနှင့် ကမ္ဘာ့စီးပွားရေးအရ ဝယ်လိုအား ကျဆင်းခဲ့၍ဖြစ်ကြောင်း ဖော်ပြထားပါသည်။ နယူးယောက် စံဈေးနှုန်းမှာ အောက်တိုဘာလအတွက် ထုတ်ပြန်ရာတွင် သုည ဒသမ ၀၁ ဆင့် လျော့နည်းနေပြီး သုည ဒသမ ၀၇ ရာခိုင်နှုန်း ကျဆင်းကာ ၁၄ ဒသမ ၄၀ ဆင့် ဖြစ်ပါသည်။

မစ္စဝိဘွန်းလာဆနာက သကြားလက်လီ ဈေးနှုန်းအားနှုန်းရှင် ခွင့်ပြုရန်အတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ စီမံနိုင်မည်ဟု မျှော်လင့်ကြောင်း၊ ထုတ်လုပ်သူများအား ၎င်းတို့ဆန္ဒအလျောက် ဈေးနှုန်းတိုးမြှင့်ရန် ခွင့်မပြုဘဲ လက်လီဈေးနှုန်းအား တရားဝင် ထိန်းချုပ်ထားရှိရန် ခွင့်ပြုချက် ရှိထားပြီးဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ သို့ဖြစ်၍ သကြားထုတ်လုပ်သူများအနေဖြင့် ဝန်ကြီးဌာနနှင့် ၎င်းတို့ ထုတ်လုပ်မှုစရိတ် မြင့်တက်ခဲ့ခြင်းအတွက်ဈေးနှုန်း တိုးမြှင့်ရောင်းချခွင့်ပြုရန် အထောက်အထားများနှင့် တကွ မကြာခဏ ဆွေးနွေးလျက်ရှိပါသည်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ပထမဦးစွာ စံဈေးနှုန်းကို ကြေညာခြင်းအားဖြင့်လည်းကောင်း၊ ရည်ညွှန်း ဈေးနှုန်းများကို လစဉ်ထုတ်ပြန်ပြီး စားသုံးသူများအတွက် အမြင့်ဆုံးဖြစ်သင့်သည့် လက်လီဈေးနှုန်းအား ထုတ်ပြန်ပေးခြင်းဖြင့်လည်းကောင်း ထိန်းကျောင်းသွားနိုင်မည်ဟု ဆက်လက်ပြောကြားခဲ့ပါသည်။

ထိုင်းနိုင်ငံသည် ဘရာဇီးနောက် ကမ္ဘာ့ သကြားအများဆုံး တင်ပို့သည့် ဒုတိယအဆင့်ရှိ နိုင်ငံဖြစ်ပြီး WTO မှ သကြားကုန်သွယ်မှုစနစ်အား ဖြေလျှော့ပေးရန် တောင်းဆိုနေကြောင်း၊ ဘရာဇီးနိုင်ငံအနေဖြင့် ထိုင်းနိုင်ငံ၏ သကြားထုတ်လုပ်သူများအပေါ် ထောက်ပံ့မှုပေးသည့်စနစ်ကြောင့် အခက်အခဲဖြစ်နေကြောင်း၊ သို့ဖြစ်၍ သကြား ကုန်သွယ်မှုစနစ်အား လွတ်လပ်စွာ ဆောင်ရွက်ခွင့် ပေးရန် တောင်းဆိုလျက်ရှိကြောင်း သိရှိရပါသည်။

ထိုင်းနိုင်ငံ၏ သကြားထုတ်လုပ်မှုလုပ်ငန်းအပေါ် စောင့်ကြပ်လျက်ရှိသော ကြံနှင့်သကြား ဘုတ်အဖွဲ့ (OCSB) ရုံး မှ သတင်းထုတ်ပြန်ချက်အရ ကြံနှင့် သကြားဥပဒေ ပြင်ဆင်ချက်အား အစိုးရအဖွဲ့မှ ဆောင်ရွက်သည့်အဆင့် ရောက်ရှိနေပြီဖြစ်ကြောင်း၊ သို့သော်လည်း အစိုးရအဖွဲ့မှ ပြင်ဆင်ချက် (မူကြမ်း) အား ကြံနှင့် သကြားဘုတ်အဖွဲ့သို့ ပြန်လည်ပေးပို့လာကြောင်း၊ ပြည်သူလူထု၏ အသံကိုဦးစွာ နားထောင်ပြီးမှသာ မှတ်ချက်ပြုမည်ဖြစ်ကြောင်း၊ မကြာမီ ဥပဒေပြင်ဆင်ချက် (မူကြမ်း) အား အစိုးရအဖွဲ့သို့ပြန်လည်ပေးပို့သွားမည် ဖြစ်ကြောင်း၊ အစိုးရအဖွဲ့မှ အမျိုးသား ဥပဒေပြုအဖွဲ့၏ အတည်ပြုချက် ရယူသွားမည်ဖြစ်ကြောင်း၊ ဥပဒေအရ သကြားကုန်သွယ်မှုအား ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်မှစတင်၍ ဖြေလျှော့ ဆောင်ရွက်ခွင့်ပြုသွားရေး ကြေညာနိုင်မည်ဟု မျှော်လင့်ကြောင်း၊ WTO ၏ စည်းမျဉ်းစည်းကမ်းများနှင့် လိုက်လျောညီထွေ ရှိလာနိုင်မည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

**Source : Bangkok Post**

**သောင်းနိုင် တာချီလိတ်**

# သံနန်းမျှင် (Bead Wire) တင်သွင်းမှုသည် ထိုင်းနိုင်ငံ၏ ပြည်တွင်းထုတ်လုပ်သူများအပေါ် ထိခိုက်မှုမရှိကြောင်း စစ်ဆေးတွေ့ရှိ

ထိုင်းနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် လေးလကြာ စုံစမ်းစစ်ဆေးမှု ပြုလုပ်ပြီးနောက် သံနန်းမျှင် တင်သွင်းမှုသည် ပြည်တွင်းဈေးကွက်နှင့် ပြည်တွင်း ထုတ်လုပ်သူများအပေါ် ထိခိုက်မှုမရှိကြောင်း စိစစ်တွေ့ရှိခဲ့ပြီး သံနန်းမျှင် တင်သွင်းမှုအပေါ် ချမှတ်ထားသည့် စုပုံတင်သွင်းခွန် (Anti-dumping tariffs) အား ဖယ်ရှားလိုက်ကြောင်း သိရှိရပါသည်။

ထိုင်းနိုင်ငံသည် သံနန်းမျှင် (Bead Wire) များအား တရုတ်နိုင်ငံမှ အများဆုံး တင်သွင်းပြီး ဥရောပနှင့် မလေးရှားနိုင်ငံတို့မှလည်း တင်သွင်းလျက်ရှိပါသည်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနသည် ပြည်တွင်း ထုတ်လုပ်သူ ယှဉ်ပြိုင်ဖက်များ၏ လက်လီရောင်းဈေးအောက်လျော့နည်း ရောင်းချမှုမရှိစေရေး စုပုံတင်သွင်းခွန် (Anti-dumping tariffs) အား ၆ ဒသမ ၃၁ ရာခိုင်နှုန်းမှ ၃၃ ဒသမ ၄ ရာခိုင်နှုန်းအထိ တိုးမြှင့် သတ်မှတ်ခဲ့ကြောင်း၊ ယခုနောက်ဆုံးစိစစ်တွေ့ရှိချက်အရ ယခုကဲ့သို့အကာအကွယ်ပေးမှုအား ဖြေလျှော့ပေးရန် လိုအပ်နေပြီဖြစ်ကြောင်း၊ စုပုံ တင်သွင်းခြင်းအပေါ် အကာအကွယ်ပေးရေး စောင့်ကြည့်လျက်ရှိသည့် နိုင်ငံခြားကုန်သွယ်ရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Wanchai Varavithya က ပြောကြားခဲ့ပါသည်။ လေးလတာ စုံစမ်းစစ်ဆေးမှု ပြုလုပ်ပြီးနောက် ထိုင်းနိုင်ငံ၏ သံနန်းမျှင်ဈေးကွက်အား ထိခိုက်မှု မရှိသည်ကို တွေ့ရှိခဲ့ရခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့ပါသည်။ ယခုအခါ စုပုံတင်သွင်းခွန် သတ်မှတ်ထားခြင်းအား ပယ်ဖျက်လိုက်ပြီးဖြစ်ပါ သည်။

ဆက်လက်၍ တရုတ်မှ တင်သွင်းမှု အပါအဝင် သံနန်းမျှင် (Bead Wire) တင်သွင်းမှုအပေါ် စုပုံတင်သွင်းခွန် ပယ်ဖျက်ခဲ့ပြီးဖြစ်ကြောင်း၊ ယခင်က ထိုင်းဈေးကွက်အတွင်းသို့ ဈေးပေါသော သံနန်းမျှင်များ စုပုံဝင်ရောက်နေကြောင်း စွပ်စွဲချက်များအရ ဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း ရှင်းလင်းခဲ့ပါသည်။ ထိုင်းဈေးကွက်အတွင်း လက်လီဈေးနှုန်းအား ဈေးအနိမ့်ဖြင့် ရောင်းချပါက Anti-dumping tariffs မြင့်မားစွာ ချမှတ်ရမည်ဖြစ်ကြောင်း၊ ပြည်တွင်းထုတ်လုပ်သူများ၏ ထုတ်ကုန်ရောင်းဈေးများနှင့် လိုက်လျောညီထွေစွာ သွင်းကုန်ပစ္စည်းများကိုလည်း ရောင်းချနိုင်ရန် ရည်ရွယ်ကြောင်း၊ ဈေးကွက်အတွင်း အခွင့်အရေးညီမျှသော ပြိုင်ဆိုင်မှုကို ထိန်းချုပ်ပေးရမည်ဖြစ်ကြောင်း Mr. Wanchai က ဆက်လက် ပြောကြားခဲ့ပါသည်။

ထိုင်းနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် သံနန်းမျှင် တင်သွင်းမှုများအပေါ် စုံစမ်း စစ်ဆေးမှု ပြုလုပ်ရန် မတ်လက အမိန့်ထုတ်ပြန်ခဲ့ကြောင်း၊ ပြည်တွင်း သံနန်းမျှင် ထုတ်လုပ်သည့် Rajraton Thai Wire Co.,Ltd က တရုတ်နိုင်ငံ၏ ဈေးပေါသော ကုန်ပစ္စည်းများ ဝင်ရောက်မှုကြောင့် ပြည်တွင်းထုတ်လုပ်သူများ အပေါ် ထိခိုက်စေခဲ့သည်ဟု စောဒကတက်ပြီးနောက် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ သို့သော်လည်း ပြည်တွင်းထုတ်လုပ်သူများကို ဆုံးရှုံးမှုဖြစ်ပေါ်စေသည့် ဖြစ်ရပ်များ တိကျစွာ မတွေ့ရှိခဲ့ရကြောင်း ဆက်လက် ရှင်းလင်းပြောကြားခဲ့ပါသည်။

သံနန်းမျှင် (Bead Wire) အား မော်တော်ကားတာယာအတွင်းပိုင်း ကြံ့ခိုင်မှုအတွက် အဓိက သုံးစွဲရကြောင်း၊ ထိုင်းနိုင်ငံတွင် တစ်နှစ်လျှင် သံနန်းမျှင် (Bead Wire) ၃၆၈၃၀ တန် သုံးစွဲလျက်ရှိကြောင်း၊ ၎င်းတို့အနက် ၈၀ ရာခိုင်နှုန်းအား တရုတ်နှင့် မလေးရှားမှ တင်သွင်းပြီး ကျန်အနည်းငယ်ကို သာ Rajraton Thai Wire Co.,Ltd မှ ထုတ်လုပ်ခြင်းဖြစ်ကြောင်း၊ သို့ဖြစ်၍ စုပုံ တင်သွင်းခွန်မြင့်မားစွာ သတ်မှတ်ပြီး ပြည်တွင်းအကျိုးစီးပွားကာကွယ်မှုသည် မမျှမတဖြစ်ခဲ့ကြောင်း၊ ပြည်တွင်း ထုတ်လုပ်သူတစ်ဦးတည်း၏ ဆုံးရှုံးနစ်နာမှုအတွက် တောင်းဆိုခြင်းအပေါ် ဆောင်ရွက်ရန်မသင့်ကြောင်း စက်မှုဝန်ကြီးဌာနမှ အမည်မဖော်လိုသူ အရာထမ်းတစ်ဦးက ပြောကြားခဲ့ပါသည်။ ၎င်းအရာထမ်း၏ မှတ်ချက်သည် ထိုင်းနိုင်ငံ သံနှင့်စတီးပစ္စည်း ထုတ်လုပ်သူများအသင်းသို့ ပဲ့တင်ရိုက်ခတ်ခဲ့ကြောင်း၊ စုပုံတင် သွင်းခွန်ကိစ္စကြောင့် ပြည်တွင်းမော်တော်ယာဉ်နှင့် ဆက်စပ်ပစ္စည်းထုတ်လုပ်သည့် လုပ်ငန်းများအပေါ် မည်သည့်ပြဿနာမှ မဖြစ်ပွားစေခဲ့ကြောင်း၊ ထုတ်လုပ်သူအများစုမှာ ထုတ်ကုန်ပစ္စည်းအတွက် လိုအပ်သည့် အရည်အသွေး စံနှုန်းအတိုင်း တင်သွင်းခဲ့ကြောင်း၊ ယခုအခွန်နှုန်း ပယ်ဖျက်ပေးမှုကြောင့် ပြည်တွင်းကားတာယာ ထုတ်လုပ်သူများအတွက် ကုန်ကျစရိတ် သက်သာစေခဲ့ကြောင်း Mr. Karakod က ပြောကြားခဲ့ပါသည်။

စုပုံတင်သွင်းခွန် ကောက်ခံခြင်းသည် ရေရှည်စွဲ ပြည်တွင်း အကျိုးစီးပွားကာကွယ်မှုတစ်ရပ်ဖြစ်ကြောင်း၊ ယင်းသို့ဆောင်ရွက်ခြင်းဖြင့် ဆန့်ကျင်ဘက်ရလဒ်ကို ဖြစ်ပွားစေတတ်ကြောင်း သုံးသပ်သူများက ပြောကြားကြပါသည်။ SCB စီးပွားရေး သတင်းစုဆောင်းမှုဗဟိုအဖွဲ့မှ နိုင်ငံအနေဖြင့် ကားတာယာများကို အထူးအရည်အသွေးမြင့် ထုတ်လုပ်နိုင်ရန် ပြောင်းလဲသင့်ပြီဖြစ်ကြောင်း၊ ပြည်တွင်းထုတ်လုပ်သူများအား အကာအကွယ်ပေးသည့် စုပုံတင်သွင်းခွန် ချမှတ်ခြင်းအစား နည်းပညာကို အသုံးပြု၍ အရည်အသွေးမြင့်၊ တန်ဖိုးမြင့်ကုန်ပစ္စည်းများကို ထုတ်လုပ်ပြီး အရည်အသွေးမြင့် ကုန်ပစ္စည်းဈေးကွက်ကို ထိုးဖောက် ယှဉ်ပြိုင်သင့်ကြောင်း သုံးသပ်ပြောကြားခဲ့ပါသည်။

**Source : Bangkok Post**

**သောင်းနိုင် တာချီလိတ်**

**စာမျက်နှာ (၃၀) ➢ ➢ ➢ တိုးတက်ပြောင်းလဲလျက်ရှိသော …… မှအဆက်**

နှင့် ဒစ်ဂျစ်တယ်ရောင်းဝယ်ရေးခေတ်သို့ မြန်မြန်ပြောင်းလဲနေသည်။ ကမ္ဘောဒီးယားနှင့် စင်ကာပူနိုင်ငံတို့သည် ဆိုက်ဘာ လုံခြုံရေးဥပဒေ မူကြမ်းကို ရေးဆွဲနေသည်။ ဗီယက်နမ်သည် မကြာသေးမီက Cyber-Information Security ဥပဒေကို ပြဋ္ဌာန်းခဲ့သည်။

ဆိုက်ဘာမှုခင်းများကို ပိုမိုဖြေရှင်းနိုင်ရန်အတွက် စင်ကာပူနိုင်ငံသည် ဆိုက်ဘာလုံခြုံရေး အင်အားကို တိုးမြှင့်ရန်နှင့် အာဆီယံနိုင်ငံများကြား ဆိုက်ဘာကာကွယ်ပုံ၊ ကာကွယ်နည်းကို မျှဝေရန် စီစဉ်နေသည်။ ၂၀၁၆ ခုနှစ် နှစ်ကုန်ပိုင်းမှ စတင်၍ စင်ကာပူနိုင်ငံသည် အာဆီယံဆိုက်ဘာစွမ်းရည် အစီအစဉ် (Asean Cyber Capacity Program) အတွက် စင်ကာပူဒေါ်လာ ၁၀ သန်းထည့်ဝင် သုံးစွဲခဲ့သည်။

**ရှေ့သို့မျှော်တွေးခြင်း**

အာဆီယံ Blueprint အသစ်သည် ယခင် "Top-Down" နည်းလမ်းကို ပြုပြင်ထားသည်။ အထက်မှအောက်သို့ အမိန့်ပေးသည့် Top-Down နည်းလမ်းအစား အကြံပြုတင်ပြသည့်နည်းလမ်း (Consultative approach) ကို အသုံးပြုထားသည်။ ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုနှင့် SME များကဲ့သို့သော သက်ဆိုင်သူအားလုံး ပါဝင် အကြံပြုစေသော ချဉ်းကပ်နည်းလမ်းကို ဆိုလိုပါ သည်။ လာမည့် ဆယ်စုနှစ်ကို ပွင့်လင်းမြင်သာမှု (Transparency)၊ အပြန်အလှန်ပြောဆိုချိတ်ဆက်မှု (Communication) အပြင် ကောင်းမွန်သော စည်းမျဉ်းစည်းကမ်းများနှင့်အတူ ဆက်လက်လျှောက် လှမ်းမည်ဟု တွေးဆမိပါသည်။ AEC သည် ရေရှည် ခံသည့် တစ်ခုတည်းသော အာဆီယံဈေးကွက်ဖြစ်ပေါ်ရေးအတွက် အလွန်အလားအလာကောင်းကြောင်း တွေ့ရှိရပါသည်။ **Source: businesstimes.com.sg**

Vol: 17, No.29 Monday July 31 2017

# ပို့ကုန်လျာထားချက် တိုးမြှင့်သတ်မှတ်ရန် ခေါင်းဆောင်များ စဉ်းစား

ထိုင်းနိုင်ငံ၏ ဦးဆောင် စီးပွားရေးလုပ်ငန်းရှင်များက ပို့ကုန်တိုးတက်မှုနှုန်းအား ၃ဒသမ၅ ရာခိုင်နှုန်းမှ ၄ဒသမ၅ ရာခိုင်နှုန်းအထိ တိုးမြှင့်ရရှိနိုင်မည်ဟု ခန့်မှန်းနေကြကြောင်း၊ ယခုနှစ် ဧပြီလနှင့် မေလအတွင်း တိုးတက်တင်ပို့နိုင်မှုကြောင့် စီးပွားရေးတိုးတက်မှုနှုန်းကိုလည်း ၃ဒသမ ၅ ရာခိုင်နှုန်းမှ ၄ရာခိုင်နှုန်းအတွင်း ထိန်းသိမ်းထားနိုင်မည်ဟု ခန့်မှန်းကြောင်း ဖော်ပြထားပါသည်။

ယင်းကဲ့သို့ လျာထားချက် တိုးမြှင့်ရန် ပြင်ဆင်နေသော်လည်း စီးပွားရေး၊ စက်မှုနှင့် ဘဏ်လုပ်ငန်း ပူးတွဲကော်မတီ (JSCCIB) အနေဖြင့် အောင်မြင်မှုရလိမ့်မည်ဟု မထင်ကြောင်း၊ ယခုနှစ်ကျန်ရှိကာလအတွင်း ကမ္ဘာ့ကုန်စည်ဈေးနှုန်းကျဆင်းပြီး ပို့ကုန်တိုးတက်မှုနှုန်းလည်း နှေးကွေးသွားလိမ့်မည်ဟု ထင်မြင်ကြောင်း ထိုင်းဘဏ်လုပ်ငန်းရှင်အသင်း ဥက္ကဋ္ဌ Mr.Predee က ပြောကြားပါသည်။ JSCCIB အနေဖြင့် ပို့ကုန် တိုးတက်မှုနှုန်းအား မူလက ၂ ရာခိုင်နှုန်းမှ ၃ဒသမ ၅ ရာခိုင်နှုန်းအတွင်း ခန့်မှန်းထားရှိပါသည်။

ထိုင်းနိုင်ငံ၏ ပို့ကုန်တန်ဖိုးသည် မေလတွင် အမေရိကန်ဒေါ်လာ ၁၉ ဒသမ ၉ ဘီလီယံ (ဘတ် ၆၇၆ ဘီလီယံ) ရရှိခဲ့ပြီး နှစ်စဉ်တိုးတက်မှုနှုန်း ၁၃ ဒသမ ၂ ရာခိုင်နှုန်းရရှိခဲ့၍လေးနှစ်အတွင်း အမြင့်ဆုံး တိုးတက်မှုနှုန်း ဖြစ်ခဲ့ပါသည်။ ၎င်းအပြင် ယခုနှစ် ဧပြီလ တိုးတက်မှုနှုန်း ၈ဒသမ၄ ရာခိုင်နှုန်းအပေါ် တိုးမြှင့် ရရှိခဲ့ခြင်းလည်း ဖြစ်ပါသည်။ ဘတ်ငွေတန်ဖိုး မြင့်တက်မှုနှုန်းအပေါ် စိုးရိမ်နေကြပြီး ဖွံ့ဖြိုးကာစ ပို့ကုန်တိုးတက်မှုနှုန်းကို ထိခိုက်စေမည်ကိုလည်း စိုးရိမ်နေကြကြောင်း၊ ထိုင်းနိုင်ငံ၏ ပို့ကုန်တန်ဖိုးသည် နိုင်ငံ့စီးပွားရေး တစ်ရပ်လုံး၏ ၇၀ရာခိုင်နှုန်းနီးပါးရှိနေကြောင်း ဖော်ပြထားပါသည်။



၂၀၁၇ ခုနှစ်၊ ပထမ(၅)လအတွင်း ပို့ကုန် တိုးတက်မှုသည် ၇ ဒသမ ၂ရာခိုင်နှုန်းရှိခဲ့ပြီး တန်ဖိုး အမေရိကန်ဒေါ်လာ ၉၃ဒသမ၃ ဘီလီယံ ရှိခဲ့သည့် နည်းတူ သွင်းကုန်တိုးတက်မှုနှုန်းမှာလည်း ၁၅ ဒသမ ၂ရာခိုင်နှုန်း ရှိခဲ့ပြီး တန်ဖိုး အမေရိကန် ဒေါ်လာ ၈၈ ဒသမ ၂ ဘီလီယံ ရောက်ရှိခဲ့ကာ ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ ၅ဒသမ၀၅ ဘီလီယံ ရရှိခဲ့ပါသည်။

ထိုင်းနိုင်ငံ ဗဟိုဘဏ်၏ ငွေကြေးမူဝါဒ ကော်မတီအနေဖြင့် ပို့ကုန် တိုးတက်မှုနှုန်းကို ၂ဒသမ ၂ ရာခိုင်နှုန်းမှ တိုးမြှင့် သတ်မှတ်ရန် ဆွေးနွေးနေပြီး ပို့ကုန်တန်ဖိုးသည် မျှော်မှန်းထားသည် ထက် များစွာတိုးမြှင့်ခဲ့ကြောင်း ဇူလိုင်လ ၅ ရက်က ကျင်းပခဲ့သည့် အစည်းအဝေးတွင် ပြောကြားသွားကြောင်း သိရသည်။

အစိုးရအနေဖြင့် ပို့ကုန် တိုးတက်မှုနှုန်းအား အလွန် မြင့်မားသောနှုန်းဖြစ်သည့် ၅ရာခိုင်နှုန်း လျာထားခဲ့ကြောင်း၊ အမျိုးသား စီးပွားရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေး ဘုတ်အဖွဲ့အနေဖြင့် မျှော်မှန်းသည့် ၂ ဒသမ၉ ရာခိုင်နှုန်းထက် ကျော်လွန်ခဲ့ကြောင်း ဖော်ပြထားပါသည်။ အမျိုးသား သယ်ယူ ပို့ဆောင်ရေးကောင်စီအနေဖြင့် ယခုနှစ်အတွင်း ကမ္ဘာ့စီးပွားရေး ဆက်လက် တိုးမြှင့်နေပါက ထိုင်းပို့ကုန် တိုးတက်မှုနှုန်းမှာ ၃ ဒသမ ၅ ရာခိုင်နှုန်း ကျော်လွန်မည်ဟု ခန့်မှန်း ထားရှိပါသည်။


ဘတ်ငွေကြေးတန်ဖိုး မတည်ငြိမ်မှုသည် ထိုင်းပို့ကုန် တန်ဖိုးကို တွန်းတင်နိုင်ကြောင်း၊ အမေရိကန်နိုင်ငံ ဗဟိုဘဏ်အနေဖြင့် ကမ္ဘာ့ ငွေကြေး လဲလှယ်မှုနှုန်းကို အဓိက ထိန်းချုပ်ပြီး လှည့်စားနိုင်ကြောင်း Mr. Predee က ဆက်လက်ပြောကြားပါသည်။ ဈေးကွက်အတွင်း အမေရိကန် နိုင်ငံ ဗဟိုဘဏ်အနေဖြင့် ယခုနှစ် လဲလှယ်မှုနှုန်းထားအား တစ်ဆ တိုးမြှင့်သွားမည်ဟု မျှော်လင့်နေကြကြောင်း၊ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလတွင် နှုန်းထား နှစ်ဆတိုးမြှင့် ထားပြီး ဖြစ်ကြောင်း သိရှိရပါသည်။ဘတ်ငွေကြေးသည် အာရှနိုင်ငံများအတွင်း စွမ်းဆောင်ရည် အမြင့်မားဆုံးဖြစ်ပြီး တိုးတက်မှုနှုန်း ၅ရာခိုင်နှုန်းနီးပါး ရောက်ရှိနေပြီဖြစ်ပါသည်။

လယ်သမားများအနေဖြင့် စိုက်ပျိုးရေး ထုတ်ကုန်ဈေးနှုန်းများ လျော့ကျပြီး ဝင်ငွေ ကျဆင်းသွားနိုင်သည်ဟု ကြိုတင်မျှော်မှန်းပြီး JSCCIB မှလည်း တိုင်းပြည်၏ GDP တိုးတက် မှုနှုန်းကို ကမ္ဘာ့စီးပွားရေးအခြေအနေ မသေချာမှုကြောင့် ၃ ဒသမ ၅ရာခိုင်နှုန်းမှ ၄ ရာခိုင်နှုန်းအတွင်း ခန့်မှန်းထားချက်ကို ထိန်းသိမ်းဆောင်ရွက် သွားမည်ဖြစ်ကြောင်း ဖော်ပြသွားပါသည်။

**Source : Bangkok Post**

**သောင်းနိုင် တာချီလိတ်**

# ထိုင်းစက်မှုလုပ်ငန်းရှင်များအသင်း၏ စွမ်းဆောင်ရည် အညွှန်းကိန်းကျဆင်းမှုကြောင့် စိတ်ဓာတ်ကျဆင်းစေ





| Type | New | Existing |
|---|---|---|
| HEVs /PHEVs | | |
| PPV with CO2 emission of less than 175g/km | 23% | 25% |
| Double-cab pickup truck with CO2 emissions of less than 175g/km | 10% | 12% |
| Passenger cars | | |
| • CO2 emissions of less than 100g/km | 5% | 10% |
| • CO2 emissions of less than 150g/km | 10% | 20% |
| • Less than 200g/km | 12.5% | 25% |
| BEVs | 2% | 10% |

ထိုင်းနိုင်ငံ စက်မှုလုပ်ငန်းရှင်များအသင်း FTI (Federation Of Thai Industries)၏ ထုတ်လုပ်နိုင်မှု စွမ်းရည်အပေါ် အသုံးချနိုင်မှု အညွှန်းကိန်းမှာ နှစ်လဆက်တိုက်အဖြစ် မေလတွင်လည်း ဆက်လက် ကျဆင်းခဲ့ကြောင်း၊ စားသုံးသူများ ဝယ်ယူနိုင်မှု စွမ်းရည် ကျဆင်းလာမှုကြောင့် ဖြစ်ကြောင်း ဗန်ကောက်ပို့စ်သတင်းတွင် ဖော်ပြထားပါသည်။

၎င်းတို့၏ FTI အညွှန်းကိန်းသည် ဧပြီလတွင် ၈၆ ဒသမ ၄ ရှိခဲ့ရာမှ မေလတွင် ၈၅ ဒသမ ၅ သို့ ကျဆင်းခဲ့ကြောင်း၊ ယင်းကဲ့သို့ ဖြစ်ရခြင်းမှာ ကမ္ဘာ့စီးပွားရေးနှင့် ပြည်တွင်း စီးပွားရေး နှစ်ခုစလုံး အားနည်းခဲ့ မှုကြောင့်ဖြစ်ကြောင်း၊ FTI အညွှန်းကိန်း နှစ်လဆက်တိုက် ကျဆင်းခြင်းသည် စီးပွားရေး နာလန်ထူမှု ပြည့်ပြည့်ဝဝ မရှိသေးသည်ကို ဖော်ပြနေကြောင်း၊ ဝယ်လိုအား လျော့နည်းခြင်းနှင့် ထိုင်းဘတ် ငွေတန်ဖိုး တိုးတက်မှုလည်း ပါဝင်ကြောင်း၊ ထိုင်းနိုင်ငံ၏ စီးပွားရေးတွင် အဓိက ပါဝင်နေသော တင်ပို့သူများကို ထိခိုက်စေကြောင်း၊ FTI ၏ စွမ်းရည်အပေါ် အသုံးချမှု အညွှန်းကိန်းမှာ လည်း ဧပြီလတွင် ၆၅ ရာခိုင်နှုန်း ရှိရာမှ မေလတွင် ၅၃ ဒသမ ၆ ရာခိုင်နှုန်းအထိ ကျဆင်းသွားကြောင်း စီးပွားရေး လုပ်ငန်းရှင်များအနေဖြင့် အစိုးရထံသို့ ပို့ကုန် တိုးချဲ့ဆောင်ရွက်နိုင်ရန်အတွက် ငွေကြေးတန်ဖိုးအပေါ် တည်ငြိမ် အောင် ထိန်းသိမ်းဆောင်ရွက်ပေးရန် တောင်းဆိုနေကြကြောင်း၊ ထိုင်းပို့ကုန် တန်ဖိုးသည် နိုင်ငံ GDP ၏ ၇၀ ရာခိုင်နှုန်းအထိ ပါဝင်နေကြောင်း ထိုင်းစက်မှု လုပ်ငန်းရှင်များ အသင်း ဥက္ကဋ္ဌ Mr.Chen Namchaisiri က ပြောကြားခဲ့ပါသည်။

၎င်းတို့အနေဖြင့် ဒုတိယခြောက်လပတ်တွင် ပြည်တွင်းစီးပွားရေးလုပ်ငန်း များအပေါ် အထောက်အကူပြု ရန် အစိုးရ၏ ကြပ်မတ်မှုများကို တောင်းဆိုခြင်းဖြစ်ကြောင်း၊ နောက်ထပ်စွမ်းရည်များအပေါ် အသုံးချနိုင်မှု ထပ်မံကျဆင်းမည်ကို စိုးရိမ်လျက်ရှိကြောင်း၊ တိုင်းပြည်စီးပွားရေး ဆိုးဆိုးရွားရွား ကျဆင်းလာမည်ကို စိုးရိမ်ကြောင်း၊ ပို့ကုန်လုပ်ငန်းရှင်များနှင့် ပုဂ္ဂလိက ကုမ္ပဏီများအနေဖြင့် ထိုင်းဘတ်ငွေ တန်ဖိုးတိုးမြှင့်မှုကြောင့် ထိခိုက်မှုရှိနေကြောင်း Mr.Chen က ဖြည့်စွက် ပြောကြားသွားပါသည်။

ယခုနှစ်တွင် ထိုင်းဘတ်ငွေ တန်ဖိုးသည် ငါးရာခိုင်နှုန်းကျော်ထိ တိုးတက်လာပြီး အရှေ့တောင်အာရှ နိုင်ငံများ၏ ငွေကြေး အားကောင်းလာမှုများနှင့် အတူ ၎င်းတို့လည်း ပါဝင်ခြင်းဖြစ်ကြောင်း သိရှိရပါသည်။ မည်သို့ပင်ဖြစ်စေ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေဖြင့် ၂၀၁၇ ခုနှစ်၊ ပို့ကုန်တိုးတက်မှုနှုန်း လျာထားချက် ငါးရာခိုင်နှုန်းကို ပြည့်မီအောင် ထိန်းသိမ်းထားနိုင်ကြောင်း၊ အချို့သော ပို့ကုန်ထုတ်လုပ်သည့် ကဏ္ဍများအနေဖြင့် ငွေကြေးခိုင်မာမှုကြောင့် ထိခိုက်မှုရှိနေသော်လည်း ဒေသတွင်းနိုင်ငံများ၏ ငွေကြေး ခိုင်မာမှုနှင့် တစ်ပြေးညီဖြစ်နေ၍ စိုးရိမ်ရန် မလိုကြောင်း ပြောကြားခဲ့ပါသည်။

ပို့ကုန်လုပ်ငန်းရှင်များသာမက FTI မှလည်း အစိုးရအနေဖြင့် SMEs လုပ်ငန်းများနှင့် အစိုးရ အခြေခံ တည်ဆောက်ရေး စီမံကိန်းများအပေါ် မူဝါဒများ ဖြေလျှော့ပေးရန် မျှော်လင့်လျက်ရှိကြောင်း၊ အထူးသဖြင့် ထိုင်းနိုင်ငံ၏ စီးပွားရေး အစီအစဉ် (4.0 Model) ကို အဓိက အထောက်အကူပြုမည့် အရှေ့ပိုင်းစီးပွားရေးစင်္ကြံ (EEC) ၌ မြုပ်နှံလုပ်ကိုင်လျက်ရှိကြသော လုပ်ငန်းများအပေါ် မူဝါဒအရ ဖြေလျှော့ပေးရန် မျှော်လင့်ကြောင်း မစ္စတာချန်းက ပြောကြားခဲ့ပါသည်။ ပုဂ္ဂလိကကဏ္ဍအနေဖြင့် EEC သည် ထိုင်းစီးပွားရေး ကဏ္ဍတစ်ခုလုံးကို အဓိက အထောက်အကူပြုမည်ဟု ယုံကြည်လျက်ရှိကြောင်း ၎င်းက သုံးသပ်ပြောကြားခဲ့သည်။

**Source : Bangkok Post**

**သောင်းနိုင် တာချီလိတ်**

# ၂၀၁၇ ခုနှစ်အတွင်း စိုက်ပျိုးရေးထုတ်ကုန်များတင်သွင်းမှု လျင်မြန်စွာမြင့်တက်

၂၀၁၇ ခုနှစ်အတွင်း တရုတ်နိုင်ငံ၏ ပြည်တွင်းထုတ်ကုန်နှင့် သွင်းကုန်ပစ္စည်း ကြားဈေးနှုန်းကွာဟမှုကြောင့် အဓိကစိုက်ပျိုးရေးထုတ်ကုန်များ တင်သွင်းမှုမှာ ပထမငါးလအတွင်း လျင်မြန်စွာမြင့်တက်ခဲ့ကြောင်း စိုက်ပျိုးရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။ ဂျုံတင်သွင်းမှုမှာ ပထမငါးလတွင် ၂ ဒသမ ၂မက်ထရစ်တန်ထိ တင်သွင်းခဲ့ပြီး၊ ယမန်နှစ်ကထက် ၆၇ ဒသမ ၃ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။ ပဲပုပ်စေ့ တင်သွင်းမှုမှာ ၂၀ ရာခိုင်နှုန်းနှင့် တန်သန်းပေါင်း ၃၇ သန်းရှိခဲ့သည်။

စိုက်ပျိုးရေးထုတ်ကုန်ပစ္စည်းများ၏ တင်သွင်းမှုမှာ ၂၀၁၁ မှ ၂၀၁၆ ခုနှစ်အတွင်း လျင်မြန်စွာ မြင့်တက်ခဲ့ပြီး၊ သီးနှံများတင်သွင်းမှုမှာ နှစ်စဉ်ပျမ်းမျှ ၃၂ ဒသမ ၃ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။ အသားတင်သွင်းမှုမှာ ၂၄ ဒသမ ၉ ရာခိုင်နှုန်းနှင့် နို့ထွက်ပစ္စည်း မှာ ၁၆ ဒသမ ၆ ရာခိုင်နှုန်း အသီးသီးရှိခဲ့သည်။ စိုက်ပျိုးရေးဝန်ကြီးဌာန၏ပြောကြားချက်အရ တရုတ်နိုင်ငံတွင်း ထွက်ရှိသော စိုက်ပျိုးရေးထုတ်ကုန်အများစု၏ ဈေးနှုန်းများမှာ ထုတ်လုပ်မှုစရိတ် မြင့်မားမှုကြောင့် နိုင်ငံတကာ အဆင့်ထက် မြင့်တက်ခဲ့ကြောင်း အစေ့ထုတ်ပြောင်းတွင်မူ ပျမ်းမျှလက်ကား ဈေးနှုန်းမှာ တစ်ကီလိုဂရမ်လျှင် ၁ ဒသမ ၅၈ယွမ်ရှိပြီး နိုင်ငံတကာဈေးနှုန်းနှင့် အလားတူပင်ဖြစ်ပြီး ယမန်နှစ်ကထက် ၁၄ ဒသမ ၄ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း သိရှိရပါသည်။

**ဖြူဖြူလှိုင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဟောင်ကောင်မြို့**

# လာမည့် အမေရိကန်ဗဟိုဘဏ်ဥက္ကဋ္ဌရာထူးအတွက် ယယ်လင်နှင့်ကွန်းတို့ ပြိုင်ဘက်များဖြစ်လာနိုင်ဟု ဒေါ်နယ်လ်ထရမ့်ဆို

လက်ရှိအမေရိကန်ဗဟိုဘဏ်ဥက္ကဋ္ဌရာထူးသက်တမ်းမှာ လာမည့်နှစ် ဖေဖော်ဝါရီလတွင် ကုန်ဆုံးတော့မည်ဖြစ်ရာ လာမည့် သက်တမ်းအတွက် အဆိုပါရာထူးနေရာတွင် လက်ရှိ ဗဟိုဘဏ်ဥက္ကဋ္ဌ ဂျက်နက်ယယ်လင်နှင့် အိမ်ဖြူတော်၏စီးပွားရေးဆိုင်ရာ ဒါရိုက်တာ ဂရေးကွန်းတို့ပြိုင်ဘက်များ ဖြစ်လာနိုင်သည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြောကြားခဲ့သည်။

ဝေါလ်စထရိဂျာနယ်က ဒေါ်နယ်လ် ထရမ့်အား ဇူလိုင်လ ၂၅ ရက် က တွေ့ဆုံမေးမြန်းခန်းတစ်ခု ပြုလုပ်ခဲ့ရာတွင် ထရမ့်က အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။

လက်ရှိ ဗဟိုဘဏ်ဥက္ကဋ္ဌ ဂျက်နက်ယယ်လင်၏ သက်တမ်းသည် လာမည့်နှစ် ဖေဖော်ဝါရီလတွင် ကုန်ဆုံးတော့မည်ဖြစ်ကြောင်း၊ ယယ်လင်သည် ဗဟိုဘဏ်အတွက် အကောင်းဆုံး ပေးဆပ်ခဲ့ပါကြောင်း၊ သူ့ကိုလည်း အမြဲလေးစားလျက်ရှိပါကြောင်း ထရမ့်က ပြောကြားခဲ့သည်။

"ဘဏ်အတိုးနှုန်းတွေ အနိမ့်ဈေးနဲ့ ငြိမ်နေတာကို မြင်ချင်ခဲ့တာပါ။ အဲဒါကို ယယ်လင်က စွမ်းဆောင်ပေးနိုင်ခဲ့တယ်။ ယယ်လင်ဟာ ဗဟိုဘဏ်ရဲ့ အတိုးနှုန်းအနည်းဆုံးသော ပုဂ္ဂိုလ်အဖြစ် သမိုင်းတွင်ခဲ့ပြီဖြစ်ပါတယ်။ ယယ်လင်ကို ဗဟိုဘဏ်ရဲ့ဥက္ကဋ္ဌအဖြစ် ဒုတိယသက်တမ်းမှာ ဆက်လက်ထမ်းဆောင်စေချင်ပါသေးတယ်"ဟု ထရမ့်က ပြောကြားခဲ့သည်။

ထို့ပြင် ထရမ့်သည် ဗဟိုဘဏ်ဥက္ကဋ္ဌရာထူးအတွက် အမည်စာရင်းတင်သွင်းထားသည့် ဂရေးကွန်းနှင့် ပတ်သက်၍လည်း မှတ်ချက်ပြုသွားခဲ့သည်။

"ကျွန်တော် ဂရေးကို သိခဲ့တာတော်တော်ကြာခဲ့ပါပြီ။ ဂရေးနဲ့လည်း တွဲပြီး အလုပ်လုပ်ဖူးခဲ့တဲ့အတွက် သူ့ကိုလည်း တကယ် လေးစားမိပါတယ်။ အမှန်တကယ်ပြောရရင် ဂရေးဟာလည်း ဒီဗဟိုဘဏ်ဥက္ကဋ္ဌရာထူးနဲ့ ထိုက်တန်သူ ပါ"ဟု အိမ်ဖြူတော်တွင် အမျိုးသား စီးပွားရေးဆိုင်ရာ ဒါရိုက်တာတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဂရေးကွန်းနှင့် ပတ်သက်၍ ထရမ့်က ပြောကြားခဲ့သည်။

ထို့ပြင် ယခုလအစောပိုင်းက ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေရှာဖွေရေး ဆိုင်ရာ မန်နေဂျာဖြစ်သူ ဘဏ္ဍာရေးဌာနမှ အကြီးအကဲဟောင်းဖြစ်သူ ရန်ဒယ်လ်ကွာရယ်လ်ကိုလည်း ထရမ့်က ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌလောင်းအဖြစ် အမည်စာရင်း တင်သွင်းခဲ့သည်။

ဗဟိုဘဏ် အဖွဲ့ဝင်ခုနစ်ဦး ရှိသည့်အနက် သုံးနေရာလစ်လပ်လျက်ရှိရာ ပထမဦးဆုံးအနေဖြင့် ဒုတိယဥက္ကဋ္ဌရာထူးအတွက် အမည်စာရင်းတင်သွင်းခဲ့ခြင်းဖြစ်သည်။ ဗဟိုဘဏ်ဥက္ကဋ္ဌ ယယ်လင်ကမူ သမ္မတထရမ့်၏ ပြောကြားချက်နှင့်ပတ်သက်၍ လက်ရှိရာထူးမှ ဖယ်ရှားပေးမည်၊ ဆက်လက်တာဝန်ထမ်းဆောင်ရန် အရွေးချယ်ခံမည်ကို မည်သို့မျှ ပြန်လည်တုံ့ပြန်ခြင်း မရှိခဲ့ဟု ဆိုသည်။ **မယ်သီတာ**

# တရုတ်နိုင်ငံက အမေရိကန်နိုင်ငံနှင့် ပိုမိုကုန်သွယ်မှုပြုရန် စိတ်အားထက်သန်လျက်ရှိဟု အမေရိကန်နိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်က ပြောကြား

တရုတ်နိုင်ငံအနေဖြင့် ၎င်း၏ အဓိကအင်အားကြီး ကုန်သွယ်ဖက်နိုင်ငံတစ်နိုင်ငံဖြစ်သည့် အမေရိကန်နိုင်ငံနှင့် ပိုမိုကုန်သွယ်မှုပြုရန် စိတ်အားထက်သန်လျက်ရှိကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် အမေရိကန်နိုင်ငံသို့ တရုတ်နိုင်ငံမှ ကုန်စည်များကို ပိုမိုတင်ပို့လိုကြောင်း အမေရိကန်နိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး Cui Tiankai က ဇူလိုင်လ ၂၅ ရက်တွင် ဝါရှင်တန်ဒီစီ၌ ကျင်းပခဲ့သည့် တရုတ်- အမေရိကန် ပညာသင်ကြားရေးဆိုင်ရာ တက္ကသိုလ်၏နှစ်ပတ်လည်ညီလာခံတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။

တရုတ်နိုင်ငံသည် အမေရိကန်နိုင်ငံမှ အမဲသားကို ပြန်လည်တင်သွင်းရန် အဆင်သင့်ဖြစ်နေကြောင်း ဘီဘီစီ သတင်းတွင် ဖော်ပြထားသည်။ ယင်းအချက်သည် ၁၄နှစ်ကြာဖြစ်ပေါ်ခဲ့သည့် အမေရိကန်နှင့် တရုတ်နှစ်နိုင်ငံအကြား သံသယဖြစ်ပေါ်နေမှုကို ချေဖျက်ပေးလိုက်ခြင်းဖြစ်သည်ဟု ဆိုသည်။ ထို့ပြင် အမေရိကန်နှင့် တရုတ်နှစ်နိုင်ငံကြား လုပ်ဆောင်လျက်ရှိသည့် ရက် ၁၀၀ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု စီမံကိန်း ကို စတင်လိုက်ခြင်းပင်ဖြစ်သည်ဟု ဆိုသည်။

ထို့ပြင် တရုတ်နိုင်ငံအနေဖြင့် အမေရိကန်နိုင်ငံမှ ရေနံဓာတ်ငွေ့ရည်ကို ပမာဏအမြောက်အများ တင်သွင်းရန် ဖြစ်နိုင်ခြေရှိသည်များကို စောင့်ကြည့်လျက်ရှိကြောင်း တရုတ်သံအမတ် Cui က ပြောကြားခဲ့ကြောင်း ဘီဘီစီ သတင်းတွင် ဖော်ပြထားသည်။

အဆိုပါ ရက် ၁၀၀ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုစီမံကိန်းသည် ပြီးခဲ့သည့်ဧပြီလအတွင်းက တရုတ်နိုင်ငံသမ္မတရှီကျင့်ဖျင်နှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်တို့ တွေ့ဆုံစဉ် ချမှတ်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် တရုတ်နိုင်ငံအနေဖြင့် အမေရိကန်နိုင်ငံမှ အဆင့်မြင့်နည်းပညာရပ်ဆိုင်ရာ ထုတ်ကုန်များနှင့် နည်းပညာများကိုလည်း တင်သွင်းလိုကြောင်း ၎င်းက ထပ်မံပြောကြားခဲ့သည်။

"အမေရိကန် အစိုးရအနေနဲ့ ကုန်သွယ်မှုနဲ့ဆိုင်တဲ့ အတားအဆီးတွေကို လျှော့ချပေးလိုက်မယ်ဆိုရင် နှစ်နိုင်ငံ ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှုတွေ မှာ ပိုမိုညီညွတ်မျှတလာမှာဖြစ်ပါတယ်"ဟု Cui က ပြောကြားခဲ့သည်။

တရုတ်နိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ မကြာသေးမီက ထုတ်ပြန်ခဲ့သည့်စာရင်းအင်းအချက်အလက်များအရ ပြီးခဲ့သည့်နှစ်က အမေရိကန်နိုင်ငံသို့ သွားရောက်ခဲ့သည့် တရုတ်နိုင်ငံသားများနှင့် ပညာတော်သင် သွားရောက်ခဲ့သည့် တရုတ်နိုင်ငံသား ကျောင်းသားများ၏ အသုံးစရိတ်မှာ အမေရိကန်ဒေါ်လာ ၅၁ ဘီလီယံရှိကြောင်း အဆိုပါ သတင်းတွင် ဖော်ပြထားသည်။ **မယ်သီတာ**

# အိန္ဒိယဗဟိုဘဏ်က ရူပီး ၂၀၀၀ တန်ငွေစက္ကူများ ရိုက်နှိပ်ထုတ်ဝေခြင်းကို ရပ်ဆိုင်းပြီး ရူပီး ၂၀၀ တန်များကို နောက်လတွင် ရိုက်နှိပ်ထုတ်ဝေဖွယ်ရှိ

အိန္ဒိယဗဟိုဘဏ်သည် လက်ရှိ ရိုက်နှိပ်ထုတ်ဝေလျက်ရှိသည့် ရူပီး နှစ်ထောင်တန်ငွေစက္ကူများ ရိုက်နှိပ်ထုတ်ဝေခြင်းကို ရပ်ဆိုင်းပြီး ရူပီး နှစ်ရာတန်များကိုသာ ဩဂုတ်လအတွင်း ဆက်လက်ရိုက်နှိပ် ထုတ်ဝေဖွယ်ရာရှိကြောင်း Daily News & Analyst တွင် ဖော်ပြထားသည်။

အိန္ဒိယဗဟိုဘဏ်အနေဖြင့် အဆိုပါ ရူပီ ၂၀၀၀ တန်ငွေစက္ကူများ ရိုက်နှိပ်ခြင်းကို လွန်ခဲ့သည့်ငါးလခန့်ကတည်းက ရပ်ဆိုင်းထားခဲ့ခြင်းဖြစ်ပြီး ယခုဘဏ္ဍာနှစ်တွင်လည်း ဆက်လက် ထုတ်ဝေခြင်းပြုမည်မဟုတ်ကြောင်း ဗဟိုဘဏ်၏အစီရင်ခံစာတွင် ဖော်ပြထားသည်။

"ငွေစက္ကူတွေ ပုံနှိပ်နေတာဟာ အားလုံးနီးပါးလောက် ပြီးစီးနေပါပြီ။ ရူပီး ၅၀၀ တန်ရိုက်နှိပ်နေတာလည်း ၉၀ ရာခိုင်နှုန်းလောက် ပြီးစီးနေပါပြီ။ ရူပီး ငါးရာတန်အသစ်ရိုက်နှိပ်မှုရဲ့တန်ဖိုးက ရူပီး ၁၄ ဘီလီယံနီးပါးလောက်ရှိပါတယ်"ဟု ဗဟိုဘဏ်ငွေစက္ကူ ရိုက်နှိပ်ထုတ်ဝေရေးဆိုင်ရာ အသိုင်းအဝိုင်းနှင့် နီးစပ်သူတစ်ဦးက ပြောကြားခဲ့သည်။

"ရူပီး ၂၀၀ တန်ငွေစက္ကူ ပထမအသုတ်ရိုက်နှိပ်မှုကို ပြီးခဲ့တဲ့ဇွန်လ အတွင်းက စတင်ခဲ့တာပါ။ စတင်တဲ့ အချိန်ကနေ ၂၁ ရက်အတွင်းမှာပဲ အဲဒီ ရူပီး ၂၀၀ တန်ကို ရိုက်နှိပ်ပြီးစီးခဲ့ပါတယ်။ ဒါကြောင့် ရူပီး ၂၀၀ တန်ကို လာမယ့်ဩဂုတ်လမှာ သတ်မှတ်ထားတဲ့ပမာဏအတိုင်း ပြီးစီးအောင်ရိုက်နှိပ်မှာဖြစ်ပါတယ်"ဟု ဗဟိုဘဏ်ရင်းနှီးမြှုပ်နှံမှုနှင့် ငွေကြေးဌာနမှ သတင်းတစ်ရပ်ကို ကိုးကား၍ Daily News & Analyst တွင် ဖော်ပြထားသည်။

အိန္ဒိယအစိုးရအနေဖြင့် ၂၀၁၆ခု နှစ် နိုဝင်ဘာလ ၈ ရက်က ရူပီး ၅၀၀ တန်နှင့် ၁၀၀၀ တန်တို့ကို တရားမဝင် ငွေကြေးများအဖြစ် ကြေညာခဲ့သည်။

အိန္ဒိယဗဟိုဘဏ်ကမူ တရားမဝင်ငွေကြေးများအဖြစ် ကြေညာခဲ့သည့် ရူပီး ၅၀၀ တန်နှင့် ၁၀၀၀ တန်တို့ ကို ဘဏ်များတွင် ပြန်လည် လဲလှယ်ပေးမည် မဟုတ်ကြောင်း ပြောကြားခဲ့သည်။

သို့သော် အိန္ဒိယဘဏ္ဍာရေးဝန်ကြီး အာဂျန်ရမ်မက်ဝဲလ်က အိန္ဒိယနိုင်ငံတစ်ဝန်းတွင် ရူပီး ၅၀၀ တန် အရွက်ပေါင်း ၁၇၁၆၅ သန်းနှင့် ရူပီး ၁၀၀၀ တန် အရွက်ပေါင်း ၆၈၅၆ သန်း လှည့်ပတ်သုံးစွဲလျက်ရှိကြောင်း၊ အဆိုပါ လှည့်ပတ်သုံးစွဲမှုပမာဏသည် ရူပီးသိန်းပေါင်း ၁၅ ဒသမ ၄၄သိန်းရှိကြောင်း အိန္ဒိယပါလီမန်တွင် ပြောကြားခဲ့သည်။

အိန္ဒိယအစိုးရက တရားမဝင်ငွေကြေးများဟု ကြေညာခဲ့သည့် ရူပီး ၅၀၀ တန်နှင့် ၁၀၀၀တန်များ၏ နိုင်ငံအတွင်း လှည့်ပတ်သုံးစွဲနေသည့် ငွေကြေးပမာဏသည် နိုင်ငံအတွင်း သုံးစွဲနေသည့် ငွေကြေးပမာဏစုစုပေါင်း၏ ၈၆ ရာခိုင်နှုန်းရှိပြီး တန်ဖိုးအားဖြင့် ရူပီးသိန်းပေါင်း ၁၇ ဒသမ ၉၇ သိန်းရှိကြောင်း သိရသည်။ **မယ်သီတာ**

# တောင်အာရှတွင် အကြီးဆုံးသောအပြည်ပြည်ဆိုင်ရာ လေယာဉ်ကွင်း တည်ဆောက်ရန် ဘင်္ဂလားဒေ့ရှ်အစိုးရ ဆုံးဖြတ်မည်

ဘင်္ဂလားဒေ့ရှ်အစိုးရသည်တောင်အာရှတွင် အကြီးဆုံးဖြစ်လာမည့်အပြည်ပြည်ဆိုင်ရာ လေယာဉ်ကွင်း တစ်ခုကို တည်ဆောက်ရန် မကြာမီ ကာလအတွင်း ဆုံးဖြတ်မည်ဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းတွင် ဖော်ပြထားသည်။

အဆိုပါ လေယာဉ်ကွင်း တည်ဆောက်ရန်အတွက် မြို့တော်ဒါကာတွင် နေရာသုံးနေရာကို ရွေးချယ်လျက်ရှိသည်ဟု ဆိုသည်။ ယင်းမြေနေရာရွေးချယ်မှုကို ပြည်ပအကြံပေးအဖွဲ့တစ်ဖွဲ့က ရွေးချယ်ပေးသွားမည်ဖြစ်သည်။

ပြီးခဲ့သည့်နှစ် စက်တင်ဘာလကတည်းက ဂျပန်နည်းပညာအဖွဲ့တစ်ဖွဲ့နှင့် လေယာဉ်ကွင်း တည်ဆောက်ရန်ဖြစ်နိုင်ခြေရှိသည့် နေရာများကို လေ့လာခဲ့ပြီးဖြစ်ကြောင်း၊ အဆိုပါလေယာဉ်ကွင်း သစ်ကို လက်ရှိဝန်ကြီးချုပ်ဟောင်း ရှိတ်ဟာစီနာ၏ ဖခင်ဖြစ်သူ ဘန်ဘန်ဒု ရှိတ်မူဂျီဘူရာမန်အဖွဲ့ကို တည်ထောင်ခဲ့သည့် ရှိတ်မူဂျီဘူရာမန်ကို အစွဲပြု၍ ခေါ်ဝေါ်မည်ဖြစ်ကြောင်း ဆင်ဟွာ သတင်းတွင် ဖော်ပြထားသည်။

"ကျွန်တော်တို့တွေ လေယာဉ်ကွင်း တည်ဆောက်မယ့်နေရာကို မကြာခင်မှာ အတည်ပြုနိုင်ပါလိမ့်မယ်။ အဲဒီလေ ယာဉ်ကွင်းရဲ့ အမည်ကိုလည်း ဘန်ဘန်ဒု ရှိတ်မူဂျီဘူရာမန် လေဆိပ်လို့ အမည်ပေးခေါ်ဝေါ်စေမှာ ဖြစ်ပါတယ်။ ဒီလကုန်ပိုင်းလောက်မှာလေယာဉ်ကွင်းတည်ဆောက်မှုကို အချောသတ်နိုင်ပါလိမ့်မယ်"ဟု ဘင်္ဂလားဒေ့ရှ်နိုင်ငံပြည်တွင်းလေကြောင်း ပို့ဆောင်ရေးနှင့် ခရီးသွားလာရေးဝန်ကြီး ရာရှစ်ခန်းမီနွန်က သတင်းစာများသို့ ဇူလိုင်လ ၂၆ ရက်က ပြောကြားခဲ့သည်။

ဘင်္ဂလားဒေ့ရှ်အစိုးရက ရွေးချယ်ထားသည့် သုံးနေရာအနက် နှစ်နေရာမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံမြို့တော် ဒါကာနှင့် နီးကပ်စွာတည်ရှိသည့် ခရိုင်အတွင်းတည်ရှိပြီး တစ်နေရာမှာ ဒါကာနှင့် အနည်းငယ် အလှမ်းဝေးသည့်ခရိုင်အတွင်း တည်ရှိသည်။

ဘင်္ဂလားဒေ့ရှ်အစိုးရအနေဖြင့် ပက်ဒ်မာမြစ်၏ အနောက်ဖက်ကမ်းရှိ မြို့တစ်မြို့တွင် တောင်အာရှ၏အကြီးဆုံးသော လေယာဉ်ကွင်းတစ်ကွင်းကို တည်ဆောက်လိမ့်မည်ဖြစ်ကြောင်း၊ အဆိုပါလေယာဉ်ကွင်းတွင် Airbus 380 ကဲ့သို့သော လေယာဉ်ကြီးများ အတက်အဆင်း ပြုလုပ်နိုင်မည်ဖြစ်ကြောင်း စီမံကိန်းရေးရာဝန်ကြီး မူစတာ ဖာကာမယ်လ်က အစောပိုင်းက ပြောကြားထားသည်။

ဘင်္ဂလားဒေ့ရှ်အစိုးရသည် ပက်ဒ်မာမြစ်ကူးတံတားစီမံကိန်းကို စတင်ဆောင်ရွက်လျက်ရှိနေပြီး အဆိုပါစီမံကိန်းသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများအနက် အကြီးဆုံးသော စီမံကိန်းတစ်ခုဖြစ်သည်။

ပက်ဒ်မာ မြစ်ကူးတံတားသည် ၂၅ မီတာအကျယ်ရှိပြီး ၁၀ ကီလိုမီတာရှည် လျားကြောင်း သိရသည်။ ပက်ဒ်မာမြစ်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ အဓိကမြစ်ကြီးသုံးစင်းအနက် တစ်စင်းဖြစ်သည်။ **မယ်သီတာ**


အဲ့မှာ စပျော်တာပဲ
Oishi
Sweet Corn
Oishi
Pizza
Oishi
Potato Fries
Oishi
O.Wow!


C B BANK
CB BANK နှင့် COMMERZ BANK တို့ ပူးပေါင်း၍
ဥရောပနိုင်ငံများသို့ ကုန်သွယ်မှုလုပ်ငန်းဆိုင်ရာကိစ္စရပ်များနှင့်
ငွေပေးချေမှုလုပ်ငန်းများကို CB BANK တွင်
ရယူဆောင်ရွက်နိုင်ပါပြီ . . .
COMMERZBANK
HOTLINE :
(+951) 378644, 260891
(+959) 261997208
www.cbbank.com.mm
trade.services@cbbank.com.mm




DENKO

ဖွင့်လှစ်ပြီးဆိုင်ပေါင်း ၄၂ ဆိုင်

## ရန်ကုန်တိုင်း
ဗဟန်း
အင်းစိန်
အောင်ဆန်း
လှည်းကူး
ကုန်းတလပေါင်
မြောက်ဒဂုံ
လှိုင်သာယာ

## စစ်ကိုင်းတိုင်း
ရွှေဘို
စစ်ကိုင်း
(အုန်းတောလမ်းခွဲအနီး)
မုံရွာ

## ဧရာဝတီတိုင်း
ဓနုဖြူ

## ကရင်ပြည်နယ်
ဘားအံ

## ပဲခူးတိုင်း
ဖြူး (အမြန်လမ်းဘေးရှိ)
ဘုရားကြီး
ဒေါ်

## နေပြည်တော်
လယ်ဝေး
တပ်ကုန်း

## ရှမ်းပြည်နယ်
အောင်ပန်း
ကျောက်မဲ
ပင်းတယ
လားရှိုး(နမ့်နိုက်)
ရပ်စောက်
နမ့်စန်

## ကချင်ပြည်နယ်
ဗန်းမော်
(သာစည်ရပ် /
လေဆိပ်လမ်းခွဲအနီး)

## မန္တလေးတိုင်း
မန္တလေး
(ရွှေကျင်ကျောင်းတိုက်ရှေ့)
မတ္တရာ
မန္တလေး(ကားကြီးဝင်း)
မန္တလေး
(ဂုလေမ်း / ခင်စောမူကွေ့)
မန္တလေး
(ကျောက်စိမ်းဘုရားအနီး)
ဝမ်းတွင်း
စဉ့်ကိုင်
မိတ္ထီလာ
ညောင်ဦး
ကျွဲတပ်ဆုံ (သာစည်)

## မကွေးတိုင်း
ချောက်
ရေနံချောင်း
မကွေး၁ (နတ်မောက်အထွက်)
မကွေး၂ (တောင်တွင်းအထွက်)
မင်းဘူး (ကန်ရေ)

## မွန်ပြည်နယ်
မော်လမြိုင်
ကျိုက်ထို
ဘီးလင်း




* Denko Trading Company မှ ဝက်သုံးဆီများကို လက်လီ လက္ကားရောင်းချရာတွင် Denko အမည်တစ်ခုတည်းဖြင့်သာ အမြဲရောင်းချပါသည်။

**DENKO** ဆီဆိုင်မှ အရည်အသွေးမြင့် ဓါတ်ဆီ၊ ဒီဇယ်များကို
ခေတ်မီစက်သစ်များဖြင့် ဆီအချင်အတွယ်ပြည့်မီစွာ
နိုင်ငံတစ်ဝှမ်း ဝန်ဆောင်မှုပေးနေပါသည်။

ဆီလက္ကားဝယ်ယူနိုင်သည့်မြို့များ

| | | |
|---|---|---|
| ရန်ကုန်၊ ပြည်၊ စလေ၊ မင်းဘူး | ဖုန်း | - ၀၉ ၂၆၄၂၃၀၇၉၅၊ ၀၉ ၄၄၂၀၆၄၄၀၃ |
| မန္တလေး၊ ပခုက္ကူ၊ မုံရွာ၊ ကသာ၊ ဗန်းမော် | ဖုန်း | - ၀၉ ၄၄၀၀၆၈၅၈၂၊ ၀၉ ၂၀၁၁၄၄၉ |
| မော်လမြိုင် | ဖုန်း | - ၀၉ ၄၄၂၀၆၄၉၇၄၊ ၀၉ ၄၀၁၅၈၅၅၄၀ |

-Denkomyanmar www.denkomyanmar.com

COMMERCE
INTERNATIONAL



# အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများအတွက် ချေးငွေများအား လျင်မြန်စွာ ဆောင်ရွက်ပေးရန် ထိုင်းဒုတိယဝန်ကြီးချုပ် ပြောကြား

ထိုင်းနိုင်ငံ၏ အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများ (SMEs) အတွက် ချေးငွေများအား လျင်မြန်စွာ ဆောင်ရွက်ပေးရန် ထိုင်းချေးငွေအာမခံ ကော်ပိုရေးရှင်း (TCG) သို့ ထိုင်းနိုင်ငံဒုတိယဝန်ကြီးချုပ် မစ္စတာ ဆွန်ဆစ်က တိုက်တွန်း ပြောကြားခဲ့သည်။ ထို့အပြင် ဆွန်ဆစ်က SMEs လုပ်ငန်းများတွင် ယခုနှစ်အတွက် ချေးငွေ ဘတ် ဘီလီယံ ၁၀၀ လျာထားချက်အပေါ် ၁၇ရာခိုင်နှုန်းသာ ဆောင်ရွက်ပေးနိုင်သေးကြောင်း၊ ကျန်သည့်ငွေများအား ယခု ၂၀၁၇ ခုနှစ်အတွင်း ထုတ်ချေးနိုင်ရေးအတွက် အတည်ပြုဆောင်ရွက်ပေးရန် ထပ်မံတိုက်တွန်း ပြောကြား ခဲ့ပါသည်။

SMEs လုပ်ငန်းများ၏ ရင်းနှီးငွေလည်ပတ်မှုအပေါ် အထောက်အကူပြုနိုင်ရန် ကျန်ရှိသော ဘတ် ၈၃ ဘီလီယံအား ယခုနှစ်အတွင်း ပြီးပြတ်အောင် ထောက်ပံ့ဆောင်ရွက်ပေးသွားရန်နှင့် SMEs လုပ်ငန်းများသို့ ချေးငွေထုတ်ပေးရန် TCG ၏ စိစစ်ချက်များအား လျင်မြန်စွာ ဆောင်ရွက်ပေးရန် မစ္စတာဆွန်ဆစ်က ပြောကြားခဲ့ပါသည်။

TCG ၏ ချေးငွေထုတ်ပေးရေး လုပ်ငန်းစဉ်သည် နှေးကွေးလျက်ရှိကြောင်း TCG ဥက္ကဋ္ဌ မစ္စတာနီတစ်က ပြောကြားပါသည်။ ၎င်းတို့အနေဖြင့်ချေးငွေ စိစစ်ရေးလုပ်ငန်းအား အသေးစိတ် ဆောင်ရွက်ရပါကြောင်း၊ ၎င်းတို့သည် ငွေကြေးဆိုင်ရာကျွမ်းကျင်သူအဖွဲ့ အစည်း ဖြစ်ပါကြောင်း၊ စွမ်းဆောင်ရည်မရှိသော လုပ်ငန်းများအတွက် ချေးငွေ တိုးမြှင့်ထုတ်ပေးခြင်းမှ ကာကွယ်ရန် အထောက်အထားများအား အသေးစိတ်စစ်ဆေးရခြင်းဖြစ်ပါကြောင်း ရှင်းလင်း ပြောကြား ပါသည်။

TCG သည် SMEs လုပ်ငန်းများအတွက် ချေးငွေထုတ်ပေးရေးဆိုင်ရာ အစီအစဉ်အား တစ်ဆင့်ပြီးတစ်ဆင့် အချိန်ယူပြီး ဆောင်ရွက်ပေးရကြောင်း၊ ကူးသန်းရောင်းဝယ်ရေးဘဏ်များ၏ ချေးငွေအမျိုးအစားအလိုက် အာမခံချက်များမှာလည်း ပုံသဏ္ဍာန်အမျိုးမျိုးကွဲပြားပါကြောင်း ဘဏ်များမှ ချေးငွေမရယူမီ TCG မှ အာမခံချက်ရရှိရန် မဖြစ်မနေ ဆောင်ရွက်ရမည်ဖြစ်ပြီး အချိန်ယူရမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

၎င်းအပြင် ကူးသန်းရောင်းဝယ်ရေးဘဏ်များ အနေဖြင့်လည်း ချေးငွေအမျိုးအစားများအလိုက် ဆောင်ရွက်ရသည့်အစီအစဉ် ကွဲပြားကြောင်း၊ TCG ၊ ကူးသန်းရောင်းဝယ်ရေးဘဏ်များနှင့် ထိုင်းဘဏ်လုပ်ငန်းရှင်များအသင်းတို့သည် လွယ်ကူလျင်မြန်သော ချေးငွေစိစစ်ရေး အစီအစဉ်ဖြစ်ပေါ်လာစေရေးအတွက် ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ ၎င်းဆွေးနွေးချက်ရလဒ်သည် အစိုးရအဖွဲ့မှ SMEs လုပ်ငန်းများသို့ ချေးငွေထောက်ပံ့ရေး အစီအစဉ်မတိုင်မီ ဆောင်ရွက်နိုင်ဖွယ်ရှိကြောင်း ပြောကြားခဲ့ပါသည်။



ဒုတိယဝန်ကြီးချုပ် မစ္စတာဆွန်ဆစ်ကလည်း အစိုးရအနေဖြင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ နိုင်ငံတော်ပိုင်ဘဏ်များနှင့် ပုဂ္ဂလိကကဏ္ဍများသို့ ရေရှည်တွင်SMEs လုပ်ငန်းများ၏ ယှဉ်ပြိုင်နိုင်မှုစွမ်းရည် တိုးမြှင့်စေရေးအတွက် အကူအညီပေးကြရန် တိုက်တွန်းသွားမည်ဖြစ်ကြောင်း၊ အစိုးရအနေဖြင့် SMEs လုပ်ငန်းများမှထုတ်လုပ်သည့် ပို့ကုန်များကို တိုးတက်စေလိုပြီး စီးပွားရေး လျင်မြန်စွာတိုးတက်လာသော ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံများသို့ တိုးတက်တင်ပို့စေလိုကြောင်း ပြောကြားခဲ့ပါသည်။

မည်သို့ပင်ဆိုစေ SMEs လုပ်ငန်းများအနေဖြင့် အမေရိကန်ဒေါ်လာတန်ဖိုး အားနည်းနေချိန်တွင် ငွေကြေးမတည်ငြိမ်မှုကြောင့် ဆုံးရှုံးမှုများ မဖြစ်စေရေးအတွက် ကြိုတင်ကာကွယ်ထားကြရန် တိုက်တွန်းလိုကြောင်း ပြောကြား ခဲ့ပါသည်။

**သောင်းနိုင်(တာချီလိတ်)**
**သတင်းရင်းမြစ် -ဗန်ကောက်ပို့စ်**

# တရုတ်နိုင်ငံသို့ အမေရိကန်ဆန်များ တင်သွင်းခွင့်ပြုသွားတော့မည်

ကမ္ဘာတွင်ဆန်စျေးကွက် အကြီးမားဆုံးဖြစ်သည့် တရုတ်နိုင်ငံဆန်စျေးကွက်သို့ မကြာမီကာလအတွင်း အမေရိကန်ဆန်များ တင်သွင်းခွင့်ပြုတော့မည်ဖြစ်ကြောင်း၊ အဆိုပါ တရုတ်နိုင်ငံ ဆန်စျေးကွက်သို့ ဝင်ရောက်ခွင့်ကိစ္စရပ်အား နှစ်ပေါင်းများစွာကြာ ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ပြီးနောက် တရုတ်နိုင်ငံသည် နိုင်ငံတွင်းရှိ အလယ်အလတ်တန်းစား ပြည်သူများအတွက် ဆန်လိုအပ်ချက် မြင့်မားနေမှုကို ဖြည့်ဆည်းပေးနိုင်ရန် ယခုအခါ ၎င်း၏ ပြည်တွင်းဆန်စျေးကွက်အတွင်းသို့ အမေရိကန်ဆန် တင်သွင်းမှုပြုလုပ်ရန်အတွက် သဘောတူညီခဲ့ပြီဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ တရုတ်နိုင်ငံဆန်စျေးကွက်သည် မိမိတို့အတွက် အခွင့်အလမ်းကောင်းများရှိကြောင်း အမေရိကန်နိုင်ငံ စိုက်ပျိုးရေးဝန်ကြီးဌာန ၊ ဝန်ကြီး Sonny Perdue က ပြောကြားခဲ့ပါသည်။

တရုတ်နိုင်ငံသည် ကမ္ဘာတွင် ဆန်အများဆုံး ထုတ်လုပ်သည့် နိုင်ငံတစ်နိုင်ငံဖြစ်သလို ဆန်အများဆုံး စားသုံးသည့် နိုင်ငံဖြစ်ကြောင်း၊ သို့ရာတွင် နိုင်ငံ၏ ပြည်တွင်းဆန်လိုအပ်မှု အခြေအနေများကြောင့် လွန်ခဲ့သည့် နှစ်များအတွင်းက ပြည်ပမှ ဆန်တင်သွင်းမှုများ ပြုလုပ်လာရကြောင်း၊ ၂၀၁၆ ခုနှစ်တွင် တရုတ်နိုင်ငံသည် ပြည်ပမှ ဆန်တန်ချိန် ငါးသန်းနီးပါး တင်သွင်းခဲ့သဖြင့် ကမ္ဘာတွင် ဆန်ဝယ်ယူတင်သွင်းမှု အများဆုံးနိုင်ငံဖြစ်ခဲ့ကြောင်း သိရှိရပါသည်။

အမေရိကန်နိုင်ငံသည် တရုတ်နိုင်ငံဆန်စျေးကွက်သို့ ဝင်ရောက်ခွင့်ရရှိရန်အတွက် နှစ်ပေါင်းများစွာ ကြိုးပမ်းခဲ့ရကြောင်း၊ သို့ရာတွင် ယဉ်ကျေးမှု၊ စီးပွားရေး၊ ဇျူရိုကရက်တစ်နှင့် နိုင်ငံရေးဆိုင်ရာ အတားအဆီးများ အမြဲတမ်းဖြစ်ပေါ်နေကြောင်း၊ တရုတ်ဆန်စျေးကွက်ဖွင့်လှစ်မှုက အမေရိကန်နိုင်ငံတွင် နှစ်ပေါင်းများစွာ ဆန်ရောင်းလိုအား များပြားနေမှုနှင့် ဆန်စျေးနှုန်းကျဆင်းမှုကို ရင်ဆိုင်ရုန်းကန်နေရသည့် အမေရိကန်နိုင်ငံ ဆန်စိုက်တောင်သူများအတွက် ကြီးမားသည့် အကျိုးအမြတ်တစ်ခုဖြစ်လာနိုင်ကြောင်း၊ အမေရိကန်နိုင်ငံတွင် နှစ်စဉ် ဆန်တန်ချိန် ပျမ်းမျှ ကိုးသန်းခန့်ထွက်ရှိပြီး၊ USA Rice မှ ပြောကြားချက်အရ အဆိုပါ ဆန်တန်ချိန် ပမာဏသည် တရုတ်နိုင်ငံတွင် ရက်သတ္တနှစ်ပတ်သာ စားသုံးနိုင်ကြောင်း၊ တရုတ်နိုင်ငံ ဆန်စျေးကွက်သို့ အမေရိကန်ဆန်များ ဝင်ရောက်ရန်အတွက် ကုန်ပစ္စည်းအရည်အသွေးဆိုင်ရာ စုံစမ်းစစ်ဆေးမှုများအား တရုတ်နိုင်ငံက ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

အစီအစဉ်အတိုင်း ဖြစ်လာမည်ဆိုပါက အမေရိကန်နိုင်ငံသည် ၎င်း၏ဆန်များအား ၂၀၁၇ ခုနှစ်နှောင်းပိုင်း သို့မဟုတ် ၂၀၁၈ ခုနှစ် အစောပိုင်းတွင် တရုတ်နိုင်ငံသို့ သင်္ဘောတင်ပို့မှုများ စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း USA Rice မှ အဖွဲ့ဝင်တစ်ဦးက ပြောကြားခဲ့ပါသည်။

အမေရိကန်နိုင်ငံမှ ဆန်များ ကျန်းမာရေးနှင့် ညီညွတ်မှုရှိရန်အတွက် အပင်ဇီဝတို့၏ ကျန်းမာရေးဆိုင်ရာ သဘောတူညီချက်အား ၂၀၁၆ ခုနှစ် အစောပိုင်းတွင် နှစ်နိုင်ငံသဘောတူညီချက် ရရှိပြီးချိန်မှစ၍ သိသာသည့် အပြောင်းအလဲများ ဖြစ်ပေါ်ခဲ့ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံသို့ တင်သွင်းလာမည့် ဆန်များတွင် ပိုးမွှားများပါရှိမည်ကို တရုတ်နိုင်ငံ အစိုးရအရာရှိများက စိုးရိမ်ပူပန်နေကြကြောင်း သိရှိရပါသည်။ အပင်ဇီဝတို့၏ ကျန်းမာရေးဆိုင်ရာ သဘောတူညီချက်သည် ခက်ခဲရှုပ်ထွေးသော်လည်း တရုတ်နိုင်ငံ ဆန်စျေးကွက် အလားအလာမှာ မိမိတို့အတွက် အကျိုးအမြတ်များစွာ ရရှိနိုင်မည်ဖြစ်ကြောင်း USA Rice မှအဖွဲ့ဝင်တစ်ဦးကပြောကြားခဲ့ကြောင်း သိရှိရပါသည်။

**စန္ဒာထွန်း (TTI)**
**Source: rice online**